# မုဋ္ဌဆိနှလုံးသား

(နှင်မြည့်ရှ)

၉၂

# ဗုဒ္ဓ၏ နှလုံးသား

နိုင်ပြည်သူ

ငြိမ်းနိုင် စာဥယျာဉ်
၂၇၁/၇-ရန်ကင်းစာတိုက်
ရန်ကုန်မှ....။

ဖြန့်ချိသည်

ပထမအကြိမ်

၁၉၇၈၊ အောက်တိုဘာလ

အုပ်ရေ ၂၀၀၀

တန်ဖိုး ၁၂ ကျပ်

---

မျက်နှာဖုံး ပန်းချီ
မောင်သန်းအောင်

---

အတွင်းသရုပ်ဖော်ပုံများ
မောင်မောင်ကျော်

---

မျက်နှာဖုံးနှင့်နောက်ကျောရိုက်
ငွေစဒပုံနှိပ်တိုက်

မျက်နှာဖုံးဘလောက်။ ။သီတာစင်း

အတွင်းဘလောက်များ။ ။ထွန်းညွန့်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် (၁၁၂၅၅)

ထုတ်ဝေသူ။ ။ဒေါ်အုန်းမေ၊ ငြိမ်းနိုင်စာဥယျာဉ် (၀၁၇၄၃)
၂၇၁၊ ၇-ရန်ကင်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန် (မြဲ - ၀၂၁၃၈)၊ ငွေစဒပုံနှိပ်တိုက်၊
အမှတ်-၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

## ဖတ်စရာ၊ မှတ်ဖွယ်ရာ


(၁) ဒဂုံဦးစန်းငွေ၏ ဗုဒ္ဓ၏နှလုံးသားအပေါ် .... ၁
(၂) အကျွန်ုပ်ဆန္ဒ .... ၁၁
(၃) ကျေးမင်း .... ၁၅
(၄) သုံးဦးသစ္စာ .... ၂၇
(၅) မေတ္တာအသချေ .... ၃၇
(၆) ဘဝမှန် .... ၅၁
(၇) နှောင်းကျော့ညွှတ်ကွင်း .... ၆၃

(၈) အမုန်း၏နိဂုံး .... ၇၃
(၉) ဆင်းရဲသား၏လုံ့လ .... ၈၁
(၁၀) ပျားသကာလို ချိုသာအေးမြမှုသာ .... ၉၅
(၁၁) စေတနာဟူသည် .... ၁၁၃
(၁၂) သားလိမ္မာ .... ၁၂၁
(၁၃) ဆိုနိုင်ခက်ခဲ ပျက်စီးရမြဲ .... ၁၃၇
(၁၄) မြတ်တန်ဆာ .... ၁၅၅
(၁၅) မှန်သောစကား ဆိုသောခါမူ .... ၁၆၇
(၁၆) အကျင့်ပျက်တို့သွားရာလမ်း .... ၁၈၁
(၁၇) အိုတော့မီး .... ၁၉၅
(၁၈) ပဲဝက် .... ၂၀၃
(၁၉) အသက်ကိုပေး၍ .... ၂၁၇
(၂၀) နှလုံးသားကိုမှောစားချင်သူ .... ၂၂၅



## ချစ်စွာသော စာရှုသူသို့....

ကျနော် ချစ်သော ကျနော် လေးစားအပ်သော စာဖတ်ပရိသတ်များအား ဤသို့ ဖြည့်စွက် ဖတ်ရှုကြပါရန် မေတ္တာမွန်ဖြင့် တောင်းပန်အပ်ပါသည်။

ကျေးမင်းဝတ္ထု စာမျက်နှာ (၂၄) အစကြောင်းရေ အဆုံးနှင့် ဒုတိယအပိုဒ် အစကြားတွင်....

အရှင်၊ ကျွန်ုပ်မှာ ကောက်နှံတို့ကို သိမ်းထားဖို့ ကျီလဲမရှိ၊ ကျလဲ မရှိရိုး အမှန်ပါ၊ ဘာ့ကြောင့် ကျွန်ုပ် ဒီကောက်နှံတို့ကို ယူဆောင်သွားရသလဲဆိုတာနဲ့ ပတ်သက်လို့ ကျွန်ုပ်မှာ အချက်သုံးချက် ရှိပါတယ်။

တစ်အချက်ကတော့....ကြွေးမြီဟောင်းကိုလဲ ပေးဆပ်နေရပါတယ်

နှစ်အချက်ကတော့ ကြွေးမြီသစ်ကိုလဲ ပေးချေနေရပါတယ်

သုံးအချက်ကတော့ ရွှေအိုးများကိုလဲ အစဉ်လိုက် မြှုပ်နှံနေရပါတယ်။

ဒီအချက် သုံးချက်ကြောင့် ကျွန်ုပ်ဟာ ကောက်နှံများကို ကိုက်ချီ ယူဆောင်သွားရခြင်းပါ။

ကျေးမင်းပြောတာ ကျွန်ုပ် နားမလည်ပါ၊ ကျွန်ုပ် နားရှင်းအောင် ကျေးမင်း ပြောပြစေချင်ပါတယ်။

# ဗုဒ္ဓ၏နှလုံးသားအပေါ် ဒဂုန်ဦးစန်းငွေက ဤသို့မြင်သည်

**"ဗုဒ္ဓ၏နှလုံးသား....တဲ့"**

ဤကား ကျွန်ုပ်၏ ရေးဘော်ကြီး၊ ဆရာ **နိုင်ပြည်သူ** ပြုစုထားသော ဤကျမ်းစာအုပ်၏ သညာဒိန္နမင်္ဂလာ ဖြစ်ပါသတည်း။

ဤအမည်နာမကို ကြားလျှင်ကြားခြင်း ဆိုသလိုပင် **နှလုံးသားနှင့်ပတ်သက်သော** ဇာတ် နှစ်ဇာတ်ကို ကျွန်ုပ် အမှတ်ရလာသည်။ ငါးရာငါးဆယ် နိပါတ်တော်ထွက် ဇာတ်ချည်း ဖြစ်၏။ တဇာတ်မှာ ဒုကနိပါတ်၊ ဇာတ်အဋ္ဌကထာမှ "**သုသုမာရ**" ဇာတ်ဖြစ်၍ အခြားတဇာတ်ကား မဟာနိပါတ်

ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် **ဝိဓုရ** ဇာတ်တော်ကြီး ဖြစ်လေသည်။

သို့သော်.... နှလုံးသားချင်း တူလင့်ကစား ယင်းနှစ်ဇာတ်ကား ဆန့်ကျင်၏။ သုသုမာရဇာတ်မှာ မိကျောင်းဇာတ် ဖြစ်သည်။ မိကျောင်း လင်မယား နေသောမြစ်။ ထိုမြစ်၏ ကမ်းနဖူးပေါ်တွင် တောအုပ်ကြီးတခု ရှိလေရာ ထိုတောအုပ်၌ ဘုရားအလောင်း မျောက်မင်းနေ၏။ ဘုရားလောင်း၏ ကိုယ်ကာယကား ထွားကျိုင်းလှ၏။ ဆူဖြိုး၏။ ဝ၏။

သစ်ပင်များပေါ်၌ လှုပ်ရှား သွားလာနေသော ဘုရားအလောင်းကို မြစ်ထဲက မိကျောင်းမက နေ့စဉ် မြင်တွေ့နေရသောအခါ သွားရေများ ကျလာသည်။ ဘုရားအလောင်း၏ အဆူဖြိုးဖြိုး အသွေး အသားများကို မြင်ရဖန်များလတ်သော် ချုပ်တည်း မရနိုင်အောင် ဖြစ်လာပြီး **သည်မျောက်ကြီး၏ "နှလုံးသား...."** ကို စားလိုသော ချင်ခြင်းတပ်လာသတည်း၊ မယား၏ ချင်ခြင်း ပြေစေရန်အတွက် လင်ဖြစ်သူ မိကျောင်းဖိုက ဘုရားလောင်း၏ နှလုံးသားရအောင် ကြံဆောင် အားထုတ်ရပုံကို ပြသော ဇာတ်ဖြစ်၏။

ဝိဓုရဇာတ်ကား ထင်ရှား၏။ ဝိမလာဒေဝီ အမည်ရှိသော နဂါးမိဖုရားကြီးက ဘုရားအလောင်းတော် **ဝိဓုရ အမတ်၏ နှလုံးသား** ကို ချင်ခြင်းတပ်သော ဇာတ်ဖြစ်၏။ ယင်းနှစ်ဇာတ်စလုံးသည် နှလုံးသား၌ ချင်ခြင်းတပ်သည်ချင်း တူ၏၊ ထပ်တူထပ်မျှပင် ဖြစ်၏။

ဤသို့ မူအားဖြင့် တူညီနေလင့်ကစား ဖြစ်ရပ်ခြင်း ရှယ်စူး ဦးတည်ချက်ကား အပြတ်အပြတ် စပ်မရအောင် ခြားနား

လေသည်။ **မိကျောင်းမ၏ ချင်ခြင်းကား** ဘုရားအလောင်း မျောက်မင်း၏ နှလုံးသားကို အကယ်ပင် စားလိုသော ချင်ခြင်း ဖြစ်၍ ထိုနှလုံးသားကိုမှ မစားရလျှင် ခုချက်ချင်းပင် သေရ တော့မလို မိကျောင်းဖိုကို အပူကပ်သည့် ဇာတ်ဖြစ်၏။

**ဝိမလာဒေဝီ၏ ချင်ခြင်းကား** ပရိယာ ချင်ခြင်းဖြစ်၏။ ဝိဓုရ အမတ်၏ တရားတော်ကို ကြားနာလိုလှပါသည် ဟု သူမဆို မမြွက်လေဘဲ နှလုံးသားကို လိုချင်သည်ဟူ၍သာ ဆို၏။ ပုဏ္ဏကာ၏ ဆောင်ကြဉ်းပေးချက်အရ နဂါးပြည်သို့ ဝိဓုရ ရောက်သွားသောအခါ ဝိမလာဒေဝီသည် ဝိဓုရ၏ နှလုံး သားကို ရရှိလေ၏။ ရရှိသော နှလုံးသားကား ဝိဓုရ၏ နှလုံး သည်းပွတ်မှ စိမ့်၍စိမ့်၍ ပန်းထွက်လာသော အမြိုက်ရသာ ဓမ္မဒေသနာတော် ဖြစ်သတည်း၊ ရှိစေတော့။

ဤ၌ ဆိုလိုသည်ကား ဆရာနိုင်ပြည်သူ၏ **"ဗုဒ္ဓနှလုံးသား"** ဖြစ်၏။ ဤ "ဗုဒ္ဓ၏ နှလုံးသား" ဟူသော အမည်တော်သည် ဝိမလာဒေဝီ မိဖုရားကြီး၏ ချင်ခြင်းမျိုးဆန်လှ၏။ တင်စား နာမ်ဖြစ်၏။ ထိုကား မှန်ကြောင်းကို နိုင်ပြည်သူ၏ စကား အရပင် ထင်ရှားသတည်း။

> "ဆရာ" ကျွန်ုပ်တို့ **ငါးရာငါးဆယ် ဇာတ်နိပါတ် တော်တွေထဲမှာ** လူမှုရေးအရ ပေါင်းသင်း ဆက်ဆံ ရာမှာ ဖြစ်စေ၊ ကျေးဇူးတရား သိတတ်တဲ့ နေရာမှာ ဖြစ်စေ၊ ကိုယ့်အမျိုးသားချင်း စည်းလုံး ညီညွတ်ရေး သွေးစည်းရေးမှာဖြစ်စေ၊ ကြီးပွါးရေး စီးပွါးရေး ပညာရေးမှာဖြစ်စေ၊ အတုယူ နည်းမှီးစရာ ကျင့်ကြံကြိုး.

ကုတ်၊ အားထုတ်ရန် လုပ်နည်း လုပ်ဟန် လုပ်ထုံးတွေ အများကြီး တွေ့ရတယ် ဆရာ။

အဲဒါတွေကို ကျွန်တော်က လူထုနဲ့ ထိတွေ့စေချင်တယ်။ ပူးကပ် စပ်နွှေမိစေချင်တယ်။ ကျွန်တော့် ယုံကြည်ချက်က ဒီဇာတ် နိပါတ်တော်တွေဟာ လူထုနဲ့ ထိတွေ့မိယင် ဇာတ်နိပါတ်က ဝေငှလိုက်တဲ့ အရသာကို ရရှိ ခံစားကြရမှာဘဲ ဆိုတာ ကျွန်တော် ယုံကြည်တယ်။

ဒါကြောင့် အဲဒီ ဇာတ်နိပါတ်တော်တွေထဲက **တသုတ်စီ တသုတ်စီ** ထုတ်-ထုတ်ပြီး၊ အများ သိလွယ်၊ တင်လွယ်၊ မြင်လွယ်၊ နားလည် သဘောပေါက်လွယ်သော နည်းဖြင့် **လူတုနှင့် နီးစပ်မိအောင်** ကျွန်တော်က ပေါင်းကူးတံတား ခင်းပေးတာပါ ဆရာ။

နိုင်ပြည်သူ၏ အာသီသနှင့် သူ၏ စေတနာမှာ ပြတ်သားလှ၏၊ ရှင်း၏။

**ငါးရာငါးဆယ်** ဇာတ်နိပါတ်၏ ဝတ္ထုတော်ကြီးများကို ကျွန်ုပ်တို့ စာဖတ်တတ်သည့် အချိန်မှစ၍ ဖတ်ဖတ်လာခဲ့ကြကုန်သော်လည်း-ဥပမာ-

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ကာလေ အဘိက္ကမနာ သာဝ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောသိယဇာတ်ကို ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်-

ဤသို့ စသည်ဖြင့် **"နိဿယပြန်နည်းကား"** စကားတန် ရှည်ကြီးများကို ဖတ်ခဲ့ရပြီး စကားလုံးများပြီး စာရှည်လျား သလောက် အဓိပ္ပါယ် ကောက်ယူသောအခါ ဒိုးကန်၊ ဒက်ကန်၊ သဘောမပေါက်နိုင်ဘဲ ယောင်ဝါးဝါး ဖြစ်ခဲ့ရ၏။

ဤရေးနည်းများမှာ- ထိုခေတ် ထိုအခါက အရေးအသား နှင့် ထိုခေတ် ထိုအခါက လူများအဘို့ အံဝင်ခွင်ကျ ဖြစ်ခဲ့ ပြီးသော်လည်း **ယနေ့ခေတ် လူတို့အနေအားဖြင့်** တရားသားကို နှစ်သက်ကြလျက် စကားတန် ရှည်လျားမှုကိုကား ငြီးငွေ့လာကြ ကုန်သည်။ စာ၏ အဓိပ္ပါယ်ကို ထပ်၍စဉ်းစားပြီး အချိန်ယူ၍ အဓိပ္ပါယ် မပေါ်ရလေပဲ။ ဖတ်ရင်း ဖတ်ရင်း တခါထဲ အဓိပ္ပါယ် ရှင်းသော အရေးအသားမျိုးကို တောင့်တ လာကြ ကုန်သည်။

> တနေ့သ၌ ဘုရားအလောင်းသည် အလွန်ကြာမြင့်လတ်သော်- မိဖုရားလည်း ခပ်သိမ်းသော ခဲဘွယ်ဘောဇဉ်ကိုစီရင်၍၊ ရေချိုး၍၊ တန်ဆာဆင်၍၊ ညောင်စောင်းငယ်ကို ခင်း၍၊ ဘုရားလောင်း၏ လာခြင်းကို မြော်လျက် ပြေပြစ်သော အဝတ်ကို အလျော့လျော့ ဝတ်၍ အိပ်၏၊ ဘုရားလောင်းသည်လည်း အခါကို မှတ်၍ သပိတ်ကို ယူ၍ ကောင်းကင်ဖြင့် သွား၍ လေသွန်တံခါးသို့ ရောက်၏။

ဤသည်ကား **တိကနိပါတ် သက်ပွဇာတ်လာ** ငါးရာ ငါးဆယ် ဇာတ်ဝါကျဖြစ်၏။ လှ၏။ အလွန်လှသော ဝန်ကျ ဖြစ်ပါ၏။ သို့သော်....ဘာကို ဆိုလေသနည်း။ ဆိုလိုချက်ကို ကွင်းကွင်းကွက်ကွက်၊ ထင်လွယ် မြင်လွယ်ကြပါ၏လော။

နိုင်ပြည်သူသည် ဤသို့သော **"အသိခက်ကန္တာရကြီး"** ကို လွယ်လွယ်နှင့် ကျော်ဖြတ်သွားစေရန်အလို့ငှါ။ စိတ်ကူးနှင့်ရရ "သူမို့ပင် ကြံစည်တတ်ပလေသည်" ဟူ၍သာ ဆိုချင်၏။

လူထု၏အာရုံခွင်သို့ သူယခုတင်ပြမည့် ဇာတ်တော်များမှာ ငါးရာငါးဆယ်ထွက် ဇာတ်တော်များသာ ဖြစ်သဖြင့် အရေအတွက်အားဖြင့် အဘယ်မျှများပြားကြောင်း အထူးပြောနေဘွယ်မလိုတော့ပြီ။ သို့သော်.. ဤစာအုပ်တအုပ်တည်း၌ အကုန်ပါနိုင်မည် မဟုတ်။ မည်သည့် ဇာတ်တော်များ ပွဲဦးထွက်၊ ဗွေဇော်ဦးပေါ်ထွက်လာမည်ကိုလည်း အတတ်မပြောနိုင်သေး၊ ဟိုဟာပါသင့်-သည်ဟာပါသင့်၊ အချိန်ယူ၍ ချိန်ဆနေလျက်ပင် ရှိနေ၏။ ကောင်းသောဇာတ်၊ တင်ပြသင့်သော ဇာတ်တွေကား များနေသောကြောင့် ဖြစ်လေသည်။

နိပါတ်ဇာတ်တော်များ၊ ငါးရာကျော်အထိ များပြားသည်နှင့်အမျှ ဇာတ်လိုက် ဇာတ်ကောင်တို့သည်လည်း အလွန်များကုန်၏။ လူ-နတ်-ဗြဟ္မာ-တိရစ္ဆာန် ဇာတ်လိုက် အမျိုးအစားတွေလည်း စုံလှ၏။ ဇာတ်တိုင်း ဇာတ်တိုင်းသည် လူတိုင်းလူတိုင်းတို့အဘို့ ယူတတ်လျှင် တန်ဘိုးမဖြတ်နိုင်သော ဆုလာဘ်ချည်းသာ ဖြစ်ကုန်၏။

စကားစပ်၍ ဤစာရေးရင်းပင် ငါးရာငါးဆယ်မှ ဇာတ်လိုက်တဦး၏ ထူးဆန်းသော ဖြစ်ရပ်ကို သွား၍ သတိရမိလာသည်။ ထိုဇာတ်လိုက်ကား၊ လူမဟုတ်၊ နတ်မဟုတ်၊ ဗြဟ္မာမဟုတ်၊ ဂဠုန်မဟုတ်၊ နဂါးမဟုတ်၊ မျောက်ဖြစ်၏။ မျောက်ဇာတ်လိုက်ကြီး ဖြစ်သတည်း။

မှန်၏။ အချုပ်ကို ဆိုရသော်.... ထိုမျောက်ကား **ဘုရား အလောင်း** ဖြစ်လေသည်။ မုဆိုးတဦးက ဖမ်း၍ မင်းအား ဆက်သသဖြင့် ဘုရင့်နန်းတော်ထဲ ရောက်သွား၏။ လူနှင့်နေရဖန် များလာသောအခါ ဘုရားအလောင်းသည် လူတို့၏ အချင်းချင်းဆက်ဆံပုံ၊ ပြောပုံဆိုပုံမှစ၍ လူ့အကြောင်းကို ကောင်းကောင်း သိနားလည်နေ၏။

တနေ့သော်—မင်းကြီးသည် မျောက်ကို သနားသဖြင့် မုဆိုးအား သူ့နေရာသို့ ပြန်ပို့ခိုင်းချက်အရ တောတွင်းသို့ ပြန်ရောက် သွားသောအခါ မျောက်တို့သည် ဝိုင်းဝိုင်းလည် ထိုမှ ဤမှ ပြေးလာ၍ သတင်းမေးလှာကြကုန်၏။ "အရှင် မျောက်မင်းကြီး....အကျွန်ုပ်တို့၏ မျက်စိအောက်က ပျောက် သွားသည်မှာ ကြာချေပြီကော။ ဘယ်တော ဘယ်အခွန့်ဆီသို့ နယ်**ကျွံ**နေပါသနည်း" မေးကုန်၏။ ဘုရားအလောင်းကလည်း သူ့ကို မုဆိုးက ဖမ်းဆီးသွားပြီး ဘုရင့်ထံ ဆက်သရာမှအစ လူ့လောကထဲမှာ လူတွေနှင့် နေခဲ့ရကြောင်းကို ပြောပြလေ သောအခါ အချို့မျောက်များက လူ့အကြောင်းကို သိချင်၍ စပ်စုကြကုန်၏။ "**လူ့အကြောင်းကို အကျွန်ုပ်တို့လည်း သိပါရစေ**"ဟု တောင်းပန်ကုန်လေ၏။

ထိုအခါ ဘုရားအလောင်းက ခေါင်းကို တွင်တွင်ခါ၏။ "ငါ—သူတို့အကြောင်း ပြောမပြချင်"ဟု အတန်တန်ငြင်း၏။ သို့သော်....ဤသို့ ငြင်းခြင်းကပင် သူတို့အား စိတ်ဝင်စား သည်ထက် ဝင်စားအောင် လှုံ့ဆော်သလို ဖြစ်သွားပြီး၊ အတင်းအဓမ္မ ဝိုင်း၍ အရေး ဆိုလှာ ကုန်လေတော့သည်။

ထိုအခါ "**သံသာ့အား ဘုရားမဆန့်သာ**" ဆိုသကဲ့သို့ အားလုံး၏ ဆန္ဒကို လိုက်လျောကာ လူတို့၏ဇာတ်ရှုပ်ကို မျောက်တို့အား အထုပ်ဖြေပြရလေ၏။

အို....ငါ၏ရောင်းရင်း အပေါင်းအသင်းတို့ သင်တို့ သိလိုသော လူတရားကို ငါဟောအံ့။ ကြားနာမှတ် သားကုန်ဘိလော့။ ငါတွေ့ခဲ့၊ သိခဲ့ရသမျှဆိုလျှင် ဉာဏ် ဦးနှောက်ရှိသူက နည်း၏။အသိဉာဏ် ခေါင်းပါး ဉာဏ် ပညာ ရှားတွေသူတွေက များ၏။ သူတို့သည် နေ့ရော ညပါ ဘာစကားတွေ ပြောနေကြသည်ထင်သနည်း။

နေ့မှာလဲ ရွှေစကား၊ ငွေစကား၊ ကျွဲအငှကြောင်း၊ နွားအကြောင်း၊ လယ်ယာချောင်းမြောင်း၊ ဆန်စပါး အကြောင်း။ ညမှာလဲ ထိုနည်း၎င်းပင်ဖြစ်၏၊ ပင်ပန်း ရမှန်း၊ မောရမှန်းမသိ။ ပါးစပ်က အမြုပ် တစီစီ ထွက်အောင် တတွတ်တွတ် သည်စကားမျိုးတွေကို ချည်း ပြောနေကုန်၏။ ဘုရားစကား၊ တရားစကား ဆို၍ ယောင်၍မျှ ငါမကြားခဲ့ရ။

အိုမျောက်အပေါင်း၊ ရောင်းရင်းတို့....ပြောလက်စ နှင့် လူတို့၏ အဖြစ်သနစ်ကို ငါအမြစ်က လှန်ဦးအံ့- အိမ် တအိမ် တအိမ်မှာ အိမ့်ရှင် ၂- ယောက်၊ ၂- ယောက် ငါတွေ့ရ၏။(လင်မယားကိုဆိုသည်)။ ၎င်းတို့ ၂-ယောက် အနက် တယောက်ကား မုတ်ဆိတ်မွေး တွေ ပလပြစ်နှင့် (လင်ကိုဆိုခြင်း)။ တယောက်မှာမူ မုဆိတ်ကြင်စွယ်လည်းမရှိ၊ ရှည်လျား၍ တွဲကျနေသော

သားမြတ်ကြီးလည်း ရှိ၏။ သပ်ယပ်စွာ ဖီးလိမ်း၍ ထုံးနှောင်ထားသော ဆံထုံးလည်း ရှိ၏။ နားရွက်ကြီးကိုလည်း ဖောက်ထား လိုက်သေး၏။ ထိုသားမြတ်ကြီးတွင်း နားဖောက်ထားပြီး ဆံထုံးကြီးကို မောက်လောက်အောင် ထုံးထားသူကို လိုချင်သူက အသပြာများစွာပေးပြီး သူ့မိဘတို့မှ ဝယ်၍ယူရ၏၊ မင်္ဂလာအဆင်တန်ဆာများကိုလှပစွာ ဝတ်စားဆင်ယင်ပေးပြီး ယာဉ်ရထားပေါ် တင်၍ ထိုရထားကို ရှေ့နောက်ဝဲယာခြံရံလျက် အိမ်သို့ခေါ်လာရ၏။ ထိုအိမ့်ရှင်ကား ထိုအိမ်သို့ သူရောက်ရှိသွားသည့် အချိန့်မှစ၍ ထိုအိမ်ရှိ အလုပ်သမားအားလုံးကို "ဟယ်ကျွန်ယုတ်၊ ဒါလေးကိုတောင် နင်မလုပ်တတ်ဘူးလား၊ ဟိုကျွန်မလဲ လာအုံး။ ညည်းကကော ဘာချီးချီးနေတာတုန်း ကျွန်ငြိမ်ငြိမ်နေ။ ကျွန်ငြိမ်ငြိမ်လုပ်။ အဲသည်လို နှုတ်သီးလုံးကြီးနှင့် ထိုးထိုးနေတာကို နေ့စဉ်နှင့်အမျှ ငါ့မှာ မကြားချင့် အဆုံး။ မမြင်ချင့်အဆုံး။ အဲဒါ လူပြည်က လူတို့အတ္တုပ္ပတ်လူတို့ဇာတ်ပင်တည်း။

ဤသို့ ပြောပြသည်တွင် "တော်ပါတော့ သည်အကြောင်းကို ဆက်မပြောပါနှင့်တော့" ဟူ၍ မျောက် အပေါင်းတို့သည် လူ့အကြောင်းကို မကြားလိုတော့ သဖြင့် သူတို့၏ နားကို လက်ဖြင့် ပိတ်ထားလိုက်ကြကုန်သတည်း။

ဤဇာတ်ကား **ဒုကနိပါတ်** မှ **ဂရဟိတဇာတ်** ဖြစ်၏။ လူတို့၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ မျောက်များက ရှုတ်ချပုံကို ပြဆိုသော ဇာတ်ဖြစ်၏။

ယခု နိုင်ပြည်သူ ပြုစုထားသော "ဗုဒ္ဓနှလုံးသား" ထဲတွင် မှတ်လောက် သားလောက်စရာ အတုယူ နည်းမှီးစရာ, ဆောင်စရာ, ရှောင်စရာ ဇာတ်များ၊ အဘယ်မျှ ပါလေမည်နည်း။ သူ၏ "ဗုဒ္ဓနှလုံးသား" သည် ငါးရာငါးဆယ် ဇာတ်နိပါတ်တော်ကို အခြေခံထားသည်ဖြစ်သောကြောင့် ဤသို့ ဖတ်ကောင်း၊ မှတ်ကောင်းသော ဇာတ်များမှ လွတ်အောင် အဘယ်သို့ ရှောင်မည်နည်း။

**နိုင်ပြည်သူကို** ခေတ်မှီသူတယောက်ဟုဆိုခြင်းထက် ခေတ်ကို ဦးဆောင် ညွှန်ပြနေသူတို့အထဲက တယောက်သော ပုဂ္ဂိုလ်ဟု ဆိုခြင်းက ပို၍ဆီလျော်ပေမည်။ သူသည် လူအများနှင့် ဆက်ဆံရသူဖြစ်သဖြင့် အတွေ့အကြုံများ၍ လူကဲခပ်လည်းမည့်။ စာပေနှင့် ပတ်သက်လျှင်လည်း အိပ်ပျော်ခိုက်မှတပါး သူ့မျက်စိနှစ်လုံးကို စာအတွက် အမြဲသုံးလေသူ ဖြစ်သည်အားလျော်စွာ စာကဲခပ်လည်း မည့်။

သို့ကြောင့်….ဤခေတ်၊ ဤပရိသတ်၊ ဤစာရှုသူများနှင့် အံဝင်ခွင်ကျဖြစ်အောင် ဗုဒ္ဓ၏နှလုံးသားကို မည်သို့မည်ပုံ စီစဉ်မှုဖြင့် လူထုရှေ့သို့ တင်ပြချက်ကိုကား သူ၏ ဗုဒ္ဓနှလုံးသားပေါ်မှာ အငွေ့ရှာကြပါ ဟူ၍သာ ညွှန်းလိုပါသတည်း။

ဒဂုန် ဦးစန်းငွေ

၆–၈–၇၈

# အကျွန်ုပ်ဆန္ဒ

ငါးရာငါးဆယ် ဇာတ်နိပါတ်တော်များသည် စစ်ကြို ခေတ်၊ အကျွန် မြို့မအမျိုးသားယောကျ်ားကလေး အထက်တန်းကျောင်းတွင် ပညာရည်နို့ သောက်စို့စဉ် အရွယ်က အကျွမ်းဝင်ခဲ့ရသည်၊ ခင်မင်ခဲ့ရသည်၊ ရင်းနှီးခဲ့ရသည်။

တစုံတခုသော မကောင်းမှု၊ တစုံတခုသော ဒုစရိုက်မှုတို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှား ကျူးလွန်အံ့ဟု ကြံရွယ်မိသည်နှင့် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များက အကျွန့်အား အတင်းဟန့်တား ထိန်းချုပ်လေတော့သည်။

ထိုမျှသာလော

မကသေးပါ။

ကိုယ့်တိုင်းပြည်ကို မြတ်နိုးပါ၊ တွယ်တာပါ၊ ကိုယ့်လူမျိုးကို တအူတုံဆင်း မောင်ရင်းနှမလို ချစ်ခင်ပါ၊ သစ္စာရှိပါ၊ အတ္တ

စိတ်ကို ပယ်၍ ကိုယ့်ကိုယ်ကို အနစ်နာခံပါ။ မေတ္တာစိတ်၊ သနားစိတ်၊ သည်းခံစိတ် မွေးပါ။ အများ အကျိုးအတွက် ကိုယ့်အသက်ကို သစ်တရွက်' ပန်းတပွင့်ပမာပြုကာ ရင်မြေ ကတုတ်လုပ်၍ ဝံ့ဝံ့စားစား ဆောင်ရွက်ပါ။ စည်းလုံးပါ၊ ညီညွတ်ပါ၊ လူကြီးမိဘတို့နှင့် သက်အိုရွယ်တို့အား လေးစားပါ၊ ကိုင်းရှိုင်းပါ၊ ရိုကျိုးတုပ်ကျိုး၊တမြတ်တနိုး လုပ်ကျွေးပါ စသည် ဖြင့် မီးမောင်းထိုးပြလျက် အစဉ်သတိပေးနေပြန်သည်။

သို့ကြောင့်ပင် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များ သည် အကျွန်ုပ်တို့အတွက် အဖိုးမဖြတ်နိုင်သော ရတနာတပါးပင် ဖြစ်ခဲ့ရပါသည်။

အဖိုးအနဂ္ဃ ထိုက်လှသည့် ထိုရတနာကို ယနေ့လူငယ် လူရွယ်တို့၏ လက်ဝယ်သို့ ပေးအပ်လိုသည်။ သူတို့တတွေ ပိုင်ဆိုင်စေချင်သည်။ သူတို့၏နှလုံးသားဝယ် ကိန်းအောင်းစေ ချင်သည်၊ ထိုသို့သော စေတနာ၊ ဤသို့သော ဆန္ဒတို့ကြောင့် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ကို အခြေခံသော ဗုဒ္ဓ၏ နှလုံးသားမှာ ထွက်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

တကယ်တော့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များ သည် ကိုယ်ကျင့်တရားများနှင့် အပြည့်အသိပ်ရှိသည့် ပြည်သူ အများနှင့် အထူးသင့်တော်သည့် သုတ်တရားများဖြစ်သည်။

ယင်းသုတ်တရားများကို ဗုဒ္ဓ မြတ်စွာဘုရားသည် ပစ္စုပ္ပန် ကာလတွင် တိုက်ဆိုင်သော အကြောင်းတခုခု ဖြစ်ပွား ပေါ် ပေါက်လာသည့်အခါ အတိတ်ကိုဆောင်၍ ဟောကြားတော် မူခဲ့သော သုတ်တရားများ ဖြစ်သည်။

ထို့ကြောင့် အကျန် တင်ပြအံ့သော ဝတ္ထုများမှာ အတိတ်ကိုဆောင်သော ဝတ္ထုများသာ ဖြစ်ပါသည်။

ဥပမာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြုသည်နှင့် စပ်လျဉ်း၍ ရှေးကလည်း ပြုဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ဂင်္ဂါမြစ်ကမ်းရှိ တောတခု၌ မျောက်ကြီးတကောင်သည် နေ၏။ ထိုအခါ ဂင်္ဂါမြစ်တွင်းရှိ မိကျောင်းမတကောင်က ထိုမျောက်ကြီး၏ နှလုံးသားကိုမှ စားလိုသဖြင့် မိကျောင်းဖိုအား အထပ်ထပ်ပူဆာသည်....စသည်ဖြင့် (သုသုမာရဇာတ်) မျောက်နှင့် မိကျောင်းတို့၏ အတိတ်ဘဝ ဖြစ်ရပ်တို့ကို ညွှန်း၍ ဟောကြားတော်မူသည်။

ဤကား ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် ဒေဝဒတ်က သတ်ရန်အလို့ငှါ လုံ့လပြုသည်နှင့် စပ်၍ ဗုဒ္ဓ မြတ်စွာဘုရားက ငါ၏ချစ်သား ရဟန်းများတို့ ဒေဝဒတ်သည် ယခုမှသာမဟုတ် ရှေးကလည်း ငါ့အား သတ်ရန်အလို့ငှါ လုံ့လပြုဖူးကြောင်း အတိတ်ကိုဆောင်၍ ဟောကြားတော်မူခြင်း ဖြစ်ချေသည်။

ဤသို့ ဟောကြားတော်မူခဲ့သော အတိတ်ဇာတ်များထဲမှ ကောင်းနိုးရာရာ သင့်အံ့နိုးနိုး ထင်မိမြင်မိ နှလုံးပိုက်မိသော ဝတ္ထုဇာတ်ကြောင်းများကို ရွေး၍ နှုတ်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

ထိုသို့ တင်ပြရာ၌....

(၁) အသွင်တူညီသော ဝတ္ထုများအနက် ဆီလျော်ရာရာ များကို ထုတ်ယူသည်။

(၂) ထိုသို့ ထုတ်ယူပြီးနောက် အံမျှားပြည်သူတို့အား အလွယ်ဆုံးသော အရေးအသားတို့ဖြင့် ခြယ်မှုန်း ကုံးသီထားသည်။

(၃) လိုရင်း အဓိပ္ပါယ် မပျက်အောင် အကျဉ်းချုံး၍ ခေတ်အမြင် ခေတ်အတွေး ခေတ်အရေးတို့ဖြင့် ထုံးဖွဲ့ထားပါသည်။

အကယ်၍ အကျွန်ုပ်၏ တင်ပြချက်များ ချွတ်ယွင်းတိမ်းပါး တွေ့ခဲ့ငြားပါလျှင် စိတ်ထားသဒ္ဓါ စေတနာဖြင့် ညှန်ပါမည့် အကြောင်း အကျွန်ုပ်ခွင့်တောင်းအပ်ပါသည်၊ ညွတ်ပျောင်း ခခယမ်းယမ်းတည်း။

နိုင်ပြည်သူ

နံနက် ဆွမ်းခံဝင်ချိန်ဖြစ်၏။

လေအတိမ်းတွင် ယိမ်းနေကြသော ကောက်ပင်ပျိုတို့အား နေခြည် နုနုက ထွေးပိုက်လျက်ရှိ၏။ ဝင်းဝါသော နေခြည်၏ အယုအယဝယ် ရွှေရောင်လက်နေသော ကောက်နှံတို့မှာ ကွင်းအနှံ့ ရှုမဆုံးနိုင်အောင်ရှိ၏။

မယ်ဒေါင်း....မယ်ဒေါင်း

**ကျေးမင်း**

အကိုမောင်သည် ကယောင်ကယင် တုန်တုန်လှုပ်လှုပ် မီးပိုချောင်၌ အလုပ်များနေသော ချစ်ဇနီး မယ်ဒေါင်းအား လှမ်းခေါ်လိုက်သည်။

လန့်လိုက်တာ အကိုမောင်ရယ် ဖြေးဖြေး သက်သာ ခေါ်ရောပေါ့၊ မယ်ဒေါင်း ဘာအကူအညီ ပေးရမှာလဲ

မယ်ဒေါင်းဆီက အကူအညီလိုလို့ ခေါ်တာမဟုတ်ပါဘူး။

ဟောဒီမှာကြည့်စမ်း....

အကိုမောင်သည် လက်ညိုး ညွှန်၍ ပြလိုက်၏။

မောင်ဖိုးကြီး မဟုတ်လား

အကိုမောင်၏ လက်ညိုး ညွှန်ရာကို ကြည့်၍ မယ်ဒေါင်းက အဖြေပေးလိုက်၏။

အေး....ဒီကောင် အမောတကောနဲ့ အပြေး အလွှား လာနေတာကို ပြမလို့ မယ်ဒေါင်းကို ခေါ်တာပေါ့။

မောင်ဖိုး ခုလိုလာတာများ အဆန်းလုပ်လို့ ဒါကိုများ.... မယ်ဒေါင်းသည် မျက်ဝန်းနက်အိမ်ကို ဒေါင့်ကပ်၍ သူ့အကို မောင်အား ကန့်ကလျှဖြင့် ပြောပြောဆိုဆို မီးဖိုချောင်ဖက်သို့ ပြန်လှည့်သွားလေသည်။

ဟ....ကောင် မောင်ဖိုးကြီး ဘာဖြစ်လာတာတုံး၊ မင့်ဟာက အလန့်တကြား မျာရိပျာယာနဲ့ ဖြေးဖြေးသက်သာ လုပ်စမ်းပါ၊ မင်းကြည့်ရတာ နှလုံးတုန် ရင်ခုန်စရာ။

ဒီလိုပါဆရာ-

မောင်ဖိုးသည် ပြောမည့်ဟန် ပြုပြီးမှ တံတွေး သီးသွားသဖြင့် ချောင်းဆိုးကာ ဟိုက်မောနေ၏။

အမောလေး အပန်းလေး ဖြေပြီးမှ အေးအေးလူလူ ပြောစမ်းပါကွာ၊ ခုတော့ မင်းဟာက နောက်က သတ်မည့်လူ လိုက်လာတာ ကြနေတာပဲ။ တံတွေး သီးရလောက်အောင် ဘာများ အရေးကြီးလို့တုန်း။

အရေးကြီးဆို ဆရာ့လယ်ကွင်းက စပါးတွေ ကုန်တော့မယ်။

ဟေ....

အကိုမောင်သည် ဟေ....ဟု သာ အာမေဋိတ်တလုံးပြုပြီး မျက်ကလေဆံပြာ အငမ်းမရ မေးတော့သည်။

ဘာ....ဘာ.... ငါ့လယ်ကွင်းက စပါးတွေ ကုန်တော့မယ် ဟုတ်လား၊ ဘယ်သူတွေလာပြီး အနိုင်အထက် ကျင့်လို့လဲ



F 2

အကိုမောင်တဲ့ကွ၊ တမောင်ထဲရှိတယ်၊ငါ့စပါးထိခါးကြည့်ပေါ့ ကွာ၊ ငါ့စပါး တစေ့ပွန်းရင် ဒင်းတို့အသက် ဆုံးရစေ့မယ် ဟေ့။

အကိုမောင်သည် ဒေါနှင့် မောနှင့် ပြောနေခိုက် မယ် ဒေါင်းခမျာ မီးဖိုချောင်ဖက်ဆီမှ လှုပ်လီလှုပ်လဲ့ဖြင့် ဝင်လာ သည်။

ဘာဖြစ်နေတာလဲ အကိုမောင်

ဘာဖြစ်နေရမှာလဲ့ကွ မယ်ဒေါင်း မကြားဘူးလား၊ ငါ့ စပါးတွေ ကုန်တော့မယ်တဲ့

ဖြေးဖြေး သက်သာပေါ့ အကိုမောင်ရယ် ခေါင်း အေး အေးနဲ့ ပြဿနာရဲ့ ရင်းမြစ်ကို စူးစမ်းပြီး အဖြေရှာရတာပေါ့။

အေး....အေး အဖြေရှာနေ၊ အဖြေရှာရမှာကနောက်၊ စပါး တွေ ကုန်တာကအရင် ဖြစ်နေတယ် မယ်ဒေါင်းရ။

အကိုမောင်သည် ပမ်းဟိုက် နွမ်းလျစွာ အဝေးသို့ စိုက်ငေး လျက်ရှိ၏။

ဘယ်လိုဖြစ်တာလဲ မောင်ဖိုး

ဒီလိုပါ အမ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကစပြီး ကျေးတ အုပ်ကျလာတယ်၊ ချောက်လို့လဲ မကြောက်၊ လှန့်လို့လဲ မလန့်၊ ခပ်တည်တည်နဲ့ အေးအေးဆေးဆေးပဲ အစာကို ဝအောင် စားတယ်။ တဝတပြဲစားပြီးမှ ပြန်ကြတယ်။ ဒီထဲမှာ အကဲဆုံး အသဲဆုံးကတော့ ကျေးကြီးတကောင်ပဲ၊ ဒီကျေးကြီးက သူတို့ထဲ မှာမင်းနဲ့တူတယ်။သူနားမှ အခြားကျေးတွေ နားတယ်၊ သူပြန်မှ အခြားကျေးတွေပြန်တယ်။ ဒီကျေးမင်းဟာသူတို့ထဲမှာ အထွား ဆုံး အကျိုင်းဆုံး အလှဆုံး အရောင်အတောက်ဆုံးပဲ။ နေခြည်

အောက်မှာဆိုရင် သူ့ရောင်စုံ အမွေးအမှင်တွေဟာ တလက်လက်နဲ့ ပြေးနေတယ်။

အခြားကျေးတွေဟာ အစာဝလို့ ပြန်ပေမယ့်၊ ကျေးမင်းကတော့ ဒီလိုမဟုတ်ဘူး။ အစာကိုလဲ တဝတပြဲ စားသေးတယ်၊ ပြန်တော့လဲ စပါးနှံတွေကို ကိုက်ချီပြီး ယူသွားလေ့ရှိတယ်။

မောင်ဖိုးကြီး ပြောနေသမျှကို · အစအဆုံး နားစိုက်နေသော အကိုမောင်သည် ခုမှပင် ဟင်း....ကနဲ သက်ပြင်းချကာ....

မောင်ဖိုးရာ စောစောက လိုရင်းကို ခုလိုပြောလိုက်ရင် ငါစိတ်မအေးရပါလား၊ ခုတော့ မင်းဟာက ဆရာ့ စပါးတွေ ကုန်ပြီဆိုတော့ လူလူချင်း အနိုင်ကျင့်လို့ ထပဲ သတ်ရတော့ မလိုလို၊ ဆိုင်ရာကိုပဲ တိုင်ရတော့မလိုလို

ဒါက.... အကိုမောင့်အပြစ်

မယ်ဒေါင်းသည် အကိုမောင် ပြောနေသည့် ကြားမှ ဖြတ်၍ အကိုမောင်အား အပြစ်တင်လိုက်သည်။

ဘာ.... ဒါငါ့အပြစ်ဟုတ်လား

ဟုတ်သမှ သိပ်ဟုတ်ပေါ့ အကိုမောင်၊ ပြဿနာတခု ဖြစ်လာရင် ဒေါသဖြစ်ဖို့လောက်ပဲ၊ ပြဿနာရဲ့ အရင်းအမြစ်ကို စူးစမ်းပြီး အဖြေရှာဖို့မှ မစဉ်းစားပဲနဲ့။

တော်ပါကွာ မယ်ဒေါင်းရာ။

အကိုမောင်သည် စကားကိုဖြတ်ကာ မောင်ဖိုးအား ကျေးမင်းကို ကျော့ကွင်းထောင်၍ ဖမ်းရန် မှာကြားတော့သည်။

ကောင်းကင်ပြင်သည် ဖလ်သားကဲ့သို့ ကြည်လင်၍နေ၏။ နီလာရောင်ပြေးနေသော ကောင်းကင်အောက်ဝယ် ကျေးမင်းခေါင်းဆောင်သော ကျေးတအုပ် ဝဲပျံ၍ကျလာသည်။ ဒီဖ

ဖိုးဖွားထံမှ အမွေရထားသော ပစ္စည်းကဲ့သို့ တပျော်တပါး စားကြသည်။ မဝမချင်းပင် စားကြသည်။ ယနေ့အဖို့ လယ်စောင့် မောင်ဖြိုးမှာ ကျေး တအုပ်အား မချောက်တော့၊ မလှန့်တော့၊ မမောင်းတော့။

ငြိမ်ငြိမ်သက်သက်ပင် ကြည့်နေသည်။

ထိုအခိုက် ကျေးမင်းသည် သူ့ခြေထောက်ကို လှုပ်၍ ကြည့်၏။ မျှကြည့်၏။ ရုန်း၍ ကြည့်၏။ လှုပ်၍လည်းမရ၊ မျှလည်းမကြွ ဖြစ်နေသည်။

လယ်စောင့်ရဲ့ ကြော့ကွင်းထဲတော့ ငါ မိပြီ။ ငါသာမိစေ၊ ငါ့ကျေးငှက်တွေ သိဖို့အချိန်မဟုတ်သေး၊ သူတို့တတွေ အစာဝလောက်ချိန်ကျမှ ငါကြော့ကွင်းမိနေကြောင်း အသိပေးရမှာပဲ။

ကျေးမင်းသည် ဤသို့တွေးလျက် သူ့ကျေးသားများ အစာဝအောင် ငံ့လင့်နေသည်။

ကျေးမင်း ကြော့ကွင်း၌မိနေပြီကို အတတ်သိသော လယ်စောင့် မောင်ဖြိုးမှာ ပျော်လျက် မြူးလျက် ရှင်လျက်ရှိသည်။

အချိန်မှာ အတော်ကလေးပင် ညောင်းသွားပြီ ဖြစ်၏။

ဒီအချိန်လောက်ဆိုယင် ငါ့ကျေးသားတွေ ဝတန်လောက်ပြီ၊ ငါအသိပေးမှ တော်ရေ့မယ်၊ ငါ အသိမပေးပဲ နေလိုက်ယင် သူတို့တတွေပါ ဒုက္ခရောက်ကုန်တော့မယ်။ ဒုက္ခရောက်ခြင်းရောက် ငါသာရောက်ပစေ၊ သေခြင်းသေ ငါသာသေပစေ၊

ကျေးမင်းသည် ဤသို့နှလုံးပိုက်ကာ သူ့ကျေးသားများ အန္တရာယ်မှ ကင်းလွတ်အောင် အသိပေးတော့သည်။

အို....ကျေးသားတို့၊ ငါတော့ ကြော့ကွင်းမှာ မိနေပြီ။ ငါ့ကို မင့်နဲ့၊ သင်တို့သာ လွတ်အောင်ပြေးကြ၊ ငါ့ကို ငဲ့နေယင်၊ သင်တို့ပါ ဒုက္ခရောက်ကုန်ကြလိမ့်မယ်။

ကျေးမင်း အသိပေးသည်နှင့် လန့်ဖျပ်၍ ပျံပြေးသော ကျေးသားအချို့ ရှိသကဲ့သို့၊ ကျေးမင်းနှင့်အတူ အသက်စွန့်၍ ကျန်သူက ကျန်ရစ်လျက်ရှိ၏။

အဆွေ ကျေးသားတို့ ဘာ့ကြောင့် ငါ့အနားမှာ နေရစ်ကြသလဲ၊ ပြေးကြပါတော့လား၊ ကိုယ့်အသက်ကို အလကား တန်ဖိုးမရှိ သေချင်ကြသလဲ။

ကျေးမင်းသည် သူ့အနီး၌ အသက်ပေးရန် ကျန်ရစ်နေသော ကျေးသားအချို့တို့အား ငေါက်ငမ်းလိုက် နှင်ထုတ်ပစ်လိုက်လေသည်။

ဘာရမလဲ သာဝရယ်၊ မင်း....ငါ့လက်က လွတ်ရိုးတဲ့လား၊ တဝလဲစားသေး၊ စပါးနှံလဲယူသေး၊ ဒီတခါတော့ မင်းနဲ့ ငါ့လယ်ရှင် တွေ့ကြပြီပေါ့။

လယ်စောင့် မောင်ဖြိုးသည် နှစ်ခြိုက် မြူးတူးစွာ ရယ်ဒမောရင်း တဟားဟား ရယ်မောပစ်လိုက်သည်။

ငါ့ရဲ့ လယ်ရှင် ရွှေရောက်မှ ထုချေလွှာ တင်ပေတော့ဟုတ်လား၊ ချောက်မရ မောင်းမရ လှန့်မရတဲ့ ကျေးမင်းကို တော့ မှတ်လောက် သားလောက်အောင်တော့ ဆုံးမပစ်ရမှာပဲ။

မည်သို့ပင် လယ်စောင့် မောင်ဖိုးက ကြိမ်းကြိမ်း ကျေး မင်းကတော့ စကားတခွန်းမှ မဟ၊ ဘာ့ကြောင့် ညာ့ကြောင့် ဟူ၍လည်း ပြန်လည်မချေပ၊ ခပ်တည်တည်ဖြင့် မတုန်မလှုပ် ကျောက်ရုပ်ပင်။

တော်တော် သတ္တိကောင်းတဲ့ ကျေးမင်းပါလား၊ ငါ-နှင်ပဲ ဆော ပြောဆိုကြိမ်းမောင်း နေတာတောင်မှ ငါ့ကိုအသနား မခံဘူး၊ ငါ့ကို အသနားမခံချင်တဲ့ ကျေးမင်းတော့ ငါ့လယ်ရှင် အကိုမောင်ဆီရောက်မှ သိစေ့မယ်။

လယ်စောင့် မောင်ဖိုးသည် ကျေးမင်းအား တကိုယ်တည်း ကြိမ်းမောင်းရေရွတ်ရင်း သူ့လယ်ရှင်ဆီသို့ မျက်နှာလို မျက် နှာရ ယူဆောင်သွားတော့သည်။

ဆရာ....ဆရာ။

လယ်စောင့်မောင်ဖိုးသည်၊ သူ့ဆရာ လယ်ရှင့်အိမ်မရောက် မီ တခေါ်လောက်အကွာမှနေ၍ အဖန်ဖန် အလီလီ အဆင့်ဆင့် အမောတကော အသံပြုခေါ်လေတော့သည်။

အကိုမောင်

ဘာလဲ-မယ်ဒေါ်ငါး

အကိုမောင့်ကို ခေါ်နေသလားလို့

အေး....ဟုတ်တယ်ဟ

ငါ့ကိုခေါ်တာ ဘယ်သူများလဲလို့ လက်စ သတ်တော့ မောင်ဖိုးကြီးကိုး၊

ထိုအခိုက်တွင် မောင်ဖိုးသည် သူ့လယ်ရှင့်အိမ်ဝသို့ ရောက်လာပြီဖြစ်၏။ လက်ထဲတွင်လည်း လှသော ပသော

ကြည့်မဝအောင် လှပသော ရောင်စုံ အမွေး အတောင်တို့ဖြင့် လွှမ်းထုံထားသည့် ကျေးမင်းလည်းပါ၏။

မောင်ဖြိုးသည် အားရရွှင်လန်း နှစ်သိမ့် ကြည်နူးသော အပြုံးဖြင့်....

ဟော....ဒီမှာ ဆရာ့လယ်ကိုဖျက်ဆီးနေတဲ့ ရန်သူကိုမိလာပါပြီ။ ဆရာကြိုက်သလိုသာ အပြစ်ပေးပါတော့၊ ကျနော်တာဝန်ကတော့ ကျေပါပြီ။

မောင်ဖြိုးလက်ဆင့်ကမ်းပေးသောကျေးမင်းကို အကိုမောင်ကယူ၍ စေ့စေ့စပ်စပ် အသေအချာ ကြည့်၏။ ကြည့်လေ၊ ရှုလေ၊ လှလေလေဖြစ်၏။ ကျေးမင်းကို ကြည့်ရင်း ရှုရင်းဖြင့် အကိုမောင့်၏ နှလုံးသားဝယ် ငြိတွယ်လာသောစိတ်များ ပေါက်ဖွားလာ၏။ သနားလာ၏။ ခင်တွယ်လာ၏။ ရုတ်တရက်စကားမပြောနိုင်။ ကျေးမင်းအပေါ် တိမ်းညွတ်သောစိတ်များပေါက်ဖွား နေသဖြင့် ငေးငိုင်၍သာ ကြည့်နေ၏။ အတန်ကြာမှ....

ဘယ်လိုလဲ ကျေးမင်း.... ကျွန်ုပ်လယ်ထဲက ကောက်နှံတို့ကို ဝမ်းဝရုံမကပဲ ကိုက်ချိုးပြီးတော့လဲ သယ်ယူ သွားသေးတယ်ဆို။ ကျေးမင်းမှာ ကောက်နှံတို့ကို သိုဖို့၊ လှောင်ဖို့ ကျီကျများရှိလို့လား။

ကျေးမင်းသည် လယ်ရှင်မေးသည်ကို ပြုံးကနဲမဖြေ။တွေ၍သာလယ်ရှင်အား စိုက်ငေးကြည့်နေသည်။

ဘယ်လိုလဲ ကျေးမင်း၊ ကျွန်ုပ်မေးတာ မဖြေတော့ဘူးလား။

ဤတွင်မှ ကျေးမင်းက ကြေးမြီဟောင်းကို ပေးဆပ်နေရပါတယ်ဆိုတဲ့ တစ်အချက်နဲ့ ပတ်သက်လို့ ကျွန်ုပ်မှာ အိုမင်းမစွမ်းဖြစ်နေတဲ့၊ မိအို ဖအို နှစ်ပါးရှိပါတယ်။ ဒီမိဖနှစ်ပါးဟာ ကျွန်ုပ်ငယ်စဉ်က သူတို့က ရှာကျွေးခဲ့တယ်။ သူတို့ရှာဖွေကျွေးခဲ့လို့လဲ ကျွန်ုပ်ဟာ အရွယ်ရောက်လာခဲ့တယ်။ ခုတဖန် မိဖနှစ်ပါးဟာ သူတို့လက်၊ သူတို့ခြေတွေ မသယ်နိုင်လောက်အောင် အိုမင်းမစွမ်းရှိလာလေတော့၊ ဒီမိအို ဖအိုကို ပြန်လုပ်ကျွေးဖို့ ကျွန်ုပ်တာဝန်ပဲမဟုတ်လား။ ဒါကြောင့် ကျွန်ုပ်ရဲ့ ဝမ်းဝရုံသာမကပဲ ဘယ်ကိုမှ မသွားလာနိုင်တဲ့ မိဖနှစ်ပါးအတွက်ကိုပါ၊ ကောက်နှံများကို ကိုက်ချီယူဆောင် သွားရခြင်းပါ။ တကယ်တော့ မိအိုဖအိုတို့ကို ပြန်လုပ်ကျွေးရခြင်းဟာ အမိအဖတို့ရဲ့ ကြေးမြီဟောင်းကို ပေးဆပ်ခြင်းပဲ ဖြစ်ပါတယ်။

တစ်အချက်ကိုတော့ ရှင်းပါပြီ၊ နှစ်အချက်ကရော။

ရှင်းပါ့မယ် အရှင်။

ကြေးမြီသစ်ကိုလဲ ပေးချေနေရပါတယ်ဆိုတဲ့ နှစ်အချက်နဲ့ ပတ်သက်လို့ ကျွန်ုပ်ဟာ ခုအခါမှာ အိမ်ထောင် ရက်သားကျပြီး ပုလုကလေးလေး လုမမယ်ကလေးများပင် ရနေပါပြီ၊ ကျွန်ုပ်ကို ကျွန်ုပ်မိဖနှစ်ပါးက ကျွေးမွေး သုတ်သင်ခဲ့သလို၊ ကျွန်ုပ်ကလဲ အရွယ်မရောက်သေးတဲ့ သားငယ် သမီးငယ်များကို ကျွေးမွေးသုတ်သင်ဖို့ တာဝန်ရှိလာပါတယ်။ ဒီလိုကျွေးမွေး သုတ်သင်ရခြင်းဖြင့် နောင်အခါ ကျွန်ုပ်အိုမင်း

မစွမ်းဖြစ်လာတဲ့အခါ သူတို့က တဖန် ပြန်လုပ်ကျွေးနိုင်ဖို့၊ ကြွေးမြီသစ်ကိုလဲ ပေးချေနေရခြင်းပါ။

နှစ်အချက်ကိုလဲ ရှင်းပါပြီ။ သုံးအချက်ကိုသာ ရှင်းပါတော့။

ရွှေအိုးများကိုလဲ အစဉ်လိုက် မြှုပ်နှံနေရပါတယ် ဆိုတဲ့ နောက်ဆုံး သုံးအချက်နဲ့ပတ်သက်လို့ ကျွန်ုပ်နေတဲ့အရပ်မှာ ကျွန်ုပ်နဲ့ကျွန်ုပ်မိဖနှစ်ပါးသာမကပါ။ ကျွန်ုပ်မိဖများလို အခြား အခြားသော အိုမင်းမစွမ်းရှိတဲ့ ကျေးအိုများလဲ ရှိကြပါသေးတယ်။ အရွယ်ဟိုင်းပြီး၊ ဇရာပိုင်းရောက်နေတဲ့၊ ဒီကျေးအိုးများကိုလဲ ကျွန်ုပ်ကိုက်ချီယူသွားတဲ့ ကောက်နှံထဲမှာ အချို့အဝက်ကို ကျွေးရမွေးရသေးပါတယ်။ ဘယ်သူသေသေ ငတေမာ ပီးရောဆိုတဲ့သဘောနဲ့ ကျွန်ုပ်မိဖနှစ်ပါးကိုသာ ကျွေးမွေးမယ်ဆိုရင် ဖြစ်တာပေါ့၊ ဒါပေမယ့် ဒီလိုစိတ်ထားမျိုးရှိတာဟာ မကောင်းပါ၊ ယုတ်ညံ့တဲ့စိတ်ထားမျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်မိဖများလို အိုမင်းမစွမ်းရှိတဲ့ ကျေးအိုတို့ကိုပါ ကျွေးရတဲ့အတွက် ရွှေအိုးများကိုလဲ အစဉ်မြှုပ်နှံနေရခြင်းပါလို့ ဆိုလိုပါတယ်။

ကျေးမင်းသည် သူတင်ပြသော အချက်သုံးချက်ကို ပိုင်ပိုင်နိုင်နိုင် အချက်ကျကျ ဖြေရှင်းပြီးနောက် လယ်ရှင်အား မျက်တောင်မခတ် စိုက်ငေးလျက် ကြည့်နေ၏။

ကျေးမင်းအပေါ် မူလပကတူးတည်းက မြင်မြင်ချင်းသနားခဲ့ ကြင်နာခဲ့ ချစ်စိတ်ဝင်ခဲ့သော လယ်ရှင် အကိုမောင်မှာ အတိုင်းထက်အလွန် နှစ်သက်ကာ အလိုရှိသရွေ့ စားသုံးနိုင်ရန်

နှင့် ကြေးမြီဟောင်းကိုလည်း ဆပ်ရအောင် ကြေးမြီသစ်ကိုလဲ ချေပေးရအောင် အစဉ်လိုက်သော ရွှေအိုးများကိုလည်း မြှုပ်ရအောင် ရှစ်ပယ်မျှသောလယ်ကို ကျေးမင်းအား ပေးလှူတော့သည်။

## နိုင်ပြည်သူ

ငါတကောင်ထဲနေလို့တော့ မတော်ပေဘူး၊ အန္တရာယ်ဆိုတာ မြင်နိုင်စွမ်းတာ မဟုတ်ဘူး၊ ဘေးဖြစ်လာမှ မျက်ကလောဆံပျာနဲ့ ဟိုသတ္တဝါဆီ ခယနိုး၊ ဒီသတ္တဝါဆီ အောက်ကျခံ တောင်းပန်ရနိုး မဖြစ်ရအောင် မိတ်ဆွေစစ်တော့ ရှာထားမှ၊ ဒါမှ အရေးကြုံရင် သက်လုံကောင်းနိုင်မယ်။ ခုကထဲက ဒီမိတ်ဆွေကောင်း မိတ်ဆွေမှန်ကို ရှာထားပြီး ညီညွတ် စည်းလုံးနေရင် ငါ့အတွက် ဘေးနဲ့ကြုံလာတဲ့အခါ အကူအညီ ရနိုင်မယ် စိတ်မပူရတော့ဘူး၊ အန္တရာယ်ကို အလွယ်တကူ ချေမှုန်းဖျက်ဆီးနိုင်မယ်။

## သုံးဦးသစ္စာ

ပန်းနုဆီသွေးရောင်ပေါ်တွင် အဖြူအစက် အပြောက်တို့ဖြင့် ထုံမွမ်းထားသည့် ကိုယ်နှင့် အကွေ့ အကောက်အခက်တို့ဖြင့် လှပစွာဆင်ယင်ထားသည့် ဦးချိုနှစ်ခု၏ ပိုင်ရှင် သမင်တကောင်သည် ခြုံတခု၌ အစာစားရင်းအဝေးသို့ စိုက်ငေးလျက် တွေးနေ၏။

ထိုအခိုက် ချုံပုတ်အနီးရှိ ရေအိုင်မှ လိပ်တကောင်သည် ယက်ကန်ယက်ကန်ဖြင့် ဦးခေါင်းမော့ကာ လှပချစ်စဖွယ်သော သမင်အနီးသို့ ရောက်ရှိလာ၏။ လိပ်ကဲ့သို့ပင် ခေါက်ရှာ ငှက်ငယ်လည်း

ဧရာဒိုင်အနီးရှိ သစ်ပင်ထက်မှ ဝဲပျံ၍ သမင်အနီးသို့ တိုးကပ်လာ၏။

ပြိုင်တူဆိုသလိုပင် လိပ်နှင့် ခေါက်ရှာငှက်တို့က....။

အဆွေသမင် ဘာတွေများ စဉ်းစားနေသလဲ ကျွန်ုပ်တို့မသိရဘူးလား။ သိခွင့်ရှိလို့ သိရမယ်ဆိုရင်တော့ အလွန် ဝမ်းသာရမှာပါပဲ။ ကူညီနိုင်တဲ့ အခွင့်အရေးရှိရင်လဲ ကူညီရအောင်လို့ပါ။

အဆွေလိပ်နဲ့ ခေါက်ရှာငှက်ငယ်တို့ အသင်တို့ဆီက ဒီစကားကြားရတော့ အကျွန်ုပ် သိပ်ဝမ်းသာတာပဲ၊ အကျွန်ုပ် အစာစားရင်းနဲ့ ငေးပြီးတွေးနေတာကတော့ အခြားမဟုတ်ပါဘူး၊ အန္တရာယ်ဆိုတာ ကြိုတင်သိထားနိုင်တာ မဟုတ်ဘူး၊ ဒီတော့အန္တရာယ်မတွေ့ခင်က ကြိုတင် ကာကွယ်ထားရရင် ကောင်းမလားလို့ပါ။ ကြိုတင် ကာကွယ်ဖို့ ဆိုတာကလဲ အကျွန်ုပ်တကောင်ထဲနဲ့ မစွမ်းနိုင်ဘူး၊ မိတ်ဆွေ အပေါင်းအသင်းဆိုတာရှိရပါ့မယ်၊ မိတ်ဆွေ အပေါင်းအသင်းဆိုတဲ့ နေရာမှာလဲ မိမိကိုယ်နဲ့ ထပ်တူ အသက်နှင်းပြီး တဦးအပေါ် တဦး သစ္စာရှိဖို့ ကတိတည်ဖို့ လိုပါတယ်။ အဲဒီလို တဦးအပေါ် တဦးအသက်ပေးပြီး စည်းစည်းလုံးလုံးနဲ့ မိတ်ဆွေအဖြစ် နေသွားကြမယ်ဆိုရင် ဘယ်လို အန္တရာယ်မျိုးလာလာ ကြောက်ဖို့ မလိုဘူးလို့ထင်တယ်၊ အဲဒါကြောင့် သူ့အမှား ကိုယ့်အမှားကိုသည်းညည်းခံ ခွင့်လွှတ်ပြီး သစ္စာရှိ မိတ်ဆွေရှာဖို့ စဉ်းစားနေတာပါ။

ကောင်းတယ် အဆွေသမင်၊ အဆွေ့ရဲ့ စဉ်းစား တွေးတောချက်ဟာ သိပ်ကို ကောင်းတာပဲ၊ တို့တတွေဟာ တဦးချင်း



ကြည့်မယ်ဆိုရင် အားငယ်တဲ့ သတ္တဝါတွေဆိုတာ မှန်တယ်။ ဒါပေမင့် အားငယ်တဲ့ သတ္တဝါတွေအချင်းချင်း စည်းလုံးမယ် ညီညွတ်မယ် ဉာဏ်ရည်ဉာဏ်သွေး ရှိမယ်ဆိုရင် ဘယ်ရန်သူမျိုး လာလာ ကြောက်ဖို့မလိုပါဘူး။

ဒီနေရာမှာ တခုတော့သတိပြုဖို့လိုတယ်။ အဲဒါက ဘာလဲ ဆိုတော့ ခုနင်က သမင်ပြောပြသလို တဦးဒုက္ခရောက်ရင် တဦးက လိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့ အသက်ပေးပြီး ကယ်ဖို့ပဲ၊ အထူးသတိပြုရမဲ့ နောက်တခုကတော့ တို့အချင်းချင်း သစ္စာရှိ မိတ်ဆွေအဖြစ်နဲ့ ပေါင်းသင်းနေထိုင်ကြတဲ့ အခါမှာ အများဟာ ယာယီ၊ အမှန်ဟာ ထာဝရ၊ အဆိုးဟာ တခဏ၊ အကောင်းဟာ တသသဖြစ်အောင် နေထိုင်သွားဖို့တော့ လိုလိမ့်မယ်။

လိပ်သည် သမင်၏အကြံအစည်ကို ထောက်ခံ ပြောကြားရင်း မောပန်းဟန်ဖြင့် ခေတ္တရပ်နားပစ်လိုက်၏။ ဤအခိုက်တွင် ခေါက်ရှာငှက်က–

အဆွေတို့ နှစ်ဦး ပြောကြားနေကြတဲ့ စကားများကို ကြားလဲ ကြားရပါပြီ၊ သိလဲသိရပါပြီ၊ အကျွန်ုပ် အနေနဲ့ သိပ်ကိုကြိုက်တာပဲ၊ ဒီတော့ ဒီနေ့ ဒီရက် ဒီအချိန် ဒီနေရာမှာ အကျွန်ုပ်တို့သုံးဦး တစိတ်ထဲ တဝမ်းထဲ တသွေးထဲ တသားထဲ ဖြစ်သွားကြပြီ ဆိုတာကို အဆွေသမင်နဲ့ လိပ်တို့က အသိအမှတ် ပြုစေချင်ပါတယ်။

ခေါက်ရှာငှက်ငယ်၏ အကြံပြုချက်ကို သမင်နှင့် လိပ်တို့က သဘောညီကာ ထိုနေ့ ထိုရက် ထိုအချိန်မှာပြီ သမင်,လိပ်နှင့်

ခေါက်ရှာငှက်တို့သည် မကဲ့နိုင် မကျိုးနိုင် မပွဲနိုင်သော သစ္စာရှိ မိတ်ဆွေသုံးဦးအဖြစ်သို့ ကဗျည်းထိုးလိုက်တော့သည်။

ဘယ်လိုလဲမောင် ဘာသားမှ မရတော့ဘူးလား၊ တနေ့လဲ ရနိုး၊ တနေ့လဲရနိုးနဲ့ စောင့်ခဲ့ရတာ ဒီနေ့ပါဆိုရင် တပတ် ပြည့်တော့မယ်။ ငါ့ကွာ လက်မတင်ကလေး လွတ်သွားလို့ ဒီနေ့က ကံကိုခေပါတယ်၊ ဘာသားကောင်မှ မတွေ့ဘူးနဲ့ ဆင် ခြေ ပေးပေါင်းလဲ များပီ ဒီနေ့တော့ ဘာဆင်ခြေ ဆင်လက် တွေမှ လက်မခံနိုင်ဘူး၊ သားကောင် တကောင်ကောင်တော့ ရအောင် လုပ်ခဲ့ရမယ်။

မယ်လှသည် သူ့လင်တော်မောင် မုဆိုးစိန်အား နှုတ်ခမ်း တလန် ပန်းတလန်ဖြင့် ရန်တွေ့နေ၏။

ဒီမယ် မယ်လှ၊ မင်းငါ့ကို ရန်ထောင်နေတို့ မလိုဘူး။ ငါလဲ မရ ရအောင် လိုက်တာပဲ မရချင်လို့ မရတာတော့ ဘာမှမတတ်နိုင်ဘူး။

ဘယ်လို....ဘယ်လို....မရချင်လို့မရတာ ဟုတ်လား။ ဟင်း.... ဒီနေ့တော့ မရကြည့်စမ်း မယ်လှအကြောင်း သိသွားမယ် ကိုစိန်။

မယား ဆူပူမှုကြောင့် မုဆိုးကိုစိန်ခမျာ မနေသာတော့ပဲ ညီအစ်ကို မသိတသိ အချိန်တွင် တောသို့ထွက်လာခဲ့၏၊ ထို့နောက် သားကောင် တကောင်ကောင် မိရေးအတွက် ကြော့ကွင်းထောင်ကာ အိမ်သို့ပြန်သွားတော့သည်။

မုဆိုးကိုစိန် ကံကောင်းချင်၍လား သမင်ပဲ ကံဆိုးချင်၍ လားမသိ၊ ကြော့ကွင်းထောင်ပြီးသည့် တခန ကြော့ကွင်းက

မတိုး သမင်ကတိုးကာ ကြော့ကွင်း၏ သားကောင်အဖြစ် သမင်ကို မိလေတော့သည်။

ငါတော့ ကြော့ကွင်းမှာ မိနေပြီ။ မနက်ဆိုရင် မုဆိုးရဲ့ အသတ်ခံရတော့မယ်၊ ဒါပေမင့် ကိစ္စမရှိ၊ ငါ့မှာ အသက်ပေး သစ္စာနှောထားတဲ့ မိတ်ဆွေတွေလဲ ရှိသေးတယ်။ ပြီးတော့ တညလုံးလဲ ကြံနိုင် ဖန်နိုင်သေးတာပဲ။

သမင်သည် ဤသို့တွေးကာ သူ့မိတ်ဆွေ လိပ်နှင့် ခေါက်ရှာငှက်တို့ထံမှ အကူအညီ ရရေးအတွက် သူ့ဒုက္ခ ရောက်နေကြောင်း သိသာစေရန် အော်ဟစ်တော့သည်။ သမင်၏ အော်မြည်သံကို ကြားသော လိပ်နှင့် ခေါက်ရှာငှက်တို့မှာ အပြေးအလွှားပင် သမင်ရှိရာသို့ ရောက်ရှိလာကြတော့သည်။

အဆွေသမင်၊ ဘယ်လိုဖြစ်တာလဲ....

မြင်တဲ့အတိုင်းပဲ ငါတော့ ကြော့ကွင်းမှာမိနေပြီ။

မပူနဲ့အဆွေ အဆွေ့ရဲ့ ဒုက္ခကို အသက်ပေးကယ်ဖို့ တို့တတွေ သစ္စာပြုခဲ့ကြတယ် မဟုတ်လား။

ခေါက်ရှာငှက်သည် ပြောပြောဆိုဆိုပင် လိပ်အား အကြံပေးတော့သည်။

အဆွေလိပ် သင့်မှာ သွားရှိလေတော့ ကြော့ကွင်းကို ကိုက်ဖြတ်ပါ။ ငါကတော့ မုဆိုးမလာနိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားမယ်။

လိပ်သည် ခေါက်ရှာငှက် အကြံပြုသည့်အတိုင်း ကြော့ကွင်းကို ကိုက်ဖြတ်လျက်နေ၏။

မဟူရာည ကုန်ဆုံး၍ ရွှေရောင်စို့သော နံနက်သစ်တွင် မုဆိုး ကိုစိန်သည် လုံကို ကိုင်စွဲကာ ရွာ၏ အရှေ့ဖက် တံခါးမှ ထွက် လာသည်။

အင်း....မုဆိုးတော့လာပြီ။ သမင်ရှိရာ မရောက်အောင်တော့ ငါကြံအုံးမှ....

ခေါက်ရှာငှက်ငယ်သည် ဤသို့တွေးကာ မုဆိုး၏ မျက်နှာကို သူ၏ အတောင်တို့ဖြင့် ရိုက်ခတ်တော့သည်။

ဒီနေ့ ဘယ်လိုဖြစ်တာလဲ၊ အရှေ့တံခါးက ထွက်လို့များလား၊ အတောင်နဲ့ အရိုက် ခံရတယ်ဆိုတော့ နိမိတ်မကောင်းဘူး၊ အိမ်ပြန်ပြီး နေမြင့်မှပဲ သွားတော့မယ်။

မုဆိုးသည် သူ့ကိုယ်သူ တကိုယ်တည်း ရေရွတ်ကာ အိမ်ပြန် ၍ တရေးတမော အိပ်လေသည်။ မုဆိုး အိပ်ရာမှ နိုးလာသော အခါ နေမှာ အတော်ပင် မြင့်နေပြီ ဖြစ်၏။ မနက်က အရှေ့ တံခါးမှ ထွက်ခဲ့သဖြင့် နိမိတ်မကောင်းဘူးဟု ယူဆသော မုဆိုးသည် ခုအခါ အနောက် တံခါးမှ ထွက်လာခဲ့လေသည်။

မုဆိုး အနောက် တံခါးမှ ထွက်သည်နှင့် ခေါက်ရှာငှက် ကလည်း အရှေ့ တံခါးက ထွက်သည့်နည်းတူ သူ၏ အတောင် တို့ဖြင့် ရိုက်ခတ်ပြန်၏။

ဒီနေ့တော့ ဂြိုဟ်ဆိုးဝင်တဲ့ နေ့နဲ့ တူတယ်၊ မဖြစ်ပါဘူး၊ အိမ်ပြန်တာပဲ ကောင်းပါတယ်။

မုဆိုးသည် သူ့ကိုယ်သူ တကိုယ်တည်း ရေရွတ်ကာ အိမ်သို့ တပတ်ကြော့ ပြန်သွားပြန်သည်။

ဘယ်လိုလဲ ကိုစိန်၊ ထွက်သွားလိုက် ပြန်လာလိုက်နဲ့ ဘာဖြစ် နေတာလဲ၊ မယားတယောက်ယူထားပြီး လုပ်မကျွေးချင်တော့

ဘူးလား၊ လုပ်မကျွေးချင်လဲ ရတယ်။ မယ်လှမှာလဲ လက်နဲ့ ခြေနဲ့ပဲ ကိုယ့်ဟာကိုယ် လုပ်စားနိုင်တယ်။

မယ်လှသည် တဗျစ်တောက်တောက် ပြောကာ သူ့လင်တော်မောင် ကိုစိန်အား ရန်တွေ့တော့သည်။ မယား၏ တဗျစ်ဗျစ် မြည်အောင် ရန်တွေ့သံကို နားညည်း လာပြီ ဖြစ်သော ကိုစိန်သည် လုံတံကို ဆွဲကိုင်၍ ရွာ၏ အလယ်ပေါက်မှပေါက်၍ ထွက်လာလေသည်။

မုဆိုး ထွက်လာနေပြီဖြစ်ကြောင်း သမင်နှင့်လိပ်အား အသိပေးရန် ခေါက်ရှာငှက်သည် အလျင်အမြန် ပြန်လာခဲ့သည်။

ကျော့ကွင်းပြတ်သွားပြီလား အဆွေလိပ်။

ပြတ်ကာနီးပါ တမျှင်ပဲ ကျန်တော့တယ်။

ထိုအခိုက်တွင် မုဆိုးသည် သမင်အနီးသို့ ရောက်လုရောက်ခင် ဖြစ်နေ၏။ မုဆိုးလည်း သူထောင်ထားသော ကျော့ကွင်းတွင် သမင်မိနေသည်ကို တွေ့မြင်သည်နှင့် ဝမ်းသာအားရရွာ ပြေး အလာ သမင်မှာ အတင်းရုန်းကန်၍ တောသို့ ပြေးဝင် တော့သည်။

တောက်...

မုဆိုးသည် တောက်တချက် ခေါက်ကာ သမင်နောက်သို့ အပြေးလိုက်၏။ သို့ရာတွင် မမိတော့ချေ။ နောက်ဆုံး မရ၊ ရသကချိုင်မှပဲဆိုကာ ကျော့ကွင်းအနီးတွင် အားကုန်၍ မပြေး နိုင်ရှာသော လိပ်ကိုပင် ယူ၍ အိတ်တွင် ထည့်လျက် သစ်ငုတ် ဘခု၌ ချိတ်ဆွဲထားလေသည်။

အဝေးသို့ ရောက်သွားပြီဖြစ်သော သမင်သည် သူ့မိတ်ဆွေ လိပ်ကို မတွေ့သည်နှင့် ပြန်လည်၍ ကြည့်ရာ မုဆိုး၏ကျောပိုး

အိတ်ထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေသည်ကို တွေ့ရသဖြင့် ကယ်အံ့ဟု အကြံပြု၏။ ဆိုသို့ အကြံပြုပြီးသည်နှင့် အားနည်း ဟန်ပြုလျက် မုဆိုး၏ ရှေ့မှ ဖြတ်ပြေးလေ၏။

ငါ့ကျော့ကွင်းက လွတ်သွားတဲ့ သမင်တော့ 'ဒီတခါ အသေပဲ၊ ဘယ်တုန်းကမျှား ငစိန်လက်က လွတ်ဘူးလို့လဲ။

မုဆိုး မောင်စိန်သည် လှံတံကိုကိုင်စွဲလျက် သမင်နောက်သို့ လိုက်၏။ သမင်က ရှေ့မှ ပြေး၏။ မုဆိုးက နောက်မှလိုက်၏။

အပြေးနှင့် အလိုက်၊ အလိုက်နှင့် အပြေး၊ မုဆိုးနှင့် သမင်၊ သမင်နှင့် မုဆိုး၊ တပွဲတလမ်း စမ်းနေကြသည်။ သမင်သည် မုဆိုးနှင့် နီးတုံ၊ ဝေးတုံ ပြု၏။ ခွာတုံ၊ ကပ်တုံ ပြု၏။ ထိုမှ တဖြည်းဖြည်းချင်း သွေးဆောင်လျက် တောနက်ရာသို့ မုဆိုး အား ခေါ်သွားတော့သည်။

တောကျွမ်းပါသည် ဆိုသော မုဆိုးသည် သမင်၏လှည့်ဖြား မှုကြောင့် တောနက်ထဲတွင် မျက်စိလည် လမ်းမှားနေသည်။ တောမုဆိုး မျက်စိလည် လမ်းမှားနေသည်ကို အခွင့်ကောင်း ယူ၍ အခြား လမ်းတခုဖြင့် သမင်သည် လိပ်ရှိရာသို့ ပြေးလာ ခဲ့သည်။

အဆွေလိပ် ဘာမှမကြောက်နဲ့၊ မုဆိုးတော့ တောနက်ထဲမှာ မျက်စိလည် လမ်းမှားနေခဲ့ပြီ၊ သူမျက်စိလည် လမ်းမှားနေခိုက် မှာ အဆွေ အသက် ကျွန်ုပ်ကယ်မည်။

သမင်သည် 'ပြောပြောဆိုဆို ချိတ်၍ ချိတ်ဆွဲထားသော အိတ်ကို ဦးချိုဖြင့် ချီကာ လိပ်ကို ထုတ်ယူလေသည်။ ထိုအခိုက် မှာပင် ခေါက်ရှာငှက်သည် ပင်ထက်မှ ဆင်းသက်လာကာ...

အဆွေတို့ ဒီလိုနေလို့ မဖြစ်ဘူး၊ တော်တော်ကြာ မုဆိုး ပြန်ရောက်လာရင် တို့တတွေ အကုန်လုံး သူ့အစာ ဖြစ်ကုန်လိမ့်မယ်၊ ဒီတော့ အဆွေ သမင်ကလဲ လွတ်ရာ တောထဲပြေး၊ အဆွေလိပ်ကလဲ ရေထဲဆင်း၊ အကျွန်ုပ်ကလဲ သားငယ် သမီးငယ်များကို ချီမပီး၊ အခြားကို ခန သွားရှောင်နေမယ်။ မုဆိုးရန်ကင်းမှ တို့သုံးဦး ပြန်တွေ့ကြတာပေါ့–

ခေါက်ရှာငှက်၏ အကြံပေးချက်ကို သမင်ရော လိပ်ပါ သဘောတူကြကာ ဘေးကင်းရာသို့ ထွက်သွားကြလေသည်၊

နိုင်ပြည်သူ

## ''မေတ္တာအသချို''

နေဝန်းသည် ဟိမဝန္တာတောင်တန်းပေါ်သို့ ကျော်တက်လာလေပြီ။ စိမ်းညို့သော တောအုပ်ကြီးသည် နေရောင်ခြည်အောက်ဝယ် တလက်လက် တောက်ပ၍လာလေသည်။ လေသည် လတ်ဆတ်၍ အေးစိမ့်လှသည်။ တောတောင်နှင့် နှင်းဖွဲ့ထားသော တောင်ထွတ်များကို ဖြတ်ကျော်လာသဖြင့် တိုက်လိုက်တိုင်း စိမ့်၍စိမ့်၍ အေးလာသည်။

တောင်ခြေရင်းတွင် ဂင်္ဂါမြစ်ကမ်းပါးသည် အေးချမ်း ငြိမ်သက်လှသည်။ တခါတရံ ငွေလှိုင်းခေါင်းဖြူလုံးကလေးများ ခသာလိုက်သည်မှအပ ဖြည်းညှင်းစွာပင် စီးဆင်းနေကြသည်။

သရက်ပင်ပျိုကြီးတပင်သည် အခြားသော တောသစ်ပင်များအလယ် ဣန္ဒြေရှင်ကြီးလို မားမားရပ်၍ နေလေသည်။ မြရည်ဆမ်းထားသော သရက်ရွက်များသည် မိုးဦးလေတွင် ယိမ်းနွဲ့နေကြသည်။ စိမ်းဖပ်ဖပ်ရွက်နုကလေးများသည် သရက်ပင်ပျိုကြီးအား ပို၍လှပစေသည်။ ရွက်နုပေါ်ရှိ ဖြူလွလွ မိုးရေပေါက်များသည် နေရောင်ခြည်နှင့် ထိတွေ့လိုက်သောအခါ ရွှေမှုန့်လို တလက်လက် တောက်ပလာသည်။ အရွက်များအကြားဝယ်၊ ရွှေရောင် ပက်ဖျန်းထားသော သရက်သီးများ အစုလိုက် အပုံလိုက် အလှချင်းပြိုင်နေကြသည်။ အေးချိုသော ရနံ့သည် သရက်ပင်ပျိုပတ်ပန်းကျင်တွင် သင်းပျံ့လျက်ရှိသည်။ ရနံ့သင်းသည်နှင့်အမျှ ထူးကဲသော အရသာရှိသည်။

စီစီညံလျက် သရက်ပင်ပျိုပေါ်မှ တီးတိုးသံများကို ကြားနေရသည်။ စားပြီးသား သရက်စေ့များသည် အပင်ခြေရင်းတွင် စုပုံလျက်ရှိသည်။ တကောင်ပြီး တကောင် အကောင်ပေါင်းများစွာ အပင်ပေါ်မှ အမွေး စုတ်ဖွားဖွားနှင့် မျောက်အို၊ မျောက်ပျို၊ မျောက်ငယ်များ ဆင်းသက်လာကြသည်။ အချို့ကား လက်ချောင်းကို စုတ်လျက်ရှိသည်။ အချို့မှာ လျှာဖြင့် နှုတ်ခမ်းကို ရစ်သိမ်းကာနေ၏။ မျက်စိများက မငြိမ်သက်လှပေ။ လှုပ်ရှားနေသည်။ အန္တရာယ်ကို ရှုံကြောက်နေဟန်ရှိသည်။

မြစ်ကမ်းပါးရှိ ကျောက်တုံး၊ ကျောက်ခဲများကို ကျော်ဖြတ်၍ စီးလာသော ရေသံသည် စိုးရိမ်နေဟန်တူသော မျောက်များအဖို့ နှစ်သိမ့်စေသည်။ ကြည်နူး ရွှင်လန်းစေသည်။ ထိုအခိုက် တုတ်ခိုင်ကြီးမား၍ များစွာသော မျောက်တို့ကို အုပ်ချုပ်လျက်ရှိသည့် မျောက်ကြီးတကောင်သည် တည်ငြိမ်စွာ



သရက်ပင်ပျိုပေါ်မှ တဖြည်းဖြည်းချင်း ဆင်းလာသည်။ မျောက်မင်းဆင်းလာသည်နှင့် များပြားစွာသော မျောက်တို့သည် ဝိုင်းဖွဲ့ကာ မျောက်ကြီးအနီးသို့ ရောက်ရှိလာကြသည်။ ဝိုင်းဖွဲ့၍ ရောက်ရှိလာကြမည် ဆိုကလည်း လာကြမည်ဖြစ်ပေသည်။ မျောက်မင်း၏ ဖြူဖွေးသန့်စင်သော မေတ္တာတရားနှင့် အတူသစ္စာရှိခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ ညာတာခြင်း၊ ကိုယ်ကျိုးမရှာခြင်းတို့သည် များပြားလှစွာသော မျောက်များအပေါ် တကယ့်စေတနာနှင့် ထားရှိခြင်းပင် ဖြစ်လေသည်။

ထွန်းပသော နေရောင်ခြည်အောက်ဝယ် မျောက်အုပ်ကြီး၏ အမွေးများသည် တောက်ပြောင်လျက်ရှိသည်။ ဖြည်းဖြည်းခြင်း လှုပ်ရှားနေသော လေထဲဝယ် အမွေးများသည် လှပစွာ လူးလွန့်နေကြသည်။ နူးညံ့စွာ တိုက်ခိုက်နေသော လေအေးကို တဝရှူလိုက်ကာ တုတ်ခိုင်ကြီးမားသော မျောက်မင်းသည် အနီးရှိ ကျောက်တုံးတခုပေါ်တွင် သွားရောက်၍ ထိုင်လိုက်သည်။ မျောက်မင်းသည် တစုံတခု၏ အညွှိခံရသလို မိန်းမော၍ ငြိမ်သက်နေပေသည်။

ပြီးမှမျောက်မင်းသည် "အချင်းတို့ အနံ့အရသာထူးကဲလှတဲ့ ဤသရက်ပင်ပျိုမှ သရက်သီးများကို သတိကြီးစွာထား၍ သုံးစားကြပါ။ အနံ့အရသာ ထူးကဲမှုကြောင့် တနေ့တွင် ကြီးစွာသော ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရမယ်လို့ ငါထင်တယ်။ မြစ်ဖက်သို့ ထိုးထွက်နေတဲ့ သရက်ကိုင်းတကိုင်းမှ အပွင့်တို့ကိုဖျက်ဆီးပစ်ကြပါ။ အသီးတို့ကိုလဲ ကုန်စင်အောင်ပင် စားပစ်ကြပါ။

"အခုလို ကြိုတင်ပြီး သတိပေးနေတာကတော့ ရှေ့လာမည့် အန္တရာယ်ကို မြင်လို့ပဲ ဖြစ်တယ်။ မြစ်ဖက်သို့ ထိုးထွက်နေတဲ့

သရက်ကိုင်း တကိုင်းမှ အသီးနဲ့ အပွင့်ဟာ တို့ကို ဘယ်အထိ အန္တရာယ် ပေးနိုင်တယ်ဆိုတာ အချင်းတို့တတွေ နားလည်မှု ရှိအောင် ငါပြောပြမယ်။ ဆိတ်ငြိမ်စွာ နားထောင်ကြပါ။ တို့များရဲ့ ပေါ့ဆမှုကြောင့် အခုစားသောက်နေတဲ့ သရက်သီးပဲ ဖြစ်ဖြစ်၊ သရက်စေ့ပဲဖြစ်ဖြစ် ဤဂင်္ဂါမြစ်ညာမှ မျောပါပြီး လူတို့နေထိုင်ရာ မြစ်ကြေသို့ ရောက်ရှိ သိနားလည် သွားမယ် ဆိုရင် တို့ရဲ့ဘဝဟာ မတွေးဝံ့အောင်ပဲ ရှိတယ်။ အဲဒီတော့ စားသောက် နေထိုင်မှုမှာ ဝိရိယရှိကြဖို့၊ သတိရှိကြဖို့ ငါသတိ ပေးနေရခြင်းပဲ ဖြစ်တယ်”

မျောက်မင်းသည် ဤသို့ သတိပေး ပြောဆိုပြီးနောက် ငြိမ်သက်မြဲ ငြိမ်သက်လျက် ရှိ၏။ နက်နက်နဲနဲ တွေးတောနေဟန် ရှိသည်။

လေထဲတွင် တောရနံ့သည် သင်း၍လာသည်။ မျောက်မင်း ၏ ကြင်နာသံများကလည်း လှိုင်းအိ၍ လာသလို များစွာသော မျောက်များထံ လှိမ့်၍လှိမ့်၍ လာနေသည်။

မျောက်မင်း၏ ကြင်နာယုယမှု ရောင်ခြည်ကို ခံယူလိုဟန် မရှိသော မျောက်ပျိုတကောင်သည် မျောက်ကြီး ပြောဆိုချက် များ မှားယွင်းကြောင်း၊ နာယူဖွယ် မရှိကြောင်းများကို အသံ ဟင်၍ ချေပလိုက်လေသည်။ မျောက်ပျိုတွင် အန်တုလိုသော အသွင်ရှိသည်။

တနေ့ပြီး နောက်တနေ့၊ နောက်တနေ့မှ ဟို နောက်တနေ့သို့ ကူးပြောင်း လာခဲ့သည်။ ညနေခင်း၏ မြင်ကွင်းသည် မသာ ယာလှ မှုန်ရီရီ ဖြစ်နေသည်။ တောင်တန်းကြီးကလည်း အုံ့မှိုင်း လျက် ရှိပြီး တောရိပ်များမှာမူ ညိုမဲလျက် ရှိ၏။

ရွှန်းရွှန်းအိနေသော သရက်သီးတလုံးသည် မြစ်ဖက်သို့ ထိုးထွက်နေသော အကိုင်းစို တကိုင်းတွင် စိမ်းစိမ်းစိုနေသော သစ်ရွက်များအောက်တွင် ပုန်းကွယ်လျက် ရှိလေသည်။

ရွှေရောင်လွှမ်းသော ရသာထူးသည့် ထိုရွက်ပုန်းသီးတလုံးသည် သရက်ပင်ပျိုမှ ဂင်္ဂါမြစ်ပြင်သို့ ကြွေကျသွားလေပြီ။ သရက်သီးနှင့် ဂင်္ဂါမြစ်တို့ ထိခိုက်ရာတွင် ရေဂယက်များ ဖြစ်သွားလေသည်။ မျောက်မင်းနှင့် များစွာသော မျောက်အပေါင်းတို့ လုံးဝ မသိလိုက်ကြပေ။

ဂင်္ဂါမြစ်ရေစီးသံသည် အဝေးမှပင် တဟဲဟဲ ကြားနေရသည်။ အိမ်သူ့သက်ထားသည် လင်တော်မောင် တောမုဆိုး ပြန်လာချိန်ကို စောင့်မျှော်နေမိသည်။ ညနေ၏ နေခြည်တွင် တောမုဆိုးသည် ညာဖက်လက်က အသေသားတကောင်ကိုဆွဲ၍ ဘယ်ဖက်လက်ကမူ ဝင်းဝင်းအိနေသော သရက်သီး တလုံးကို ဆုပ်ကိုင်ကာ လေးနှင့် မြားဗူးတောင်းကို နောက်ကျောထက်တွင် ပိုး၍ ပြန်လာလေသည်။ တောမုဆိုး၏ မျက်နှာမှာ ခါတိုင်းနှင့်မတူ ရွှင်လျက်၊ ပြုံးလျက် ရှိသည်။

"တို့တော့ ကံပေါ်လေသလား မသိ။ ဗာရာဏသီမင်းထံ ဆက်သဖို့ ဝင်းမှည့်နေတဲ့ သရက်သီးတလုံးကို မြစ်ထဲက ဆယ်ယူရရှိလာတယ်။ မြစ်ညာက မျောလာဟန်နှင့် တူတယ်။ ဝမ်းသာစရာပကွယ်"

"ဇာတာစန်းလက် တက်လာနေပြီကိုး မောင်ရဲ့။ ဒီလိုဆိုဘုရင့်ရွှေတော်မှောက် အမြန် အခစားဝင်ပြီး ဆက်သရင် မကောင်းပေဘူးလား"

တောမုဆိုးသည် အိမ်သူ သက်ထား၏ အကြံပေးချက်ကို နှစ်သိမ့်စွာ လက်ခံလိုက်ပြီး မကြာမီပင် ဘုရင့် ရွှေတော်မှောက်သို့ တောမုဆိုး အခစား ဝင်ရောက်ခဲ့လေသည်။

"ဘယ်လို ကိစ္စများရှိလို့ သံတော်ဦး တင်ချင်ပါသလဲ အသင် တောမုဆိုး"

"မှန်လှပါ၊ ဘုရင့် ရွှေဘုန်းတော်ရှိန်ကြောင့် ဘုရားကျွန်တော်မျိုး တောမုဆိုး တောလိုက်ရာမှအပြန် မကြုံစဖူး ထူးကဲလှသည့် ဤသရက်သီးကို ဂင်္ဂါမြစ်မှ ဆယ်ယူ ရရှိပါသဖြင့် လာရောက် ဆက်သင့်ကြောင်းပါ"

ထို့နောက် ဘုရင်နှင့် တောမုဆိုးသည် သရက်သီး၏ အရသာ ထူးကဲပုံကို သိရှိ ခံစားကြပြီး သရက်ပင်၏ နေရာကို ဖွေရှာလေတော့သည်။

တောမုဆိုး၏ ထောက်လှမ်းညွှန်ပြမှုဖြင့် ဗာရာဏသီမင်းသည် ဗိုလ်ပါ အလုံးအရင်းနှင့် သရက်ပင်သို့ ချဉ်းကပ် မိကြလေ၏။ မျောက်မင်းနှင့်တကွ များပြားလှစွာသော မျောက်တို့သည် အထိတ်တလန့် ပြေးလွှားပုန်းအောင်း ကြရတော့သည်။

အန္တရာယ်သည် မျောက်မင်း ကြိုတင် ပြောသည့်အတိုင်းပင် တွေ့ကြုံကြရပေတော့မည်။ မင်းနှင့်တကွ ဗိုလ်ပါ အလုံးအရင်းသည် ရသာ အပေါင်းတို့ထက် ထူးကဲသော သရက်သီးများကို မြိန်ရှက်စွာ စားသောက်တော့သည်။ သိမ့်သိမ့် တုန်အောင်ပင် ရသာ ထူးကဲလှပေသည်။ ထူးကဲ ချိုမြိန်သော ရသာထူးသည် ဘုရင်မင်းနှင့်တကွ ဗိုလ်ပါ အလုံးအရင်းကိုပါ ငိုက်မျဉ်းစေလေပြီ။ မျက်တောင်များသည် စင်း၍စင်း၍ လာ၏။ ဘုရင်နှင့်

ဗိုလ်ပါ အလုံးသည် သရက်ပင်အောက်ဝယ် အိပ်ပျော်သွား တော့သည်။

မင်းနှင့် ဗိုလ်ပါ အနားယူ အိပ်စက်နေခိုက် အခွင့်အရေးကို လက်လွှတ် မခံလိုသော မျောက်အချို့ သရက်ပင်ပေါ်သို့ တက်ရောက်၍ တဝတမြိန် စားသောက်နေလေ၏။

သစ်ပင်ထက်ရှိ ထိုမျောက်အုပ်ထဲမှ မျောက်တစုသည် ရိုင်းပျ လှသည်။ အချင်းချင်း အစာအတွက် မာန်စောင်ကြသည်။ ရန်ဖြစ်ကြသည်။ မလိမ္မာသော မျောက်တစု၏ ညံစီစီကြောင့် သရက်ပင်အောက်ဝယ် အိပ်စက်နေသော မင်းအား လှုပ်နှိုးသလို ဖြစ်သည်။ ဘုရင်မင်းမြတ်ကားနိုးလာလေပြီ။ သရက်ပင်ထက်သို့ မော့ကြည့်လိုက်၏။ များပြားသော မျောက်အုပ်ကြီးတအုပ်ကို မြင်တွေ့လေပြီ။

ထိုသည်တွင် ဘုရင်မင်းမြတ်သည် ရဲမက်တော် အကျော် အမော် လေးသမားများကို ခေါ်ယူလိုက်သည်။

"ငါ၏ ရဲမက်တော် အကျော်အမော် လေးသမားများ၊ သရက်ပင်ထက်ရှိ များစွာသော မျောက်များ ထွက်မပြေးနိုင် အောင် လေးများဖြင့် ချိန်ရွယ်၍ ဝိုင်းရံထားရမည်"

"မှန်လှပါ၊ ဘုရင့် ရွှေဘုန်းတော် အရှိန်ကို နာခံလျက်ပါ"

များစွာသော မျောက်တို့သည် တုန်ယင်၍ အကြောက်ကြီး ကြောက်ရွံ့ကြလေပြီ။ သူတို့တတွေ ဘာလုပ်ရမှန်းမသိ။ တကောင်နှင့်တကောင် တိုးကာ ဝှေ့ကာ သည်အကိုင်းမှ ဟိုအကိုင်း၊ ဟိုအကိုင်းမှ သည်အကိုင်း ပျားပန်းခတ်မျှ လှုပ်ရှား နေသည်။

မျောက်မင်းကမူ ကြောက်ရွံ့ဟန်မရှိ။ တည်ငြိမ်လှသည်။ စိုးရိမ်ပူပန်ခြင်းလည်း ကင်းသည်။ အေးဆေးငြိမ်သက်စွာပင် ရှိသည်။ မျောက်မင်း၏ အသည်းနှလုံးသည် မာကျောလှသည်။ အန္တရာယ်ကို ရင်ဆိုင်ရဲသော အသွင်ကို ဆောင်နေသည်။

ဤတွင် မျောက်မင်းက–

"အချင်းတို့၊ သင်တို့ ဘာမျှ စိုးရိမ်ကြောင့်ကြ မပြုင်ကြနှင့်။ သင်တို့အတွက် ငါအသက်ပေး၍ ဆောင်ရွက်မည်"

မျောက်မင်းသည် အန္တရာယ်အတွင်း ကျရောက်နေသော မျောက်အပေါင်းကို ဤကဲ့သို့ နှစ်သိမ့် အားပေးလိုက်သည်။

"ခင်ဗျားက ဘာတတ်နိုင်မှာမို့လဲ။ အခုပဲ ရန်သူ့လက်တွင်းမှာ သေအံ့မူးမူး ဖြစ်နေတာကို မတွေ့ဘူးလား။ ခင်ဗျားကိုယ် ခင်ဗျား တကယ့် သူရဲကောင်းကြီးများ ထင်မှတ်နေသလား"

မျောက်မင်းကို မလိုလားသူ မျောက်ပျိုတကောင်က အန်တုလေသည်။

"ငါရဲ့ မှန်မြတ်တဲ့ စေတနာနဲ့ လုပ်ငန်းကို မင်းအထင်မသေးပါနဲ့။ အဆုံးအထိ စောင့်ကြည့်စေချင်သေးတယ်"

ဤကဲ့သို့ မျောက်မင်းသည် ပြောဆိုပြီးနောက် မြစ်ဖက်သို့ ထိုးထွက်နေသော သရက်ကိုင်းအစွန်မှ အဟုန်ပြင်းစွာ ခုန်လိုက်ရာ လေးအပြန်တရာဝေးသော ချုံတခုအတွင်းသို့ ရောက်ရှိသွားလေ၏။ ထို့နောက် ချုံတွင်းရှိ ကြိမ်နွယ်တခုကို ရှည်လျားစွာ ဖြတ်ယူလေသည်။ ပြီးမှ ကြိမ်နွယ်၏ အစတစကို သစ်ပင်တွင် ခိုင်ကျည်စွာ ချည်နှောင်လိုက်၏။ ကျန်တစကိုမူ

မိမိ၏ခါးဝယ် ချည်နှောင်ကာ မူရင်းသရက်ပင်သို့ ပြန်၍ ခုန်လေ၏။

သို့သော် သစ်ပင်နှင့် သရက်ပင်၏ အကွာကိုမှန်း၍ ကြိမ်နွယ်ကိုဖြတ်စဉ်က အမှန်းအဆလိုသဖြင့် ကြိမ်နွယ်မှာ အနည်းငယ် တိုနေလေသည်။

အနည်းငယ် တိုသော ကြိမ်နွယ်ဖြင့် မျောက်မင်းသည် သစ်ပင်မှ သရက်ပင်သို့ ခုန်ကူးရာ သရက်ပင်ပေါ်သို့ မရောက်ရှိပဲ လက်နှစ်ဖက်ဖြင့် သရက်ခက် အစွန်းကို ကိုင်ဆွဲမိ၍မျှ ရှိနေပြီး တန်းလန်းဖြစ်၍နေလေ၏။

"အချင်းတို့၊ သင်တို့ရဲ့လွတ်မြောက်မှုအတွက် ငါ့ကျောကို နင်းပြီး ကြိမ်နွယ်ဖြင့်လျှောက်၍ ဝေးရာအရပ်သို့ ပြေးဝင်ခိုလှုံကြလော့။ ငါဟာ သင်တို့အတွက် အသက်ပေးပြီး၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတယ်ဆိုတာကို သတိပြုစေချင်တယ်"

ရှုံ့ထိတ်ကြောက်လန့်နေကြသော မျောက်များစွာတို့သည် မျောက်မင်းအား လေးစားစွာ ကန်တော့ကြ၏။ ကန်တော့ပြီးသည်၏အဆုံးဝယ် မျောက်မင်းပြောဆိုသည့်အတိုင်း ကျောကိုနင်း၍ ဝေးရာသို့ ပြေးဝင်ခိုလှုံကြလေသည်။

မျောက်အုပ်ထဲဝယ် တကောင်သော မျောက်ပျိုသည်ကား မျောက်မင်း၏ တကယ့်ရိုးသား ဖြူစင်သောလုပ်ငန်းကို ထော်လော်ကန့်လန့်လုပ်လို၏။ မျောက်မင်း ပျက်စီးသည်ကို မြင်တွေ့လိုသည်။ မနာလို မုန်းတီးစိတ်တို့သည် မျောက်ပျိုရင်တွင်းဝယ် ပြည့်နှက်လျက်ရှိသည်။ မျောက်မင်း၏ သေရအံ့သည်ကို တွေး၍

မြူးတူးနေ၏။ အခြားသော မျောက်များ၏ ညှင်းညှင်းပျောင်းပျောင်း ကျောကိုနင်း၍ သွားသလို မျောက်ပျိုသည် မသွားလိုချေ။ ထိုသို့ မသွားလိုသဖြင့် မြင့်မားသော အကိုင်းထက်သို့ မျောက်ပျိုတက်သွားသည်။ ထိုမှ မျောက်မင်း၏ကျောပေါ်သို့ အားပါးတရ ခုန်ချ၍ ကူးသွားလေ၏။

မျောက်မင်းကား သစ္စာမဲ့ မျောက်ပျို၏ အရက်စက်ဆုံး နှိပ်စက်မှုဒဏ်နှင့် နှလုံးကွဲ၍ ပြင်းထန်သော ဒဏ်ရာကို ရရှိလေသည်။

ဂင်္ဂါမြစ်ရေသည် မြွေနဂါးလို လွန့်၍ လွန့်၍ စီးဆင်းနေ၏။ ကောင်းကင်ပြာတွင် ဖြူဆွတ်ဆွတ် နဂါးငွေ့တန်းသည်၊ ကွေ့ကာ ဝိုက်ကာ လှုပ်ရှားနေသည်။ မိုးလေသည် ငြိမ့်ငြိမ့်ကလေး တိုက်ခတ်နေ၍ သရက်ရွက်များသည် ယိမ်းတည့် ယိမ်းပါး လှုပ်ရှားနေကြလေသည်။

မြင်ခင်းသည် ဗာရာဏသီမင်း၏ နှလုံးသားကို ဆွဲယူလိုက်သည်။ မျောက်မင်းအပြုအမူကိုတော့ အထူးကျေနပ် နှစ်သိမ့်မိသည်။ ကြည်နူးမိသည်။ ဝမ်းအသာကြီးသာကာ ကြည်ညိုမိသည်။ တိရစ္ဆာန်ဖြစ်ပေမင့် မျောက်များစွာတို့၏ ချမ်းသာစွာ လွတ်မြောက်မှုကို အသက်ပေးစွမ်းဆောင်လေသည်ဟု ဗာရာဏသီမင်း နှလုံးသားဝယ် ပန်းချီကားတချပ် ခြယ်မှုန်းသလို ထင်ဟပ် လာသည်။

ဗာရာဏသီ မင်းသည် သူ၏ ရဲမက်တော်တို့အား မျောက်မင်းကို အသာအယာ ဖမ်းယူစေ၏။ လက်ဝယ် ဖမ်းမိလာသော မျောက်မင်းကို ရေချိုး၊ အစာရေစာ တိုက်ကျွေး၊ ကိုယ်ကို

ဆီဖြင့်နယ်၍ နူးညံ့သောအိပ်ရာထက်၌ တယုတယ လဲလျောင်းစေသည်။

"အဆွေမျောက်မင်း၊ မျောက်အပေါင်းတို့ရဲ့ လွတ်လပ်မှုအတွက် သင်ဟာ ကိုယ်ကို တံတားပြုပြီး ပို့ဆောင်ပေးလေပြီ။ သင်နဲ့ မျောက်အပေါင်းဟာ ဘယ်လို တော်စပ်ပါသလဲ"

"မြတ်သော မင်းကြီး၊ ငါဟာ မျောက် အပေါင်းတို့ရဲ့ အကြီးအမှူး ခေါင်းဆောင် ဖြစ်ပါတယ်။ ခေါင်းဆောင်ဖြစ်သည့်အားလျော်စွာ မျောက်အပေါင်းတို့ရဲ့ ချမ်းသာသုခကို ငါအသက်ပေးပြီး ကြိုးပမ်းဆောင်ရွက်ရန်မှာ ငါ့မှာ တာဝန်ရှိလေတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် ယခု သေရတော့မည်ကိုလည်း ငါဟာ ပူပန်စိုးရိမ်ခြင်း မရှိ။ တုန်လှုပ်ခြင်းကိုလည်း မဖြစ်။ သေခြင်းတရားဟာ ခေါင်းဆောင်ကောင်း တို့ တွင် မဆန်းသစ်တော့ပြီ။ ငါ့အား အခွင့်အရေးသမား တယောက်လို့ သူတို့ထင်မြင်မှာကိုတော့ သေရမှာထက် ကြောက်လှပါတယ်။ ဒီတော့ သင်မင်းကြီးဟာ ခုအချိန်မှစပြီး ငါ့ရဲ့ထုံးကိုနှလုံးပိုက်ကာပြည်သူတို့ရဲ့အကျိုး၊ သတ္တဝါအပေါင်းတို့ရဲ့ အကျိုးကို ဆောင်ပါလေ"ဟု ပြန်ကြားပြောဆိုပြီး တခန ဘဝနိဂုံး အဆုံးသတ်လေတော့၏။

ဗာရာဏသီ မင်းလည်း မျောက်မင်း၏ အလောင်းကို မွန်မြတ်သော နှလုံးဖြင့် ကောင်းစွာ သင်္ဂြိုဟ်လေ၏။ သင်္ဂြိုဟ်သောနေရာ၌ စေတီတည်ပြီးလျှင် ဦးခေါင်းခွံကို မြို့သို့ယူဆောင်ကာ စေတီတည်ထားလေသည်။

မိုးလေထဲတွင် တောပန်းရနံ့များက ပျံ့ပျံ့ကြိုင်၍ နေသည်။ ရနံ့လွှမ်း၍ စိမ်းလန်းသော ဟိမဝန္တာ တောင်ပေါ်ဝယ် မိုးသားများ ဖိထပ်၍နေသည်။ မှေးမှေးမှုန်မှုန် ဖြစ်နေသော ပတ်ဝန်းကျင်တွင် မိုးပွင့်များနှင့် သစ်ရွက်များသည် ပြိုးပြိုး ပြက်ပြက် တောက်ပလျက် ရှိလေသည်။

မျောက်မင်း၏ မော်ကွန်းကား ကမ္ဘာအဆက်ဆက် တည်ရှိလေပြီတကား။

## နိုင်ပြည်သူ

နွေဦးပေါက်၏ အရုဏ်ဦး အချိန် ဖြစ်သည်။ နေရောင်နုနုသည် ရွှေခြည် တွေ ကြဲဖြန့်ထားသလို တဖိတ်ဖိတ် ထွန်းပလျက် ရှိ၏။ ဥဩ ငှက်ငယ်၏ နွေကြို တေးသံသည် ငြိမ့်ညောင်း သာယာလှ၏။ ပြာလဲ့လဲ့ ကောင်းကင် ပြင်ဝယ် ဘော်ငွေရောင် ဆမ်းထား သော ဆွတ်ဆွတ်ဖြူ တိမ်လိုင်းများသည် အခဲလိုက် လူးလွန့်လျက် ရှိသည်။

## ‘‘ဘဝမှန်’’

စူး၊ ဆောက်၊ လွှ ကရိယာ တန်ဆာ ပလာများကိုသယ်ပိုးကာ နီနီတွေးတွေး မြေနီလမ်းအတိုင်း တောကျေးလက်မှ မြို့သို့ လက်သမားတဦးသည် လာလျက် ရှိ၏။ တောမှ နံနက်စောစော အချိန် တွင် ထွက်ခွာ၍ မြို့သို့ သွားရောက် အလုပ် လုပ်ရသည်မှာ ထာဝစဉ် ပြုနေ ကျ သူ၏ လက်သမား အလုပ် တာဝန် များပင် ဖြစ်သည်။

နီနီ တွေးတွေး မြေနီလမ်းနှင့် မျဉ်း ပြိုင်တန်းလျက် ချုံဖုတ်ခင်တန်း တခု ရှိ၏။ ခင်တန်းမှ လှမ်းမျှော်ကြည့်လိုက် ရာ မနီးမဝေး၌ ညို့မှိုင်းသောတောအုပ် သည် ငြိမ်သက်လျက် ရှိသည်။ ဝါးပင် အရွက်များသည် နွေကြို လေဦးတွင် ယိမ်းနွဲ့၍ နေသည်။

ခပ်ဝေးဝေး တောအုပ်ဆီမှ ညည်းညူသံသည် လက်သမား၏ နားဝသို့ တဖျတ်ဖျတ် တိုးဝင်လျက် ရှိသည်။ နားစွင့်၍ အသေအချာ စူးစိုက်လိုက်သည်။ အသံကို မှန်းဆခြင်းဖြင့် လူမဟုတ်ကြောင်းကိုတော့ သိရသည်။ တဖြည်းဖြည်း အသံ လာရာဖက်သို့ တိုး၍တိုး၍ သွား၏။ လက်သမား၏မျက်နှာတွင် အပြုံးရောင် ယှက်သန်းကာ ဝင်းထိန်၍ သွား၏။ အုံ့မှိုင်းသော တောအုပ်၏ ပင်ယံထက်မှ ရွက်ဝါများသည် တဖြုတ်ဖြုတ် မြေသို့ ကြွေကျလျက် ရှိ၏။ နွေကြို လေရူးတွင် ရှပ်တိုက်၍ ရွက်ဝါများသည် ပြေးလွှားလျက် ရှိသည်။

"အင်း.... ချစ်စရာကောင်းတဲ့ ဝက်ဖြူကလေး ပါလား။ ဘယ်ပုံဘယ်နည်း ဒီနေရာသို့ ရောက်နေပါလိမ့်။ မသူတော်များ တွေ့လိုက်ရရင် တခါထဲ ခန္ဓာစဲတော့မှာပဲ။ သူ့ကံက ကြီးပေ လို့သာ ငါနှင့် လာတွေ့ရတော့တယ်။ သတ္တဝါတဦးရဲ့ အသက် ကို ကယ်ဆယ်ဖို့ဟာ လာကြုံမှကိုး"

လက်သမားသည် တကိုယ်တည်း ရေရွတ်လိုက်သည်။ သနား ခြင်း၊ ကြင်နာခြင်း၊ ချစ်ခင်ခြင်း၊ မြတ်နိုးခြင်းတို့သည် လက် သမား၏ နှလုံးသားဝယ် လှိုင်းကလေးများ အိ၍အိ၍ လာသလို တသိမ့်သိမ့် ခံစားမိသည်။ ဝက်ကလေးကို ကောက်ယူ ပွေ့ချီ လိုက်၏။ ရင်နှင့် တင်းကျပ်စွာ ထိတွေ့၍ မေတ္တာ ပေါင်းစပ် လိုက်သည်။ ဝက်ဖြူကလေးသည် လက်သမား၏ ရင်တွင်းဝယ် ဖြည်းညှင်းစွာ တိုက်ခတ်နေသော လေညှင်းကို ရှူရှိုက်ကာ အိပ်စက်ရင်း လိုက်ပါလာသည်။

လက်သမားသည် အထူး ရွှင်လန်းနေ၏။ နံနက်ဦး ရောင်နီ သည် တဲငယ်တခုလုံးတွင် မြူးနေသည်။ လက်သမားသည်



အိပ်ရာမှ ခါတိုင်းထက် ကြိုတင်၍ ထ၏။ ဆန်ကွဲများကို ကျို၍ မနေ့က ကျန်သော ထမင်းကြမ်းခဲများနှင့်ရောကာ ဝက်ကလေး အား ကျွေး၏။ ပြီးမှ အလုပ်သွားချိန်တွင် ရန်သူများ မနှောင့် ယှက်ရလေအောင် အိမ်ထဲတွင် သီးသန့် အခန်းလုပ်၍ လှောင် ထားခဲ့သည်။ အလုပ်မှ ပြန်ချိန်တွင် ဝက်ကလေးသည် အမြီးတို ကလေးကို လှုပ်၍လှုပ်၍ ပက်လက် ပွရောင်းသော နှုတ်သီးကို ဟကာ အိ အိ အိဖြင့် အစာ တောင်းခံတတ်သည်။

နေ့ရက်များသည် ကုန်ကျွမ်း၍ နှစ်သို့ပင် ဆန်းသစ်လာလေ ပြီ။ တောအုပ်လယ်မှာ ဖြူလွလွ ဝက်သည် လက်သမား လက်ထဲ တွင် ကြီးပြင်းလာသဖြင့် လက်သမား ဝက်ဟု အမည်တွင်လာ ၏။ လူနှင့် နီးကပ်စွာ အသက်ရှင် ကြီးပြင်းလာသဖြင့် လိမ္မာ၏။ အံ့ဩလောက်အောင်ပင် လိမ္မာလှသည်။ အမေ့ ရင်ခွင်တွင် ချော့မြှူသိပ်၍ အချစ်ရိပ်ကို ခိုလှုံရသည့်အတွက် အစဉ်ငြိမ်းချမ်း သော သားကောင်လို ဝက်သည် ရှင်လန်းလျက် ရှိသည်။

သုံးရက်လ အကွေးသည် မှန်သားလို ကြည်လင်သော ကောင်းကင်ပြာတွင် ချိတ်ဆွဲလျက် ရှိ၏။ မှိတ်တုတ် မှိတ်တုတ် ကြယ်ကလေးများသည် လအနီး တဝိုက်တွင် ရှင်ပျနေပုံရသည်။ လက်သမားသည် တဲအိမ်ငယ် အရှေ့ရှိ ဖရိုဖရဲ ကွပ်ပျစ်ပေါ်တွင် သင်ဖြူးတချပ်ကို ခင်းလိုက်သည်။ ခေါင်းအုံးငယ် အဟောင်း တလုံးကို ကွပ်ပျစ်ပေါ် ပစ်ချလိုက်ပြီး ပက်လက်လှန်၍ အိပ်ကာ ကောင်းကင်ပြင်သို့ ငေးမောလျက် ရှိသည်။ ဝိုးတဝါး လရောင်အောက်တွင် မြင်ခင်းသည် တိတ်ဆိတ်၍ အုံ့မှိုင်းနေ၏။

အင်း .... ဝက်ကလေးကတော့ ကြီးမားလို့ လာချေပြီ။ ဆူတုန်း ဖြိုးတုန်း၊ ဝတုန်းဆိုတော့ ငါမရှိခိုက်မှာ မေတ္တာတရား

ဆိတ်သုဉ်းတဲ့ လူများက သတ်ပစ်ပြီး စားကြမယ်ဆိုရင် ငါ့အသဲနှလုံးဟာ ကြေမွပျက်ပြုန်း ရချေရဲ့။ လက်သမားသည် တွေး၍ တွေး၍ ရင်တွင်းဝယ် တင်းကျပ် လာလေသည်။ ဒီလို ထားလို့ တော့ ဖြစ်ချေမည် မဟုတ်။ လူသူနဲ့ ဝေး၍ တောတိရစ္ဆာန်များ နေရာဖြစ်သည့် တောအုပ်တခုသို့ ပို့မှ ဖြစ်ချေမည်။ သို့မှ ဝက်ကလေး၏ လုံခြုံမှုစိတ်အေးရမည်။ လက်သမားသည် ဤသို့ တွေးတော၍ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

နံနက်လေသည် လယ်တောကို ဖြတ်ကျော်လာသဖြင့် စပါးရိုးနံ့များ သင်းပျံ့၍ နေသည်။ နေလုံးသည် တောအုပ်ပေါ်မှ လက်သမားကို နှုတ်ဆက်နေ၏။ တောအုပ်လယ်မှ ကောက်ယူလာခဲ့သော ဝက်ဖြူကလေးကို တောအုပ်ဆီသို့ ပြန်၍ ပို့ရန် လက်သမားသည် ခေါ်ဆောင်သွားလေသည်။

စိမ်းမြသော တောအုပ်ဆီသို့ ရောက်ရှိလေပြီ။ ဝက်ဖြူကလေး၏ အမွေးများသည် ပြောင်းလက်၍ လှနေသည်။ လက်သမားသည် ဝက်ကလေး၏ ကျောကို သူ၏ အကြောပြိုင်းပြိုင်း ထနေသော လက်ဖြင့် ညင်သာ ယုယစွာ ပွတ်သပ်ပြီး–

“ငါ့သား မင်းတို့ သဘာဝအလျောက် ဒီတောအုပ်မှာပင် မွေးပျော်ရစ်လေတော့။ ကြင်နာမှု ခေါင်းပါးသည့် လူအချို့က မင်းကို သတ်စားကြဖို့ မျက်စောင်းထိုး နေကြလေပြီ” လက်သမားသည် တီးတိုး ပြောဆိုကာ ဝက်ဖြူကို တောအုပ်အလယ်တွင် ကြေကွဲ ဝမ်းနည်းစွာ ပစ်ခဲ့ရလေသည်။ ဝက်ဖြူကို တောအုပ်အလယ်တွင် ထားပစ်ခဲ့ပြီး ပြန်လာသော လက်သမားသည် လေကို ရှူရှိုက်ရသည်မှာ မလွတ်လပ်ဟု ထင်လာသည်။ နေခြည်ကလည်း မလတ်ဆတ်သလိုပင် ဖြစ်နေတော့သည်။

တောအုပ်အလယ် တကောင်တည်း ကျန်ရစ်ခဲ့သော ဝက်သည် မိမိနေထိုင်ရန် အသင့်တော်ဆုံး နေရာကို ရှာလေသည်။ မကြာမီ တောင်ကြားတခုသို့ ရောက်ရှိသွား၏။ မှုန်မှိုင်းမှိုင်း ဖြစ်နေသော တောင်ကြားတခု၏ ခြေရင်းတွင် များစွာသော ဝက်တအုပ်ကို တွေ့ရလေပြီ။ ဘဝတူ အပေါင်းအဖော်များကို မြင်တွေ့လိုက်ရသော ဝက်ဖြူ၏ မျက်နှာသည် ဝင်းပ ထိန်လက်သွားသည်။ ဝက်ဖြူသည် ခုန်ပေါက်၍ များစွာသော ဝက်အုပ်ဆီသို့ ချဉ်းကပ်သွား၏။

များစွာသော ဝက်တို့ကလည်း ဝက်ဖြူအား ရှင်မြူးစွာ ဆီးကြိုလေ၏။

"မိတ်ဆွေတို့ ဒီအရပ်မှာ နေရထိုင်ရတာ လုံခြုံမှုရှိရဲ့လား။ အစာကော ဝလင်အောင်ရှာဖွေလို့ ရကြရဲ့လား"

"အစာကတော့ ဝလင်အောင် စားကြရပါတယ်၊ အရိပ်အာဝါသလဲ ကောင်းမွန်ပါတယ်။ ဒါပေမယ့် လုံခြုံမှုမရှိ။ တထိတ်ထိတ် တလန့်လန့်နှင့် နေကြရပါတယ်"

"ထိတ်လန့်မှုဆိုတာက ဘယ်ပုံဘယ်နည်း ထိတ်လန့်ကြတာပါလဲ"

"ဒီလိုပါ၊ နေ့စဉ်နေ့စဉ် ကျားတကောင်ဟာလာပြီး ကျွန်ုပ်တို့ ဝက်အုပ်ထဲမှ ဝက်တကောင်ကျကို ဖမ်းယူ စားသောက်နေပါတယ်။ ကျွန်ုပ်တို့လဲ ဘယ်လိုခုခံ တွန်းလှန်ရမယ်ဆိုတာ မသိလို့ လည်စင်းပြီး ခံနေရပါတယ်"

ညိုညိုမဲမဲ အုပ်ဆိုင်းဆိုင်း တောအုပ်တွင် နေလုံးမကွယ်သေး၍ ရွှေရောင်များသည် ကြဲပြန့်နေကြသည်။

ဝက်ဖြူသည် ဝက်အုပ်များစွာ၏ အလယ်တွင် အေးဆေးတည်ငြိမ်စွာပင် ရပ်လျက် ရှိသည်။ ရန်သူများကို ဘယ်လိုနှိမ်နင်းရမည် ဆိုသည့် သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကို တွေးတောနေဟန် ရှိသည်။ ဝက်များစွာသည် ဝက်ဖြူအား အားအကိုးကြီး ကိုးကြသည်။ အဖြေကိုလည်း ငံ့မျှော်ကြသည်။

ဝက်ဖြူသည် ချိုမြသော အပြုံးဖြင့် "ဒီမှာ မိတ်ဆွေတို့၊ ဘာမှမပူပန်လင့်၊ မစိုးရိမ်ကြနှင့်။ ဒီ ကျားဆိုးကို ငါဖမ်းယူမည်။ ငါ၏အစီအရင်ကိုသာ ဦးထိပ်ထက်ပန်ဆင်၍ လိုက်နာကြလော့။ စည်းလုံးမှု လက်နက်ကို နှလုံးသားနှင့် ထပ်တူထိန်းသိမ်းကြဖို့ အထူးပင် အလေးအနက် တိုက်တွန်းချင်တယ်။ သို့မှ ကျားဆိုးရဲ့ ရန်ကို ချေမှုန်းနိုင်မယ်" ဟု မိန့်ကြားကာ စစ်ထိုးရန် နေရာကောင်းကို စိစစ်ရွေးချယ်လိုက်၏။

နေရာကောင်းကို ရွေးချယ်ပြီးနောက် စစ်ဆင်နည်းကို ဤသို့ စတင်လေသည်။ ဦးစွာ များစွာသောဝက်တို့၏ မိဖတို့ကို အလယ်၌ ထား၏။ မိဖတို့ကို ခြံရံ၍ ဝက်မတို့ကို ထား၏။ ဝက်မတို့ကိုခြံရံ၍ ဝက်ငယ်တို့ကို ထား၏။ ဝက်ငယ်တို့ကို ခြံရံ၍ ဝက်အိုတို့ကို ထား၏။ ဝက်အိုတို့ကို ခြံရံ၍ အစွယ်ရှိသော၊ စစ်ထိုးခြင်းတွင် လိမ္မာပါးနပ်သော ဝက် ၁၀-ကောင်၊ ဝက် အကောင် ၂၀၊ အကောင် ၃၁-စသည်ဖြင့် ခြံရံစေပြီး အစုလိုက် ထား၏။

ပြီးမှ ဝက်ဖြူသည် သူ၏ရှေ့၌ ကျယ်ဝန်းသော တွင်းတတွင်းကို တူးစေ၏။ နောက်၌မူ လိုဏ်နှင့်တူသောတွင်းကို တူးစေ၏။ ဤနည်းဖြင့် ဝက်ဖြူသည် စစ်ပရိယာယ် ကျွမ်းကျင်သော ဝက်

၆၀-တို့နှင့် ကျားဆိုး၏ရန်ကို ရင်ဆိုင်ခုခံရန် အသင့် စောင့်ဆိုင်း လျက်ရှိလေသည်။

နေဝန်းသည် စိမ်းညို့သော တောတန်းပေါ်သို့ ဖြတ် ကျော်၍ တက်လာလေသည်။ မြမြစိမ်းသော တောအုပ်သည် နေရောင်ခြည် အောက်ဝယ် လက်၍လက်၍ လာသည်။ နံနက် လေသည် ညှု၍နေ၏။

"ဒီနေ့တော့ ဝက်ပျိုတကောင်ကို စောစောဖမ်းယူပြီး ငါ့ဆရာရသေ့ထံ အချိန်မှီ အခစားဝင်ဦးမှပဲ"

ကျားဆိုးသည် တွေး၍ တွေး၍ နှစ်သိမ့်နေသည်။

ခါတိုင်းလာနေကျအတိုင်း ဝက်အုပ်ဆီသို့ လာမြဲလာကာ ဝက်များစုတို့၏ ရှေ့တွင် ရပ်နေ၏။ စားမာန် ကြွနေသော ကျားဆိုး၏ မျက်လုံးနှစ်ခုသည်။ ရဲရဲနီ၍နေ၏။

ခါတိုင်းလို အလွယ်တကူ ဖမ်းယူ၍ ရမည်အထင်ရှိသော ကျားဆိုးသည် ဝက်တို့၏ ရှေ့တွင် ရပ်၍ မျက်စိကို ပြူး၍ ကြည့်၏။ ဝက်ဖြူကလည်း ကျားအတုကို လိုက်၍ ပြုကြလော့ ဟု မိမိ၏ဝက်များကို အမှတ်သညာပေး၏။ ကျားသည် မျက် နှာမော့၍ နားထောင်၏။ ဝက်တို့လည်း မျက်နှာမော့၍ နားထောင်၏။ ကျားသည် ကျင်ငယ်စွန့်၏။ ဝက်တို့လည်း ကျင်ငယ်စွန့်၏။ ကျားပြုသလို ဝက်တို့လိုက်၍ ပြုမူကြလေသည်။

ကုန်ဆုံးခဲ့သောအချိန်က ဝက်တို့သည် ငါကြည့်လျှင် ပြေး ကြ၏။ ငါ့အသံ ကြားကာမျှပင် ရှုံကြသည်။ ယခုမူ မပြေးရုံမက ငါ့ကိုပင် မထေမဲ့မြင် ပြုကြ၏။ ဝက်တို့ကို အုပ်ချုပ် ဗိုလ်လုပ် သော ဝက်တကောင် ရှိရာ၏။ ဒီနေ့အဖို့ မစားသာ၊ လစ်မှပဲ ဟု ကျားသည် စဉ်းစား၍ ဆရာရသေ့ထံ ပြန်လေ၏။

ကျားဆိုးနေစဉ် ရှာဖွေယူလာသော အစာကို လက်ဝေခံ စားသုံးလေ့ရှိသော ရသေ့စဉ်းလဲသည် အစာမပါပဲလာသော ကျားကိုမြင်လျှင်–

ဘယ့်နှယ် ဒီနေ့အဖို့ ဘာအစာမှ မပါပါလား။ ဘယ်လို အခက်အခဲနဲ့များ ကြုံတွေ့ခဲ့ရလို့ပါလဲ''ဟု ရသေ့စဉ်းလဲက ကျားဆိုးအား မေးလိုက်လေသည်။

ကျားဆိုးသည် ယနေ့အဖို့ ဝက်တို့က သူ့ကို ပမာမခန့် ပြုလုပ်ကြောင်းများကို ပြန်ပြောင်း၍ ပြောဆိုလေသည်။

''အဆွေကျား၊ သင်ဘာမှ မကြောက်နှင့်၊ သင်အသံပြု၍ သွားပါ။ သင့်အသံကြားလျှင် ဝက်တို့သည် ကြောက်လန့်၍ တကွဲတပြားစီ ပြေးပါလိမ့်မည်။ ဝက်သာလျှင် ကျား၏အစာ ဖြစ်သည်ကို သင်မသိသလော။ သွားသာ သွားပါ''။ ရသေ့ စဉ်းလဲသည် ဤသို့ ညွှင်းပျောင်းစွာ ကျားဆိုးအား တိုက်တွန်း အားပေးလေ၏။

ရသေ့၏ နှစ်သိမ့်မှုဖြင့် ကျားသည် အားတက်လာ၏။ အားသစ်လောင်း၍ ကျားသည် တဖန်ပြန်လာပြီးလျှင် ရှေ့ဆုံး ကနေသော ဝက်ဖြူပေါ်သို့ ခုန်၍အုပ်၏။ ဝက်ဖြူသည် ကျား အုပ်လိုက်သည်နှင့် ရှောင်တိမ်းကာ မိမိ၏ရှေ့ရှိ တွင်းသို့ အမြန်ဆင်းလိုက်သည်။ ကျားသည် အားလွန်၍ နောက်၌ တူး၍ ထားသော တွင်းထဲသို့ ကျသွားလေ၏။ မျက်နှာဝ အလွန် ကျဉ်းသော နောက်ဖက်ရှိ တွင်း၌ ကျားသည် လက်အုပ်ချီ သကဲ့သို့ ရှိလေသည်။

ဝက်ဖြူသည် တွင်းထဲမှ ဖြတ်လတ်စွာ ခုန်ထွက်လာပြီး သူ၏ ရဲဘက်တော်တို့အား ကျားဆိုးကို ဝန်းရံ၍ နေစေရန်

အမိန့်ပေးလေသည်။ သူ၏ အောင်မြင်သော လုပ်ရပ်များကို ကြည့်၍ ကျေနပ်နေ၏။

"မိတ်ဆွေတို့ ညီညွတ်မှုဖြင့် ငါတို့၏ ရန်သူဟာ ငါတို့ လက်တွင်းဝယ် ဖမ်းမိပြီမဟုတ်ပါလား။ ကျား၏အစာဟာ ဝက်ဖြစ်တယ်လို့ ဆိုရိုးရှိပေမင့် အခုတော့ ဝက်ရဲ့အစာဟာ ကျားဖြစ်နေသည်"

ဤသို့ ဝက်ဖြူသည် ပြောဆိုပြီး ကျားဆိုးကိုသတ်၍ ဝက်တို့အား ပေးဝေလေသည်။ ဝက်တို့သည် ကျားသား စားရန် တကောင်နှင့်တကောင် တိုးဝှေ့၍ အလုအယက် လာကြ၏။ အရင်ရောက်လာသော ဝက်တို့သာ ကျားသား အရသာကို မြည်းစမ်းလိုက်ရသည်။

ယခုမှပင် ဝက်တို့သည် လန်းဆတ်ပေ့ပါးနေဟန် ရှိတော့သည်။ သို့သော် ဝက်တို့၏ လုပ်ဆောင်စရာမှာမူ အဆုံးသို့ မရောက်သေးချေ။ ကျားဆိုး သေရုံနှင့်မပြီး၊ ကျားဆိုးကို စေခိုင်းနေသော ရသေ့စဉ်းလဲ ရှိပါသေးသည်ဟု ဝက်တို့က ဝက်ဖြူကို တိုင်တန်းပြန်သည်။

"ကောင်းပြီ မိတ်ဆွေတို့ စိုးစဉ်းမျှ မကြောက်ကြနှင့်။ ကျူပင်ခုတ် ကျူငုတ်ပါမကျန်စေရ၊ အခုပင် ရသေ့စဉ်းလဲအား ငါတို့သွား၍ သတ်ကြစို့"ဟု ဆိုပြီး ဝက်ဖြူသည် များစွာသော ဝက်တို့အား ဦးဆောင်ကာ ရသေ့စဉ်းလဲထံ ချီတက်သွားလေသည်။

ရသေ့လည်း ကျားလာခဲ့သည်ဟု အကြိုလာခဲ့ရာ လမ်းတွင် ဝက်တို့နှင့် ပက်ပင်းတိုးလေ၏။ ရသေ့ကိုတွေ့သည်နှင့် ညီညွတ်

ခြင်းသည် တို့အင်အား၊ ရန်သူကို စိစိညက်ညက် ချေမှုန်းလော့ ဟူသော ဟစ်ကြွေးသံများနှင့်အတူ တိုက်လေသည်။ ရသေ့လည်း ရှိထိတ်တကြီး ဖဝါးနှင့်တင်ပါး တပြားတည်းကျအောင် ပြေး၍ နီးရာ ရေသဖန်းပင်ဆက်သို့ တက်ပြေးလေ၏။

ဝက်ဖြူသည် ရသေ့တက်ပြေးသော ရေသဖန်းပင်ကို ဝန်းရံထားစေပြီး အမြစ်တို့ကို နှုတ်သီးများဖြင့် တူးဆွဖြတ်ပိုင်းကာ သစ်ပင်ကို လှဲလေသည်။ သစ်ပင်လဲသည်နှင့် ရသေ့စဉ်းလဲသည် မြေသို့ကျလေ၏။ ဝက်တို့သည် အသက်ဘေးမှ ချမ်းသာ ပေးပါဟု တိုးလျှိုးတောင်းပန်နေသော ရသေ့စဉ်းလဲအား ကိုယ်ကို အပိုင်းပိုင်း အတစ်တစ် ဖြတ်၍ အောင်ပွဲသဘင် ဆင်နွှဲလေသည်။

နီဖျော့ဖျော့ နေခြည်သည် တောအုပ်ပေါ်သို့ ပက်ဖျန်းလိုက်သည်။ နွေကြိုဦး လေညှင်းသည် ငြိမ့်ညောင်းစွာ တိုးဝင်လျက်ရှိ၏။ တောပန်းရနံ့များသည် သင်းထုံလျက်ရှိသည်။

ဝက်တို့သည် ဝက်ဖြူအား မင်းအဖြစ်သို့ တင်မြှောက်ကြ၏။ ဝက်မင်းအား ရေသဖန်းတုံး၌ နေစေပြီး၊ ရသေ့စဉ်းလဲ၏ အသုံးအဆောင်ဖြစ်သော ခရုသင်းဖြင့် ရေသွန်း၍ ဘိသိက်သွန်းကြသည်။ တကောင်သော ဝက်ပျိုမကိုလည်း ဝက်မင်း၏ မိဖုရားအဖြစ် မြှောက်ကြသည်။ ချောက်ချားစရာကောင်းလှသော ဝက်တို့၏ဘဝသည် ယခုမှပင် စိုပြေလာတော့သည်။

ဝက်ကျားဆိုး ရသေ့စဉ်းလဲတို့၏ မြင်ခင်းသည် တောအုပ်၌ နေသော နတ်တို့အဖို့ သင်ခန်းစာတရပ်ဖြစ်စေလျက် ဝက်တို့သည် ညီညွတ်ကြသဖြင့်သာ ကျားကိုသော်မှ အောင်နိုင်၍ မှန်မြတ်သောဘဝကို ရကြလေ၏ဟု မိန့်ကြွန်းတင်လိုက်လေသတည်း။

နိုင်ပြည်သူ

# ““နှောင်ကျော့ညွှတ်ကွင်း””

မိုးစင်စင်မလင်းသေးသော နံနက်၏ ဆောင်းနှောင်းသည် လန်းဆန်း၍ အေးစက်လှသည်။ ငွေနှင်းဖြူများ ဝေနေသဖြင့် တောတန်းပျိုသည် ရွှန်းရွှန်းစို၍နေ၏။ သစ်လွင် လတ်ဆတ်သော နံနက်လေတွင် တောပန်းရနံ့များနှင့် မြေရနံ့များမှာ သင်းထုံလျက်ရှိသည်။ ကောင်းကင်ပြာသည် ရင့်ကျက်သော ဣန္ဒြေရှင်လို တည်ငြိမ်လှ၏။

ငုံးမင်းသည် စိန်ကြယ်ပွင့်လို လက်နေသော ငွေနှင်းများကို ရှုမောရင်း “အဆွေတို့၊ ငါတို့ရဲ့ အပေါင်းအဖော်တွေဟာ တနေ့ထက် တနေ့ ရေနည်းငါးလို” လျော့နည်းလာကုန်ပြီ။ ဒါဟာ ဘာလဲ ဆန်းစစ်လိုက်ရင် ငါတို့အချင်းချင်း မသင့်မတင့် မညီမညွတ် ဝါးအစည်းပြေသလို ဖြစ်နေကြလို့ပဲ ဖြစ်

တယ်။ နေ့စဉ်နှင့်အမျှ မုဆိုးလက်တွင်းသို့ ဝကျက်ပြီး သက်ဆင်း အဖမ်းခံရတဲ့ ငါတို့ ငုံးများစွာဟာ ရေတွက်လိုက်မယ်ဆိုရင် မနဲလှပေဘူး။ ဒီတော့ ဘာလုပ်ကြမလဲလို့မေးရင် အဖြေဟာ အစွမ်းကုန် ညီညွတ်ကြစမ်းပါလို့သာ ပြောလိုတယ်"

ငုံးမင်း သတိပေး ပြောဟောနေသည်ကို ထောင်မက၊ သောင်းမကသော ငုံးအို၊ ငုံးပျို၊ ငုံးရွယ်၊ ငုံးငယ်တို့သည် တိတ်ဆိတ်စွာ နာယူလျက်ရှိသည်။ တောတန်းညိုကြီးသည် ငြိမ်သက်၍ ငုံးများစွာကို ငေးမောနေပုံရသည်။

"တကောင်နှင့် တကောင် မေတ္တာတရား ပွါးများကြဖို့၊ သည်းခံကြဖို့၊ ကြင်နာကြဖို့၊ ချစ်ခင်ကြဖို့ ဆိုတဲ့တရားတွေကို အခြေခံပြီး တို့တတွေဟာ ညီညွတ်မှု၊ စည်းလုံးမှု အင်အားကို တည်ဆောက်လိုက်ရင် ယခုလက်ရှိ ထိတ်လန့်စွာ ခံစားနေရတဲ့ ရန်သူ့ ဝက်ကွင်းမှ ကင်းလွတ်ပြီး ငြိမ်းချမ်းသာယာသော ဘဝသစ် ခရီးသို့ အောင်မြင်စွာ ချီတက်နိုင်မယ်"

ငုံးမင်းသည် ဤသို့ ပြောဆိုကာ အတွေးတွင် နစ်နေပုံရ၏။

နေရောင် ဝါရွှေရွှေသည် မြမြစိမ်းသော တောတန်းပေါ်ကို ကျော်၍ လူးလွန့် လှုပ်ရှားလာသည်။ ရွှေမျှင်တန်းကြီးတွေ ပြက်၍နေသလို ဝင်းဝင်းလက်လျက်ရှိ၏။ နှင်းဖျန်းထားသော တောတန်းပေါ်မှ ကျော်ဖြတ် တိုက်ခတ်လာသော ဆောင်းနှင်း လေသည် ချမ်းစိမ့်လှသည်။

"ညီညွတ်မှု၊ စည်းလုံးမှုကို ဖွဲ့စည်း တည်ဆောက်ပြီးကြ ပါပြီတဲ့။ အကယ်၍ ရန်သူ တောမုဆိုး လာရောက် အန္တရာယ် ပေးမည်ဆိုပါက ဘယ်လိုကင်းလွတ်အောင် ကြံဆောင်ရမည်၊ ဖြိုခွင်းရမည်ကိုလည်း အမိန့်ရှိစေချင်ပါသည်"



ငုံးဖိုတကောင်သည် တက်ကြွသော နှလုံးသားဖြင့် ငုံးမင်း **အား** အမေးပုစ္ဆာထုတ်လိုက်လေသည်။

"ရန်သူ တောမုဆိုး လာရောက်၍ ပိုက်ကွန်နှင့်ပစ်၍ ဖမ်းဆီးပါက ကွန်ပေါက်တခုစီ တခုစီနှင့် ဦးခေါင်းတို့ကို လျှိုကာ တညီတညွတ်တည်း ကွန်ကိုချီဆောင်ပြီး ဆူးရှိသော ချုံထက်သို့ပုံချပြီးမှ အဆွေတို့သည် ချုံ၏အောက်အဖို့ဖြင့် ငုံလျှိုး၍ ပြေးကြဖို့ ငါအလေးအနက် မှာကြားလိုတယ်" ငုံးမင်းသည် ပြန်ကြားပြောဆိုပြီး တည်ငြိမ်စွာ ရန်သူကို ဝံ့ဝံ့စားစား ရင်ဆိုင်ရန် ပြင်ဆင်လျက်ရှိ၏။

နေလုံးသည် အရှေ့ဖက်တောတန်းညိုညိုပေါ်မှ ခေါင်းပြူ၍ လာ၏။ ဝင်းဝင်းဝါ၍ ထွေးထွေးနွေးနွေးရှိသော နေခြည်သည် ပြတင်းပေါက်မှ ဝင်ရောက်လာ၏။နှင်းဖွဲ့ထားသော တောတန်းပေါ်မှ ဖြတ်လာသော ဆောင်းနှင်းလေသည် အေးစက်စက် ရှိလှသည်။

"ဘယ့်နှယ်လဲ ကိုသုတ၊ ဒီနေ့အဖို့တော့ ခပ်များများရမှ ဖြစ်မယ်။ အခု ငုံးဈေးတွေကလဲ အရင်ကထက် စွံနေတယ်"

မယ်ရွှေသည် မပွင့်တပွင့်အပြုံးနှင့် ပြောဆိုလိုက်သည်။

ကိုသုတသည် ပူနွေး၍အရသာရှိလှသော တို့ဟူးခြောက်ကျော်များကို လဘက်ရည်ကြမ်းနှင့် စားသောက်ရင်း–

"စိတ်အေးအေးထားစမ်းပါ မယ်ရွှေရာ၊ ဒါတိုင်းနေ့များ ထက်ပို၍ ရပါစေ့မယ်။ သုတဟာ ဒီအလုပ်မှာ ဘယ့်ကလောက် ပါးနပ်တယ်၊ ကျွမ်းကျင်တယ်ဆိုတာ မင်းအသိပဲမဟုတ်လား"

ကိုသုတသည် ဝင့်ကြွားစွာ ချစ်ဇနီးသည်အား ပြန်ကြွားလိုက်သည်။ မယ်ရွှေနားထဲဝယ် ကိုသုတ၏စကားများသည် ချို၍အေးနေ၏။ သာမောဖွယ်ရှိလှတော့သည်။

ကိုသုတသည် ပြုမူနေကျဝတ္တရားအတိုင်း ပိုက်ကွန်နှင့်ပလိုင်းကို ကျောထက်ဝယ် လွယ်ပိုးကာ ငုံးများဖမ်းရန် တောတန်းဆီသို့ ထွက်လာခဲ့၏။

များစွာသောငုံးတို့၏ တီးတိုးသံများသည် ကိုသုတ နားဝဆီသို့ တိုးဝင်လာသည်။ ကိုသုတ၏နှလုံးသားဝယ် ချစ်ဇနီးလက်ကောက်ဝယ်ယူဝတ်ဆင်ရေးအတွက် ဝင်းဝင်းအိနေသောရွှေကိုသာ ထင်ဟပ်နေ၏။ တွေး၍လည်း ရွှင်ပျနေသည်။

ကိုသုတ၏လက်မှ ပိုက်ကွန်သည် ပြန့်၍အုပ်နှင့်ချီကာ အစာစားနေသော ငုံးများအပေါ် လွှမ်းခြုံလိုက်သည်။ ငုံးများစွာသည် ပိုက်ကွန်အတွင်းဝယ် ဖမ်းမိလေပြီတကား။ ကိုသုတမျက်နှာသည် ဝင်းပထိန်လက်သွား၏။ ကျေနပ်နှစ်သိမ့်နေပုံရသည်။

ထိုစဉ်တွင် များစွာသောငုံးတို့သည် ငုံးမင်း မိန့်ကြားညွှန်ပြထားသည့်အတိုင်း ကွန်ပေါက်တခုစီတွင် ဦးခေါင်းတို့ကိုလျို၍ ညီညွတ်မှုဖြင့် သယ်ဆောင်သွားသောကွန်ကို ဆူးချုံမှထွင်၍ ယူနေရသည်နှင့် တနေ့တာအချိန်သည် ကုန်ဆုံးကာ အိမ်သို့ လက်ချည်းသာ ပြန်ရသည်။

တရက်ကုန်ကျွမ်း၍ နောက်တရက်သို့ ဆန်းသစ်လာ၏။ တရက်မှသည် နောက်တရက်၊ နောက်တရက်မှသည် ဟိုနောက်တရက်သို့ ကူးပြောင်းကာ အိမ်သို့ လက်ချည်းသာ ပြန်လာခဲ့

ရ၏။ ချစ်ဇနီးသည်အတွက် မျှော်မှန်းထားသည့် ဝင်းဝင်းလဲ့နေသော ရွှေလက်ကောက်သည် ကိုသုတ၏ နှလုံးသားမှ ပြေးထွက်၍သွားလေပြီ။

ငုံးအပေါင်းအား လက်မြောက် အရှုံးပေးခဲ့ရပုံတွေကို မယ်ရွှေအားလှစ်ဟရမည်မှာ နှုတ်လေးနေသည်။ သို့သော် ငုံးတွေ ညီညွတ်ကြလို့ ဖမ်းဆီးခြင်းငှာ မဖြစ်ကြောင်းကိုတော့ အကျဉ်းချုပ်၍ မယ်ရွှေအား ပြောပြ၏။ ရှင်းပြ၏။ မယ်ရွှေကား မကျေနပ်ချေ။

"ရှင်မှန်တာကိုပြောပါ၊ ဘယ်ကအငယ်အနှောင်းကို ပေးခဲ့လို့လဲ"

"မဟုတ်ရပါဘူးကွာ၊ အမှန်တကယ်ပြောရမယ်ဆိုရင် ငါ့အသဲနှလုံးထဲမှာ မင်းဟာကိန်းအောင်းပြီး ကောင်းကင်တောတောင် မြေပြင်အနှံ့မှာလဲ မင်းဟာအစဉ်ကြီးစိုးနေပါတယ်"

သွားလေရာတွင် မင်းကိုမေ့ဖျောက်၍ မရကြောင်းများကိုပါ ကိုသုတသည် ချစ်ဇနီးသည်အား သစ္စာတိုင်လေသည်။

ထိန်ထိန်သာနေသော လဝန်းသည် မှန်သားလို ကြည်လင်သည့် ကောင်းကင်ပြင်ဝယ် ထွန်းပလျက်ရှိသည်။ အဝေးသို့ကြည့်လေလေ၊ စိမ်းလဲ့သော တောတန်းရိပ်သည် လက်၍လက်၍ ရှိလေလေဖြစ်၏။ အနောက်ဖက်မှ အိုမင်းလှသော တောင်ထိပ်သည် မှိုင်း၍ တောအုပ်ကိုကြည့်နေသလို ဖြစ်နေသည်။

မယ်ရွှေသည် ဆတ်သားခြောက်ပန်းကန်ကို ကိုသုတဖက်သို့ တိုးရင်း ထပ်ဆင့်၍ မေးနေပြန်၏။ မေးခွန်းကိုဖြေရမှာတော့ ကိုသုတသည် ရှုံ့ထိတ်၍နေသည်။ မဖြေချင်ပေ။

စင်စစ်သော်ကား ငုံးအပေါင်းတို့ ညီညွတ်စွာပြုမူကြသဖြင့်သာ ငုံးမရခြင်းဖြစ်သည်။

"ကြောင့်ကြပူပန်ခြင်း မရှိပါနှင့် မယ်ရွှေ၊ တနေ့နေ့တော့ ဒီငုံးတွေဟာ အချင်းချင်း မသင့်မတင့် မညီမညွတ်ဖြစ်ကြမှာ ဧကန်ပါပဲ။ ဒီအခါမှ မင်းဟာ နှစ်သိမ့်မှု၊ ကျေနပ်မှုရရှိပါလိမ့်မယ်။ မင်းလိုချင်တောင့်တတဲ့ အိ၍ ဝင်းမှည့်နေသော ရွှေလက်ကောက်ကို ငါဝယ်ပေးပါ့မယ်"ကိုသုတသည် မယ်ရွှေအား ချမ်းမြေ့စေသည်။

မယ်ရွှေ၏မျက်စိထဲတွင် ရွှေမျှင်တန်းသည် ပြိုးပြိုးပြက်ပြက် လက်၍နေသည်။

ဆောင်းနှောင်းကုန်ဆုံး၍ နွေဦးသည် သစ်လွင်လာခဲ့လေပြီ။ ကောင်းကင်ပြာသည် အာသဝေါကုန်ခန်းသောသူတို့ကဲ့သို့ စိုးရိမ်ပူပန်ခြင်း၊ ဝမ်းမြောက်ခြင်း ကင်း၍ တည်ငြိမ်လှ၏။ နွေကိုဦးလေ့တွင် တောတန်ရှိ စိမ်းဖန့်ဖန့် သစ်ရွက်များသာ တလူးလွန့်လွန့်နှင့် ယိမ်းယိုင်နေကြသည်။

တောတန်းဘေးရှိ ကျယ်ပြန့်သော ကွင်းပြင်တခုဝယ် ငုံးတအုပ်သည် အလုအယက် တိုးကာဝှေ့ကာ အစာစားနေကြသည်။ မိမ်းမြမြ မြက်ခင်းပြင်သည် လေညှင်းခတ်တိုင်း လှိုင်းထ၍ နေ၏။ မြက်ပင်စိမ်းကလေးများပေါ်တွင် ညက နှင်းပွင့်များ တင်နေဟန်ရှိ၍ စွတ်စိုလျက်ရှိ၏။

တကောင်နှင့်တကောင် တိုးဝှေ့ကာ စားသောက်ကြရာမှ ငုံးငယ်တကောင်သည် အခြားသောငုံးတကောင်၏ ဦးခေါင်းကို အမှတ်မဲ့ နင်းမိ၏။ ထိုမှစ၍ အငြင်းအခုံ ခိုက်ရန်ဖြစ်လျက် စိတ်ဝမ်းကွဲကာ မညီမညွတ်ဖြစ်ကြလေသည်။

ယခုအခါ ငါတို့ငုံးအမျိုးသားများသည် မသင့်တင့် မညီ ညွတ်နှင့် စိတ်ဝမ်းကွဲကြကုန်ပြီ။ နောက်တကြိမ် တောမုဆိုး၏ ကွန်မချိနိုင်ရှိပါက မုဆိုး၏ လက်တွင်းသို့ ဝ,ကွက်၍ ရောက် ကြရတော့မည်။ ငုံးမင်းသည် ဤသို့တွေးတော စဉ်းစားမိ သဖြင့် ငုံးအပေါင်းအား တကောင်နှင့်တကောင် အာဃာတ မထားရေး၊ ညီညွတ်ရေးများကို ကြိုးစား၍ ဆောင်ရွက်ရှာ၏။ မရ။ ငုံးမင်းလက်လျှော့ရချေပြီ။ အခိုင်အမာ တည်ဆောက် ထားသော ငုံးအမျိုးသား ညီညွတ်ရေးကား မပြောပလောက် သည့် အချက်ဖြင့် ပြိုကွဲရလေပြီ။

"ကိုသုတ ရှင်သိတဲ့အတိုင်းပဲ၊ အိမ်မှာ ဆန်မရှိ၊ ဆီမရှိ ဖြစ်နေပြီ။ ဝယ်ဖို့ဆိုတာကလဲ ငုံးမရတော့ ဘာနဲ့သွားဝယ် မလဲ။ အကြွေးတွေသာ ထပ်ပိုးလို့ တင်နေတယ်။ ဒါပဲ ဒီကနေ့ တော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင် ဖမ်းခဲ့ရမယ်"

ကိုသုတသည် မယ်ရွှေ၏ စကားလုံးများကို သိကုံး၍ နှုတ်မှ တီးတိုးရွတ်ဆိုကာ တောစပ်ဆီသို့ လာလေ၏။

ပူနွေးသော နေရောင်ခြည် အောက်မှ ဖြတ်သန်းလာသော နွေဦး လေကို ရှူရှိုက်ရသည်မှာ ရင်တွင်းဝယ် တင်းကျပ်ကျပ် နိုင်လှန်းလှသည်ဟု ကိုသုတ ထင်မိသည်။

"အင်း ဒီကနေ့မှ ငုံးမရရင် ငါ ချစ်ဇနီးနဲ့တော့ အိုးစား ကွဲရချေရဲ့"

ကိုသုတသည် ရွှေကိုဆက်၍ မတွေးဝံ့ချေ။

"အဆွေတို့၊ ရန်သူကို ညီညွတ်မှု လက်နက်ဖြင့်သာ အောင် မြင်နိုင်ပါတယ်။ ညီညွတ်ကြစမ်းပါ။ တို့တတွေ မညီညွတ်

မစည်းလုံးကြဘူးဆိုရင် ရန်သူဟာ အလွယ်တကူ တို့ကို ဖမ်းယူနိုင်ပါလိမ့်မယ်” ငုံးမင်းသည် စိုးရိမ်တကြီး ထပ်မံ၍ သတိပေးပြန်သည်။ ငုံးအချို့ကား စေတနာမှန်ဖြင့် သတိပေးနေသော ငုံးမင်း၏ စကားကို နားယူလိုဟန်မရှိ။ ငုံးမင်းသတိပေးနေသည့်ကြားကပင် တကောင်နှင့်တကောင် ထိုးကြ၊ ဆိတ်ကြ၊ ရန်ဖြစ်လျက်ရှိကြ၏။

ပတ်ဝန်းကျင် မြင်ခင်းသည် ငြိမ်သက်၍ အုံ့မှိုင်းနေသည်ဟု ငုံးမင်းထင်မြင်မိသည်။ စိမ်းမြမြ တောတန်းပျိုသည် ပင်လျှင်နေခြည်အောက်ဝယ် ရင့်ရော်လာပုံရသည်။ လေကလည်းမလတ်ဆတ်။ ခြောက်သွေ့သွေ့ ရှိလှ၏။

ငုံးမင်းသည် စိတ်အပျက်ကြီး ပျက်ကာ “အဆွေတို့၊ ငါ၏ကောင်းမြတ်သောစကားကိုမှ မနားယူလိုကြဘူးဆိုရင် ဤအရပ်မှ ဘေးကင်းရာ ဒေသသို့ ငါသွားရပေလိမ့်မယ်။ ငါနှင့်သဘောတူမျှသော ငုံးများ ငါသွားရာ လိုက်နိုင်ပေတယ်”

ငုံးမင်းသည် စကားကို တိုတောင်းစွာ ပြောဆို၍ ငုံးမင်းနှင့်အလိုတူမျှသော ငုံးအချို့အား ခေါ်ဆောင် ထွက်သွားလေသည်။

ငုံးမင်းနှင့် အဖော်တစု ထွက်သွားပြီး မကြာမီပင် တောမုဆိုးသည် ငုံးစားကျက်သို့ ရောက်ရှိလာ၏။ အခြေအနေကိုစောင့်၍ အကဲခတ်သည်။

ကျန်ရစ်သော ငုံးအချို့၏ တကောင်နှင့်တကောင် ထိုးကြဆိတ်ကြသဖြင့် မညီညွတ်မှု ရှုခင်းသည် တောမုဆိုး ကိုသုတအဖို့ နှစ်သိမ့် ရွှင်မြူးစေ၏။

အချက်ကောင်းကို စောင့်၍နေသော ကိုသုတသည် သူ၏ ပိုက်ကွန်ဖြင့် ငုံးတို့အား လွှမ်းခြုံရစ်လိုက်သည်။ ငုံးတို့ကား ကိုသုတ၏ ပိုက်ကွန်တွင်းဝယ် ဖမ်းမိချေပြီ။ တခါကမူ ညီညွတ်မှုဖြင့် ပိုက်ကွန်၏ အပေါက်များကို ဦးခေါင်းများ လျှို၍ ချီမကာ လွတ်မြောက်မှုရရှိခဲ့သော်လည်း ယခုသော်ကား သူချီအံ့လော ငါချီအံ့လောဟု မသင့်မတင့် မညီမညွတ်ဖြစ်၍ ငြင်းခုံနေကြစဉ် မုဆိုးလာရောက် ဖမ်းဆီးယူဆောင် သွားတော့၏။

"သင်းရန့်၊ လှိုင်ပျံ့ငယ်ကြည်ရွှင်၊ နှင်းငွေ့ဥဝယ် ရှုဖွယ်အင်ညှာကျင်ရွက်လျော ဆောင်းရက်ကျန် မြူနှင်းရော၊ တောတောင်တခို မြရည်လိမ်းစိမ်းစိုစို"

ကိုသုတသည် တောဘွဲ့ပတ်ပျိုးကို သီဆိုဟစ်ကြွေးလိုက်၏။ ပြီးမှ ပိုက်ကွန်ထဲဝယ် ဖမ်းမိသော ငုံးတို့ကို ကောက်ယူ၍ ပလိုင်းထဲသို့ထည့်ကာ ထိန်လက်ရွှင်ပျသော မျက်နှာဖြင့် အိမ်သို့ သုတ်ခြေတင်လေသည်။

နိုင်ပြည်သူ

## အမုန်း၏နိဂုံး

ပူပြင်းသော နွေဥတု ကုန်ကျွမ်း၍ အနောက်တောင် လေတွင် မိုးသက်ရနံ့များ သင်းထုံကာ ပျံ့လွင့် လာလေပြီ။ ခုင်းတိမ်များကောင်းကင်ပြင်တွင် ညိုမှိုင်းနေသော်လည်း ရာသီဥတုမှာ နှစ်သိမ့်စရာ ရှိနေပေသေးသည်။ နွေနှောင်းရက်များတွင် ရွက်ဝါ၊ ရွက်ဟောင်းတို့လွင့်ပါး ပျောက်ပျက်၍ ရွက်နုတို့သည် မိုးကို ကြိုလင့်ကြ၏။

မိုးပင် မရွာသေးသော်လည်း မိုးကြိုနံနက်ခင်းသည် ကြည်လင် အေးမြလှသည်။ လေထဲတွင် ဝဲပျံကာ ပါလာသော ပန်းပိတောက် ရနံ့များသည် ကြိုင်လှိုင်၍နေ၏။ တောမုဆိုး ကိုစိန်ဒေါင်းသည် ဒူးလေးကို ညာဖက် ပခုံးထက်တွင် ထမ်း၍ အဆိပ် လူးမြားအပြည့် သိပ်လျက် ရှိသော မြားဗူးတောင်းကို ဘယ်ဖက် ပခုံးထက်တွင်လွယ်ကာ တောအုပ်အလယ်တွင် သွားကောင်ကို ချောင်း၍ နေလေသည်။

လေတိုး၍ တလွန့်လွန့် ယိမ်းနွဲ့လှုပ်ရှားနေကြသော သစ်ရွက်များ၏တီးတိုး ပြောသံမှအပ တတောလုံးသည်တိတ်ဆိတ်ငြိမ်သက်နေပေသည်။ တော

မုဆိုး၏ နှလုံးသားသည် မိုးထိသောသစ်ရွက်နုများလို ပေါ့ပါး လန်းဆန်း၍နေ၏။

သားကောင်ကိုစောင့်ရင်း ကိုစိန်ဒေါင်းသည် ငိုက်မျဉ်း၍ပင် လာပေပြီ။ ခပ်လှမ်းလှမ်း တောအုပ်အလယ်ရှိ သင်္ဘောရွက်ခြောက် များပေါ်သို့ တစုံတဦး၏ ခြေနင်းသံလိုလို ယဲ့ယဲ့တော့ ကိုစိန်ဒေါင်း ကြားမိသဖြင့် နားစွင့်၍ အသံလာရာဖက်သို့ မျှော်ရှုကြည့်မိသည်။

ကိုစိန်ဒေါင်းသည် သူ့မျက်စိကိုပင် မယုံသလို ဖြစ်မိသည်။ ခြသေ့နှင့် နွားလားသည် တကောင်နှင့်တကောင် အသက် ပေး၍ ချစ်ကျွမ်းဝင်နေကြသည့် မြင်ခင်းသည် ကိုစိန်ဒေါင်း အဖို့ အကြောများ ရပ်ဆိုင်းသွားလောက်အောင် ထူးဆန်းလှ ၏။ ရင်သပ်ရှုမော အံ့သြဖွယ် ကောင်းလှအောင်ပင် မျိုးကွဲ သော ခြသေ့နှင့် နွားလားတို့၏ မိတ်ဆွေမှုကြောင့်ပင် မဟုတ် ပါလော။

ကိုစိန်ဒေါင်းသည် သားကောင်ရသည်အထိ မစောင့်နိုင် တော့ချေ။ ထူးဆန်း အံ့သြဖွယ်ရာသော ဤမြင်ကွင်းကို ဘုရင် မင်းမြတ်အား သံတော်ဦးတင်ရန် တောအုပ်အလယ်မှ အသာ လစ်၍ နန်းတော်ဆီသို့ အမြန်ပြေးလေသည်။

"ဘယ်လို အရေးအခင်းများ ထူးထူးခြားခြားရှိလို့ ငါ၏ ရှေ့တော်မှောက် အရောက်လာပြီး သံတော်ဦး တင်ချင်ပါသလဲ အသင် တောမုဆိုး"

"မှန်လှပါ ဘုရင့်ရှေ့ဘုန်းတော်ကြောင့် ဘုရားကျွန်တော် မျိုး တောမုဆိုးဟာ တောလိုက်အသွား တခုသော တော၏



အလယ်မှာ မျိုးမတူတဲ့ ခြင်္သေ့နှင့် နွားလားတို့ဟာ တကောင်အပေါ် တကောင် မေးတင်ပြီး ကျေနပ်ခြင်း၊ ကြည်နူးခြင်းများဖြင့် မိတ်ကျွမ်းဝင်ကာ မွေးတူးနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရကြောင်း သံတော်ဦး တင်ဝံ့ပါသည်"

တောမုဆိုး၏ တင်လျှောက်ချက်ကို ဘုရင်မင်းမြတ် ကြားသိပြီးသည့်၏ အခြားမဲ့၌ "အသင် မုဆိုး ခြင်္သေ့နှင့် နွားလားနှစ်ဦးတွင် သုံးယောက်မြောက်သော အဖော်ဖြစ်ပေါ်လာပါအံ့။ ထိုအဖော်သည် ကုန်းတိုက်၍ ခြင်္သေ့နှင့် နွားလားတို့ကိုဘေးဖြစ်စေလိမ့်မည်။ သို့ကြောင့် သုံးယောက်မြောက်အဖော်ကိုမြင်တွေ့ပါလျှင် ငါ့အား အဆောတလျင် လာ၍ လျှောက်ထားလေသော့"

"ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို ဦးထိပ် ပန်ဆင်လျက်ရှိကြောင်းပါ"ဟု တောမုဆိုး သံတော်ဦးတင်ပြီး အိမ်သူသက်ထားထံ သုတ်ခြေတင်လေ၏။

တိတ်ဆိတ်သော တောအုပ်အလယ်ရှိ တခုသော စမ်းချောင်း၏ အေးမြသော ရေယဉ်သည် ငြိမ်သက်စွာ စီးဆင်းလျက်ရှိသည်။ ရွှေဇာပုဝါလို ပါးလွှာလွန်းသော နေခြည်သည်အအေး သတ္တိကို မကာကွယ်နိုင်ပေ။ တောအုပ်ကြားမှ ဖြတ်သန်းလာသောလေသည် စိမ့်၍ စိမ့်၍ အေးလှ၏။

တောမုဆိုးသည် သူ၏ ပြုမူနေကျဝတ္တရားအတိုင်း အမဲလိုက်ရန် တောအုပ်ဆီသို့ လာခဲ့လေ၏။ လာခဲ့ရသည့် ခရီးက ဝေးလှသည့်မို့ နွမ်းလျ မောဟိုက်ကာ နေသည်။ အပန်းဖြေရန် အေး၍စိမ့်နေသော စမ်းချောင်းဆီသို့ အလာတွင် ထူးကဲလှသော

ခြသေ့်၊ နွားလားနှင့် မြေခွေးတို့၏ ရုပ်သွင်များသည် တောမုဆိုး၏ မျက်လုံးများကိုပင် ချာချာလည်၍ နေလေတော့၏။ ဤမြင်ခင်းသည် တောမုဆိုးအား လူသေကြီးလို တကိုယ်လုံးရှိ အကြောများ ရုပ်တန့်၍ သွားလောက်အောင်ပင် အံ့အားသင့်စေသည်။

ဘုရင်မင်းမြတ်၏ မိန့်မှာချက်ကို ပြန်လည် သတိရလာသော တောမုဆိုးသည် မဆိုင်းမတွပင် ဘုရင့် ရွှေတော်မှောက်သို့ အခစား ဝင်ရောက်ပြီး ခြသေ့်၊ နွားလားနှင့် မြေခွေးတို့ ချစ်ကျွမ်းဝင်ကာ မူးကြွနေကြောင်း သံတော်ဦးတင်၍ အိမ်သို့ ပြန်ခဲ့လေတော့၏။

"ငါကား အသားမျိုးစုံတော့ စားဘူးလေပြီ။ ခြသေ့်နှင့် နွားလားတို့ရဲ့ အသားကိုတော့ မစားဘူးသေး။ စားရအောင် တော့ ကြံလေဦးမှပဲ" ဟု မြေခွေးသည် ဆန်ကောလောက်မျှ စောက်မနက်၊ အကြံပက်စက်မှုကို စတင်ပြီး ကြံစည်ပမ်းလေသည်။

"ဒီမှာ အဆွေ ခြသေ့်၊ အဆွေကသာ ကြင်နာမြတ်နိုးတဲ့ နှလုံးသားနဲ့ နွားလားကို လိုက်လိုက်လှဲလှဲ ခိုင်ကျည်စွာ မိတ်ဆွေအဖြစ် ဆက်ခံခြင်း အမှုပြုကာ နွားလားကတော့ နေနှင့်ဦးပေါ့ မလစ်သေးလို့၊ လစ်ရင် ခြသေ့်ကို အသေနှိပ်လိုက်မယ်လို့ ကြိမ်းပနေတယ်၊ ကျွန်ုပ်ကတော့ တကယ် ရိုးသား ဖြူစင်တဲ့ စေတနာနဲ့ သတိပေးတာပဲ၊ အဆွေခြသေ့်၊ အမှန်မှာ သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး၊ နွားလားအပေါ်မှာ သိပ်မယုံကြည်ပါနဲ့၊ သတိကြီးစွာထားပြီး ဆက်ဆံစေချင်ပါတယ်" မြေခွေးသည် ဤသို့ ကောက်ကျစ်စဉ်းလဲစွာ ကုန်းတိုက်စကားကို ခြသေ့်အား အယုံသွင်း၍ စတင်ဖြိုခွင်းလေတော့၏။

ထိုနည်းနှင်နှင် ခြင်္သေ့နှင့် နွားလား၊ နွားလားနှင့် ခြင်္သေ့ တို့ကို တလှည့်စီ ကုန်းတိုက်ချော့ပစ်လေရာ မကြာမီပင် မြဲခိုင်သောအချစ် ပျက်ပြုန်း၍ တကောင်နှင့်တကောင် တိုက်ကြ ခိုက်ကြ၊ သတ်ကြ ဖြတ်ကြပြီး အမုန်းဖြင့် အဆုံးသတ်ကာ သေဆုံးကြလေ၏။

ဤသည်တွင်မှ မြေခွေးအယုတ်တမာသည် နှစ်သိမ့်ရွှင်လန်းသော နှလုံးသားဖြင့် ခြင်္သေ့သားကို တလှည့်၊ နွားလားသားကို တလှည့် မြိုးကြွစွာ သုံးဆောင်စားသောက်လေတော့သည်။

မိုးတိမ်များသည် တဖြည်းဖြည်းလွင့်ပါးကာ ပါးလွှာ၍ ဖြူသော တိမ်တိုက်တို့သာ ကောင်းကင်ပြင်ဝှယ် လွင့်ပျံ့လျက် ရှိ၏၊ တချက်တချက် ငွေ့ရမ်းလိုက်သော လေအေးသည် လူကို လန်းဆန်းစေသည်၊ တောမုဆိုးလျှောက်ထားသော စကားကို မင်းသည် ပြန်လည်သုံးသပ်မိသဖြင့် ခြေမြန်တော်တဦးအား မုဆိုးထံစေလွှတ် အခေါ်ခိုင်းလိုက်လေ၏။

"အသင်မုဆိုး၊ ငါတို့သည် ခြင်္သေ့နှင့် နွားလားတို့ရဲ့ ပျက်စီးခြင်းကို မြင်ရတော့မည်၊ သွား၍ကြည့်ကြကုန်အံ့"ဟု ရထားနှင့် လာရောက်ရာ တွေးတင်သည့်အတိုင်းပင် မြင်တွေ့ရလေသည်။

ဤသည်တွင်မှ ဘုရင်မင်းမြတ်သည် ရထားထိန်းအား ရှုကြည့်ပါလေလော့၊ ခြင်္သေ့နှင့် နွားလားတို့သည် အလွန်ချစ်ခင်ကြ၏၊ ကြင်နာကြ၏၊ မြတ်နိုးကြ၏၊ သို့လျက် မြေခွေး၏ ကုန်းစကားကြောင့် သေကြေပျက်စီးခြင်းဖြင့် နိဂုံးချုပ်လေပြီ၊ ကုန်းစကားသည် သန်လျက်ကဲ့သို့ မိတ်အချင်းချင်းကို ဖျက်တတ်၏၊ ကုန်းစကားကို ယုံသောသူတို့သည် ပျက်စီးရ၏၊ မယုံ

သောသူတို့သည် ချမ်းသာရာရ၏''ဟု မြွက်ကြားပြီး၍ ခြသေ့် လည်ဆံ၊ အရေ၊ ခြေသည်း၊ လက်သည်း အစွယ်တို့ကိုယူဆောင် ကာ နန်းတော်သို့ ပြန်ကြလေတော့သည်။

တကယ်ဆိုတော့ ညီညွတ်စည်းလုံးခြင်းသည် ရှင်လန်းနေပျို၍ အားသစ်တတ်သော မိုးဥတု၏ ဘဝအာစနှင့်တူပြီး စည်းလုံးမှုမှ ပြိုကွဲခြင်းသည် နွေတွင် မြေမှာသက်၍ ဘဝပြောင်းခဲ့ကြသော ရွက်ဆိုးရွက်ဟောင်းတွေနှင့်တူသည် မဟုတ်ပါလော။

နိုင်ပြည်သူ

# ဆင်းရဲသားဇော်လို့လာ

မိုးနှောင်းအကုန် ဆောင်းဦးအစ၏ နံနက်ဦး လေသည် လန်းဆန်း၍ အေးမြမြရှိလှသည်၊ စိမ်းမြမြ မြက်ပင်ကလေး များပေါ်ရှိ နှင်းပွင့်များကို နံနက်နေခြည်နုနုက ယုယပိုက် ထွေးလိုက်သောအခါ စိန်ကြယ်ပွင့်လို ပြိုးးပြိုး ပြက်ပြက် ဝင်းလက် တောက်ပနေသည်။

ပြည်မရာဇာသီသည် ရောင်းသူ ဝယ်သူ ဖောက်သူ ကားသူ တို့ဖြင့် ပျားပန်းခပ်မျှ ကြက်ပျံမကျ စည်ကားလျက်ရှိ၏။

ဒီကနေ့တော့ မင်းပြုဟူဒတ်ထံ အခစားဝင်လေဦးမှ....–

ဗုဒ္ဓဆေဋ္ဌိသဌေးသည် တကိုယ်တည်း တွေး၏။

အိမ်း.... တွေးနေတာ တောနေတာ ကြာလှပါတယ်၊ အခစားဝင်စရာရှိတာတော့ ဝင်လိုက်ဦးမှပဲလေ။

စူဠသေဋ္ဌိသဌေးသည် တွေးလျက် တောလျက် စဉ်းလျက် စားလျက် နေရာမှ သင့်တင့်သော လျောက်ပတ်သော အဝတ် အစားကို ဝတ်ဆင်ကာ ဗြဟ္မဒတ်မင်းထံ အခစားဝင်ရောက် ရန် ထွက်ခွါသွားလေ၏။

ရွှေရောင်ဆမ်းထားသော နေခြည်သည် နှင်းဇာပုဝါပါး ပါးကို လွှားရုံထားသော ဆောင်းနံနက်၏ အအေးကို နွေး ထွေးစေရန် အကာအကွယ်ပေးလာသည်၊ မြရည်ပက်ထား သော ချုံပုတ်တခုအောက်ဝယ် မဲမဲသဏ္ဍာန်တခုသည် အထင်း သား ပေါ်လျက်ရှိသည်။

အလို- ကြွက်သေတကောင်ပါလား။

သဌေးသည် မင်းထံအခစားဝင်ရောက်ရမည်ကို ခေတ္တင့်လင့် သျက် ကောင်းကင်သို့ မော့လိုက်၏၊ မျက်လုံး ပုတ်ခတ် ပုတ်ခတ်ပြုလျက် စဉ်းစား၏၊ နက္ခတ်ကို ကြည့်၏။

မင်းထံအခစားသွားရောက်ရာ လမ်းမပေါ်ဝယ် ကြွက်သေ ကိုတွေ့၏၊ ကောင်းသောနိမိတ်ပင်ဖြစ်သည်၊ နက္ခတ်နှင့် အခြေ အနေကို ထောက်ရှုပြီးနောက်....။

မည်သူမဆို သည်ကြွက်သေကို အရင်းပြု၍ စီးပွားရှာမည် ဆိုလျှင် အကျိုးဖြစ်ထွန်းလတ္တံ့။

သဌေးသည် ဤသို့ နှုတ်မှဟ၍ ဖွင့်၍ နိမိတ်ဖတ် ကောက် ချက်ချလိုက်သည်။

သဌေး နိမိတ်ဖတ်ချိန်တွင် ဆင်းရဲသား တယောက်သည် သဌေးအနီးဝန်းကျင်၌ ရှိသည်၊ သည်တွင် ဆင်းရဲသားက တေး၏၊ အလေးအနက်ထား၍ ဆင်ခြင်သည်။



သည့် သဒ္ဒေးသည် ပညာရှိ၏၊ လိမ္မာ၏၊ နက္ခတ်တွက်ရာ၌ တတ်ပွန်၏၊ နိမိတ်ဖတ်ခြင်း အတတ်၌ကျွမ်း၏၊ သည်သဒ္ဒေး ကား အချည်းနှီးသော စကားကို မဆိုရာ။

သည်သို့ ဆင်းရဲသား စဉ်းစားမိသည်နှင့် ကြွက်သေကို မဆိုင်းမတွပင် ကောက်ယူလိုက်၏။

ကြွက်သေ ရောင်းဖို့ရှိတယ်၊ တကောင်မှ တခြင်ရွေးထဲ။

ဆင်းရဲသားသည် ဈေးစည်ချိန်တွင် အော်ဟစ်၍ရောင်း၏။

တကောင်မှ တခြင်ရွေးထဲဆိုတော့ သိပ်မရိုင်းဘူး။ ကြောင် စာအတွက်တော့ ယူသွားဦးမှ။

ဤတွင် ဝယ်သူတဦးနှင့် ဆင်းရဲသားမှာ အရောင်းအဝယ် သင့်မြတ်သွား၏။

ဆင်းရဲသားသည် သူရသော တခြင်ရွေးဖြင့် တင်လဲနှင့် သောက်ရေအိုးကို ဝယ်ယူလိုက်သည်။

တင်လဲနဲ့ သောက်ရေအိုးဟာ ငါ့အတွက် အရင်းအနှီးပဲ။

ဆင်းရဲသားသည် မြူးတူးလျက် ရှိသည်။ ပီတိဖြာဝေလျက် ရှိသည်။ တင်လဲနှင့် သောက်ရေအိုး၏ အရင်းအနှီးတွင် ယစ်မူး လျက် ရှိသည်။

လေတဟူးဟူး တိုက်ခတ်လျက် ရှိနေသည်။ လေတဟူးဟူး အောက်တွင် ဝန်းကျင်တခုလုံး ငြိမ်သက်ဝပ်စင်းနေဟန် ရှိ၏။ ငြိမ်သက်နေရာမှ ညံညံစီ အသံဗလံများက ထိုးဖောက် ဖြိုခွဲ လာသည်။

ရေငတ်လိုက်ထာ မောင်ကြီးရယ်၊ ရေကလေး တပေါက် လောက်မှ မသောက်စမ်းရဘူးလား။

ဈေးသို့ အရောင်းသွားသော ပန်းသည်တစုက ရှင်သော မျက်နှာ ချိုသော အသံတို့ဖြင့် စကား စလာ၏။ မပွင့်တပွင့် ဖြင့် ရယ်ကျဲကျဲ ဆိုလာ၏။

ကျနော်ဆီက ရေတပေါက်လောက် သောက်စမ်းမှ ဒီက နှမ ကြီးတို့မောလာတဲ့၊ ပန်းလာတဲ့၊ ခုန်ရင်နေတဲ့၊ ရင်ကလေးတွေ ငြိမ်းအေးသွားမယ်ဆိုရင် ဟောဒီ မောင်ကြီးက ဒါနပြုဖို့ အသင့်ပါနော်၊ ရေတင် မကပါဘူး၊ တုန်ခါနေတဲ့ နှလုံးသား လေးတွေ အေးသွားအောင်လဲ တင်လဲကိုပါ အလှူပေးပါတယ်။

တို့မောင်ကြီးကတော့ ဟေ့....တကယ့်ကို

ဘာ တကယ့်ကိုလဲ ဆက်ပြောပါ နှမကြီးရဲ့။

ဩြော်....ပန်းလာတဲ့၊ လိုက်မောလာတဲ့၊ လူကို ကြည်အေး စေအောင် ပြုစုတတ်တယ်။ မောင်ကြီးရဲ့ ဖော်ရွေမှု၊ စေတနာ ပြည့်မှုတွေဟာ နှမကြီးတို့အဖို့ ဘယ်လို ကျေးဇူးတုန့်ပြန်ရမယ် ဆိုတာ ပြောမလို့ပါ။

ဒါကတော့ နှမကြီးတို့ရဲ့ မေတ္တာပေါ်မှာ တည်ပါတယ်။

ဒါဖြင့်လဲ မောင်ကြီးရဲ့စေတနာကို တုန့်ပြန်လို့ ဒီက နှမကြီး တို့က ပန်းတဆုပ်စီ ပေးခဲ့မယ်၊ လက်ခံမယ်နော်။

နှမကြီးတို့ သဘော ငြိသလို လုပ်ကြပါ။ မောင်ကြီးကတော့ မငြင်းပယ်ပါဘူး။

ဆင်းရဲသားသည် သူ၏ရေတမှုတ်စီနှင့် တင်လဲ အနည်းငယ် စီကြောင့် တောပန်းသည် တစုထံမှ ပန်းတဆုပ်စီ ရလိုက် လေသည်။

ဆင်းရဲသားကား ခေသူမဟုတ်၊ ညံ့သူမဟုတ်၊ ဖျင်းသူ၊ ပျင်းသူမဟုတ်။ ဝီရိယရှိသူ၊ ဇွဲရှိသူ၊ လုံ့လရှိသူ ဉာဏ်ကိုလွှသုံး

တတ်သူ ဖြစ်သည်။ သူရသော ပန်းတဆုပ်စီကို သိမ်း၍ ဈေးသို့ ပြေး၏။ ဈေး၌ အများသူငါတို့ ရောင်းဖိုးအောက် လျှော့၍ ရောင်း၏။ မကြာမီပင် သူရသော ပန်းတို့မှာ ပြိုက်ကနဲ ကုန်သွားသည်။ ပန်းရောင်းရ ငွေဖြင့် တင်လဲကို ထပ်ဝယ်ပြန်၏။ သည်တခါ တောမှလာသော ပန်းသည်များကို ဒါန မပြုတော့။ ညဏ်ကို စေစားပြီး ခွဲခြမ်းစိတ်ဖြာ သုံးတတ်သူပီပီ၊ ပန်းခြံသို့ အရောက်သွားသည်။

ပန်းခြံသို့ မရောက်မီပင် ထုံရစ်သော ပန်းပေါင်းစုံရနံ့တို့မှာ ဆင်းရဲသား နှာဝသို့ တိုးဝှေ့ လှုပ်ခတ်လျက် ရှိသည်။ စပယ်၊ နှင်းဆီ၊ ကံ့ကော်၊ မြတ်လေး ပန်းတို့၏ အသွေးမှာ ပုလဲ၊ နီလာ၊ ပတ္တမြား၊ မြသားများကို ဆုပ်ကြဲ ပက်ဖျန်းထားဘိသို့ ရှိသည်။

ပန်းခြံတွင်းသို့ ဆင်းရဲသား ခြေချမိသည်နှင့် ပန်းခူးသူတို့၏ စတင် နှုတ်ဆက်သံတို့မှာ ဖော်ရွေလွန်းလှသည်။ အားနာစရာ ကောင်းလောက်အောင် ပျူငှာကြသည်။

အကိုကြီးအတွက် နှမတို့က ဘာများ အကူပေးရမလဲ စပယ်လား၊ နှင်းဆီလား၊ မြတ်လေးလား။

နှမကြီးတို့ ပေးချင်တဲ့ ပန်းကိုပေးပါ၊ အကိုကြီးကတော့ နှမကြီးတို့ ပန်းနေမှာစိုးလို့ ပန်းနေလို့ ရှိရင်လဲ အားသစ်လာအောင်လို့ တင်လဲတတို့နဲ့ ရေပေးရအောင်လို့ပါ။

ကျေးဇူးကြီးပ၊ အကိုကြီးရာ၊

ဆင်းရဲသားသည် သူ၏တင်လဲနှင့် ရေကို ပန်းဆွတ်အလုပ်သမတို့အား ပေးဝေရာ တဝက်မျှသာဆွတ်ပြီးသော ပန်းပင်တို့ကို ရရှိလေသည်။ ထက်ဝက်မျှကျန်သော ပန်းတို့ကို ခူး၍ ရောင်းရာ ရှစ်အသပြာကို ရရှိလေ၏။

မိုးစင်စင်မလင်းသေးသော ဆောင်း၏ အရုဏ်ဦးသည် အေးစက်လှသည်။ ငွေနှင်းဖြူများ ဝေနေသဖြင့် တောတန်းပျိုသည် ရွှန်းရွှန်းစို၍ နေ၏။ သစ်လွင်လတ်ဆတ်သော အရုဏ်ဦး လေတွင် တောပန်းရနံ့များမှာ သင်းထုံလျက် ရှိသည်။ကောင်းကင်ပြာသည် ရင့်ကျက်သော ဣန္ဒြေလို တည်ငြိမ်လှ၏။

ဒီမှာနောင်ကြီး၊ ဒါ ဘာဖြစ်တာလဲ၊

ဘာဖြစ်ရမလဲကွယ်၊ မနေ့ညက လေပြင်းကျလို့ သစ်ကိုင်းခြောက်တွေ ကျိုးကြွေနေတာပေါ့။

ဒါဖြစ်ရင် နောင်ကြီးရဲ့ဥယျာဉ်ကို အရုပ်ဆိုးစေတဲ့ သစ်ကိုင်းခြောက်တွေ ရှင်းပေးမယ်လေ။ လုပ်ခတော့ မယူပါဘူး။ အဲဒီ သစ်ကိုင်းခြောက်တွေပဲ ပေးပါလား။

အိမ်း....ကောင်းသားပ။

ဆင်းရဲသားသည်လည်း မဆိုင်းမတွပင် ဥယျာဉ်ဝန်းကျင်ရှိ ပြေးလွှား ဆော့ကစားနေကြသော ကလေးများကို ခေါ်ယူ စုစည်းလိုက်သည်။

ကဲ....ငါ့ညီတို့ ဟောဒီ တင်လဲကို စားကြ၊ ဟောဒီ ရေကို သောက်ကြ၊ ပြီးတော့မှ ဥယျာဉ်ထဲက သစ်ကိုင်းခြောက်တွေကို ငါ့ စုပေးကြပါလား။

အေး....ဟုတ်ပြီ။ ဒီနေရာမှာ စုကြ၊ ပုံကြ။ ကျေးဇူးပါပဲ ငါ့ညီတို့ရာ။

ဆင်းရဲသားသည် သူ၏သစ်ခြောက်ပုံကိုကြည့်၍ ပီတိလှိုင်း ဂယက်ထလျက် ရှိသည်။ ကြည်နူးရမည်လား၊ ဝမ်းသာရမည်လား။ ဆင်းရဲသား၏ရင်ဝယ် မကွဲပြား။

နေ့အလင်းရောင် လက်လက်တောက်နေသော နေ့ဝက်ပိုင်း အချိန်ဖြစ်သည်။

ဒီ....သစ်ခြောက်ပုံဟာ ဘယ်သူ့သစ်ခြောက်ပုံလဲ။

ကျနော့်သစ်ခြောက်ပုံပါ။ အိုးလုပ်တော်မင်း။

အဆင်သင့်လိုက်လေ အမောင်ရယ်၊ ဘုရင့်အိုးဖုတ်ဖို့ ထင်း အရှာထွက်အလာ အမောင့်သစ်ခြောက်ပုံနဲ့မှ လာတိုးတတ် ပလေ။

အိုးလုပ်တော်မင်း အသုံးတည့်မယ်ဆိုရင် အသုံးချနိုင်ပါ တယ်။

ဒီလိုဆိုရင် အမောင်လဲ ကျေးဇူးရှိစေ၊ ငါ့မှာလဲ အသုံး တည့်စေပေါ့ ဟုတ်လား။ အမောင့်သစ်ခြောက်က များလေ တော့ အိုး ငါးရာနဲ့ ၁၆ အသပြာဆိုရင် အမောင် ကျေနပ် ရောပေါ့။

အများကြီး ကျေနပ်ပါတယ်၊ အိုးလုပ်တော်မင်း။

ဆင်းရဲသားမှာ စောစောက ပန်းဖိုးရောင်းရငွေ ရှစ် အသပြာ၊ ယခု သစ်ခြောက်ရောင်းရငွေ ၁၆-သပြာ၊ စုစုပေါင်း ၂၄-သပြာကို လက်ဝယ်ပိုင်ပိုင် ကိုင်ထားနိုင်ပြီဖြစ်သဖြင့် အရွှင် ကြီး ရွှင်လျက် အမြူးကြီးမြူးကာ ကြွလျက်ရှိသည်။

ဆင်းရဲသား၏ ဉာဏ်စေစားမှုနှင့် လုံ့လတို့ကား ဤမျှနှင့် မရပ်နားသေး။ သူ၏လက်စွဲတော် တင်လဲနှင့် ရေအိုးကို သယ် ပိုးကာ မြို့တံခါးအနီး မြက်ရိတ်ယောကျ်ားတို့ထံ သွားပြန်၏။

အဆွေတို့၊ နေကလဲပူ၊ ဗိုက်ကလဲဆူကြရောပေါ့၊ ဗိုက်မဆူ အောင် ဒီတင်လဲလေးလျက်ပီး ရေကလေးတကျိုက်လောက် သောက်လိုက်ကြပါဦးလား။

အိမ်း....ကောင်းသာပ၊ ငါ့ညီ။ တို့တတွေ မောတုန်း၊ ဟိုက်တုန်း၊ ငါ့ညီတို့က တယ် အလိုက်သိတတ်သကိုး။

ပြောပြောဆိုဆိုပင် မြက်ရိတ်ယောကျ်ားတို့သည် ဆင်းရဲသားထံမှ တင်လဲနှင့် ရေကိုယူ၍ သောက်ကြ၏၊ သုံးကြ၏။

အိမ်း....ခုမှပဲ အမောပြေပြီး အပန်းဖြေခွင့်ရတော့တယ်။

ဒီမှာ ငါ့ညီ....ငါ့ညီရဲ့ ကျေးဇူးဟာ ကြီးလှတယ်။ ငါတို့အမောပြေလို့ အေးချမ်းသလို ငါ့ညီလဲ သာယာအေးချမ်းရစေမယ်ကွာ။ ဒီတော့....ငါ့ညီ အကူအညီ လိုအပ်လာတဲ့အခါ တို့တတွေကို အားကိုးစမ်းပါ။ ငါ့ညီရဲ့ကျေးဇူး မမေ့ပါဘူး။ တို့တတွေ ကူညီဖို့ အသင့်ပါပဲ....ဟုတ်လား။

ဆင်းရဲသားကား နှယ်နှယ်ရရမဟုတ်၊ ဉာဏ်ကိုလွှာပြီး ချင်းလွှာလျက် ဇွဲနပဲကို တိုး၍သုံးလျက် ကုန်ပွဲစား၊ ရေပွဲစားတို့နှင့် အဆွေဖွဲ့ထားသည်။ မိတ်ပြုထားသည်။ ချစ်ကြည်ရေးဂဟေဆက်ထားသည်။

ဆင်းရဲသား အားလုံး၌ အခြား ဘာမျှမရှိ။ သူ၏ ဘဝတိုးတက် ဖွံ့ထွားရေးသာလျှင် သူ့အာရုံ အလုံးစုံ၌တည်နေ၏။

ဆောင်းနှောင်း၏ ဆည်းစျာရောင်ဝယ်၊ ခဲသားရောင်တိမ်တိုက်တို့လွဲလွဲ ပြေးနေသည်။ စိမ်းမြမြ တောအုပ်တန်းမှ ကြက်တူရွေး တအုပ်၏ ကလူသံမှာ ဆူညံလျက် ရှိသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းဆီမှ မြင်းခွာသံ သဲ့သဲ့ကြားရသည်။ ဆင်းရဲသားသည် အသံလာရာဆီသို့ စိုက်ငေးလျက် မျှော်ကြည့်နေမိသည်။ မြင်းခွာသံနှင့်အတူ ဖုံမှုန့်တို့မှာ လိပ်လျက်တက်လျက် မှိုင်းဝေ ရှိနေသည်။

ဝေးရာမှ တစစ နီးလာပြီ ဖြစ်သဖြင့် ဆင်းရဲသားသည် အသေအချာ စူးစိုက်ကြည့်ရာ မြင်းတစီးနှင့် လူတယောက်ကို တွေ့ရလေသည်။ ထိုလူသည် ကုန်ပွဲစားထံမှ အကြိုအထောက် လွှတ်လိုက်သောသူ ဖြစ်သည်။ အကြိုအထောက်အဖြစ် ရောက်ရှိလာသော ထိုသူသည် ဆင်းရဲသားထံ တန်းတန်းမတ်မတ်ပင် ဆိုက်ရောက်လာ၏။

ဒီမှာ....မိတ်ဆွေ ခုကျနော်ရဲ့ သဌေးဟာ မြင်းငါးရာနဲ့ ရောက်လာပါလိမ့်မယ်။ အဲဒီ မြင်းငါးရာအတွက် အစာကို မိတ်ဆွေ ကူနိုင်မယ်ဆိုရင် မိတ်ဆွေလဲ အကျိုးရှိပါလိမ့်မယ်၊ ကျနော်တို့လဲ ဝမ်းသာရမှာပဲ၊ ဘယ့်နှယ် ကူညီနိုင်ပါ့မလား။

သိပ် ကူညီရမှာပေါ့ ရိုးရင်းရာ၊ ရိုးရင်းတို့ လိုတဲ့အချိန်သာ ပြောပါ၊ အသင့် ဖြစ်စေ့ရပါ့မယ်။

ဆင်းရဲသားသည် ထိုသို့ ဝံ့ဝံ့စားစား အာမ ခံလိုက်ပြီးနောက်....။

သူ့ အဆွေတော် မြက်ရိတ်သမားများထံ သုတ်ခြေတင်လေသည်။

ဘယ်လို ဖြစ်လာတာလဲ ငါ့ညီရာ မောကြီး ပန်းကြီးနဲ့။

ဒီလိုပါ အဆွေတို့ရာ အဆွေတို့က အကူလိုရင် လာပါ၊ အားထားနိုင်ပါတယ်ဆိုလို့ လာရခြင်းပါ။ ကိစ္စကတော့ အဆွေတို့ထံမှ မြက်တစီး ကျစီ အကူလိုလို့ပါပဲ။

ဆိုစမ်းပါဦး ငါ့ညီ၊ တို့က ဘယ့်လောက် ကူရမှာလဲ။

မြက်အစီး ငါးရာပါ။

ကောင်းပြီ ငါ့ညီ ရပါ့စေ့မယ်၊ စိတ်ချလို့သာနေပါ။

ပီးတော့လဲ အဆွေတို့ထံက ကတိတခု ယူချင်ပါသေးတယ်။
ဘယ်လို ကတိမျိုးလဲ ငါ့ညီ။
ဒီလိုပါ အဆွေတို့ ကျနော့ဆီက မြက်မရောင်းရသေးမီ၊ အဆွေတို့ မြက်များကို မရောင်းပါလင့်ဦး။ ကျနော့်ဆီက မြက်ကုန်မှ အဆွေတို့ ရောင်းကြဖို့ပါပဲ။
ငါ့ညီ ခုတောင်းဆိုတဲ့ တောင်းဆိုချက်ကိုလဲ တို့တတွေ ပေးပါတယ်။ စိတ်အေးစမ်းပါ။
ကုန်ပွဲစား မြင်းကုန်သည်သည် ဆင်းရဲသားထံမှ မြက်အစီး ငါးရာကို အသပြာ တစ်ထောင်ပေး၍ ဝယ်ယူလိုက်လေသည်။

× × ×

ရွှန်းမြစိမ်းပြက်သောသည၊ မဟူရာကဲ့သို့ နက်မှောင်သောသည၊ ဝိုးဝါးကြယ်ပျောက်သောသည စသည့်ညများ ကုန်လွန်ခဲ့ကြ၏။ ထို့အတူ ကင်းစင်ကြားမှ အဖြူ-အပြာ ရောသောနေ့၊ ခိုရောင် ပြေးသောနေ့၊ ထုံးခြောက်ရောင် ကြွသောနေ့ စသည့် နေ့များ လည်း ကျော်လွှားခဲ့ကြသည်။
တောက်တဲ့သည် ညဦးယံကို ဖောက်ထွင်းလိုက်၏။ တောင်ယာစိုက်ခင်း ရေအိုင်ကွက်မှ ဖားများက သံပြိုင် ကျူးလိုက်ကြသည်။
ရေပွဲစားထံမှ ကုန်လှေကြီးတစင်း ရောက်လာသည်မှာ ညဦးဦးယံကပင် ဖြစ်သည်။ ကုန်တွေ အပြည့်အသိပ်နှင့် ကုန်မျိုးကလည်း စုံလှသည်။
ဉာဏ်လွှာတတ်သော လုံ့လရှိသော ဝီရိယဖြင့် ပြည့်သော ဆင်းရဲသားသည် ခန့်ညားထယ်ဝါသော ရထားတစီးနှင့် အခြွေအရံများကို ခနငှား၍ ရေဆိပ်သို့ ဆင်းလာ၏။

သဌေးမင်းကိုယ်တိုင် ကြွလာရသကိုး။ လာပါ၊ ထိုင်ပါ။

ရေပွဲစားသည် ဆင်းရဲသားအား တကယ့် သဌေးကြီး ထင်မှတ်ကာ လှေဦးပိုင်းတွင် နေရာပေးလေသည်။

ဟုတ်ကဲ့ ကျနော်ကိုယ်တိုင်ပဲ လာခဲ့ရတာပ ရေပွဲစားကြီး။ ဘာလို့တဲ့ဆိုတော့ ကျနော် ကိုယ်တိုင် ကိုယ်ကျ လုပ်ရ ကိုင်ရမှ ကျေနပ်တာကိုး။

ကောင်းမြတ်လှပါတယ် သင့်မြတ်လှပါတယ်။ ဒါမှလဲ စေ့စပ် သေချာမယ် မဟုတ်လား။

ရေပွဲစားနှင့် ဆင်းရဲသားတို့ အလ္လာပ၊ သံလာပ ပြောဆိုကြပြီးသည်နှင့် ဆင်းရဲသားသည် လှေပေါ်ပါ ကုန်အားလုံးကို တဦးတည်း ချုပ်၍ ကတိဖြင့် ဝယ်ယူလိုက်လေ၏။

ဆင်းရဲလား ဝယ်ယူပြီး မကြာမီမှာပင် အခြားသော ကုန်သည်တစ်ရာခန့် ကုန်ဝယ်ရန် ရောက်ရှိလာသောအခါ လှေပေါ်ပါ ကုန်များမှာ ဆင်းရဲသားပိုင် ဖြစ်နေလေသည်။

ဤတွင် ကုန်သည်တရာခန့်တို့မှာ ဆင်းရဲသားထံမှတဆင့် အဖိုးနှစ်ဆ၊ သုံးဆပေး၍ ဝယ်ယူကြရာ ဆင်းရဲသားမှာ တခနချင်းပင် အသပြာနှစ်သိန်း လက်ဝယ်ပိုက်မိလေသည်။

လေးလအတွင်း ဆင်းရဲသားဘဝမှ တမဟုတ်ချင်းပြောင်းလဲကာ သဌေးဖြစ်သွားသော်လည်း မာန်မာန မတက်၊ မပလွှား၊ သူတထူး၏ကျေးဇူးကို သိတတ်သူဖြစ်သည်။

ငါ ခုလို ချမ်းသာတာဟာ ငါ ဉာဏ်ကို လွှာသုံးခဲ့လို့ ကျိုးစားခဲ့လို့၊ လုံ့လရှိခဲ့လို့၊ ဝီရိယ ရှိခဲ့လို့ ဆိုနိုင်ပေမယ့် စူဠ သဌေးကြီးရဲ့ နိမိတ်ဖတ်မှု၊ ဩဝါဒ မရှိခဲ့ရင် ငါချမ်းသာမှာ

မဟုတ်ဘူး။ စူဠသဒ္ဒေးကြီးရဲ့ ဩဝါဒကြောင့်သာ ငါလို့လူ ပြုခဲ့နိုင်တာ၊ ဉာဏ်ကို စေစားနိုင်ခဲ့တာ။ ဒီတော့ သဒ္ဒေးကြီးရဲ့ ကျေးဇူးမကင်းဘူး။ ကျေးဇူးဆိုတာ ရှာကြံပြီး တင်ကောင်းတဲ့ အလုပ်ပဲ။ ကျေးဇူးဆိုတာ မကန်းကောင်းစရာ၊ ကျေးဇူး မကန်းတဲ့သူဟာ ဆထက်ထမ်းပိုး တိုးလို့သာ ချမ်းသာနိုင်တယ်၊ ဒီတော့ ငါဟာ သဒ္ဒေးကြီးဆီ ပြေးပြီး သူ့ကျေးဇူးကို ဆပ်မှ သင့်အံ့ထင်တယ်။

ဆင်းရဲသားသဒ္ဒေးကလေးသည် ဤသို့တွေး၏။ ယူဆ၏။ ကောက်ချက်ချသည်။

တွေးယူဆကာ ကောက်ချက်ချပြီးနောက် စူဠသဒ္ဒေးထံ အချွေအရံသင်းပင်းများနှင့် ထွက်ခွာသွားတော့သည်။

စူဠသဒ္ဒေးထံမှောက် ရောက်ရှိလာသော ဆင်းရဲသားသဒ္ဒေး သည် လက်အုပ်ချီ၍ ဂါရဝပြုလျက်နေသည်။

မိတ်ဆွေသဒ္ဒေးကား ဘယ်သူပါလဲ၊ ဘယ်အရပ်ကပါလဲ၊ ဘာကိစ္စရှိပါသလဲ.... စူဠသဒ္ဒေးသည် ဆင်းရဲသားသဒ္ဒေးအား အမေးပုစ္ဆာပေါင်း မြောက်များစွာ မေးတော့သည်။

ဤတွင် ဆင်းရဲသာသဒ္ဒေးက နောက်ကြောင်းကို ပြန်၍ အကြောင်းစုံကို တလွှာချင်း၊ တပိုဒ်ချင်း၊ တခုချင်း၊ တကြောင်းချင်း၊ တထစ်ချင်း လှစ်ပြ ပြန်ကြားပြောဆိုပြီး အသပြာတစ်သိန်း ပူဇော်လေ၏။

အိမ်း....ကောင်းစွ၊ ကောင်စွ၊ လောကမှာ ပညာဉာဏ်လဲ ရှိမယ်၊ ဝီရိယနဲ့လဲ ပြည့်စုံမယ်၊ လို့လဥဿဟလဲထုတ်မယ်၊ သူ တထူး ကျေးဇူးကိုလဲ သိတတ်မယ်၊ သိတတ်တယ် ဆိုရာမှာလဲ

ပါးစပ်ကတင် သိတတ်ရုံမကပဲ သစ္စာရှိရှိနဲ့ ကိုယ်ထိလက်ရောက် သိတတ်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ တသက် မဆင်းရဲဘူး။ လောကီစည်းစိမ် ထိန်ထိန်ညီးညီး ခံစားနိုင်မယ်။

ဆင်းရဲသား သဌေး၏ အပူဇော် အကန်တော့ခံပြီးနောက် စူဠသဌေးမှာ ကြက်သီးတဖျန်းဖျန်းထမျှ ပီတိဖြာဝေ ကြည်နူးလျက် ရှိသည်။

ပညာဉာဏ် ဝီရိယဖြင့် ပြည့်သော ဆင်းရဲသားသဌေးအား စူဠသဌေးကြီးသည် သူ၏ရှုမငြီးသော ချစ်သမီးနှင့် ထိမ်းမြားလက်ဆက်ပေးပြီးနောက် အလုံးစုံသော ဥစ္စာ ရတနာတို့ကို နှင်းအပ်ကာ သူ့အရိုက်အရာ စူဠသဌေး အမည်ဖြင့် ဆက်ခံစေလေသည်။

## နိုင်ပြည်သူ

# ပျားသကာလို
# ချိုသာအေးမြမှုသာ

နန္ဒိဝိသာလ။

နန္ဒိဝိသာလကား နှယ်နှယ်ရရမဟုတ်၊ ဂန္ဓာရတိုင်းတက္ကသိုလ် ပြည်၌ တကောင်တည်းသော အားအသန်ဆုံး နွားလားဥသဘ ဖြစ်၏၊ တစပ်တည်းဖွဲ့အပ်သော လှည်းတရာကို တကောင်း တည်း ဆွဲနိုင်သော နန္ဒိဝိသာလဖြစ်သည်။

နန္ဒိဝိသာလ တွေး၏။

ငါဟာ တစပ်တည်း ဖွဲ့အပ်တဲ့ လှည်းတရာကို တကောင် တည်းဆွဲနိုင်တဲ့ အားပိုင်ရှင်ပဲ၊ ငါ့ကို ဘယ်သူကမျှားယှဉ်ဝံ့လို့ တုံး၊ ဒါလောက်တောင် အားကြီးလာရတာ ငါ့အရှင်သခင်ရဲ့ ကျေးဇူးပဲ၊ ဖူးပေ့ ကောင်းပေ့ဆိုတဲ့ အစာတွေကိုလဲ စားရ

တယ်၊ မှက်, ခြင် အကိုက်မခံရအောင်လဲ ငါ့ကိုကျကျနနအိပ်ရာ ပေးတယ်၊ ရေချိုးချိန်တန်ဆိုယင်လဲ ရေမိုးချိုးပေးပြီး ငါ့ကို သူ့သားအရင်းလို မွေးခဲ့တဲ့ အရှင်သခင်ပါပဲလား။

သူ့ရဲ့ကျေးဇူးတွေကတော့ ငါ့အပေါ်မှာ အတော်ပဲကြီး မားတာပဲ၊ ဒီတော့ ငါ့အရှင်သခင်ရဲ့ကျေးဇူးကို ငါ့စွမ်းအားနဲ့ ပြန်ပြီး ကျေးဇူးဆပ်မှ တော်ရော့မယ်။

နန္ဒိဝိသာလသည် သူ့ရှေ့မှောက်အရောက် သူ့သခင်က လာရောက်ကျွေးသောအစာကို မစားသေးပဲ အဝေးသို့စိုက် ငေးကာ တွေးနေ၏။

ဘယ်လိုလဲ သားကြီးရဲ့၊ ဘာတွေတွေးလို့ ဘယ်ကိုငေးနေ တာလဲ၊ ဒီအစာကို မကြိုက်လို့လား၊ နှမ်းဖတ်နဲ့လို့လား၊မြက်နု မပါလို့လား၊ ဖေဖေ့ကို ပြောစမ်းပါ သားကြီးရာ။

နန္ဒိဝိသာလ ရုတ်တရက် စကားမပြန်။

သူ့အရှင်သခင်ကိုသာ တောက်ပြောင်သော မျက်လုံးတို့ဖြင့် စူးစိုက်ကြည့်နေသည်။

သားကြီး ဒီကနေ့ ဘယ်လိုဖြစ်နေတာလဲ ဖေဖေ့ကိုပြော စမ်း၊ သားကြီးစိတ်မချမ်းသာဘူးဆိုယင် ဖေဖေလဲ ဘယ်စိတ် ကောင်းပါ့မလဲ၊ သားကြီး ဘာလိုချင်တယ် ဘာစားချင်တယ် ဆိုတာကို ဖွင့်ပြောမှ ဖေဖေသိပြီး လုပ်ပေးနိုင်မှာ။

ပုဏ္ဏားကြီးသည် နန္ဒိဝိသာလ၏ လည်ဆံကို ညှင်းညှင်းပျှံပျှံ ဖွဖွ ရွရွကလေး ပွတ်သပ်ကာ တတွတ်တွတ်မေး၏။

တကယ်တော့ နန္ဒိဝိသာလ ငေးငိုင်နေသရွေ့ ပုဏ္ဏားကြီး စိတ်မကောင်း တနုံ့နုံ့ဖြစ်နေသည်၊ နေမကောင်း၍ပဲလား၊

ကြိုက်စာမကျေးမိရှိပဲလား၊သို့လော သို့လော အတွေးများသည် ပုဏ္ဏားကြီး၏ နှလုံးသားဝယ် လှိုင်းဘောင်ဘင်ခတ်နေသည်၊ ပုဏ္ဏားကြီး၏မျက်နှာမှာ မသာယာ မကြည်ပျ ညှိုးမှိုင်နွမ်းလျှ လျက်ရှိသည်။

ပုဏ္ဏားကြီး၏မျက်နှာ အိုမင်းရင့်ရော်သွားသည်ကို မြင်တွေ့ရသော နန္ဒိဝိသာလက–

ဖေဖေ....။

နန္ဒိဝိသာလ၏ ခေါ်သံကို ကြားလိုက်ရသော ပုဏ္ဏားကြီးမှာ အူမြူးသွားသည်၊ ဝမ်းအသာကြီး သာသွားသည်၊ ရေတွေကြာ ကဲ့သို့ ပုဏ္ဏားကြီးတကိုယ်လုံး လန်းဆန်းသွားသည်။

ဘာလဲ သားကြီးရဲ့၊ ပြောလေ ပြောစမ်းပါ၊ သားကြီး ဘာစားချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ဖေဖေ ဘာလုပ်ပေးရမှာလဲ။

ဒီလိုပါ ဖေဖေ။

နန္ဒိဝိသာလသည် သူ့ရှေ့ဆက်ပြောမည့်စကားကို မပြောသေးပဲ ခဏရပ်နားပစ်လိုက်သည်၊ ပြီးနောက်....

ဖေဖေတို့ ကျနော့်အပေါ် ပြုစုတာ ယုယတာတွေဟာ လိုတာထက်ပိုပါတယ်၊ကျနော်ဟာဆိုယင် ဖေဖေတို့ပြုစုယုယတဲ့ အောက်မှာ အစိုးရိမ်မရှိ အကြောင့်ကြမရှိ စားရတယ်၊ အိပ်ရတယ်၊ နေရတယ်၊ဘာမှ လိုလေသေးမရှိအောင် ဖေဖေတို့ဖက်က တာဝန်ကျေပါတယ်။

ဒီတော့ရင်....။

ဒီတော့ရင် ဘာဖြစ်လဲ ဆက်ပြောပါအုံး။

ကျနော့်ဖက်က တာဝန်ကျေဖို့ လိုလိမ့်မယ်၊ ဖေဖေတို့က ကျနော့်အပေါ်မှာ ကြင်နာတဲ့နှလုံးသားနဲ့ ပြုစုခဲ့တယ်၊ မေတ္တာ အပြည့်နဲ့ စောင့်ရှောက်ခဲ့တယ်၊ အဲဒီလို ပြုစုစောင့်ရှောက်ခဲ့ သလို သားကလဲ သားတတ်နိုင်တဲ့ ခွန်အားနဲ့ ဖေဖေ့အပေါ် ကျေးဇူးတုန့်ပြန်မလို့ စိတ်ကူးနေတာပါ။

အမယ်လေးလေး.... ဝမ်းသာလိုက်တာ သားရယ်။

နန္ဒိဝိသာလ၏စကားကို ကြားရသော ပုဏ္ဏားကြီး၏ရင်မှာ အေးမြသွား၏၊ ကြယ်သစ်ကလေးများသည် ညသစ်ကို ယုယ နေသလို ပုဏ္ဏားကြီး၏ မျက်လုံးများမှာ ဝင်းလက်နေသည်၊ သွေးသစ်တိုး၍ တအားသစ်ခဲ့သည်ဟုလည်း ပုဏ္ဏားကြီးသည် သူ့ကိုယ်သူ တွက်ဆနေသည်။

ဒါထက် ဘယ်လိုကျေးဇူးများ တုန့်ပြန်မယ်လို့ သားက စိတ်ကူးထားလို့တုံး။

အရှေ့ပြင်မှာရှိတဲ့ သဌေးတဦးဆီ ဖေဖေသွားပီးတော့ သောင်းကြေးတခု လုပ်ပါ။

ကျုပ်မှာ အလွန်အင်အားကြီးတဲ့ နန္ဒိဝိသာလဆိုတဲ့ သား တ ယာက် ရှိတယ်။ အဲဒီသားဟာ သဲ၊ ကျောက်စရစ် အပြည့် တင်ပီး တစပ်တည်းဖွဲ့အပ်တဲ့ လှည်းတရာကို တကောင်တည်း ဆွဲနိုင်တယ်လို့ ဆိုပီး အသပြာတထောင်ကြေး လောင်းပါ။

သားက တကယ်ဆွဲနိုင်လို့လား၊ မတန်မဆနဲ့ သားတခုခု ဖြစ်သွားခဲ့ရင် ဖေဖေ ရင်ကျိုးရချည်ရဲ့။ မလုပ်ပါနဲ့သားရယ်။ ဖေဖေ မချမ်းသာရင်လဲ နေပါစေ။ သား ဒါလောက် ပင်ပန်း တကြီးလုပ်မှ ဖေဖေ စားရမယ်ဆိုတာ အများ ကြားလို့မှ



မကောင်းပါဘူး။ ပြီးတော့ သား´ပင်ပင်ပမ်းပမ်းနဲ့ လုပ်ကျွေး တာကိုလဲ ဖေဖေ မမျှိုရက်ပါဘူး။ သား တဝမ်းတခါးအတွက် ဖေဖေ ဝန်မလေးပါဘူး။ အေးအေးသာ စားပါ သားရယ်။ အပင်ပမ်း မခံချင်စမ်းပါနဲ့။

ဖေဖေက သားသားအစွမ်းကို မယုံလို့လား။ ရဲရဲသာ လောင်း စမ်းပါ။ ဆွဲမယ့်နေ့ကျတော့ သားရဲ့အစွမ်းကို အံ့သြလောက် အောင် ဖေဖေတွေ့ရမှာပါ။ နန္ဒိဝိသာလဟာ နှစ်ကောင်မရှိပါ ဘူး၊ တကောင်မှ တကောင်ထဲပါ။

ရှက်သစ်နှမျှားသည် မိုးကြိုလေနှင့်အတူ ကစားမြူးတူးနေ၏၊ မိုးငွေ့ကင်းစင်နေသည်ဖြစ်၍ ကောင်းကင်အပြာသည် ဖန်သား ထင်ကာ ကြည်လင်နေသည်။

မိုးကြိုလေနှင့်အတူ ပျံ့သင်းလာသော ပန်းရနံ့များကို ထုံ ရစ်ရင်း ပုဏ္ဏားသည် အရှေ့ပြင်သို့ ဖျပ်လပ်စွာ ထွက်ခွါ သွား၏။

သဌေးကြီး၊ သဌေးကြီး
ဘယ်သူများတုံးလဲဟဲ့
နန္ဒိဝိသာလသခင်ပါ
အလို...မျက်စိလည် လမ်းမှားပြီးများ ရောက်လာရောလား

အရှေ့ပြင်သဌေးကြီးသည် သူ၏ပေါင်းဟောင်းသင်းဟောင်း ဖြစ်သူ ပုဏ္ဏားကြီးအား ဖော်ရွေပျူငှာစွာပင် နေရာထိုင်ခင်း ပေး၍ နှုတ်ဆက်ဧည့်ခံလေသည်။ မလာစဖူး အလာထူးနေ၍ လည်း အံ့အားသင့်နေသည်။

ဘယ့်နှယ်လဲ ပုဏ္ဏားကြီးရဲ့ မလာစဖူး အလာထူးတော့ ကိစ္စ တခုခုတော့ ရှိတန်ကောင်းရဲ့နော်။

ကိစ္စတခုခုရှိတယ်လို့လဲ ဆိုနိုင်ပါရဲ့၊ ပီးတော့လဲ မရောက်တာကြာပီမို့ အလည်အပတ်ဆိုရင်လဲ မမှားပါဘူး။

သဌေးကြီးနှင့်ပုဏ္ဏားကြီးတို့သည် တွေ့တုန်း တွေ့ခိုက်၊ ကြုံတုန်းကြုံခိုက်၊ ထွေရာလေးပါး စကားများ ပြောကြ၊ ဆိုကြပြီးနောက် ပုဏ္ဏားကြီးက....

ဒီမယ်သဌေးကြီး၊ သဲ၊ ကျောက်စရစ် အပြည့်တင်ထားတဲ့ လှည်းတရာကို ဆွဲနိုင်တဲ့ နွားတွေ့ဘူးလား။

မဖြစ်နိုင်တာ ပုဏ္ဏားကြီးရာ။

တကယ်ပါ၊ တွေ့ဘူးလို့ပြောရတာပါ။

ယုံတမ်းစကားပဲဖြစ်မှာပေါ့ ပုဏ္ဏားကြီး။

ယုံတမ်းစကား မဟုတ်ပါဘူး၊ လက်တွေ့ပါ သဌေးကြီး။

ပုဏ္ဏားကြီးပြောလိုသာ ကြားရတယ်၊ ကျုပ် တသက်နဲ့ တကိုယ်၊ တွေ့လဲမတွေ့မိဘူး၊ ကြားလဲမကြားဖူးဘူး။

တကယ်လို့ရှိတယ်ဆိုရင်ရော။

ကြွေးလုံးပဲဖြစ်ရမယ်။

ဒါဖြစ်ရင် လောင်းမလား။

လောင်းတာပ ပုဏ္ဏားကြီး၊ သိပ်ကိုလောင်းတာပ ဒါမျိုးဆို ကျုပ်က သိပ်ဝါသနာပါတာ၊ တရာကြေး၊ နှစ်ရာကြေးမက တထောင်ကြေးမှ လောင်းချင်တာ။

သဌေးကြီး အမှန်လောင်းဝံ့ရဲ့လား။

ပြောပီးပါပကော၊ လောင်းဝံ့ပါတယ် ဆိုနေမှပဲ။

သဌေးကြီးနှင့် ပုဏ္ဏားကြီးတို့နှစ်ဦးသည် တထောင်ကြေး အလောင်းအစားပြုပြီးနောက် နန္ဒိဝိသာလဆွဲရမည့်နေရာ၊ နေ့ ရက်နှင့် ဝန်တို့ကိုသတ်မှတ်လိုက်ကြသည်။

ပုဏ္ဏားကြီး ပြန်သွားပြီးနောက် သဌေးကြီးမှာ ငွေတထောင် အချောင်ရမည့်အရေးကို တွေး၍ မြူးကြွနေသည်။ အလားတူ ပင် ပုဏ္ဏားကလည်း သဌေးကြီးထံမှ ငွေတထောင် အလွယ် ကလေးရမည့် အရေးကို တွေး၍ ဝမ်းသာနေသည်။ သူတို့ နှစ်ဦး သည် အတွေးကိုယ်စီဖြင့် ရင်ဝယ် လှုပ်ခတ်နေကြသည်။

* * *

ပုဏ္ဏားကြီး အိမ်ဝင်းဝသို့ ခြေချမိသည်နှင့် နန္ဒိဝိသာလ ပြေးလာပြီး ဦးခေါင်းဖြင့် ပွတ်သပ် ရွှေ့ရမ်း နှုတ်ဆက် လေသည်။

တယ်လိမ္မာတဲ့ သားကြီးပါလား။ ဒါ့ကြောင့် ဖေဖေက ချစ်တာ။

ပုဏ္ဏားကြီးသည် နန္ဒိဝိသာလ၏ ကျောကို ဖြည်းညှင်းစွာ ပွတ်လျက်....။

ဒီမယ် သားကြီး ဖေဖေတော့ သားစကားအရ လောင်းခဲ့ပြီ၊ ဆွဲမယ့်နေ့မှာ သားကြီး ကြိုးစားလိုက်စမ်း၊ ဟုတ်လား။

စိတ်ချသာနေပါ ဖေဖေ၊ ဒါထက် ဖေဖေ ဘယ်နေ့လို့ သတ်မှတ်ခဲ့သလဲ။

သန်ဘက်ခါ....

တရက်မှသည် နှစ်ရက်။ ထိုမှ သုံးရက်သို့အကူး နံနက် ခင်းသည် တောပန်းရနံ့များဖြင့် ထုံသင်းနေသည်။ ငှက်နှင်း မြူများ ဝေနေသဖြင့် တောတန်းပျိုသည် ရှန်းရှန်းစို၍ နေ၏။

ရှန်းရှန်းစိုသော တောတန်းနှင့်အတူ နန္ဒိဝိသာလမှာ အားသစ်၍ နေသည်။

သားကြီးရေ ဒီနေ့အဖို့ဟာ ဖေဖေရဲ့ကံကြမ္မာနဲ့ သားကြီးရဲ့ စွမ်းအားကို အဆုံးအဖြတ် ပေးမယ့်နေ့ပဲ။ ဒီတော့ ဖေဖေလဲ ကံကောင်းအောင် သားကြီးလဲ သိက္ခာတက်အောင် အစွမ်းကုန် ကြိုးစားလိုက်စမ်း၊ မဖြစ်နိုင်တာ၊ မကြားဘူးတာ၊ ကြွားလုံးပါ ဆိုတဲ့ အပြောတွေ ပျောက်သွားအောင် သားကြီးတာဝန်ပဲ။

စိတ်အေးအေး ထားစမ်းပါ ဖေဖေရယ်။ မကြားဘူးသေးတဲ့လူ၊ မမြင်ဘူးသေးတဲ့လူ၊ မတွေ့ဘူးသေးတဲ့ လူတွေ ကြားရ မြင်ရ တွေ့ရအောင် သားသား ပြလိုက်ပါ့မယ်။

ပုဏ္ဏားကြီးသည် သူ့သားကြီးအား မျက်တောင်မခတ် တဝကြီး ကြည့်လိုက်ပြီးနောက် ကျေနပ်နှစ်သိမ့်သော အပြုံးဖြင့် ကြိုင်လှိုင်သင်းပျံ့ အမွှေးနံ့သာရည်တို့ကို သုတ်လိမ်းပေး၏။ အနီရောင်ပြေးသော၊ အဝါရောင်ယှက်သော၊ အစိမ်းရောင် လွှမ်းသော၊ ကကြိုးတန်ဆာများကိုလည်း ထုံးဖွဲ့ပေး၏။ ကြားရသူနှလုံး ကြည်ပြုံးစေသော ချူများကိုလည်း ဆင်ပေး၏။ ထိပ်တည့်တည့်တွင်လည်း စိန်ကြယ်ပွင့်လို တဖိတ်ဖိတ်တောက်လျက် ရွှေဖြင့် အနားသတ်ထားသည့် မုန်ကူကွက်ကိုလည်း တပ်ပေး၏။

နန္ဒိဝိသာလ၏ သဘာဝအလှ။

ကကြိုးတန်ဆာတို့၏အလှ။

ထိုအလှ နှစ်ခုမှာ အလှချင်း ပြိုင်နေကြ၏။

လှည်းတရာမှာ သဲ၊ ကျောက်စရစ် အပြည့် တင်ပီးပီ ပုဏ္ဏားကြီး။ ဘယ်လိုလဲ ခင်ဗျား နန္ဒိဝိသာလ ဆွဲအုံးမှာလား။

အရှေ့ပြင် သဌေးကြီးသည် အချိန်ရောက်လာသည်နှင့် စကားစလာသည်။

နန္ဒိဝိသာလဟာ သဲ၊ ကျောက်စရစ်အပြည့်နဲ့ လှည်းတရာကို တကောင်တည်း ဆွဲမယ်တဲ့။

သည်သတင်းမှာ လေသယ်ရာ ရနံ့ပါသကဲ့သို့ တက္ကသိုလ်ပြည်အလုံး ပျံ့နှံ့ဖုံးလွှမ်းသွားတော့သည်။ တိုးတိုးတမျိုး၊ ကျယ်ကျယ်တဖုံ၊ မတိုးမကျယ်တသွယ်၊ ဝေဖန်ကြ၊ ပြောကြ၊ ဆိုကြသော အသံများမှာ အုံးအုံးကြွက်ကြွက် ရှိလှသည်။ ဖြစ်နိုင်သည်ဟု ပြောသူရှိသကဲ့သို့ မဖြစ်နိုင်ဟု ငြင်းချက်ထုတ်သူကလည်း ရှိသည်။

ထောင်ပေါင်း များစွာသော လူထုကြီးမှာ ပွဲမစမီပင် ပြိုင်ပွဲနေရာသို့ ရောက်နှင့် နေကြသည်။ တယောက်တခွန်း၊ သူတပေါက်၊ ငါတပေါက် ပြောကြ၊ ဆိုကြ၊ အော်ကြ၊ ဟစ်ကြသော အသံများ၊ သွားလာ လှုပ်ရှားသံများမှာ နားကွဲလုမတတ်ပင်။

အချိန်စေ့ပြီ ပုဏ္ဏားကြီး။ ကျုပ်တို့ရဲ့ လုပ်ငန်း စကြစို့လား၊ ဘယ်လိုလဲ ဝန်လေးနေပြီလား။

အရှေ့ပြင် သဋ္ဌေးကြီးသည် ပုဏ္ဏားကြီး မခံသာအောင် ရယ်သွမ်းသွေးလျက် ပြောလိုက်၏။

သဋ္ဌေးကြီး၏ မထိတထိ ရယ်သံမှာ ပုဏ္ဏားကြီး၏ ဦးနှောက်အလွှာလွှာ အထပ်ထပ်ကြားသို့ ပဲ့တင်ထပ်၍ ဝင်သွားကြ၏။ အသံကို ဆွဲကိုင်၍ ဖျစ်ညှစ်သလို ခံစားရ၏။ ပိုးကနဲ၊ ပက်ကနဲ ရင့်သီးစွာ ပြောလိုက်ချင်သည်။ သို့ပေမင့် နှုတ်မှမထွက်။ ထွက်လာသော ဒေါသကိုရင်တွင်း၌ပင် မျိုသိပ်ထားလိုက်သည်။

သဋ္ဌေးကြီး လုပ်ငန်းတခုလုံးရဲ့ ကောင်းကျိုး ဆိုးပြစ်ကို လုပ်ငန်းပြီးတဲ့အခါကြမှ ကဲ့ရဲ့စရာရှိရင် ကဲ့ရဲ့ပါ၊ ချီးပစရာ

ရှိရင်လဲ ချီးပပါ။ လုပ်ငန်းမပီးသေးခင်တော့ အဝေဖန်မခံပါနဲ့လို့ ပြောချင်ပါတယ်။

ပုဏ္ဏားကြီး ဤသို့ပြောပြီးနောက် သဲ့ ကျောက်စရစ်ခဲတို့ဖြင့် ပြည့်နေသော လှည်းတရာတွင် နန္ဒိဝိသာလကို ထမ်းပိုးတပ်ကာ ဆွဲစေ၏။ ပုဏ္ဏားကြီးကိုယ်တိုင်လည်း လှည်းဦးထိပ်တွင် ထိုင်ကာ နှင်တံကို ဝင့်လျက်....။

ဟဲ့.... ကောက်ကျစ်တဲ့နွား သွားပါတော့လား၊ ဟဲ့.... ကောက်ကျစ်တဲ့နွား ဒီဝန်ကို တဟုန်ထိုး ရုန်းပါတော့လား။ ဘာလို့ မဆွဲသေးတာလဲ။ ဒီနွားဆိုးဟာ ပေကပ်ကပ်နဲ့။ တောက်.... ငါရိုက်လိုက်ရ သေတော့မှာပဲ။

သည်သို့ ရုန့်ရင်းကြမ်းတမ်းသော စကားများကို ပုဏ္ဏားကြီး ပြောလိုက်သည်နှင့် နန္ဒိဝိသာလ၏ ရင်မှာတဖျတ်ဖျတ်လှုပ်လာသည်။ ပူလောင်လာသည်။ တမြေ့မြေ့ ဆွေးလာသည်။

ငါ မကောက်ကျစ်ပါပဲလျက် ငါ့အရှင်က ငါ့ကို ကောက်ကျစ်တယ်လို့ ဆိုရက်တယ်။ ငါချစ်မြတ်နိုးတဲ့ ငါ့ကျေးဇူးရှင်အပေါ်မှာ ဘာတွေများ ငါကောက်ကျစ်ခဲ့လို့လဲ။ အဖေအရင်းလို သဘောပိုက်ခဲ့တဲ့ ငါ့ကို ခုလို ပြောရက်တာ ငါ့အသည်းနှလုံးကို နင်းချေ ဆွဲဖွဲ့သလို မချိအောင် ခံစားရတယ်။

နန္ဒိဝိသာလသည် သည်သို့တွေးကာ လှည်းကိုမဆွဲပဲ တင်းတင်း ကြံ့ကြံ့ရပ်၍နေ၏။

ပုဏ္ဏားကြီးရှုံးပီ။

ဝန်ဆွဲပွဲသို့ လာရောက်ကြည့်ရှုကြသည် ထောင်ပေါင်းများစွာသော လူထု၏ တခဲနက် အော်သံမှာ ကောင်းကင်သို့တိုင် လျှံထွက်သွားသည်။

အစက ငါမပြောဘူးလား၊ မဟုတ်တာ လုပ်ကြံပြီး ပုဏ္ဏားကြီး လုပ်တာပါလို့။ ဝန်အပြည့်နဲ့လှည်းတရာ တကောင်တည်းဆွဲမယ်ဆိုတာ ပုံပြင်သာဖြစ်မှာပေါ့။ စောစောကတည်းကယုံလို့တော့ မဟုတ်ဘူး။

အမျိုးမျိုးသော ဝေဖန်သံများ ရှုတ်ချသံများ ပြစ်တင်သံများမှာ အုတ်အုတ်သောသော ရှိလှသည်။

သဒ္ဒေးလက်ဝကွက်၍ အသပြာတထောင် အံပ်လိုက်ရသော ပုဏ္ဏားကြီး၏အသည်းဆိုင်မှာ ပြောင်းပြန်လန်၍ လှုပ်ခါလျက်ရှိ၏။

ငါ့ ငွေတထောင်တော့ သွားပြီ။ နန္ဒိဝိသာလ ပြောလို့သာ လောင်းလိုက်ရတယ်။ သူ့စကား မယုံရင် အကောင်းသား၊ ခုတော့ အရှုက်လဲကွဲ ငါ့မှာလဲမွဲရပြီ။ အသာကလေးဆွဲနိုင်တယ်ဆိုတဲ့ နန္ဒိဝိသာလ ဘယ်လိုများလုပ်ပါလိမ့်။

မျက်နှာ မသာမယာ စိတ်အိုက်စွာဖြင့် ပုဏ္ဏားကြီးသည် အိပ်ရာထက်ဝယ် နှမ်းချိ မှောဟိုက်လျက် ပစ်လှဲလိုက်၏။ မခံမရပ်နိုင်လည်း ဖြစ်နေသည်။ ဦးနှောက်ထဲတွင် အတွေးပေါင်းစုံဝင်ကာ စိတ်ရှုတ်ထွေးလျက် အံကိုကြိတ်၏။ ကျစ်ကျစ်ပါအောင် လက်သီးကိုဆုပ်၏။ ပြီးနောက် လှဲအိပ်နေရာမှ ထထိုင်သည်။ တဖန် ပစ်လှဲလိုက်ပြန်သည်။ ဂဏှာမငြိမ်။

ပုဏ္ဏား၏ မချိတင်ကဲ လှိုက်လှိုက်ဖြစ်နေသည်ကို နန္ဒိဝိသာလ မြင်၏။

ငါကယ်မှ ဖြစ်တော့မယ်၊ ငါသာမကယ်ရင် ငါ့ကျေးဇူးရှင် ပုဏ္ဏားတော့ အသက်ဆုံးရလိမ့်မယ်။

နန္ဒိဝိသာလ သည်သို့တွေးကာ ပုဏ္ဏားအနီးသို့ တိုးကပ်သွားသည်။

လောင်းကြေးတထောင် ရှုံးလို့စိတ်ညစ်နေသလား ဖေဖေ၊
ပုဏ္ဏားသည် ရုတ်တရက်မဖြေ။ အတန်ကြာမှ....။
ဟုတ်တယ်
ခပ်ပြတ်ပြတ်ပင် ဖြေသည်။

အသပြာတထောင် ရှုံးတာ ဘယ်မှာ ဖေဖေစိတ်ချမ်းသာနိုင်မလဲ။ ဖေဖေကို ပြောတုံးကတော့ ဟုတ်တိ ပတ်တိနဲ့ တကယ့်လက်တွေ့ကြတော့ တက်တက်စင်အောင်ကို မှောက်တာပဲ၊ သားစဉ်းစားလေ၊ ဖေဖေ့မှာ ဒီငွေလေးရှိတာ ခု ဒီငွေ့ကို သဒ္ဓေးလက် အပ်လိုက်ရတော့ ရှေ့အဖို့ ဖေဖေ ဘာလုပ်ရမလဲ။

သား ပြောပါရစေအုံး ဖေဖေ။

ဖေဖေအိမ်မှာ သားနေလာတာကြာပြီပဲ သားကြောင့်အိုးတလုံးကွဲဘူးသလား၊ ခြံဝင်းတံခါး ကျိုးဘူးသလား၊ ကုန်ကုန်ပြောမယ် ဖေဖေ။ သားကြောင့် ဖေဖေ့အိမ်မှာ ဘာများပျက်စီးဘူးသလဲ။ ယုတ်စွအဆုံး ကျင်ကြီး ကျင်ငယ်တောင်မှ သတ်မှတ်ထားတဲ့ နေရာကလွဲလို့ စွန့်ဘူးသလား။

သားသားကြီး မလုပ်ဘူးပါဘူး။ အပြစ်ကင်းပါတယ်။

သားသားကြီးမှာ၊ အပြစ်ကင်းရဲ့သားနဲ့ ဘာလို့ ဖေဖေက ကောက်ကျစ်တဲ့ နွားလို့ပြောရသလဲ။ သားသားဟာ မကောက်ကျစ် မစဉ်းလဲပဲနဲ့ ကောက်ကျစ်တယ်လို့ ဆိုတော့ သားသားစိတ်ထိခိုက်ရတာပေါ့။ အဲဒါဟာ ဖေဖေ့အပြစ်၊ သားသားအပြစ်မဟုတ်ဘူး။ ဖေဖေ စိတ်ဆင်းရဲတာ သားသား မကြည့်

ရက်နိုင်ဘူး။ ဒီတော့ရင် ခုတခါသွားပြီး နှစ်ထောင်ကြေး ထပ်လောင်းခဲ့။

နန္ဒိဝိသာလ၏ စကားအဆုံး၌ ပုဏ္ဏားကြီးသည် သူ့အမှားကို သူမြင်ယောင်လာ၏။ နောင်တရလာ၏။ သူ့အမှားကို သူမြင်ပြီးနောက် ပုဏ္ဏားကြီး၏ မျက်နှာမှာ တိမ်စင်လပမာ ဝင်းထိန်လာ၏။

တကယ်နော်သား

စိတ်မပူပါနဲ့ ဖေဖေ

ပုဏ္ဏားကြီးသည် နန္ဒိဝိသာလနှင့် စကားဆိုပြီး နောက် သဌေးကြီးအိမ်သို့ တဖန်ရောက်လာပြန်၏။

ဘယ်လိုလဲ ပုဏ္ဏားကြီး ငွေထပ်ပေးအုံးမလို့လား။

ငွေထပ်ပေးဖို့ဆိုရမယ့်အစား သဌေးဆီက ငွေနှစ်ထောင် ယူဖို့လာတာပဲ။

ဘာ.... ဘာပြောလိုက်တယ်။

ဩော်.... သဌေးဆီက ငွေနှစ်ထောင်ယူမလို့လာတာပါလို့ ပြောမလို့ပါ။

မမှတ်သေးဘူးလား ပုဏ္ဏားကြီး။

ဒီတခါတော့ တကယ်ပါ

သဌေးကြီးသည် ပုဏ္ဏားအား စူးစူးစိုက်စိုက်ကြည့်လျက် ရူးများနေသလား၊ စိတ်မှကောင်းသေးရဲ့လား....ဟု ပြောချလိုက်၏။

ကျုပ်မရူးပါဘူး။ နှစ်ထောင်ကြေးသာ လောင်းပါ။

သဌေးကြီးသည် ကိုယ်သိမ့်သိမ့်ခါမျှ ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်၏။ ပြီးမှ....။

ကျိန်းသေတယ်နော်၊

ကျိန်းသေပါတယ် သခင်။

ရွှေရောင်ဆမ်းသော နံနက်ခင်း နေခြည်က ပုဏ္ဏားကြီး အား လှုပ်နှိုးလိုက်၏။

ပုဏ္ဏားကြီး နိုးလာသောအခါ အချိန်မှာ ဆွမ်းခံ ဝင်ချိန်ပင် ရှိချေပြီ။ ပုဏ္ဏားကြီးသည် အိပ်ရာထက်မှ လူးလဲထ၍ ငုငုကြီး ထိုင်လျက် အပြင်သို့ ငေးစိုက်ကြည့်လိုက်၏။ အပြင်တွင် အုန်းပင် ပျိုများမှာ ယိမ်းထိုးနေကြသည်။

တခါရှုံးဘူးသဖြင့် ပုဏ္ဏားကြီးမှာ စိုးရွံ့နေသည်။ ရင်မှာ လည်း ပူလာသည်။ လည်ချောင်းလည်း ခြောက်သွေ့လာ၏။ ခြောက်သွေ့ပူလာပြီဖြစ်သော ပုဏ္ဏားကြီး၏ ပါးစပ် နှုတ်ခမ်း များက တစုံတခုကို တောင်းဆိုလာသည်။

ဖေချစ်သားကြီး ဒီတချီတော့ ဝမ်းသာပါရစေကွယ်။ ဖေဖေ ဝမ်းလဲသာချင်လှပါပြီ။

ဖေဖေ့ကို သားသား တခုပြောချင်တယ်။ မှန်သောစကား ကိုသာ ဆိုပါ။ ရုန်ရင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းကို ရှောင် ပါ။ ချိုသာအေးမြတဲ့ စကားကိုသာ ပြောပါ။ သားကြီး ပြောတဲ့အတိုင်းသာ လိုက်နာပါ။ ဖေဖေနိုင်ရမှာ မုချပါ ဖေဖေ။

ဖေဖေလဲ ဆင်ခြင်ပါ့မယ် ပြင်ပါ့မယ်သား

ပုဏ္ဏားကြီးနှင့် နန္ဒိဝိသာလတို့ အချီအချပြောပြီး ခနအကြာ တွင် အရှေ့ပြင်သခင်ကြီး ရောက်လာသည်။

စိမ်းသောသစ်ပင်များသည် မြရွက်တို့ဖြင့် မြူးကနေကြ၏။ သစ်ရိပ် ပြောက်ကြားထဲမှ နေဝန်းနီနီသည် ဝန်ဆွဲကွင်းသို့ ခပြုံးဝင်လာနေသည်။

ဒီတခါ ဝန်ဆွဲကွင်းက တယ်သာယာပါလား ပုဏ္ဏားကြီး။

အထူးစီမံထားတာကို သဒ္ဒေးကြီး။

ထိုအချိန်တွင် တက္ကသိုလ်ပြည်သူ လူထုသာမက ဂန္ဓာရတိုင်း ကပါစုရုံး ရောက်ရှိလာကြသည်။ လူထုကြီးမှာ တိုးမပေါက် လောက်အောင်ပင် များပြားလှသည်။

တခါသေဘူး၊ ပျဉ်ဖိုးနားမလည်တဲ့ ပုဏ္ဏားကြီးပဲ။ ဒီတချီ သာဆိုယင်တော့ နှလုံထူတော့မှာမဟုတ်ဘူး၊ ပြောသူက ပြော သလို အတိတ်ကကိစ္စကို ပစ္စုပ္ပန် ယူမလာဖို့ ဆိုသူက ဆိုသည်။ တခါ ရှုံးသည်နှင့် နောက်တချီ ရှုံးရမည်လား ဝေဖန်သူက ဝေဖန်သည်။ ဝန်ဆွဲပွဲ ကြည့်လာသူတို့ ပြောကြ၊ ဆိုကြ၊ ဝေဖန်ကြသည်ကို ပုဏ္ဏားကြီး ဂရုမစိုက်နိုင်၊ အလေးမသား နိုင်။ လှည်းတရာပြည့်အောင် သဲနှင့် ကျောက်စရစ်တို့ကိုသာ တွင်တွင်ကြီး တင်ခိုင်းနေသည်။

ပုဏ္ဏားကြီး နေပူလာပြီ။ ခပ်သွက်သွက်ကလေး လုပ်လေ။ ငွေနှစ်ထောင်လဲ အသင့်ဆောင်ထားနော်။

သစ်ပင်ရိပ် ကောင်းပါတယ် သဒ္ဒေး မပူပါနဲ့။ ကျုပ်ကို သာ ငွေအသင့် ဆောင်ခိုင်းတယ်။ သဒ္ဒေးလဲ ငွေအသင့် ရှိစေနော်။

စိတ်ချ၊ စိတ်ချ၊ အသင့်ပါပဲ။ ဟောဒီမှာတွေလား

သဒ္ဒေးသည် သူ့ငွေအိတ်ကို ကိုင်မြှောက်၍ပြ၏။

အချိန်အနည်းငယ် အတွင်းမှာပင်....။

ကဲ....စကြစို့။

သဒ္ဒေးက အသံပေးလိုက်သည်ဆိုလျှင် ဝန်ဆွဲပွဲလာ လူထုကြီးမှာ လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ လေအရှူးတွင် ဘယ်ယိမ်း၊ ညာကူး၊ လူးနေသည့်အပင်များနှယ် မငြိမ်မသက် ရှိလှသည်။

အသင့် ဖြစ်ပီလား ပုဏ္ဏားကြီး

အသင့်ပဲ သဒ္ဒေး။

ပုဏ္ဏားကြီးသည် သံ့ ကျောက်စရစ် တင်ပြီးသော လှည်းတရာတွင် နန္ဒိဝိသာလကို ဆွဲယူလာပြီး တပ်လိုက်၏။ ပြီးနောက် နန္ဒိဝိသာလ၏ ကျောက်ကုန်းထက်ဝယ် ရွရွကလေးသပ်၍၊

ဖေ့သား ဖေချစ်တဲ့သား၊ ဝန်ကိုဆွဲလေ

သစ္စာရှိသော သား၊ ကျေးဇူးသိတတ်သောသား ရုန်းလေ။

အလိုက်သိတတ်တဲ့သား၊ ဖေဖေ့ အငြိုအငြင်ကို မခံရက်တဲ့သား သွားပါလေ။

ပုဏ္ဏားသည် အညင်သာဆုံး၊ အချိုသာဆုံး၊ နှစ်လိုဖွယ်အကောင်းဆုံးသော စကားတို့ဖြင့် သူ့နှုတ်ဝယ် ကိုးသီကာ နန္ဒိဝိသာလအား အသံပြုလိုက်သည်ဆိုလျှင် နန္ဒိဝိသာလမှာ အပင်၊ အပန်း၊ အခက်၊ အခဲမရှိ တဟုန်ထိုး ဆွဲဆောင်သွားလေတော့သည်။ လေ၏ လျင်မြန်ခြင်းကဲ့သို့ပင် ဖြစ်၏။

သည်တခါတွင် ပွဲကြည့်လူထုအဖို့ ရင်သပ်ရှုမော တအံ့တသြ ဖြစ်နေ၏။ ပုဆိုး မြှောက်သူက မြှောက်၏။ ဦးထုပ်ကိုချွတ်၍ ကောင်းကင်ထက်သို့ ပစ်သူက ပစ်၏။ အင်္ကျီချွတ်၍ ဝှေ့ရမ်းသူက ရမ်း၏။ လက်ခုတ်သံမှာ တဖြောင်းဖြောင်း၊ ကောင်းချီးသံမှာ မစဲ တသဲသဲ။

ခုလိုအဖြစ်မျိုး တသက်မှာ တခါသာ ကြုံဘူး၊ မြင်ဘူး၊ တွေ့ဘူးတော့တယ်။ ဒို့ ဟိုတုန်းက ပြောခဲ့တဲ့ ယုံတမ်းလား၊ ပုံပြင်လား ဆိုတာဟာ လွဲပီပေါ့။ လွဲတာမှ တက်တက်စင်ကို လွဲတာပဲ။ နန္ဒိဝိသာလလို နွားမျိုး ရှာမှရှားသပေါ့၊ တကယ့်ကို အားကြီးတဲ့ နွားပဲ။

လူထုကြီးသည် အုံးအုံးခြိမ့်မျှ ပြောလျက် နန္ဒိဝိသာလအနီးသို့ တိုးကပ်လာ၏။ ပွတ်သူက ပွတ်၏။ သပ်သူက သပ်၏။ ပြီးနောက် ဝမ်းသာအယ်လဲဝိုင်း၍ချီးပကြ၏။ တပုံတပင်၊ တထုပ်တပိုးကြီးပင် လူထုကြီးထံမှ ဆုလပ်များ နန္ဒိဝိသာလ ရလိုက်၏။

ရယ်သွမ်း သွေးခဲ့သော၊ ပုဏ္ဏားကြီးထံမှ အပိုင်တွက်ထားသော၊ သဌေးကြီး၏ မျက်နှာမှာ တိမ်ဖုံး လပမာ အုံ့မှိုင်းညှိုးလျော်လျက် အသပြာနှစ်ထောင်ကို ပုဏ္ဏားကြီးလက် ဝကွက်၍ ပေးအပ်ရချေပြီ။

နန္ဒိဝိသာလကမူ ရွှန်းစိုလဲ့ဝင်းသော မျက်လုံးတို့ဖြင့် သဌေးကြီးအား မျက်တောင်မခတ်ကြည့်လျက် ကျုပ်အစွမ်းကို သိပြီလား ဟူသော သဘောဖြင့် သရော် သယောင်ယောင်။

လူထုကြီးနှင့် သဌေးကြီးအား ပုဏ္ဏားကြီးက ဝင့်ကြွားသော အပြုံးဖြင့် လက်ဝှေ့ရမ်းလျက် နှုတ်ဆက်နေ၏။

ပြာလဲ့သော ကောင်းကင်သည် ပုဏ္ဏားနှင့် နန္ဒိဝိသာလတို့ နှစ်ဦးအား ငုံ့ကြည့်နေသည်။ ဖြူဖွေး အိညက်သော တိမ်လိပ်တို့သည် တအိအိဖြင့် ရွေ့ရှားနေကြသည်။ စိမ်းသော သစ်ရိပ် ပြောက်ကျားထဲက လေသည် ပုဏ္ဏားနှင့် နန္ဒိဝိသာလတို့၏ရင်ကို အေးမြ နေပေသည်။

**နိုင်ပြည်သူ**

# ဧဝတနှာဟူသည်

ဟိမဝန္တာ၏ ဂင်္ဂါမြစ်ကမ်းစပ်သည် တိတ်ဆိတ်လှ၏။ ချမ်းမြိမ်းသော ရေစီးသံမှအပ အခြားသော အသံများကို မကြားရပေ။ မြမြစိမ်းသော တောအုပ်ပေါ်မှ ဖြတ်ကျော် တိုက်ခတ်လာသော လေညှင်းသည် မြစ်ကမ်းပါးရှိ အုန်းလက်များကို သိမ်မွေ့စွာ လှုပ်ရှားစေသည်။ ငွေရည်များသည် အုန်းလက်ကြားမှ ယိုစိမ့်၍ မြစ်ကမ်းပါးရှိ သဲပြင်တွင် ငွေခြည်မျှင် ရက်ဖောက်ထားသလို တလက်လက် တောက်ပ၍ နေသည်။

ညွတ်ပျောင်းစွာ တိုက်ခတ်နေသော လေညှင်းကို ရှူရှိုက်ရင်း ဆင်ရှစ်သောင်းကို အုပ်ချုပ်ကာ ဆင်မင်းသည် မြစ်ကမ်း

ပါးသို့ ရေသောက်ရန် တပ်ချီ၍ လာလေပြီ။ တော၏ အလှ၊ မြစ်၏ချစ်စရာမြင်ခင်းသည် ဆင်မင်းအား ညှို့လိုက်သလို ခေတ္တမျှ ငြိမ်သက်မှိန်းမော၍ သွားလေသည်။

ဆင်မင်းဦးတည်၍လာရာလမ်း၌ အသိုက်ပြုနေသော နှံစုတ်ငှက်မသည် မိမိ၏သားငယ်တို့ကို ဆင်မင်းနင်းသတ်မည်စိုးသဖြင့် သဲဖိုလှိုက်ကာ ဆောက်တည်ရာမရ ဖြစ်နေ၏။ ပူလောင်သော နှလုံးသားဖြင့် ဟိုမှသည်မှ ဝဲကာ၊ ပျံကာရှိသည်။ ဘာလုပ်ရမည် မသိ။ နှံစုတ်ငှက်မ၏ ရင်တွင်းသို့ ဂင်္ဂါမြစ်ကမ်းပါး၏ အလှအပ သည် မတိုးဝှေ့နိုင်။ ငွေရောင်လှိုင်းတို့ကလည်း မထိုးဖောက်နိုင်။ နှံစုတ်ငှက်မ၏ နှလုံးသားဝယ် မောဟိုက် နွမ်းလျလျက်ရှိသည်။

အင်း ငါဒီလိုနေလို့တော့ မဖြစ်ချေဘူး။ ဆင်မင်းကိုတော့ ခယညွတ်တွား အသနားခံမှပဲ။ သို့မှ သည်းပွတ်တမျှ ချစ်လှစွာ သော ငါ့သားသမီးများရဲ့ အသက်ချမ်းသာရာရပေမည်။

နှံစုတ်ငှက်မသည် ဤသို့တွေးတောမိသည်နှင့် ဆင်မင်းအလာ ကို လမ်းမှဆီးကြို၍ စောင့်မျှော်နေလေသည်။

ဆင်မင်းသည် ရှစ်သောင်းသော ဆင်များခြံရံလျက် မြစ် ကမ်းပါးသို့ လာလျက်ရှိ၏။ နှံစုတ်ငှက်မ၏အသိုက်နားအရောက် တွင် နှံစုတ်ငှက်မသည် ပျားရည်ဆမ်းသော မျက်နှာဖြင့် ဆင် မင်းအား–

"အဆွေကို တွေ့လိုတဲ့ဆန္ဒ ပြင်းပြနေလို့ ကျွန်မ ဒီနေရာက လာစောင့်နေပါတယ်"

"ဘယ်လိုအကြောင်းထူးများရှိလို့ဘာလဲ နှံစုတ်ငှက်မ"

"ဒီလိုပါ အဆွေဆင်မင်း၊အတောင်အလက်မစုံသေး၍ မပျံ သန်းနိုင်သေးတဲ့ ကျွန်မရဲ့သားငယ် သမီးငယ်များ နေထိုင်ရာ



အသိုက်အအုံဟာ အဆွေသွားမယ့် လမ်းကြောင်းနဲ့ မလွတ်မကင်း ဖြစ်နေပါတယ်၊ အဲဒီအသိုက်ကို ညှာတာသနားသဖြင့် နှင်းချေခြင်းမပြုပဲ စောင့်ရှောက်ပေးပါမယ့်အကြောင်း အဆွေအား တောင်းပန်လို၍ ဖြစ်ပါတယ်"

"ကောင်းပြီ အဆွေနှံစုတ်ငှက်မ။ စိတ်ချမ်းသာစွာပင် နေလေတော့။ ငါနဲ့တကွ နောက်လိုက် ရှစ်သောင်းသော ဆင်အပေါင်းတို့ရဲ့ ဘေးရန်က မှူမျှမသန်းရအောင် ငါတာဝန်ယူတယ်"

ဆင်မင်း၏စကားကို ကြားရသော နှံစုတ်ငှက်မသည် ဝမ်းအသာကြီးသာ၍ မှူးခြင်းမကမှူးကြွလျက်ရှိ၏။ ရင်တွင်းဝယ် ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်းဖြင့် ပြည့်သိပ်လျက်ရှိလေသည်။

ဆင်မင်းသည် မေတ္တာတရားကို ရင်တွင်းဝယ်ပိုက်ထွေးကာ ကြင်နာသနားသော စိတ်ဖြင့် အသိုက်ထက်၌ ခွ၍ရပ်ကာ ရှစ်သောင်းသော ဆင်အပေါင်းတို့၏ အန္တရာယ်မှ ကာကွယ်ပေးလေသည်။ ဆင်မင်း၏ ကာကွယ်ပေးမှုဖြင့် နှံစုတ်ငှက်မ၏အသိုက်သည် ဘေးရန်မသန်း လုံခြုံခဲ့ပေသည်။

"အဆွေ နှံစုတ်ငှက်မ၊ ငါကာကွယ် ထိန်းသိမ်းပေးမှုဖြင့် သင်ရဲ့ အသိုက်ဟာ လုံခြုံခဲ့ပြီ။ သို့သော် ငါတို့ရဲ့ နောက်မှ တစီးသောဆင် လာလိမ့်မယ်။ ဒီဆင်ကား ငါရဲ့စကားကို နားမထောင်၊ ရက်စက် ကြမ်းကြုတ်လှတယ်။ မေတ္တာတရားကင်းပတဲ့ ဒီဆင်လာတဲ့အခါ တောင်းပန်လေဦးဟူ၍ ဆင်မင်းသည် မှာကြားကာ ဂင်္ဂါမြစ်ကမ်းပါးသို့ ရှေ့ရှု ထွက်ခွါသွားလေ၏။

မြစ်ရေသည် တည်ငြိမ်စွာပင် စီးဆင်းလျက်ရှိ၏။ မြစ်ကမ်းပါးရှိ ဖြူဖြူလွလွ သံမှုန်တို့နှင့် ရေလှိုင်းကလေးများ ထိတွေ့လိုက်သောအခါ စိန်ကြယ်ပွင့်လေးများလို ဝင်းလက်၍ တောက်ပသွားသည်။ လေနုအေးသည် စိမ်းမြသော တောအုပ်ကို ဖြတ်ကျော်၍ နွဲ့နှောင်းစွာ တိုက်ခတ်လျက်ရှိ၏။ လေအနေ့တွင် နှံစုတ်ငှက်မသည် ဆော့လျက်ရှိသည်။

ခပ်လှမ်းလှမ်းဆီမှ မထင်မရှား သဏ္ဍာန်တခုသည် လာလျက်ရှိ၏။ သဘာဝတေးဂီတအလယ် နူးညွတ်ပျော်ပါးလျက် ရှိနေသော နှံစုတ်ငှက်မသည် ဘာများပါလိမ့်ဟူသော အတွေးဖြင့် ငုံ့မျှော်ကြည့်မိသည်။ဝိုးတဝါးတွေ့ မြင်ရချေပြီ ဆင်မင်း သတိပေးပြောဆိုသွားသော ကြောက်ခဲလို မာကျောသည့် နှလုံးသားပိုင်ရှင် ဆင်ယုတ်မာတစီး ဖြစ်လေတော့သည်။

မေတ္တာတရားဆိတ်သုဉ်း၍ ဆိုးညစ်သောဆင်သည် နှံစုတ်ငှက်မ၏ အသိုက်နားသို့ ချဉ်းကပ်လာချေပြီ။ ရိုညွတ်စွာတောင်းပန်ရုံမှတပါး ဘာတတ်နိုင်အံ့နည်း။

နှံစုတ်ငှက်မသည် အနှိမ့်ချဆုံးသောအသံဖြင့် အသိုက်ထဲရှိသူ၏ သားသမီးငယ်များကိုနင်းချေ၍ မသွားပါမည့်အကြောင်း ညွတ်တွားကာ အသနားခံ၏။ မျက်လုံးအိမ်ထဲမှ မျက်ရည်စများ ကျလာသည်အထိ တောင်းပန်သည်။

နှံစုတ်ငှက်မ၏ ခယသံ အသနားခံသံ၊ ညွတ်တွားသံတို့သည် ဆင်ယုတ်မာ၏ နားထဲသို့ တိုးမပေါက်ချေ။ ဆင်ယုတ်မာသည် ရက်စက်စွာပင် "ဟယ်....မလောက်လေးမလောက်စား ငှက်မသင့်သားတို့ကို ငါယခုပင် သတ်အံ့၊ သင်ကဲ့သို့ အားနည်းသော

ငှက်မသည် ငါကဲ့သို့အားကြီးသောဆင်ကို အသို့ပြုနိုင်အံ့နည်း။ သင်လိုငှက်မျိုး တသိန်းမျှသော်လည်း ငါ၏ခြေတဖက်ဖြင့် မှုန်မှုန်ညက်ညက်ကြေစေနိုင်၏”ဟု ကြုံးဝါး၍ ငှက်တို့ကို နင်းချေကာ ကျင်ငယ်ရည်ဖြင့် မျောစေပြီးလျှင် ရယ်သွမ်းသွေး၍ ထွက်ခွါသွားလေတော့သည်။

ဆင်ယုတ်မာ၏ ရက်စက်မှုသည် နှံစုတ်ငှက်မ၏နှလုံးသားကို ရေခဲလိုအေးစေ၍ အသဲကို ဖျစ်ညှစ် ဆုတ်ဖွဲ့သလိုပင်ဖြစ်၏။ ရက်စက်သည်၊ ယုတ်မာသည်၊ မေတ္တာတရားခေါင်းပါးသည် ဟူ၍ အော်မြည်ရုံမှတပါး နှံစုတ်ငှက်မသည် ဘာမှမတတ်နိုင်။

မောဟိုက် နွမ်းလျစွာ ငှက်မသည် ငေးမျှော်လျက် ရှိသည်။ သစ်ရွက်စိမ်းများသည် လေထဲတွင် ယိမ်းနွဲ့သည်မှတပါး အခြားဘာကိုမျှ မမြင်ရ။ မျက်လုံးတွင် မှောင်အတိ ကျလျက် ရှိ၏။

ခွန်အားထက် ဉာဏ်အားကြီးသော အဖြစ်ကို ဆင်ယုတ်မာ မသိလေသလော။ နှစ်ရက်၊ သုံးရက်အတွင်း အသင်ဆင်ယုတ်မာ သိစေအံ့။ နှံစုတ်ငှက်သည် အတွေးပေါက်ပြီးလျှင် ကျီး၊ ယင်မမဲ့ရိုင်းနှင့် ဖားတို့ထံ သွား၍ အဆွေခင်ပွန်း ဖွဲ့လေသည်။

“ကောင်းပြီ အဆွေနှံစုတ်ငှက်မ၊ ယခု ငါတို့လေးဦးဟာ ဒီနေ့ ဒီရက်၊ ဒီအချိန်က စပြီး ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ခဲ့ကြပြီး ညီညွတ် စည်းလုံးတဲ့ အင်အားစု တရပ်အဖြစ် ခိုင်ကျည်စွာပင် တည်ဆောက်ခဲ့ကြပြီ မဟုတ်လော။ ညီညွတ်စည်းလုံးမှုဟာ တောင့်တင်း သန်မာတဲ့ အင်အားစုတရပ်ပဲ မဟုတ်လား။ ဒီတော့ ဒို့ထက် အဆပေါင်းများစွာ ကြီးမားတဲ့ ဆင်ဆိုးရဲ့ရန်ကို ရှုံကြောက်ဖို့မလို။ ညီညွတ်မှု လက်နက်နဲ့ ဖြိုခွင်း

ရပေမယ်။ သို့သော် ဘယ်ပုံ ဘယ်နည်း ဖြို့ခွင်း ချေမှုန်း ရမယ် ဆိုတာ တင်ကြိုပြီး ပိုင်ပိုင်နိုင်နိုင် အကွက်ချကာ စီမံထားရရင် မကောင်းပေဘူးလား”ဟု ကျီးက အကြံပေး အဆိုပြုလေသည်။

အခြားသော မဟာမိတ်များဖြစ်ကြသည့် ယင်းမမဲရိုင်းနှင့် ဖားတို့သည် ကျီး၏ အဆိုကို နှစ်ခြိုက် သဘောကြကာ မိမိတို့ ထမ်းဆောင်ရမည့် တာဝန် အသီးသီးကို ခွဲဝေတော့၏။

ပြာလဲ့ကြည်လင်သော ရေလှိုင်းကလေးများသည် တလိမ့်လိမ့် လူး၍ ကမ်းပါးနှင့် ထိတွေ့သောအခါ လှိုင်း၏ ဦးထိပ်ဖျားသည် ဆွတ်ဆွတ်ဖြူ၍ ငွေကြယ်ပွင့်လို ဝင်းပသွား၏။ သောသောညံ၍ မြူးနေသော ရေလှိုင်း ခေါင်းဖြူကလေးများကို ဆင်ယုတ်မာ သည် မျက်တောင်မခတ် ရှုကြည့်လျက် ရှိသည်။ ဆင်ယုတ်မာ သည် ဂင်္ဂါမြစ်၏ မြင်းခင်းကို နှစ်ခြိုက်၍ ရှင်ပျနေဟန် ရှိ၏။

ထိုစဉ်တွင် ကျီးသည် ဆင်ယုတ်၏ ဦးကင်းထက်၌ ရပ်နား၍ မျက်စိနှစ်ဖက်ထိုကို နှုတ်သီးဖြင့် ထိုးဖောက်လေ၏။ ဆင်ယုတ် သည် ကျီး၏ ရုပ်ခြည်း ပြုမှုချက်ကို ကာကွယ်ရန် အချိန်မမီ လိုက်ချေ။ နာကျည်းလှသဖြင့် တအားကုန်ဟစ်၍ အော်မြည်ကာ ဦးတည့်ရာသို့ လှည့်သွားလေတော့သည်။

ပျက်ပြီးသော ဆင်ယုတ်၏ မျက်စိတွင်းသို့ ယင်မမဲရိုင်းသည် ဥများချ၍ ပိုးလောက်များကို ပေါက်ပွားစေပြန်၏။ ဆင်ယုတ် သည် မျက်စိပျက်သည့်အပြင် ပြင်းထန်သော ဝေဒနာရောက် လျှင် ရေငတ်လှသည်နှင့် ရေရှာ လှည့်လည်သည်တွင် နှံစုတ် ငှက်မ၏ မဟာမိတ် တဦးဖြစ်သူ ဖားကတောင်ထိပ်မှနေ၍ အသံ ပြုတော့၏။

ဆင်ယုတ်သည် ရေရှိအံ့ဟု တောင်ထိပ်သို့ တက်၏။ တောင်ထိပ်သို့ ဆင်ယုတ်ရောက်ရှိပြန်သော် ဖားသည် တောင်ကမ်းပါးမှနေ၍ အသံပေးပြန်၏။ ဆင်ယုတ်သည် ဖားသံဆီသို့ မှန်းဆ၍ လာခဲ့ရာ တောင်ကမ်းပါးပြတ်သို့ လျှောကျ၍ သေလေ၏။

ပတ်ဝန်းကျင်သည် မှုန်မှေးလျက် ရှိသည်။ နှင်းဖတ်များသည် တောင်ထွတ်ပေါ်တွင် ပြိုးပြိုးပြက်လျက် ရှိ၏။ နှံစုတ်ငှက်မသည် နှင်းနတ်မယ်၏ ဝတ်ရုံလွှာ တောင်ထွတ်ပေါ် ဝယ် ဝမ်းသာခြင်းဖြင့် မြူးကြွလျက် ရှိလေတော့၏။

# နိုင်ပြည်သူ

## သားလိမ္မာ

ကာသိကရာဇ်တိုင်းသည် လှ၏၊ ပ၏၊ ရှုမောဖွယ်ရာ အတိဖြစ်၏။ ရှုလေတိုင်း၊ မျှော်လေတိုင်း၊ အလှအပတွေချည်းသာ ဖြစ်၏။ လက်ရာ မြောက်သော အဆောက်အဦ ကြီးငယ်များနှင့် ဈေးတန်း အသွယ်သွယ်တို့မှာ မြင်သူ၏ စိတ်ကို ယိုဖိုတ်စေသည်။

အထူးသဖြင့် သဝိဋ္ဌက၏ အိမ်နှင့် ခြံမှာ ပို၍ လှသယောင် ရှိ၏။ ခြံကျယ် သလောက် အိမ်ကလည်း ကြီးခိုင်သည်။ အမျိုးပေါင်း စုံလင်လှသော သစ်ခွပင် ပျိုးအိုးတို့ဖြင့် တခြံလုံး ပြည့်လုနီးနီး ရှိနေ၍ သစ်ခွခြံ ဟူ၍ပင် အမည်ပေး ရမလိုပင် ရှိသည်။

သစ်ခွ များမှာ နီစွေးစွေးလည်း ရှိသည်။ အပြာလည်း ရှိသည်။ အဝါ လည်း ရှိသည်။ အနီနှင့် အပြာ ရောစပ် ထားသော ခရမ်းရောင် ရင့်ရင့်လည်း ရှိသည်။ မရမ်းစေ့ရောင် နုနုလည်း ရှိသည်။ လိမ္မော်ရိပ် ယှက်ထားသော အရောင်လည်း ရှိသည်။ ချောကလက် သွေးပြေးနေသော အရောင်လည်း ရှိ သည်။ အရောင်များမှာ စုံလင်လှသည်။

**သစ်ခွပင်များမှာ ခြံ၏အလှကို ဖန်ဆင်းထားသလို အိမ်ကြီး၏ ညှော်ခန်းကို ကြည့်စမ်းပါ။** တကြောင်းဆွဲမျဉ်း ဆေးရောင်ဖြင့် အဝေးအနီးကို အလုံးအဝန်းဖြင့် မဟုတ်ပဲ၊ အပြားသဏ္ဌာန်ဖြင့် ဖော်ကျူးထားသော ဆင်က သစ်ဆွဲနေသည့် ပန်းချီကား၊ မြူထဲတွင် မှုန်မွားမွားနေသော လူ့လောကကြီးကို အပြောက်အကွေ့များဖြင့် လှိုင်းတွန့်ဖော်ကာ ဝိုးတဝါး ရေးခြယ်ထားသော ပန်းချီကား၊ ကာသိကရာဇ်တိုင်း၏ ခမ်းနား ထယ်ဝါခြင်းကို စုတ်ချက်တင်ထားသောပန်းချီကားတို့ကလည်း ခန့်ညားသော ညှော်ခန်းကို ပို၍ တောက်ပြောင်အောင် အားသစ်လောင်းပေးနေဟန် ရှိသည်။

ညှော်ခန်း၏ အလှနှင့် ခြံ၏ အလှတို့မှာ ပြိုင်နေကြ၏။ သဝိဋ္ဌကသည် သည်အလှအပများကို ရီရီဝေဝေ ငေးကြည့်နေခိုက်၊

သဝိဋ္ဌက၏ ဇနီးမှာ ကြွကြွရွရွကလေး တိတ်တခိုး ရပ်လာသည်။ ဇနီးသည် သူ့ဘေးရောက်လာသည်ကို သဝိဋ္ဌက သိဟန်မတူ။ သူ့အတွေးနှင့်သူ ငိုင်နေဆဲ ဖြစ်သည်။

ကြည့်စမ်း....ကြည့်စမ်း၊ မောင်မောင်သိပ်ဆိုးတာပဲ၊ ဟောဒီက နှမကတော့ မောင်မောင်နဲ့အတူ ထမင်းလက်ဆုံ စားဖို့ မျှော်လိုက်ရတာ။ ဘာလဲ....နှမတော်ကို စကား မပြောချင်တော့လို့လား၊ နှမတော်ရဲ့ အကြံကို မောင်မောင် လက်မခံချင်ဘူးပေါ့လေ .. ဟုတ်လား။

သဝိဋ္ဌက ဇနီး၏ ပြောပုံ၊ လှုပ်ရှားပုံတို့မှာ သွက်လက်လွန်းလှသည်။ လိပ်ပြာကလေး တကောင်၏ လှုပ်ရှားဟန်နှယ် ဖြစ်ရသည် ထင်၏။



ပြောသမျှ၊ သိပ်ကိုပြောချင်၊ ဖိုးပြောချင်ကြီးပါ နှမရာ။ ပြောတော့ပြောချင်ပါရဲ့၊နှမရဲ့အကြံအစည်ကိုတော့လိုက်နာရမှာ ခပ်ရှိုးရှိုးပဲဆိုပါတော့။

ဒီမယ်မောင်မောင်၊ ဒီအိမ်ကြီးမှာဆိုရင် မောင်မောင့်အဖရယ်၊ မောင်မောင်ရယ်၊ နှမရယ်၊ သားလေးရယ်၊ ဒီလေးယောက်ပဲရှိတာမဟုတ်လား။ သားလေးဆိုရင်လဲ(၇)နှစ်သားပဲရှိသေးတော့ နှမကဘာပဲဆင်ဆင်၊ ဘာပဲကျွေးကျွေး၊ အထွန့်မတက်ဘူး၊ အမေ့ရဲ့စကား မြေဝယ်မကျပဲ မဟုတ်လား။

တခုတော့ရှိတယ် မောင်မောင်၊ မောင်မောင့်အဖကလေ၊ နှမက ကောင်းနိုးရာရာကလေးတွေ ချက်ကျွေး၊ ပြုတ်ကျွေးပေမယ့်၊ အရိုးမျှားသော ချေးခါးသောနဲ့ သူ့စိတ်တိုင်းကို မကျနိုင်ဘူး၊ လူသာအပင်ပန်းခံလိုက်ချင်တယ်၊ စိတ်အပင်ပန်း မခံချင်လို့ ဘယ်လောက်ပဲပင်ပန်း ပင်ပန်းဟဲ့ဆိုပြီး၊ ပြုစုလုပ်ကိုင်ပေးပေမယ့် တဗျစ်တောက်တောက်နဲ့၊ ကြာတော့ နှမ စိတ်မချမ်းသာဘူး၊ အိမ်ကြီးက သာယာပေမယ့်၊ နှမအဖို့ မသာယာဘူး၊ ကိုယ့်ကိုယ်ကို သတ်သေရရင် သတ်သေလိုက်တာ ကြာပီ။

သဝိဋ္ဌကမှာ သူ့ဇနီးသည်၏ တွတ်တွတ်ထိုးသံကို ကြားလိုက်ရပြန်တော့ ရင်လှိုင်းထ၍ ခုန်ရပြန်သည်။

အဖနဲ့နှမအကြား မောင်မောင်ဘာလုပ်ရမလဲ။

အိပ်ချင်ယောင်ဆောင်တဲ့ လူကို အနှိုးရခက် ဆိုတာမျိုးပဲ မောင်မောင်။

မောင်မောင့်ကို နှမပြောပီးပါရောလား၊ နှမပြောတာကို မောင်မောင်က မသိယောင်ဆောင်နေတော့ ခက်သားပဲ။

ဟုတ်တယ် နှမ၊ ဒါပေမယ့် အဖကိုမဆိုထားနဲ့ လူတယောက်ကို သတ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ခုတော့ မောင့်အဖကို မောင်မောင်က သတ်ရမယ့် ကိစ္စဆိုတော့ သာမလွယ်တော့မပေါ့။

ကိစ္စတခုကို လွယ်အောင်လုပ်ရင်လဲ လွယ်တာပဲ၊ ခက်အောင်လုပ်ရင်လဲ ခက်တာပဲ၊ မောင်မောင့်အဖကိုသတ်ဖို့များ ဘာခက်တာ လိုက်လို့၊ အဖရေ...ကာသိကရာဇ်တိုင်းရဲ့ ဟိုဖက်ကရွာမှာ သားအကြွေးသွားတောင်းရမယ်၊ အဲဒီအကြွေးက အဖလိုက်မှဖြစ်မယ်ဆိုပြီး၊ သုသာန်ကိုပရိယာယ်နဲ့ လှည့်ဖြားပြီးခေါ်သွား၊ သုသာန်ရောက်တော့ လူဆိုးတွေက ဝိုင်းလုဟန်ဆောင်၊ မောင်မောင်က လူဆိုးတွေရဲ့ရန်ကို ခုခံဟန်၊ ကာကွယ်ဟန်လုပ်ပြီး မောင့်အဖကို ရိုက်သတ်လိုက်ပြီး၊ သုသာန်မှာပဲ တွင်းတူးပြီး မြှုပ်ခဲ့ပေါ့။

သဝိဋ္ဌက၏ဇနီးမှာ သူပေးသည့်အကြံကို သူ့မောင်မောင်နှစ်လိုဟန်ရှိ မရှိ အကဲခတ်ဟန်ဖြင့် ခနငြိမ်သွား၏။ ပြီးနောက် သဝိဋ္ဌက၏ခါးကိုဖက်ကာ သူ့မောင်မောင်ဘေးတွင် ပူးကပ်လိုက်သည်။

ဘယ့်နှယ်လဲမောင်....နှမအကြံညဏ်ပေးတာ မသင့်ဘူးလား၊ လမ်းကတော့ ဒီတလမ်းပဲရှိတာမဟုတ်လား။

သဝိဋ္ဌကသည် သူ့ဇနီး၏ အကြံပြုချက်ကို နက်နက်နဲနဲ စဉ်းစားပြီးသည်နှင့်–

အင်း....ဒီအကြံတော့မဆိုးပါဘူး၊ ဒီအတိုင်းဆိုရင် ဘေးကင်း ရန်ကင်းပဲ။

ဒီအကြံမဆိုးရင် ခပ်သွက်သွက်ကလေးတော့ လုပ်မှဖြစ်မယ် မောင်မောင်၊ ကြာလေခက်လေ၊ နေမြင့်လေ အရှူးရင့်လေ ဖြစ်ပြီး မောင့်အဖေမသေပဲနဲ့ ဟောဒီက မောင်မောင့်ရဲ့နှမ သေရလိမ့်မယ်။

သဝိဋ္ဌကသည် လက်ဖျောက်တချက်တီးလိုက်၏။ ပြီးနောက်

ဒီမယ် နှမ....နက်ဖြန်ပဲ မောင်မောင်စမယ်၊ ဟုတ်လား။

သဝိဋ္ဌက၏ ကတိပြုချက်ကို ကြားရသော ဇနီးသည်မိုက်၏ မျက်နှာမှာ ဝင်းပထိန်လက်သွားသည်။

× × ×

နှင်းငွေ့များကို သယ်လာသော မြောက်လေမှာ အေးစက်လှသည်။ တိမ်ဇာပုဝါ ကာဆီးမှုကြောင့် နေခြည်မှာမလက် အုံ့ပျပျရှိသည်။ ကြည့်လေသမျှ မှုန်မှိုင်းမှိုင်းဖြစ်နေသည်။

အဖ

သဝိဋ္ဌကသည် သူ့အဖအား စကားဆိုရန် စ,လိုက်သည်။

ဘာလဲသားရ။

ဟိုဖက်ရွာမှာ သားအကြွေး သွားတောင်းမလို့၊ အဖပါ လိုက်ခဲ့ပါလို့ ပြောမလို့ပါ။

အဖမလိုက်နိုင်ပါဘူး၊ လိုက်လဲမလိုက်ချင်ပါဘူး၊ အဖမျက်စိ တွေကလဲဝေသီ၊ ကောင်းကောင်းလဲမမြင်ရ၊ မှုန်တိမှုန်ဝါးလဲ ဖြစ်ပြန်၊ ဒီတော့ကာ သားမှာ အဖအတွက် ဝန်ထုပ် ဝန်ပိုးကြီး ဖြစ်နေမှာပေါ့ သားသွားတောင်းလဲ ပြီးသားနဲ့၊ သားဖာသာ သားပဲ သွားပါ။

ဘယ်ဟုတ်မလဲ အဖရာ၊ အဖလိုက်တော့ ပိုကောင်းတာပေါ့၊ အဖအတွက် သားမှာ ဝန်မလေးပါဘူး၊အဖက မျက်စိမကောင်းဘူး ဆိုပေမယ့် ကြွေးရှင်အိမ်တွေရှေ့ အဖရပ်လိုက်ရင် တောင်းလို့လွယ်အောင်လို့ပါ၊ လိုက်ခဲ့ပါနော် အဖ ...

အေး....ဒီလိုဆိုလဲ သားသဘောပေါ့ကွာ

သဝိဋ္ဌကနှင့် သူ့အဖ အပြန်အလှန်ပြောဆိုချက်ကို ကြားရသော သဝိဋ္ဌက၏ သားငယ်မှာ သူ့အဖေနှင့် သူ့အဖ လှည်းပေါ် မတက်မီ အလျင်ရောက်နှင့်နေတော့သည်။

မှန်၏။

သဝိဋ္ဌက၏ သားငယ်၊ လှည်းပေါ်သို့ အလျင်ရောက်နေနှင့်သည်မှာ ရောက်ထိုက်လှ၏။ သားငယ် လှည်းပေါ်သို့ ရောက်နေနှင့်သည်မှာ အကြံနှင့် ဖြစ်၏။ သူ့အဖေ သဝိဋ္ဌကနှင့် သူ့အမေတို့ သူ့အဖိုးကို သတ်ရန် တိုင်ပင်နေသည်ကို ကြားရသဖြင့် သူ့အဖိုးကို ကယ်ရန် လှည်းပေါ်သို့ အလျင်ရောက်နေခြင်း ဖြစ်၏။

သဝိဋ္ဌကသည် သူ့သားငယ်အား....။

သားက ဘယ်ကို လိုက်အုံးမှာလဲ

ဖေဖေတို့ အကြွေးသွားတောင်းတဲ့နေရာကို လိုက်မှာပေါ့

နေရစ်ခဲ့ပါသားရယ်။ သွားအလုပ်မှ မဟုတ်ပဲဟာ၊ လူကြီးတွေ ကိစ္စမှာ သားသားတို့ ဝင်မရှုပ်ရဘူး။ ကလေးဟာ ကလေးပီပီပဲ နေရတယ်။

ဟိုဖက်က ရွာကို သားသား မရောက်ဘူးလို့ပါ၊ လိုက်ပါရစေ ဖေဖေရာ၊ လူကြီးတွေကိစ္စမှာ သားသား ဝင်မရှုပ်ပါဘူး၊ ဖေဖေတို့ထားတဲ့နေရာမှာ သားသားနေမှာပါ။

## ဗုဒ္ဓ၏ နှလုံးသား

ဒီမယ်သား....ဖေဖေပြောနေတယ် မလိုက်ရဘူးလို့

လိုက်မှာပဲ လိုက်လာလို့ ဖေဖေသတ်ရင်လဲ သားခံမှာပဲ။

သားဖြစ်သူမှာ လှည်းပေါ်တွင် ဇွတ်ပေကပ်၍ နေသည်။ ပြောမရသည့်အဆုံး သဝိဋ္ဌကမှာ လက်လျှော့၍ လိုက်ခွင့်ပြုရတော့သည်။

စိမ်းလန်းအုံ့ဆိုင်းဝေဖြာသော တောတန်းကို ကျော်၍ နံနက်နေခြည်မှာ အေးအေးဆေးဆေးပင် ကျော်တက်လာခဲ့ပေပြီ။ အားသစ်၍ လက်လာသောနေခြည်ကို နှင်းမှုန်ရိမှာ ခုခံခြင်းငှာ မစွမ်းတော့။

ငှက်ခါးတောင်သွေး ဝင်နေသော မြက်ပင်များပေါ်ရှိ နှင်းပွင့်များမှာ နေခြည်အောက်တွင် တဖျပ်ဖျပ်လက်နေသည်။

သဝိဋ္ဌကတို့လှည်းမှာ နွေးထွေးသော နေခြည်အောက်ဝယ် တတောဝင် တတောင်ကျော်၍ တအိအိဖြင့် နေထန်းတဖျားလောက်တွင် သုသာန်သို့ ရောက်ရှိလာသည်။

သုဿန်သည် တိတ်ဆိတ်နိုင်လွန်းလှသည်။ လေအနေ့တွင် ဆော့ကစားကြသော သစ်ရွက်ချင်းပွတ်တိုက်သံမှတပါး ဘာသံမျှ မကြားရချေ။

ကဲ....အဖနှင့် သားတို့၊ ဒီမယ် ခရီးတထောက် နားပီးမှ ဟိုဖက်ရွာ သွားကြစို့လား။

အေး .. ကောင်းသားပဲ၊ သားလဲ ပန်းလှရောပေါ့....

သဝိဋ္ဌက၏ အဖသည် မိဖတို့၏ ချစ်ခြင်းမေတ္တာဖြင့် သားပင်ပန်းမည်စိုးသဖြင့် သဝိဋ္ဌက၏ အဆိုပြုချက်ကို သဘောတူလိုက်၏။

အဖထံမှ သဘောတူညီချက်ရသော သဝိဋ္ဌကမှာ သူ၏သားငယ်ကို ခေါ်၍....

သားသား၊ ဟောဒီဇရပ်မှာ ခနနေအုံး၊ ဖေဖေ ခုပဲ ပြန်လာခဲ့မယ်။

ဖေဖေ ဘယ်သွားမှာလဲ။

ဒီနားကလေးတင်ပါ သားရယ်။

သဝိဋ္ဌကသည် ပြောပြောဆိုဆိုပင် လှည်းပေါ်မှ ပေါက်တူးကို ဆွဲ၍ သူ့အဖကိုသတ်ပြီး မြေမြှုပ်ရန် တွင်းတူးနေလေ၏။

သဝိဋ္ဌက၏သားငယ်သည် သူ့ဖေဖေ လုပ်ကိုင်နေသမျှကို စိုက်ငေး၍သာကြည့်နေသည်၊ ဘာမျှမပြော၊ ရေငုံနှုတ်ပိတ်လျက်

တွင်းမှာ အတော်ကလေး နက်သယောင် ရှိလာသောအခါ

ဖေဖေ၊ သုသာန်မှာ တံတွေးဥ၊ ပိန်းဥ မရှိပဲနဲ့ ဘာလို့ တူးနေရတာလဲဟင်။

သားငယ်သည် သူ့ဖေဖေ သဝိဋ္ဌက လုပ်ကိုင်နေသည်ကို မသိဟန်ဆောင်လျက် မေး၏။

သားသားပြောတာမှန်တယ်၊ သုသာန်မှာ တံတွေးဥ၊ ပိန်းဥတော့ မရှိဘူး။ ဒါပေမယ့် သားသားရဲ့အဖိုးဟာ အိုပြီပဲ၊ပီးတော့ စွမ်းလဲ မစွမ်း၊ ကျန်းလဲ မကျန်းမာတော့ဘူး မဟုတ်လား။ လူ့ပြည်မှာ အိုမင်းမစွမ်းနဲ့ နေရတာဟာ ဆင်းရဲခြင်းတမျိုးပဲ။ သားသားရဲ့အဖိုးဟာ လူ့ပြည်မှာ ကြာရှည်စွာ နေရတော့မယ် မဟုတ်လေတော့ သားသားအဖိုးရဲ့ အိုခြင်း၊ ဆင်းရဲခြင်းတို့က လွတ်မြောက်အောင် သတ်ပီး မြေမြှုပ်ဖို့ ဖေဖေဟာ ဒီတွင်းကို တူးနေတာပဲ။

သဝိဋ္ဌကဲ၏ စကားကို သားငယ်ကြားပြီးသည်၏ နောက်၌

ဖေဖေ

ဖေဖေဟာ မကြံအပ် မစည်အပ် စိတ်မကူးအပ်တဲ့ အင်မတန် ယုတ်မာ လူမဆန်လှတဲ့ အပြစ်ကြီးလေးလှတဲ့ အဖသတ်ကံကို ကြံစည်ရက် စိတ်ကူးရက်တယ်။

သဝိဋ္ဌကဲ၏ သားငယ်သည် ပါးစပ်မှ ရေရွတ် မြည်တမ်းရင်း သူ့ဖခင်လက်ထဲမှ ပေါက်တူးကို ဇိုးကနဲ ဇပ်ကနဲ ရုတ်ချည်းပင် ယူလိုက်သည်။ ဖခင်လက်ထဲမှ ပေါက်တူးကို ရသည်နှင့် သားငယ်မှာ အခြား တွင်းတတွင်းကို အလျင်အမြန် တူးလေသည်။

ဟော့....နေပါအုံး ဒါက ဘာလုပ်တာလဲ။

သဝိဋ္ဌက က သူ့သားငယ် အခြားတွင်းတတွင်း တူးနေသည်ကို တအံ့တသြဖြစ်လျက် မေး၏။

ဖေဖေ မမြင်ဘူးလား တွင်းတူးနေတာပဲဟာ။

တွင်းတူးနေတာ မြင်ပါတယ်။ ဘာလုပ်ဖို့တူးတာလဲ။

သဝိဋ္ဌကသည် ရင်လှိုင်းခတ်လျက် အက်ကွဲသော အသံဖြင့် သူ့သားအား မေးပြန်၏။

ဖေဖေကလဲ ဖေဖေတောင်မှ သားသားရဲ့အဖိုးကို အိုပြီဆိုပြီး သတ်မယ် မြေမြှုပ်မယ် လုပ်သေးတာပဲ။ သားသားကလဲ သားသားရဲ့ဖေဖေ ဟောဒီ သဝိဋ္ဌက က အိုပြီပဲ သတ်ပြီး မြေမြှုပ်ရမှာပေါ့။ မဟုတ်လား။

ဟော့....သားသား။

မင်းက ငါ့ကို အံ့တုလို့ ဒီစကားဟာ မင်းက ငါ့ကိုပြောရမဲ့ စကားလား။ မင်းတော်တော်မိုက်ရိုင်း ယုတ်မာကြမ်းကြုတ်တဲ့

သွားပဲ။ မင်း ငါ့ကိုသတ်ရင် ဘယ်လိုအဖသတ်တဲ့ ကံထိုက်မယ် ဆိုတာမသိဘူးလား။ အဝီစိ ဂျိုးကပ်ပီး အပေါ် ပေါ်မယ့်သား မဟုတ်ဘူး။ မကြံအပ် မစည်အပ်တာတွေ မလုပ်နဲ့....။

မှန်ပါတယ် ဖေဖေ။ ခုလို သားသားဟာ ကိုယ့်ရဲ့ မွေးဖေဖေ ကို ပြန်သတ်ဖို့ စိတ်ကူးမိ ကြံစည်မိတာဟာအတုမြင်အတတ်သင် ဆိုသလို ဖေဖေရဲ့ အပြုအမူ အလုပ်အကိုင် အကြံအစည်တွေကို အတုခိုးမိလို့ပါပဲ၊ **ရေဟာမြင့်ရာမှ နိမ့်ရာကိုသာ စီးဆင်းစမြဲပါ။** သားဆိုလိုတာက ဖေဖေရဲ့ ရောင်ပြန်ဟပ်မှုကြောင့် သားခုလို ဖေဖေ့ကို သတ်ဖို့ စိတ်ကူးမိခြင်းပါ၊ သားသမီး မကောင်း မိဖ ခေါင်း ဆိုရိုးရှိသလို မိဖယုတ်တော့လဲ သားသမီးဟာ ယုတ်ရ တာပါပဲ။

ငါ့သား.... မင်းဟာ ဖေဖေရဲ့ အကျိုးစီးပွါးကို မလိုလား ဘူးလား။

လိုလားပါတယ်ဖေဖေ။ ဖေဖေရဲ့အကျိုးစီးပွါးကို လိုလို့သာ ယုတ်ယုတ်မာမာပြုမယ့် အလုပ်ကို တားမြစ်ခြင်းပါ။ မိဖကို သတ်မယ်လို့ စိတ်ကူး ကြံစည်တာကိုအပထား၊ ကလန်ကဆန် လုပ်ရင်တောင်အပါယ်ငရဲမှာ ခံရမယ်ဆိုတာ ဖေဖေ သတိမထား မိဘူးလား၊ မိဖကို စေတီကဲ့သို့ ကိုးကွယ်ပီး လုပ်ကျွေးသမှုပြုတဲ့သူ မိဖစကားကို တရိုတသေ နားထောင်တဲ့သူဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ အကျိုးပေးပါတယ် ဖေဖေ။ ပီးတော့လဲ လူသာဓုခေါ် နတ်သာဓုခေါ် အခေါ်ခံရပါတယ် ဖေဖေ။ မကောင်းတဲ့ အကုသိုလ်ကံတွေ ပျောက်ပြီး ကောင်းတဲ့ ကုသိုလ် ကံတွေ ဝင်လာနိုင်ပါတယ်၊ စီးပွါး ဥစ္စာလဲ တိုးတက် ဖွံ့ဖြိုး လာနိုင်ပါတယ်။

သဝိဋ္ဌကသည် သားငယ်၏စကားကို အလေးအနက် အသေအချာ စိုက်ကာ မလှုပ်မရှက်ငြိမ်လျက် တွေနေ၏၊ လှိုင်းဘောင်ဘင်ခတ်သလို သဝိဋ္ဌက၏ရင်မှာ လှုပ်ခါလျက်ရှိ၏ နိမ့်ချီ မြင့်ချီ တက်ချီ ဆင်းချီကဲ့သို့ ရှိသည်။

သားအဖ နှစ်ဦးမှာ သူတို့တူးသောတွင်းဆီသို့သာ စိုက်ငေးလျက်ရှိသည်။ စကားမပြောကြ။ အတန်ကြာမှ....

သဝိဋ္ဌကသည် သက်ပြင်းရှည်ကြီးတချက် မှုတ်ထုတ်လျက် တုံယင်ဆို့နင့် လှိုက်လှဲကြေကွဲသောအသံဖြင့်-

သားသားပြောတဲ့စကားတွေ မှန်ပါတယ်။ ဖေဖေမှားပီသား မှားတာမှ အမှားကြီးကို မှားတာပဲ။ ဒီနေရာမှာ သားကသာ မကယ်ရင် မ,ဖက်လိုက်ပီး မိုက်မိတော့မှာပဲ။ အဖရဲ့အသက်ဟာ သားလက်ထဲမှာပဲ ရှိတော့တာပဲ။ ကံသိပေလို့သာ အဖမသေရတာ။ သားသားရဲ့ကျေးဇူး ကြီးပါပေတယ်။

သဝိဋ္ဌကသည်၊ အကြီးအကျယ် နောင်တတရားရကာ သူ့အဖ၏ ခြေအစုံဝယ် ဦးခိုက်ဝပ်စင်းကာ တိုးလျှိုး တောင်းပန်ကန်တော့လေသည်။

ဖေဖေပြန်ကြစို့လား၊ အချိန်သိပ်မရှိတော့ဘူး၊ အဖိုးလဲ ဆာလှရော့မယ်။

သားငယ်သည်၊ ဤသို့ သူ့ဖခင် သဝိဋ္ဌကအား သတိပေးလိုက်၏။

ပြန်တာတော့ဟုတ်ပီသား အိမ်ရောက်ရင်....

အိမ်ရောက်တော့ လွယ်ပါတယ်ဖေဖေ။ ဒီအပိုင်းက ဖေဖေ့အပိုင်းပါ။ သံမဏိလို မာကြောလှတဲ့ စိတ်ထားနဲ့ ဖေဖေက

ယုတ်မာတဲ့ မေမေ့ကို အိမ်ပေါ်က နှင်ချလိုက်ပါ။ မေမေ အိမ်ပေါ်က ဆင်းသွားပါစေ။ မေမေ ဆင်းသွားလို့ ၂-ရက် ၃-ရက်ကြာတဲ့အခါ ဦးရိုးရဲ့ သမီးကို သွားခေါ်ပါ။ အဲဒီအခါမယ် မိုက်မဲလှတဲ့ မေမေဟာ ပဋ္ဌာမြေလူး ဖြစ်လာလိမ့်မယ်။ ဖေဖေက ခြေသလုံးကို ဖက်ပီး ငိုယို တောင်းပန်လိမ့်မယ်။ အဲဒီမယ်၊ ဖေဖေက ရိုင်းစိုင်းကြမ်းကြုတ်လှတဲ့ မေမေကို သည်းခံပီး ဆုံးမရင် မေမေဟာ သူ့အမှားသူ ပြန်မြင် လာပါလိမ့်မယ်။

သား၏ အကြံအစည်အတိုင်း သားအဖ သုံးဦးမှာ ကြည်သာရှင်ပျသော နှလုံးတို့ဖြင့် လှည်းကို ဒုန်းစိုင်း၍ ပြန်လာကြ၏။

* * *

အိမ်ကြီး၌ တဦးတည်း ကျန်ရစ်ခဲ့သော သဝိဋ္ဌက၏ ဇနီးမှာ တစုံတရာကို စူးစိုက် ကြည့်နေလျက်ရှိ၏။ သူ့ရှေ့တည့်တည့်သို့ စူးစိုက်ကာ ဝေးလံသော အရပ်ဒေသ တခုခုဆီသို့ မြော်ငေးကြည့်နေသည်မှာ အတိတ်သို့လား၊ အနာဂတ်သို့လားမသိ၊ အသိရခက်သော လျှို့ဝှက်ချက်များဖြင့် မှိုင်းဝေရှိနေ၏။

သဝိဋ္ဌက၏ ဇနီး အတွေးကောင်းနေခိုက် သားအဖ သုံးဦးမှာ လှည်းကို အပြေးမောင်းလျက် ရောက်လာသည်။

ဟိုက် .... ငါပြောသလိုလဲ ငါ့လင်က မလုပ်ပါပဲလား၊ ဘယ့်နှယ် ဒီအဖိုးကြီး ပြန်လာပါလိမ့်။

သဝိဋ္ဌက၏ ဇနီးရင်မှာ တင်းကျပ်လျက် ဆို့နင့်နေသည်။

ခါတိုင်းက သူချစ်သော သူ့ချစ်လင် သဝိဋ္ဌကအား မောင်မောင်ဟု ချစ်စနိုး ညသံဖြင့် ခေါ်နေရာမှ ခုအခါတွင်မူ။

ဟဲ့....သေနာကောင်ကြီး ကျက်သရေတုံးလှတဲ့ နင့်အဖကို ဘာလို့ ပြန်ခေါ်လာတာလဲ။ သွား....ကျက်သရေရှိတဲ့ ဒီအိမ် ပေါ်ကို မတင်နဲ့။ မယားကို ငုံထားမတတ် ချစ်ပါတယ်ဆိုပြီး လိမ်စရာမရှိ၊ လှည့်စရာမရှိ၊ လိမ်ညာနေတဲ့ ကောင်နာ့ယုတ်၊ နင်ပါ ဒီအိမ်ပေါ်, မနေနဲ့၊ အိမ်ရိပ်ကိုတောင် မနင်းနဲ့၊ သွားဆို ခု ထွက်သွား။

အောင်မယ်... လူပါးဝလို့ အယုတ်မက ပြူးကမြဲပြီး ငမဲ ကများ ဖြူရသေးသလား၊ သွား....နင်သာဆင်းသွား။

သဝိဋ္ဌကသည် ပြောပြောဆိုဆို သူ့ဇနီးအား ဗယ်ပြန် ညာပြန် ဖျန်းဖျန်းကွဲအောင် ပါးရိုက်၍ အိမ်ပေါ်မှ ကန်ထုတ် လိုက်သည်။

သဝိဋ္ဌကဇနီးလည်း ရှိုက်ဖို့ လိုက်လှဲ ချုံးမဲ့ချ ငိုပွဲဆင်ကာ တခါက မိတ်ဖြစ်ဘူးခဲ့သော အသိအိမ်၌ မှီခိုကပ်ရပ်လျက် နေရ လေသည်။

တရက်မှသည်၊ နှစ်ရက်။

နှစ်ရက်မှသည် သုံးရက်သို့ အကူး နေ့အလင်းရောင် မကုန် သေးသော ညဦး အမှောင်ပျိုးစ အချိန်ဖြစ်သည်။

ပျံ့သင်းသော ဆိတ်ဖလူးရနံ့သည် သဝိဋ္ဌက၏ နှာဝကို ဆော့မြူလျက် ရှိသည်။ ကြိုင်လှိုင်သော ဆိတ်ဖလူးနံ့ကို ရှိုက်ရင်း သဝိဋ္ဌကသည် အားသစ်လျက် မြူးကြွနေသည်။

သဝိဋ္ဌကနှင့် သူ၏ ဦးရီး သမီး၊ လက်ဆက်တော့မည်ဆို သော သတင်းမှာလည်း ကာသိကရာဇ်တိုင်းအတွင်း ပိတ်မရ၊ ဆို့မရ အောင်ပင် ပျံ့လွင့်သွားသည်။

ပိတ်ဆို့၍ မရအောင် ပျံ့လွင့်သွားသော သတင်းကြောင့် သဝိဋ္ဌက ဇနီး တကိုယ်လုံး တုန်လှုပ်သွား၏။ အသံများပင် တုန်တုန်ယင်ယင် ဖြစ်နေသည်။ အမှန်ပင် ထိတ်ထိတ်လန့်လန့် တုန်လှုပ် ချောက်ချားနေပေပြီ။

သဝိဋ္ဌကသည် သားငယ် အကြံပြုချက်အရ သတို့သမီး ဆောင်ရန် သွားမည် ဟန်ရေးပြခိုက်။

မောင်မောင်ရယ် နှမ မှားပါပြီ။

သားငယ်ရယ် မေမေ မှားပါပြီ။

မေမေ့ အပေါ်မှာ၊ နှမ အပေါ်မှာ၊ ခွင့်လွှတ်ကြပါ၊ ဒီ မောင်ကလွဲလို့ ဘယ်သူ့ကို အားကိုးရမလဲ သားငယ်ရယ်၊ မေမေ မိုက်ပါတယ်။ မိုက်တာမှ နက်လောက်အောင်ကို မိုက်ပါတယ်။ ခွင့်လွှတ်ကြပါ။ နောက်ကို ခုလို မကြံအပ် မစည်အပ် မိုက်မဲတဲ့ အလုပ်ကို မလုပ်တော့ပါဘူး။

ဒီကနေ့က စပြီးတော့ သားရဲ့ ဖေဖေရော သားရဲ့ အဖိုးကိုပါ စေတီလို ဦးထိပ်ထားပြီး လုပ်ကျွေးပါ့မယ်။

သဝိဋ္ဌက ဇနီးသည် သူ့သားငယ်၏ ခြေကိုဖက်၍ တတွတ် တွတ်ပြောကာ တရှိုက်မက်မက် ငိုလျက်၊ ယိုလျက် တောင်းပန် ဝန်ချနေသည်။

မိခင်၏ ကတိဝန်ခံချက်ကိုရသော သားငယ်မှာ။

မေမေ နောက်ကို ဒီလို ရက်စက်ယုတ်မာတဲ့ အလုပ်မျိုးကို မလုပ်တော့ပါဘူး ဆိုရင် ဖေဖေ့ကို ပြန်ခေါ် ပေးမယ်.... ဟုတ်လား။

ပြန်ခေါ်ပေးပါ သားရယ်။ မေမေ ကတိပေးပါတယ်။

သည်တွင် သားငယ်သည် ဟန်ရေးပြနေသော သူ့အဖေအား ပြန်ခေါ်လိုက်၏။ ပြီးနောက် သူ့အဖိုး သူ့ဖေဖေတို့အား ကန်တော့စေသည်။

သဝိဋ္ဌက ဇနီးသည် သူ့အမှားကို သူဝန်ခံ တောင်းပန်ပြီးနောက်။

အိမ်း....ဒီအိမ်မှာ သားအမိ သားအဖ လေးယောက်ရှိတဲ့ အနက် ငါ့မြေးဟာ အငယ်ဆုံး၊ ငယ်တာမှ အသက်(၇)နှစ် လောက်ပဲ ရှိတယ်။ အငယ်ဆုံးသာဆိုတယ်၊ အလိမ္မာအရှိဆုံး အမြော်အမြင် အကြီးဆုံး၊ အသိဉာဏ် အထက်ဆုံးပဲ။ ဒီမြေး ကြောင့် သူ့ဖေဖေရော သူ့မေမေပါ အမြင်မှန် ရလာပြီး တို့တတွေဟာ ခုလိုစည်းစည်းလုံးလုံးနဲ့ ကောင်းမှုပြုနိုင်ကြတယ်။

သာဓုကွယ်... သာဓု.... သာဓု... ငါ့မြေးကလေး အသိဉာဏ် ဆထက်ထမ်းပိုး တိုးပြီး အသက်ရာကျော် ရှည်ပါစေ ၊ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း နှစ်ပါးနဲ့လဲ ပြည့်စုံပါစေ လို့ အဖိုး ဆုတောင်းပါတယ်

နိုင်ပြည်သူ

# ဆိုနိုင်ခက်ခဲ ပျက်စီးရမြဲ

ငွေရောင်တောက်နေသော လရောင်အောက်တွင် သစ်ပင်ရိပ်များဖြင့် အေးငြိမ်းနေသော ရွာကလေးတရွာ။ ပျဉ်ထောင်သွတ်မိုး အိမ်ငယ်ကလေး တလုံး၏ ညှော်ခန်းအတွင်း ဆရာနှင့် တပည့်နှစ်ဦးသားတို့ မေးစကား ရိဝေနေစဉ် မြရည်စိမ့်သော အုန်းလက်များအကြားမှ စီးယိုလာသော လရောင် ဖွေးဖွေးသည် လျှော့ဆင်းကာ လွှမ်းခြုံလိုက်၏။

ဆရာဖြစ်သူသည် ဘော်ရောင် လက်နေသော လရောင်၏ အရသာကို ခံစားရင်း....

တပည့်ကြီး

အမိန့်ရှိပါ ဆရာ။

ခု တပည့်ကြီးဟာ နက္ခတ်ကိုကြည့်ပြီး ရွတ်ရင် ရတနာ (၇)ပါးမိုး ရွာစေတတ်တဲ့ ဝေဒဗ္ဗမန္တန်ကို လုံးဝဉဿုံ တတ်ပြီပေါ့....ဟုတ်လား

ဟုတ်ပ၊ ဆရာ့တပည့်ပီပီ ကုန်စင်အောင် တတ်ပါပြီ။

အေး .... အေး .... ကောင်းစွာ၊ ကောင်းစွာ

ဆရာဖြစ်သူသည် နှုတ်မှ တလုံးချင်း လေးလေးတွဲ့တွဲ့ ရေရွတ်လျက် ဖျပ်ကနဲ သတိရဟန်ဖြင့်

ဩော်....ဒါထက်၊ တပည့်ကြီးရေ။

အမိန့်ရှိပါ ဆရာ။

အမိန့်ရှိဆို ဒီလိုကွ၊ နက်ဖြန်မနက် စေတတိုင်းကို ငါ ကိစ္စ တခုနဲ့ သွားစရာရှိတယ်၊ တပည့်ကြီးလဲ လိုက်ခဲ့စေချင်တယ်။

ဆရာသွားလေရာ တပည့်ကြီးက နောက်တော်ပါးက မခွာပဲ လိုက်ပါရမှာပေါ့ ဆရာ။

အေး....အေး....ကောင်းစွ၊ ကောင်းစွ။

ဆရာ တပည့် နှစ်ဦးမှာ ဆရာက တပည့်အပေါ် စေတနာ မေတ္တာထား၍ မကြွင်းမကျန် သင်ပေးသည်နှင့်အမျှ တပည့် ကလည်း ကြိုးစား၏။ ကြိုးစားရုံသာမက ဆရာ့အပေါ်တွင် ဆရာလိုတမျိုး၊ မိဖလိုတသွယ်၊ လိုလေသေးမရှိ၊ ဝတ်ကြီး ဝတ် ငယ် ပြုစုလျက်လည်း ရှိ၏။ ဆရာက တထွာပြလျှင် တတောင် မြင်သော တပည့် ဖြစ်၏။ တပည့်က ပညာချွန်သဖြင့် ဆရာက ချစ်၏။ ဆရာက သူ့အပေါ် ချစ်ခင်မြတ်နိုးပါလားဟု ကမ်း မတက်၊ ပညာရှိ သတိဖြစ်ခဲဆိုဘိသို့ ဆရာဖြစ်သူ ချွတ်ချော် တိမ်းပါး အတွေးအခေါ်မှားလျှင် တပည့်က အစဉ်အမြဲပင် အကြံပြု၍ ထိန်းပေးသည်။ တည့်မတ်ပေးသည်။

ညဥ့်အငွေ့မစင်သေးသော အရုဏ်ဦး၏ နံနက်ခင်းနုနုသည် လတ်ဆတ်အေးမြလှ၏။ ကြည့်လေရာ အရာရာတိုင်းသည် သစ် လွင် လန်းဆန်းလျက် ရှိသည်။

အားသစ်နေသော အရုဏ်ဦး၏ ရှုမောဖွယ်ထုံ အရသာကို တပည့်ဖြစ်သူမှာ ငေးစိုက်လျက်ရှိ၏။ ရှင်လန်းလျက်ရှိ၏။ ကြည် နူး နှစ်သိမ့်နေခြင်းပင် ဖြစ်၏။

ကဲ....တပည့်ရေ၊ ဒို့ သွားကြစို့လား။



နှံမျိုလှုပနေသော အရှက်ဦး၏ နှစ်လိုဖွယ်ရာကို ချမ်းမြေ့နေခိုက် ဆရာ၏အသံက ထွက်ပေါ်လာသဖြင့် တပည့်ဖြစ်သူမှာ တကိုယ်လုံး တုန်ယင်အောင်ပင် လန့်သွားသည်။ ပြီးနောက်၊

အသင့်ပါပဲဆရာ။

ဆရာတပည့်နှစ်ဦးမှာ ယူငင်စရာများကို ကျောတွင် ပိုးလွယ်ကာ စကားတပြောပြောဖြင့် စေတတိုင်းသို့ ထွက်ခွါခဲ့လေသည်၊ ရှေ့တွင် အန္တရာယ်တခုနှင့် ကြုံတွေ့ရမည်ကို သိဟန်မတူသော ဆရာတပည့်နှစ်ဦးမှာ အေးဆေး ငြိမ်သက်လှသည်။ စေတတိုင်းသို့ ရောက်ရေးကိုသာ ဆန္ဒစောနေကြသည်။

အန္တရာယ်ကား ဆရာတပည့်နှစ်ဦးတို့နှင့် မဝေးလှ၊ လက်တကမ်းသာ ရှိ၏။ ရွာမှ ထွက်လာ၍ စေတတိုင်းသို့ ခရီးအတန်နှင်မိသည်ဆိုလျှင် လုရန် ယက်ရန် ချောင်းနေသော လူဆိုး ၅၀၀-ခန့်ရှိ ပေသနက ပြန်ပေးအဖွဲ့နှင့် ပက်ပင်းတိုးတော့သည်။

ပေသနကအဖွဲ့၏ ခေါင်းဆောင်နှင့် လူနှစ်ဦးမှာ ဝေဒဗ္ဗမန္တန်တတ် ဆရာတပည့် နှစ်ဦးရှေ့တွင် ဓါးများ ကိုယ်စီကိုင်၍ ကာဆီးရပ်လိုက်သည်။

သည်မြင်ကွင်းကြောင့် ဆရာတပည့် နှစ်ဦးမှာ တုန်လှုပ်ချောက်ချားသျက်ရှိ၏။

ကြောက်သလား၊

ပေသနကအဖွဲ့ခေါင်းဆောင်က မိတ်ဆက်လိုက်၏။

မကြောက်ပါနဲ့၊ ကျုပ်တို့တောင်းတဲ့ ငွေကိုသာ ပေး။ ခင်ဗျားတို့အသက် မသေစေရဘူး။

ပေသနကအဖွဲ့ ခေါင်းဆောင်သည် ပြောပြောဆိုဆို သူ၏ လက်ထဲမှဓားများကို ဝေဒဗ္ဗမန္တန်တတ် ဆရာ့ပခုံးထက်သို့ တင်လိုက်သည်။

ကျုပ်တို့ ငွေလိုတယ်၊ ငွေ....ငွေ။

ငွေကိုသာ ကျုပ်တို့လိုသလောက်ပေးရင်၊ အသက်ချမ်းသာရာ ရမှာပဲ၊ ကျုပ်တို့လိုသလောက် ဆိုပေမယ့် မတရားတော့ မတောင်းပါဘူး၊ ခင်ဗျားတို့လဲ ပေးနိုင်အောင်၊ ကျုပ်တို့လဲ ပြေလည်အောင်ပေါ့ဟုတ်လား၊ ကဲ- ဘယ်လောက်ပေးနိုင်မလဲ။

အသပြာသုံးထောင်လောက်တော့ တတ်နိုင်ပါတယ်။

သုံးထောင်ဟုတ်လား၊ နဲတယ်၊ နဲနဲတိုးလိုက်အုံး။

မရှိလို့ပါ။

ဘာမရှိရမှာလဲ။

ပေသနကအဖွဲ့ ခေါင်းဆောင်သည် ဓားဖြင့်ခုတ်မည့်ဟန် ရွယ်၏။

ငါးထောင်တော့ပေး။

နောက်ဆုံးတွင် ဝေဒဗ္ဗမန္တန်တတ် ဆရာနှင့် ပေသနက ခေါင်းဆောင်တို့မှာ အပေးအယူ တည့်သွား၏။ သို့ရာတွင် လက်ထဲ၌ ငွေမပြည့်၊ တပည့်အား အိမ်သို့ပြန်စေ၍ ငွေအယူခိုင်း ရမည်ဖြစ်၏။

အိမ်သို့ငွေသွားယူရန် ပြန်ရမည်ဖြစ်သော တပည့်က သူ့ ဆရာအား လက်ဆယ်ဖြာမိုး၍ ထိုင်ရှိခိုးပြီး....

ဆရာ ဒီကနေ့ဟာ ဥစ္စာမိုးရွာစေတတ်တဲ့ နက္ခတ်နဲ့ကြုံနေ တယ်၊ ငါအဆင်းရဲတော့ မခံနိုင်ဘူးဆိုပြီး ဥစ္စာမိုးမရွာပါစေနဲ့၊ ကျနော်ပြန်အလာကို သည်းခံပြီး စောင့်နေပါ၊ သူတို့လိုအပ်တဲ့

ငွေကိုယူလာပေးပါ့မယ်၊ ဒီလိုမဟုတ်ပဲ ငါ့တပည့်သွားတာ ကြာလှချည်ဆိုပြီး နက္ခတ်နဲ့ကြုံတုန်း ဥစ္စာမိုးရွာချပေးလိုက်မယ်ဆိုရင် တခနတာပဲ ဆရာ့အသက်ချမ်းသာရာရမယ်၊ နောက်ပိုင်းမှာ ဆရာရောလူအများပါ အသက်သေဖွယ်ရာ ကျနော်မြင်နေတယ်။

ဒါကြောင့် ဥစ္စာမိုးရွာစေနိုင်တဲ့ နက္ခတ် ဒီကနေ့ ကြုံကြိုက်နေပေမယ့် ဥစ္စာမိုးမရွာပါနဲ့ ကျနော့စကားကိုနားထောင်ပါ။

တပည့်ဖြစ်သူသည် ဆရာ့အား အတန်တန်၊ တတွတ်တွတ်ခရားမှာရေလွှတ်သလို သတိပေးမှာကြားပြီး ငွေယူရန် ရွာသို့ပြန်လာခဲ့သည်။ အကြောင်းနှာတရားတို့၏ သံယောဇဉ် စကားများပင်ဖြစ်၏။

တပည့်ဖြစ်သူသွားရှိမှ မကြာမီပင် ဝေဒဗ္ဗ ဆရာသည် တပည့်၏တောင်းပန်တိုးလျှိုးမှုကို ပစ်ပယ်ကာ....

တပည့်ကတော့ ငါ့ကိုသတိပေးတာပဲ၊ဒါပေမယ့် ဒီက လူဆိုးတွေလက်ထဲမှာ တရက်မပြောနဲ့ တဗီဇနာတောင် ငါမနေနိုင်ဘူး၊ အင်မတန်စရိုက်ကြမ်းတာပဲ၊ ဒီတော့ သူတို့လိုတဲ့ငွေကို နက္ခတ်ကြုံတုန်း မန္တန်ရွတ်ပြီး ဥစ္စာမိုးရွာပေးလိုက်ရရင် ငါချက်ခြင်း လွတ်မှာပဲ....သည်သို့ တွေးကြံ၏။

တွေးကြံမိသည့်အလျောက် ပေသနက ခေါင်းဆောင်ကိုခေါ်ယူ၍....

မင်းတို့ကို ငါအခုငွေပေးရင် ငါ့ကိုလွှတ်မှာလား၊

စိတ်ချ၊ ခုချက်ခြင်းလွှတ်လိုက်မယ်။

ဒါဖြစ်ရင် မင်းတို့ကို ငါအခုငွေပေးမယ်၊ ထည့်စရာတို့ကိုသာ အသင့်ပြင်ထားကြတော့။

ပေသနက ခေါင်းဆောင်နှင့် အဖွဲ့သားများမှာ ဝေဒဗ္ဗ ဆရာ၏စကားဉ် အံ့အားသင့်လျက်ရှိ၏။ သို့လော သို့လောလည်း တွေး၏၊ တပည့်ဖြစ်သူကိုလည်း ငွေအယူခိုင်းလိုက်၏၊ ခုလည်း ငွေပေးမည်ဟု ပြောနေပြန်သည်။ ဟုတ်မှဟုတ်ပါ၏လောဟု သံသယစိတ်တို့မှာ ပြန်ပေး အဖွဲ့သားတို့၏ နှလုံးသားဝယ် ရှုန်းရင်းဆန်ခတ်ဖြစ်နေသည်။

ပေသနက အဖွဲ့သားတို့၏ ရင်တွင်းဉ် ဗလောင်ဆူ လှုပ်ရှား နေခိုက် ဝေဒဗ္ဗဆရာသည် တစုံတခုသောမန္တန်ကို တီးတိုးရေရွတ် လျက်ရှိနေသည်။

နေ့အလင်းရောင်၏ အဆုံး ညအမှောင်၏ အစဖြစ်သည်။ ဝန်းကျင်တခုလုံး မှိုင်းမှုန်၍ နေ့မှုငွေများ ယှက်သန်းနေသည်။ ပြာမှိုင်းသော တောင်တန်းကြီးများသာ မသဲကွဲသော အလင်း ရောင်အောက်တွင် ထီးထီးမားမား ရပ်တည်နေကြသည်။

ဖုတ်... ဖုတ်....ဖုတ် ...

ချလွမ်....ချလွမ်....ချလွမ် ...

ကောင်းကင်ထက်မှ ကျလာသော ရတနာများ၊ တခုနှင့်တခု ထိမိ၊ ပွတ်မိ၊ တိုက်မိ၊ ခိုက်မိသောအသံများ ဖြစ်သည်။

ဟာ....ဟင်....အို ဟူသော အာမေဍိတ်သံများမှာ ပေသနက အဖွဲ့သားတို့၏ နှုတ်ဖျားဝယ် သီးပွင့်သွားသည်။

ဟာ....ရတနာ[illegible]ကြပါလား အံ့စရာပဲ

ကောက်ကြ[illegible].... မလွတ်တန်းကောက်ကြ

ခနကြာသော် ရတနာမိုးသည် စဲသွား၏။

ညအမှောင်သည် နက်သည်ထက် နက်လာ၏။ ရှိုင်းသည် ထက် ရှိုင်းလာ၏။

ဒီမှာ....ဆရာကြီး။

ပေသနက ခေါင်းဆောင်က ဝေဒဗ္ဗ ဆရာကြီးအား ခေါ်လိုက်သည်။

ကျုပ်တို့လိုချင်တဲ့ ရွှေငွေတွေလဲရပြီ။ အဲဒီတော့ ကျုပ်တို့ကတိအတိုင်း ဆရာကြီးလဲ သွားလိုရာ သွားနိုင်ပါပြီ။

ညအမှောင်ထုအောက်တွင် ပေသနက အဖွဲ့သားများမှာ တရွေ့ရွေ့ဖြင့် လိုရာခရီးကို ဆက်ကြသည်။

ဝေဒဗ္ဗဆရာမှာလည်း တယောက်ထီး ဖြစ်နေသဖြင့် သူသွားလိုရာ စေတတိုင်းသို့ ပေသနကအဖွဲ့နှင့်အတူ မယောင်မလည် လိုက်ပါသွားသည်။

ဟူး.... မှောင်လိုက်တာလဲ လွန်ရော။

မှောင်ပါစေကွာ ဒို့တခါမှ မရဘူးတဲ့ ငွေတွေနဲ့ ဟောဒီအမှောင်ကို ဖြိုခွင်းပစ်မယ် သိလား။

လိုသည်ထက် ပိုရနေသော ပေသနက အဖွဲ့သားများမှာ အရွှင်ကြီးရွှင်လျက် အမြူးကြီးမြူးလျက် အထုပ်ကိုယ်စီပိုက်ကာ ကိုယ်လုံးသိမ့်သိမ့်ခါမျှ ပျော်နေကြသည်။

သူတို့ပျော်ရွှင်မှုကား သိပ်မကြာပါ။

လူအင်အား ၅၀၀ - ခန့်ရှိ အခြားသော ပြန်ပေးအဖွဲ့က အစောင့်တဦး၏ မမှိတ်မသုံ ကြည့်နေသော မျက်စိအောက်တွင် သွယ်တန်း ရှည်လျားသော အရိပ်မဲကြီးမှာ ယှောင်ရှားလျက်ရှိ၏။

ပထမတွင် အရိပ်မဲမဲလေးမှ ထင်ရှား ပီပြင်ရွေ့လျားနေသော အရိပ်မဲမဲကြီးကို တွေ့ရသည်။

သတိ....ရန်သူ

တောအုပ်တခုတွင် စခန်းချ၍ နေသော အခြားသော ပြန်ပေးအဖွဲ့က အစောင့်တဦး၏ အော်ဟစ် သတိပေးသံဖြစ်၏။ အစောင့် သတိပေးမှုကြောင့် စခန်းအတွင်းရှိ ပြန်ပေးများမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အသင့် အနေအထား၌လည်း ရှိ၏။

ပေသနကအဖွဲ့မှာ စခန်းချ၍နေသော အခြားဂိုဏ်းနှင့် နီးကပ်သည်ထက် နီးကပ်လာနေချေပြီ။

ဝါးတရိုက်အလိုတွင်....

ဟေ့....ရပ်

စခန်းမှ အစောင့်အသံဖြစ်သည်။

ပေသနက အဖွဲ့သားများမှာ တုန့်ကနဲ ရပ်လိုက်ကြ၏။

ဘယ်ကလဲ၊ ဘယ်သွားကြမှာလဲ၊ ဘာကိစ္စလဲ။

စခန်း ခေါင်းဆောင်လုပ်သူက မေး၏။

ပေသနက ခေါင်းဆောင်ကလည်း သူတို့သည်ပြန်ပေးသမားများဖြစ်ကြသည်။ အဆွေတို့နှင့် ဘဝတူများ ဖြစ်ကြသည်ကို ရှင်းပြသည်။ သို့ရာတွင် အခြားသောဂိုဏ်းက ပြန်ပေး ခေါင်းဆောင်က လက်မခံ။ ရရှိလာသော ရွှေငွေများကို အကုန်ပေးရမည်ဟု အတင်းအကြပ် တောင်းဆိုလိုက်ရှိ၏။

အဆွေတို့.... လိုချင်တဲ့ ရွှေငွေများကို ကျုပ်တို့ဆီက မယူကြပါနဲ့။ ကျုပ်တို့မှာ ရှိတာထက် နှစ်ဆ သုံးဆ, မလိုချင်ကြဘူးလား။ ဟောဒီ ဝေဒဗ္ဗဆရာကို အဆွေတို့ ဖမ်းထားလိုက်ရင် အဆွေတို့ လိုသလောက် ရွှေငွေများ ရမှာ အမှန်ဖြစ်တယ် ခုကျုပ်တို့ ရလာတဲ့ ရွှေငွေတွေဟာ ဝေဒဗ္ဗဆရာ ကောင်းကင်

ကိုကြည့်ပြီး မန္တန်ရွတ်လိုက်တာနဲ့ မိုးရွာသလို ရွှေငွေတွေ ကျလာတာပဲ။ ဘယ့်နှဲ့လဲ မနိုပ်လား။ အဆွေတို့ အလိုရှိရာရဖို့ ဝေဒဗ္ဗဆရာကြီးကို ထားခဲ့မယ်။

အမှန်ပဲနော်

အမှန်ပါ အဆွေရာ၊ အဆွေတို့ကို ကျုပ်တို့က ဘာလို့ လိမ် ရမှာလဲ ဘဝတူတွေပဲဟာ

ဒါဖြစ်ရင် အဆွေတို့ သွားနိုင်ပီ။

ပေသနက ခေါင်းဆောင်သည် ဝေဒဗ္ဗဆရာအား အခြား ဂိုဏ်းခေါင်းဆောင်လက်ဝယ် ဝ,ကွက်၍ အပ်ကာ လိုရာခရီးကို ဆက်လေသည်။

ပေသနက အဖွဲ့ ထွက်သွား၍ တအောင့်အကြာတွင် အခြား ဂိုဏ်း ခေါင်းဆောင်က

ကျုပ်တို့ကိုလဲ ရွှေမိုး ငွေမိုး ရွာပေးပါအုံး။

အေး....မင်းတို့ကိုလဲ ပေးရမှာပေါ့၊ ဒါပေမယ့် တနှစ်တော့ စောင့်အုံး"

ဘာဖြစ်လို့....

နက္ခတ်က တနှစ်မှ တခါပဲ ကြုံတယ်။ ခု မန္တန်ရွတ်လို့ မရတော့ဘူး။ စောစောက နက္ခတ်ကြုံလို့ ရွတ်ပေးပီးပီပဲ။

စောစောက နက္ခတ်ကြုံလို့ ရွတ်ပေးတာက ပေသနက အဖွဲ့ အတွက်ပဲ၊ ကျုပ်တို့ ရတာမှ မဟုတ်တာ၊ ခု ကျုပ်တို့အတွက် ရွတ်ကို ရွတ်ပေးရမယ်။ မရရင်တော့ လူ့ပြည်မှာ ကြာကြာ မထားဘူး။ ဒီမှာ ဝေဒဗ္ဗဆရာ ခင်ဗျား လူ့ပြည်မှာ အသက် ရှင်ချင်ရင် ကျုပ်တို့ကို ခု ရွှေမိုး၊ ငွေမိုး ရွာပေးပါ....ဒါပဲ။

ဂိုဏ်းခေါင်းဆောင်မှာ ခပ်တင်းတင်း ခပ်မာမာ ခပ်ပြတ်ပြတ်ပင် ပြော၏။

ငါ့ရွတ်လဲ နှက္ခတ်မကြုံတော့ အလကားပဲ၊ ရွှေမိုး ငွေမိုး ရွာမှာ မဟုတ်ဘူး၊ ရွတ်ရုံပဲ ရှိမယ်။

ဒါဖြစ်ရင် မရဘူးပေါ့။

အေး....မရနိုင်သေးဘူး။

ခင်ဗျားဟာ လူရှုပ်၊ လူညာကြီးပဲ။

ဂိုဏ်းခေါင်းဆောင်သည် ဒေါသယမ်းအိုး ပေါက်ကွဲကာ ဝေဒဗ္ဗ ဆရာ၏ ဇက်ကို ထက်လှသော ဓားဖြင့် တိကနဲ ပိုင်းဖြတ်လိုက်၏။ ဝေဒဗ္ဗဆရာမှာ မြေပေါ် နှစ်ပိုင်းပြတ်၍ အရုပ်ကြိုးပြတ်ပုံ လဲကျသွား၏။

ဝေဒဗ္ဗဆရာကြီး သေပြီးနောက်၊ ဂိုဏ်းခေါင်းဆောင်သည် သူ့လူများကို စုရုံးလိုက်သည်။ ပြီးနောက်....

အဆွေတို့ ပေသနက အဖွဲ့က တို့ကိုတော့ လိမ်သွားပြီ၊ လိုက်ကြစို့လား။

ဂိုဏ်းခေါင်းဆောင် ပြောလိုက်သည်နှင့် ယနေ့အဖို့ တွက်သား မကိုက်သေးသော ပြန်ပေး ငယ်သားတို့မှာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ သူသေ၊ ကိုယ်သေ၊ တိုက်မည်၊ ခိုက်မည်၊ လုမည်၊ ယက်မည့်ပုံ ပေါ်နေ၏။

ဒီလိုဆိုရင် ခုပဲ လိုက်ကြစို့လား ဆရာ။

လိုက်တာက အရေးမကြီးဘူး။ တိုက်တာက အရေးကြီးတယ်။ သူတို့နဲ့ တို့နဲ့ဟာ အင်အားချင်းဟာ အတူတူပဲ။ ဒီတော့ ဒို့က သူတို့ထက် ပိုပြီး လျင်ဖို့၊ မြန်ဖို့၊ ဖျပ်လပ်ဖို့နဲ့ မိုက်မိုက်ကန်းကန်းလုပ်ဖို့ လိုတယ်။

ခေါင်းဆောင် ပြောတာ မှန်ပါတယ်၊ ကျနော်တို့ရဲ့ လုပ်ရည် ကိုင်ရည်ကိုလဲ ခေါင်းဆောင် အသိပါပဲ။

ကိုင်း....ဒါဖြစ်ရင် အားလုံး အသင့်ဖြစ်ပလား။

ဖြစ်ပါပြီ။

ဒါဖြင့် သွားကြစို့။

အမှောင်မှာ ထူထဲနေသော်လည်း မျက်စေ့ကျင့်သားရပြီး ဖြစ်သော ပြန်ပေးသမားတို့မှာ အလွယ်တကူပင် ပေသနက အဖွဲ့နောက်သို့ ခြေရာခံနိုင်ခဲ့သည်။ ဂမူကိုကျော်၍ ချိုင့်ကို ဆင်းကာ မြေကြီးတကောင် သွားသလို တန့်လိမ် ကောက်ကွေး ဖြင့် သွားနေရသော သူတို့အဖို့ လေတဖြူးဖြူး တိုက်ခတ်နေသည့် ကြားမှပင် ချွေးတို့ဖြင့် ရွှဲရွှဲစိုနေကြသည်။

တွေ့လိုသူတို့နှင့် နီးလေလေ၊ သူတို့စိတ်မှာ လှုပ်ရှားလေလေ ပင် ဖြစ်၏။

တွေ့ပါပြီ၊ ပေသနက အဖွဲ့ကို တွေ့ပါပြီ။

ဟေ့....ပေသနကအဖွဲ့....ရပ်။

ပေသနက အဖွဲ့သည် ရှေ့သို့ သွားနေရာမှ တုံ့ကနဲ ရပ်လိုက် ၏။ ပြီးနောက် အခြားဂိုဏ်းနှင့် မျက်နှာချင်း မူလိုက်သည်။

အဆွေတို့ ကိစ္စက။

ကိစ္စကတော့ အခြား မဟုတ်ပါဘူး။ အဆွေတို့ရတဲ့ အထဲက တဝက် ခွဲပေးဖို့ပဲ။

ပေသနက ခေါင်းဆောင်မှာ ရယ်ကျဲကျဲ ပြုလိုက်၏။ ပြီးနောက်....။

ဝေဒဗ္ဗ ဆရာတယောက်လုံး ပေးထားသား မဟုတ်လား။

မုန်တယ်၊ ဒါပေမယ့် သူ့ကို ခိုင်းလို့ မရတာနဲ့ သတ်ပစ်လိုက်ပါ။

ဒါတော့ ကျုပ်တို့လဲ မတတ်နိုင်ဘူး။

မပေးဘူး ဆိုပါတော့။

အရှင်းကြီးပဲ ပေးဖို့ ဘာလိုလဲ။

မပေးရင် အန်တုတယ် ဆိုပါတော့။

စမ်းကြတာပေါ့။

ပေသနကအဖွဲ့နှင့် အခြားဂိုဏ်းတို့၏ ဓားချင်းယှက်သံ၊ ထိုးသံ၊ ခုတ်သံ၊ အော်သံ၊ ဟစ်သံတို့မှာ ငြိမ်သက် အေးချမ်းလှသော ညစ၏သာယာမှုကို ဖျက်ဆီးပစ်လိုက်သည်။

ပကတိ ချမ်းမြေ့သော မြေပေါ်ဝယ် သွေးအိုင်ထွန်းလျက် အလောင်းချင်းထပ်မျှ ဖြစ်သည်။ လောဘနောက်သို့ လိုက်မိသော လောဘသားတို့၏ ဇာတ်သိမ်းမှာမကောင်းလှ၊ အရုပ်ဆိုး၊ အကျည်းတန်လှသည်။ မမြင်ရက်၊ မရှုရက်၊ ရင်ဆို့စရာဖြစ်၏။

ပေသနကအဖွဲ့ အရေးနိမ့်ပြီးနောက် လောဘတိုက်နေသော အခြားဂိုဏ်း၏ မြင်ခင်းကလည်း မလှမပ၊ သူ့ကို ငါကမယုံ၊ ငါ့ကိုသူကမယုံ၊ သံသယမျက်လုံးတွေ ဝင်းဝင်းတောက်နေသည်။ မယုံသင်္ကာစိတ်တွေ အခိုးလျှံထွက်နေသည်။ သံသယမျက်လုံးတွေ၊ မယုံသင်္ကာစိတ်တွေကြောင့်ပင် အခြားဂိုဏ်းမှာလည်း အုပ်စုနှစ်စု ကွဲထွက်သွားပြန်သည်။

အုပ်စုနှစ်စုမှာ တစုနှင့်တစု အလစ်မပေး။ ချောင်းလျက်၊ မြောင်းလျက်၊ ရန်စောင်လျက်ရှိသည်။ သူထန်လျှင် ကိုယ်က

မာ၍ ကိုယ်ကဆတ်လျှင် သူကလည်း ရပ်လာသည်။ အခြေအနေမှာ တင်းမာနေသည်။ စေ့စပ်၍မရ။ လောဘ၏တိုက်တွန်းချက်ဖြင့် တစုနှင့်တစုမှာ ခုတ်မည်၊ ထစ်မည်၊ လှီးမည်၊ ဖြတ်မည်၊ ဟန်ရေးတပြင်ပြင် ရှိနေသည်။

သည်ဟန်ရေးမှာ နေ့မကူး၊ တဦးနှင့်တဦး ထေ့ရာမှ ငေါ့လာသည်။ ငေါ့ရာမှ ကတောက်ကဆတ်ဖြစ်လာသည်။ တဦးက မာရဆဲလျှင် တဦးကလှံကိုင်သည်။ တဦးနှင့်တဦးချင်းကအစ၊ ရမ္မက်၏ လှုံ့ဆော်မှုကြောင့် အုပ်စုလိုက်အရေး ဖြစ်လာသည်။ တား၍မနိုင်၊ ဆီး၍မရ၊ သွေးပွက်ပွက်ထလာသည်။

ရွှေငွေလုတိုက်ပွဲကား စပြီ။

တစုနှင့်တစု၊ သတ်ပွဲ၊ ဖြတ်ပွဲ၊ ရန်းရင်းဆံခတ်ပွဲကား သောသောညံမျှဖြစ်သည်။ ဟက်တနဲ၊ စွက်ကနဲ၊ ဖျာကနဲ၊ ရဲကနဲ၊ သွေးငေါက်တောက်ပန်းပွဲ၏ အဆုံး၌ လူနှစ်ဦးသာ ကျန်တော့သည်။

ကျန်လူနှစ်ဦးသည် မြင်မကောင်းအောင် ပိုးလိုးပက်လက် ပြန့်ကျဲနေသော အလောင်းကောင်တွေကြားမှ ရွှေစ၊ ငွေစများကို လိုက်လံကောက်ယူ စုဆောင်းလိုက်သည်။ နည်းနည်းမဟုတ် တပုံတပင်ကြီးပင် ရကြသည်။

ကဲ- မိတ်ဆွေ မင်းနဲ့ငါနဲ့ နှစ်ယောက်ပဲ ကျန်တော့တယ်၊ ခုရတဲ့ရွှေငွေတွေကို ဒီနှစ်ယောက် တယောက်နဲ့တယောက် သစ္စာရှိရှိနဲ့ ခွဲဝေယူလိုက်ရင် ဘဝတသက် ဖူလုံပြီပဲ။ နောင်ရေးအတွက် အေးချမ်းရပြီပေါ့၊ ဒီတော့ မင်းလဲငါ့အပေါ် သစ္စာမဖောက်နဲ့၊ ငါလဲ မင်းအပေါ် သစ္စာရှိမယ်၊ ဘယ့်နှယ်လဲ သဘောတူရဲ့လား။

သိပ်တူပေါ့ မိတ်ဆွေရာ။

ဒါဖြင့်ရင် ငါရွာထဲကို ဒိန်နှစ်ယောက်စားဖို့ ထမင်းသွား ချက်မယ်၊ မင်း ဒီက ဥစ္စာထုပ်ကို စောင့်နေ။

ကောင်းတဲ့အကြံညဏ်ပဲ မိတ်ဆွေ။

သို့ဖြင့် တဦးမှာရွာထဲသို့ ထမင်းချက်အံ့သောငှာ ဝင်၏။ တဦးသူမှာမူ ဥစ္စာထုပ်ကိုစောင့်လျက် နေရစ်၏။

သို့သော်....

ကျန်လူနှစ်ဦးစလုံးတွင် အကြံကိုယ်စီရှိကြသည်။ ထမင်း ချက်သွားသူက ထမင်းထဲတွင် အဆိပ်ခပ်၍ ဥစ္စာစောင့်သသူကို စားစေမည်။ ထိုလူသေလျှင်၊ ရှိသမျှဥစ္စာ သူ့ဥစ္စာဟူ၍ မြူး လျက် ရှိသကဲ့သို့၊ ဥစ္စာစောင့်ရစ်သူကလည်း ထမင်းချက်သွားသူ ပြန်လာလျှင် အမှတ်တမဲ့ နောက်ကနေ၍ ဓားဖြင့်အသေ ပိုင်း မည်။ ပြီးနောက် ရှိသမျှဥစ္စာ သူ့ဥစ္စာဟူ၍ တွက်ဆကာ ရွှင်လျက် ဝမ်းသာနေသည်။

မကြာလှပါ။ သိပ်မကြာလှပါ။

ထမင်းချက်သွားသူ ပြန်လာပါပြီ။ နှစ်ယောက်စာအတွက် ထမင်းထုပ်တွေ လက်ဝယ်ကိုင်လျက် ပြန်လာပါပြီ။ သူ့ မျက်နှာမှာ ရွှင်လို့ပြုံးလို့....။

ထမင်းချက်ယူလာသူ၏ အပြုံးမှာ တခနသာဖြစ်၏။ သူ့ နောက်မှနေ၍ အကြံဖြင့်စောင့်နေသူ ဥစ္စာစောင့်သသူက ဓားဖြင့်ပိုင်းလိုက်သည်။ မြေပေါ်ဝယ် ငိုက်စိုက်ကျသွားတော့ သည်။ တချက်သာ လူ့နိုင်သည်။ သွေးဗွက်ထဲ၌ အသက် ပျောက်သွားသည်။

ဟဲ....ဟဲ....ရှိသမျှပစ္စည်း၊ ငါ့ပစ္စည်းပဲ မဟုတ်လား၊ သဌေး ဖြစ်ရချည့်သေးရဲ့။

ဥစ္စာစောင့်သသူမှာ တကိုယ်လုံး ခိုက်ခိုက်တုန်မျှ ပီတိ ဖြာဝေလျက်ရှိသည်။ ဝမ်းအသာကြီးသာ၊ အရွှင်ကြီးရွှင် နေသည်။

ဒီ....သကောင့်သား ကံကောင်းချင်တော့ ကြံဖန်ဖြစ်လာရ တာပဲ၊ ဒီဥစ္စာထုပ်ကိုပိုက်၊ ရွာကိုပြန်၊ ချစ်ဇနီးနဲ့လက်တွဲပြီး ပျော်ပွဲကြီး နွှပစ်လိုက်မယ်။

ဥစ္စာစောင့် သသူသည် ပါးစပ်က ရေရွတ်ကြိမ်းဝါးလျက် ထမင်းထုပ်ကို ဖြေ၍ စားလေသည်။ မြိန်ရည်၊ ရှက်ရည်ပင် စားသည်။

တလုပ်၊ နှစ်လုပ်၊ သုံးလုပ်

ထိုမှ လေးလုပ်အရောက်တွင် မျက်စိတွေ ဝေသီလာသည်။ ကောင်းစွာ မမြင်ရ၊ ဝိုးဝါး ဖြစ်လာသည်။ ဗိုက်ထဲကလည်း နာလာသည်။ ပြီးနောက် ဇက်ကျိုးကျသွား၏။ ပါးစပ်ထဲတွင် လည်း အမြှုပ်က တစီစီ တက်နေသည်။ သူ့ကိုယ်သူ မဟန်နိုင် တော့။ ဗိုးကလဲ လဲကျသွားသည်။ ဂစ်....ဟူသော အသံ တချက်သာ မြည်လိုက်နိုင်သည်။ အသက်မရှိတော့။ သူမက် သော ဥစ္စာထုပ်ကို ဖက်လျက် မလှုပ်မယှက် ငြိမ်လျက်။

တောတန်းကို ဖြတ်ကျော်လာသော လေသည် လွတ်လပ် စွာ တိုက်ခတ်နေသဖြင့် သန့်ရှင်းနေပေသည်။ အင်ကြင်းပင်ထက် မှ ဥသြငှက်ငယ်၏ တေးသံမှာ သာယာလှ၏။ ပြာလဲ့လဲ့ ကောင်းကင်ပြင်ဝယ် ခဲသားရောင် တိမ်လိုင်းများမှာ ဆော့ ကစားနေသည်။

ငွေထုပ်ကိုပိုက်၍ သူ့ဆရာဝေဒဗ္ဗကို ရှေးရန်လာသောတပည့်အား ဝင်းလက် နွေးထွေးသော နေခြည်က ဆီးကြို လိုက်၏။ သို့ရာတွင် တပည့်ဖြစ်သူမှာ မိုးထိသော ပန်းကဲ့သို့ ပေါ့ပါး လန်းဆန်း ရမည့်အစား၊ စိတ်နောက်ကျိလျက် ရှိသည်။ ဘာ့ကြောင့် စိတ်တွေ လေးလံနေသည်ကို သူအဖြေ ဖွေရှာလျက် ရှိသည်။

သူ့ဆရာသည် သူ့စကားကို မနာယူပဲ၊ ရတနာခုနစ်ပါး မိုးရွာလိုက်ရင်တော့ ဒုက္ခပါပဲ ဟုသည်ကိုမူ တွေးမိသော တပည့်အဖို့ စိတ်တွေ ထိုင်းမှိုင်းနေခြင်း ဖြစ်သည်။

တပည့်သည် သူ့ဆရာနှင့်လာစဉ်ကကဲ့သို့ မဟုတ်ပဲ၊ ခပ်သွက်သွက်ကလေး လာသည်။ သူ့ဆရာ ဝေဒဗ္ဗထံ ရောက်လိုဇောက ပြင်းနေသဖြင့် အပြေးတခါ သုတ်သုတ် တလျှောက် လာသည်။

မြင်ခင်းကို တွေ့ရပါပြီ။

တွေ့ရသော မြင်ခင်းကား စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်၏။ နှစ်ပိုင်းပြတ် သေနေသော သူ့ဆရာအလောင်း ဖြစ်သည်။

အတန်တန် သတိပေးပါလျက် တားမြစ်ပါလျက် ငါ့စကား မနာယူလို့ ငါ့ဆရာတော့ သေရပြီ။

တပည့်သည် သည်သို့ ဆို့နင့်စွာ မြည်တမ်းလျက် သူ့ဆရာအလောင်းကို ကောင်းစွာပင် သင်္ဂြိုဟ်၏။ ပြီးနောက် သူထင်သည့်အတိုင်း ဟုတ်သည် မဟုတ်သည်ကို သိရှိရန် ရှေ့သို့ ခရီးဆက်ခဲ့သည်။ ပေသနကအဖွဲ့မှ သွေးသံရဲရဲဖြင့် ပြန့်ကျဲနေသော အလောင်းကောင်များ၊ ထိုမှဆက်ပြန်ရာ အခြားဂိုဏ်းကခြေပြတ်၊ လက်ပြတ်၊ အလောင်းကောင်များ ထိုမှတဆင့်တိုး၍

ဆက်ပြန်ရာ ငွေထုပ်ပိုက်လျက် အစာအဆိပ်မိကာ သေနေသော အလောင်းကို နောက်ဆုံး တွေ့ရှိရလေသည်။

ပညာရှိ သတိပြစ်ခဲ့ ဆင်းရဲဒုက္ခ မခံနိုင်ပဲ၊ ဆိုနိုင် ခက်ခဲ ပျက်စီးရစမြဲကို နှလုံးသွင်းကာ ဝေဒဗ္ဗ၏ တပည့်သည် ဥစ္စာထုပ် ကို ပိုက်လျက် ကြေကွဲဝမ်းနည်းစွာဖြင့် ရွာသို့ပြန်လာလေသည်။

## နိုင်ပြည်သူ

# မြွတ်တန်ဆာ

နေရောင်လက်လက် နေခြည်ပြက်သော နေမွန်းတည့်လုလုနီး ဖြစ်သည်။

ပူ၏။ အိုက်၏။ ငြိမ်သက်စွာ နေရင်းပင် ချွေးစို့အောင် ပူအိုက်လှသည်။

ပူလှ၊ အိုက်လှ၊ ချွေးပြိုက်ပြိုက်ကျလောက်အောင် ပူလွန်းလှသည့်ဒဏ်ကို မခံနိုင်သော ဗာရာဏသီမင်းကြီးနှင့်တကွ မိဖုရားကြီး အမှူးရှိသော မောင်းမတို့သည် ကြည်လင်ရွှန်းမြ စိမ့်အောင် အေးလှသော မင်္ဂလာရေကန်၌ ရေကစားကြ၏။

ရေကစားရင်း ငါရဲ့ မဟာသာရ ပုလဲသွယ်တန်ဆာဟာ ရေကန်ထဲ ကျပျောက် ဆုံးသွားမှဖြင့် ခက်ရချည်ရဲ့။

မိဖုရားကြီးသည် ရေကစားရင်း သူ၏ ပုလဲသွယ် တခုခု ဖြစ်မည် စိုးသဖြင့် လည်ပင်းမှ ချွတ်၍ သစ်ပင်ခြေရင်းထက်၌ တင်ထားလိုက်၏။ ပြီးနောက် သူ၏ မောင်းမတယောက်အား စောင့်ကြည့်နေဖို့ မှာ၏။

မိဖုရားကြီးမှာ သူလုပ်ကိုင်နေသမျှ လုံခြုံစိတ်ချရပြီဟု တွေး ထင်ဟန်ရှိ၏။ ရန်သူတဦးတယောက်က ချောင်းမြောင်း ကြည့် ရှုအလစ်ယူရန် စောင့်နေသည်ကိုမူ လုံးဝ သိရှိဟန်မတူ၊ တကယ် တော့လည်း သူ ငါ လူစိမ်း ဖြတ်သန်းသွားလာခွင့် အလျဉ်း မရှိသော မင်း၏ ဥယျာဉ်ထဲ၌လည်း ဖြစ်၏။ မိဖုရားခေါင်ကြီး၏ လည်ဆွဲရတနာလည်း ဖြစ်သည်ကြောင့် မိဖုရားကြီးသည် သူ၏ ပုလဲရတနာ မြတ်တန်ဆာကို ကန်စပ်ရှိ သစ်ပင် ခြေရင်းထက်၌ တင်၍ မောင်းမငယ်တဦးအား စောင့်ကြည့်စေခြင်းပင် ဖြစ်၏။

မင်းဥယျာဉ်ထဲဝယ် ဟိုတကွက် သည်တကွက် သစ်ပင်များ။ သစ်ပင်အိုရော အပင်သစ်များပါ ရောယှက်နေကြသည်။ အပင် သစ်များကလည်း ပွင့်ဝေနေကြသကဲ့သို့ အပင်ဟောင်းများ ကလည်း အိုမင်း မြင့်မား ကိုင်းညွတ်လျက် ရှိ၏။

မင်္ဂလာကန်အဆင်း လမ်းကြီး တဖက်တချက်ရှိ မြက်ခင်း စိမ်းပေါ်တွင် ပွင့်သစ်အလှတို့ဖြင့် ရောင်စုံ လွှင့်ပြက်နေကြ၏။ ကြည့်လေရာ၌ သစ်ပင်များသည် စိမ်းမှိုင်းအုပ်ဆိုင်းနေကြသည်။

စိမ်းမှိုင်း အုပ်ဆိုင်းနေသော သစ်ပင် ပျိုအိုများကို စိုက်ငေး ရင်း ပုလဲရတနာစောင့်သူ မောင်းမငယ်မှာ ငိုက်လာသည်။ ပြီးနောက် မေ့ကနဲ အိပ်ပျော်သွား၏။

ထိုအခိုက် မိဖုရားခေါင်ကြီး၏ လည်ဆွဲရတနာကိုမှ မက်မော တွယ်တာနေသူ မျောက်မတကောင်သည် သစ်ပင်ထက်မှ ကသုတ် ကယက် ပြေးဆင်းလာ၏။ ဟိုကြည့် သည်ကြည့် ဝဲယာအနှံ့ကို ကြည့်လိုက်၏။ ပြီးနောက် လှစ်ကနဲယူကာ ကသောကမျော သစ်ပင်ထိပ်ဖျားထက်သို့ ပြေးတက်သွား၏။ ပုလဲရတနာကို ရသဖြင့် မျောက်မမှာ အူမြူးနေ၏။



မျောက်မကား ထုံအအ မျောက်မ မဟုတ်၊ ပါးလုပ်နေသော မျောက်မ ဖြစ်၏။ ပုလဲရတနာကို သစ်ခေါင်းတွင်း ဝှက်ပြီး မသိဟန်ဆောင်ကာ သစ်ပင်ထိပ်၌ ခပ်တည်တည်ပင် ထိုင်နေ၏။

အိပ်ပျော်သွားရာမှ လန့်ဖျပ်နိုးလာသော မောင်းမငယ်သည် သစ်ပင်ခြေရင်း၌ ပုံထားသော ပုလဲသွယ်ကို ကြည့်၏။

မတွေ့။

ဟိုဟိုသည်သည် ရှာကြည့်၏၊ လုံးဝ အစအန ရှာမတွေ့။

ခက်ပြီ။ ခုမှ အခက်ကြီး ခက်ပြီ။

မောင်းမငယ်၏ ရင်တွင်းဝယ် ပူလောင်လာ၏။ တကိုယ်လုံး ချွေးတို့ဖြင့် စိုရွှဲနစ်နေအောင် အပူလှိုင်းကြွလာ၏။ တဆတ်ဆတ်တုန်ကာ နတ်ပူးသလို လှုပ်ခါနေ၏။

ငါ ဘာလုပ်ရမလဲ၊ မိဖုရားကြီးကို ဘယ်လိုလျှောက်တင်ရမလဲ၊ အသက်ရှင်နေတာထက် သေရတာမှ ကောင်းသေး။

မောင်းမငယ်သည် မကြံတတ်၊မစည်တတ် ဖြစ်နေ၏။ နောက်ဆုံး သူ၏ဦးနှောက်တွင်းသို့ အကြံတခု ဝင်ရောက်လာ၏။

သူခိုး....သူခိုး....သူခိုး....။

ကျွမကို ရိုက်ပုတ်ပြီး မိဖုရားကြီးလည်ဆွဲကို လုယက်ထွက်ပြေးသွားပြီ။ ဝိုင်းဖမ်းပေးကြပါ။

မောင်းမငယ်မှာ တအားကြုံး၍ ဟစ်အော်လိုက်သည်။

မောင်းမငယ်အော်သံ ကြားရသဖြင့် ဘုရင့်စစ်သည်တော်များမှာ အပြေးအလွှား ရောက်လာကြ၏။

သူခိုး ဘယ်ရောက်သွားလဲ

စစ်သည်တော်တဦးက အမောတကော မေး၏။

ဟောဟိုဖက်ကို ထွက်ပြေးပီ။

ဘုရင့်စစ်သည်တော်တို့သည် မောင်းမငယ်၏ ညွှန်ရာသို့ ကြည့်၏။ မတွေ့။ ပြီးနောက် နေရာအနှံ့ ဝဲယာနံပါး အကုန် ကြည့်၏။

ထိုအခိုက် အိမ်သို့ပြန်ရန် ဥယျာဉ်ဘေးက ဖြတ်လာသော ရှာသား တယောက်မှာ မောင်းမငယ်၏ အော်သံကြားသဖြင့် သတ်ခြေတုံ၏။ အိမ်သို့ အပြေးနှင်သော ရှာသားကိုပင် စစ်သည်တော်တို့က သူခိုးထင်၏။ အထင်ဖြင့်ပင် ဖမ်း၏။ ထုသူက ထု၏။ ရိုက်သူက ရိုက်၏။ ထောင်းသူက ထောင်း၏။ ပုတ်သူက ပုတ်၏။

အထု၊ အထောင်း၊ အပုတ်၊ အခတ်၏ ဒဏ်ကို မခံနိုင်သော ရှာသားသည် အကယ်၍ ငါမခိုးရဟု ဆိုသော် သူတို့ ထုထောင်း၊ ပုတ်ခတ် ရိုက်နှက်သော ဒဏ်ဖြင့် ငါသေရမည် အမှန်ဖြစ်၏ဟု တွေး၍....။

အကျွန်ုပ် ခိုးယူမိပါတယ်။

အမှန်ပဲလား။

အမှန်ပါပဲ။

ဒါဖြစ်ရင် မင်းကြီးထံ လိုက်ခဲ့ဟု ဆိုကာ ရှာသားအား လက်ပြန်ကြိုးထုပ်၍ ဘုရင်မင်းထံ ခေါ်သွားလေ၏။

ဟဲ့....ဆင်းရဲသား။

ဘုရင်မင်းမြတ်ရဲ့ မိဖုရားကြီး ပုလဲရတနာ မြတ်တန်ဆာကို ခိုးယူမိတယ် ဆိုတာ အမှန်ပဲလား။

မှန်ပါ။ ခိုးယူမိကြောင်းပါဘုရား။

အလို ဝုံဝုံစားစား ဘုရင်မင်းမြတ်ရဲ့ ရတနာကိုမှ ခိုးယူတယ်ဆိုတော့ သင်းမှာ အကြောင်းကိစ္စ တခုခု ရှိအံ့ထင်ရဲ့။

မှန်လှပါ၊ အရှင်မင်းကြီး။

သည် ပုလဲ ရတနာကို သဌေးကြီးက အလိုရှိကြောင်း ပြောလာပါသဖြင့် အသက်ကိုလှူ၍ ခိုးယူရခြင်းပါ။

ငါ့ရဲ့ လိမ္မာရေးခြား ဉာဏ်အမြော်အမြင် ကြီးမားတဲ့ အမတ်ကြီး။

မှန်လှပါ၊ အမိန့်တော်မြတ် ချမှတ်ပါ။

သဌေးကြီးကို ဆင့်ဆိုစမ်းပ။

သဌေးကြီးမှာ လက်ပြန် နှောင်ကြိုးတဲ၍ ဘုရင့် ရှေ့တော်မှောက် ရောက်ရှိလာ၏။

သဌေးကြီး။

မှန်လှပါဘုရား။

မိဖုရားကြီးရဲ့ ပုလဲရတနာကို သည်ဆင်းရဲသားအား ခိုးယူခိုင်းတယ် ဆိုတာ အမှန်ပဲလား။

သဌေးကြီးသည် သူ့ကိုယ်သူ လွတ်ကြောင်းတွေးကာ....။

တင်ဝံ့ပါသည်ဘုရား။

သည် ပုလဲရတနာကို ပုရောဟိတ်လက်သို့ အပ်လိုက်ရကြောင်းပါ။

ပုရောဟိတ်ဟုတ်လား။

မှန်လှပါ၊ ပုရောဟိတ်ပါဘုရား။

မယုံနိုင်စရာပါလား အမတ်ကြီးတို့။

မှန်လှပါဘုရား။

ပုရောဟိတ်ကြီး။

ရှိသေစွာ နာခံလျက်ပါဘုရား။

မိဖုရားကြီးရဲ့ ပုလဲရတနာကို သဒ္ဒေးကြီးထံမှ လက်သင့်ခံထားတယ်ဆို....ဟုတ်ကဲ့လား။

လျှောက်ဝံ့ပါသည် ဘုရား၊ ထားရင်လဲ ရှင်ရပါမည်။ သတ်ရင်လဲ သေရပါမည်။ သည်ပုလဲရတနာကို စောင်းသမားအား ပေးလိုက်ရကြောင်းပါ။

မျက်စိတော့ လည်စရာကောင်းပီ အမတ်ကြီးများတို့....

မှန်လှပါဘုရား။

ဟဲ့....စောင်းသမား

မိဖုရားကြီးရဲ့ ပုလဲရတနာကို မောင်မင်း လက်ဝယ်မှာ ရှိတယ်ဆို။

မှန်လှပါဘုရား။

သည်ပုလဲရတနာကို ပြည့်တန်ဆာမအား အပ်လိုက်ရကြောင်းပါ။

အဘယ်... ပြည့်တန်ဆာမ။

မှန်လှပါ အရှင်မင်းကြီး။

မိဖုရားကြီးရဲ့ လည်ဆွဲရတနာ သင့်ထံမှာ ရှိတယ်ဆိုတာ မှန်ရဲ့လား။

ဘုရား ကျွန်မမျိုး တင်ဝံ့ပါသည်။

တင်စေ။

မိဖုရားကြီးရဲ့လည်ဆွဲရတနာ၊ ဘုရားကျွန်မမျိုး လက်ထဲ၌ မရှိရိုးအမှန်ပါ၊ စိတ်လဲမကူးဝံ့ပါ။

အမတ်ကြီးများ။

ဘုရား။

ပြဿနာကတော့ ရှုပ်သည်ထက်ရှုပ်ကုန်ပြီ။

မှန်ပါ့ဘုရား။

ဒီကနေ့အဖို့ရာမှာတော့ အချိန်ကလဲလင့်ပြီမို့ သူတို့ငါးဦးကို အချုပ်ခန်းထဲ သွင်းလိုက်ကြပေရော့။

ဤတွင် ရှေးနောက်တိုင်းဆ ဉာဏ်အမြော်အမြင် ကြီးမားသော ပညာရှိအမတ်သည် ရွာသား၊ သဌေး၊ ပုရောဟိတ်၊ စောင်းသမားနှင့် ပြည့်တန်ဆာတို့၏ အသီးအသီး ထွက်ဆိုချက်များအပေါ် အလေးအနက်တွေး၏။ စဉ်းစား၏။ သုံးသပ်၏။

ပုလဲသွယ်သည် အတွင်းသားတို့လက်၌ ပျောက်၏။ ရွာသားသည် အပသားဖြစ်၏။ အထွက်အဝင် တံခါးတို့၌လည်း လုံခြုံစွာ စောင့်ရှောက်လျက်ရှိ၏။ သို့ကြောင့် ထိုရွာသား ခိုးယူနိုင်မည်မဟုတ်။ မင်းခယောက်ျားတို့ ယူခြင်းအကြောင်းလည်း မထင်။

ရွာသားက သဌေးကြီးအား ပေးလိုက်ရပါသည်ဟု ဆို၏။ အမှန်မှာ သူလွတ်လို၍သာ ဆိုသောစကား ဖြစ်တန်ရာ၏။

သဌေးက ပုရောဟိတ်အား ပေးလိုက်သည်ဟုဆိုရာ၌၊ သူတို့နှစ်ယောက် ပူးပေါင်း၍ အမှုမှလွတ်မြောက်ရန်ကြံလို၍ဆိုသော စကားသာ ဖြစ်တန်ရာသည်။

တဖန် ပုရောဟိတ်က စောင်းသမားအား ပေးရပါသည်ဟု ဆိုပြန်၏။ သို့ဆိုရာ၌ အချုပ်ခန်းလှောင်အိမ်၌ စောင်းသမားကို မှီ၍ စိတ်သက်သာ ချမ်းသာရရအောင် နေလို၍ ဆိုတန်ရာ၏။

စောင်းသမားက ပြည့်တန်ဆာမအား ပေးလိုက်၏ ဆိုရာ၌ နှောင်အိမ်တွင် မငြီးမငွေ့ ရွှင်ကြည်စွာနေနိုင်ရန် ဆိုတန်ရာ၏။

သို့လျှင် ငါးယောက်လုံးသည် ခိုးသူများမဖြစ်နိုင်ရာ၊ သည်သူများ မဟုတ်လျှင် မည်သူတို့ခိုးယူနိုင်အံ့နည်း၊ အပသူမဟုတ်လျှင် အတွင်းလူဖြစ်ရမည်။ အတွင်းတွင် မည်သူတို့နေကြသနည်း။ များစွာသော မျောက်တို့နေကြ၏။ လည်ဆွဲတန်ဆာကို မျောက်မများ နှစ်သက်တတ်၏။ သို့ဖြစ်လျှင် တခုသော မျောက်မသည် ယူတန်ရာ၏ဟု ရှေ့နောက်ဆက်စပ်၊ မြော်တွေးထောက်ရှုကာ ပြဿနာတခု၏ အဖြေမှန်ရရေးအတွက် ခုံ၍စဉ်းစား၏။

သို့စဉ်စားပြီးနောက်၊ မင်းကြီးထံဝင်၍ လျှောက်၏။

အရှင်မင်းကြီး ဤအမှုကို ဘုရားကျွန်တော်မျိုးအား လွှဲအပ်တော်မူပါ။ ဘုရားကျွန်တော်မျိုး အဖြေမှန်ရရေးအတွက် စီရင်ပေးပါအံ့။

အဖြေမှန်ပေါ်ဖို့လမ်းစများတွေ့လို့လား၊ ပညာရှိအမတ်ရဲ့။

မှန်လှပါ၊ အဖြေမှန် ပေါ်တန်ကောင်းပါရဲ့။

အိမ်း....ကောင်းစွ၊ ကောင်းစွ၊ ငါ့ခွင့်ပြုတော်မူတယ်။

ပုလဲရတနာ မြတ်တန်ဆာအမှုသည် ပညာရှိအမတ်လက်ထဲရောက်သည်နှင့် ပညာရှိအမတ်သည် သူစိတ်အချရဆုံး၊ အယုံကြည်ရဆုံးသော လူတယောက်ကို အချုပ်နှောင်အိမ်အနီး၌နေစေ၏။ ပြီးနောက် အချင်းချင်းပြောစကားများကို တလုံးမကျန် မှတ်သားနားထောင်စေ၏။

အချုပ်ခန်းထဲတွင် ခိုးသူငါးယောက်တို့ချည်း ရှိသည့်အခါ ပညာရှိအမတ်တွေးထင်သည့်အတိုင်း အချင်းချင်း အမှန်အတိုင်း ပြောဆိုကြသည်ကို နားထောင်သူကြား၍ ပညာရှိအမတ်အား ပြန်ကြားလေ၏။

ပညာရှိအမတ်သည် သူတွေးထင်သည့်အတိုင်း မျောက်မထံမှ ပုလဲရတနာရရှိအောင် စီစဉ်တော့သည်။

အချင်းစစ်သည်တော်တို့ ဥယျာဉ်တော်ထဲမှာရှိတဲ့ မျောက်မအားလုံး တကောင်မကျန် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးပြီး ငါ့ထံ ခေါ်လာခဲ့။

ပညာရှိအမတ် အမိန့်ပေးသည်နှင့် စစ်သည်တော်တို့သည် ဥယျာဉ်သို့ သွားရောက်၍ မျောက်မအများတို့ကို ဖမ်းဆီးလာခဲ့လေ၏။

မျောက်မအများ ပညာရှိအမတ် လက်ထဲရောက်သည်နှင့် စိမ်း၊ နီ၊ ဝါ၊ ပြာတို့ဖြင့် ထုံးဖွဲ့ထားသော ချည်ထုံးများကို လက်ခြေတို့တွင် တန်ဆာဆင်၍ လွှတ်လိုက်၏။

ရောင်စုံ ပြေးလက်နေသော ချည်ထုံးများကို ရရှိကြသည့် မျောက်မတို့မှာ ကြည့်မဝ၊ ရှုမဝ၊ တပြုံးပြုံးဖြစ်နေ၏။ ဝမ်းသာလွန်း၍လည်း ခုန်သူက ခုန်၏။ ကသူက က၏။

ချည်ထုံးများ ရလာသော မျောက်မတို့သည် ပုလဲသွယ်ခိုးသော မျောက်မရှေ့တွင် ကခုန်ကြရင်း။

ကြည့်စမ်း၊ ဒို့ချည်ထုံးကလေးတွေ ဘယ့်လောက်လှသလဲ၊ မလှဘူးလား၊ ညည်းလိုချင်ရင် ပညာရှိ အမတ်ဆီ သွားတောင်းပါလား။

တကြိမ်မက နှစ်ကြိမ်မက အကြိမ်ကြိမ် ဝင့်ကြွားလာကြသဖြင့် ပုလဲသွယ်ခိုး မျောက်မမှာ သည်းမခံနိုင်တော့။

ညည်းတို့ဟာ ဘာများ လှလို့လဲ ချည်ငင် အတုတွေ။

ချည်ငင် အတုတွေပဲ၊ သည်းမှာရှိလို့လား။ ဒီအတုတွေပဲ၊ သည်းရပါစေအုံး။ ကိုယ့်မရတော့ သူများ မနာလိုတဲ့ ကောင်မ ဟော့။

မျောက်မ အများသည် ပုလဲသွယ်ခိုး မျောက်မအား ဝိုင်း၍ လှောင်ကြ၏။ ပြောင်ကြ၏။ သရော်ကြ၏။

ပုလဲသွယ်ခိုးမျောက်မသည် သည်းမခံနိုင်လွန်းမက သည်းမခံနိုင် ဖြစ်လာပြီး....။

ဟော့....ဒီမယ် ကောင်မတို့။

ညည်းတို့ဟာတွေက ဆေးဆိုးထားတဲ့ ချည်ငင်အတုတွေပါ။ ငါက ဒါမျိုးတော့ တသက်လုံး မသုံးဘူးမှတ်၊ အတုနဲ့ အယောင်မဆောင်ချင်ဘူးဟော့။ ဟော .... ဒီမယ်ကြည့်စမ်း ပုလဲသွယ်အစစ်အေ့၊ ဘယ့်လောက်လှလဲ၊ တဖျပ်ဖျပ်နဲ့အရောင် ကို လက်နေတာပဲ။

မျောက်မသည် ဝှက်ထားရာမှ ပုလဲသွယ်ကို ယူငင်၍ ဆင်မြန်းပြီး မော့သောမျက်နှာ ကော့သောရင်ဖြင့် ဟန်နှင့်ပန်နှင့် သစ်ပင်ထက်မှ ဆင်းလာ၏။

ထိုအချင်းအရာကို စောင့်ကြည့်နေသော မင်းချင်းတို့မြင်သည်နှင့် ဝိုင်းဝန်းဟစ်အော်သည်တွင် မျောက်မသည် ပုလဲသွယ် ကိုချ၍ ပေးလေ၏။

ပုလဲသွယ်ရသည်နှင့် ပညာရှိအမတ်သည် မင်းကြီးထံ အလျင်အမြန် အခစား ဝင်ရောက်လေသည်။

ပညာရှိ အမတ် အကြောင်း အသိုထူးသနည်း။

မိဖုရားကြီးရဲ့ ပုလဲသွယ် ပြန်လည် ရရှိလာကြောင်းပါ ဘုရား။

အသို့ရသနည်း ပညာရှိအမတ် ရှင်းဦးလော့။

ဤတွင် ပညာရှိ အမတ်သည် သူတွေးခေါ်ပုံ၊ စီစဉ်ပုံများကို ပြန်လည် လျှောက်ထားပြီးနောက် မင်းကြီးအား ပုလဲသွယ်ကို ပေးဆက်လိုက်၏။

မင်းကြီးသည် ပညာရှိ အမတ်အား တော်ပါပေသည်ဟု မိန့်ကာ ဝမ်းမြောက်လျက် ကြီးစွာ ပူဇော်၏။

ပြီးနောက်....။

အချင်းတို့ နှစ်ဖက်မှ တပ်အပ်သော စစ်ထိုးခြင်း ဖြစ်လတ်သော် ရဲရင့်သော သူကို အလိုရှိကုန်၏။

တိုင်ပင်လတ်သော် နှုတ်စောင့်သူကို အလိုရှိကုန်၏။

ထမင်း အဖျော်စသော စားကောင်းသောက်ဖွယ် ရှိလတ်သော် ချစ်သူကို အလိုရှိကုန်၏။

နက်နဲသော ပြဿနာ ဖြစ်လတ်သော် ပညာရှိကို အလိုရှိကုန်၏....ဟု မင်းကြီးသည် ဥဒါန်းကျူးကာ အဆောင်တွင်းသို့ ဝင်သွားလေ၏။

**နိုင်ပြည်သူ**

## မှန်သောစကား ဆိုသောခါမူ

တခုတည်းသောဇရပ်အိုတဆောင်သည် စိမ်းညို့အုပ်မှိုင်းသော ကုက္ကိုပင်များ အကြားဝယ် ရင့်ကျက်သော ဣန္ဒြေရှင်ကြီးလို တည်ငြိမ်စွာ ရပ်တည်လျက်ရှိသည်။ ဇရပ်အို၏ ရှေ့နောက်ဝဲယာတွင် လူသားတို့ နောက်ဆုံး လဲလျောင်းရာ အုတ်ဂူဖွေးဖွေးများ အစီအရီရှိကြသည်။

အချိန်မှာ သိပ်ညဉ့်မနက်လှပေမင့် ကောင်းကင်ပြင်တွင် လရောင်ကမရှိ။ အမှောင်ထုတွင် မျက်စိကျင့်သားရထားသူ မဏ္ဍပျရသေ့သည် သူတရားဆောက်တည် နေထိုင်ရာ သုသာန်ဇရပ်အိုပေါ်သို့ လှမ်းတက်လိုက်သည်။ ဇရပ်ပေါ်ရောက်၍ ဗာရာဏသီပြည်မှ အလှူခံလာသော ချဉ်၊ ဆားများကို သိမ်းမည်ပြုစဉ် ခပ်လှမ်းလှမ်းဆီမှ အုန်းအုန်းကျွက်ကျွက်အသံများ ကြားရသည်။

မဏ္ဍပျရသေ့လည်း သူနှင့် မဆိုင်သဖြင့် ဇရပ်ပေါ်တွင် လဲလျောင်းအပန်းဖြေ လိုက်သည်။ ထိုအချိန်တွင် ရွာသားတစု မီးတုတ်များ ကိုင်လျက် ဇရပ်အိုဆီသို့ ဦးတည် လာနေသည်ကို တွေ့ရသည်။

မဏ္ဍပျရသေ့သည် လဲလျောင်းနေရာမှ ထိန်ထိန်ဝင်းသောမီးတုတ်များကို

တွေ့ရသည်နှင့် ကပျာကသီ ထိုင်လိုက်သည်။ သိပ်မကြာလှချေ။ ရွာသားတစုသည် ဇရပ်အိုပေါ်သို့ ရောက်လာကြသည်။

ဘာကိစ္စများ ထူးလာပါသလဲ ဒကာတော်တို့....။

သူခိုးတယောက် ပစ္စည်းခိုးယူသွားပြီး သည်သုသာန် ဇရပ်ဖက်ကို ထွက်ပြေးသွားတာ တွေ့ရလို့ လိုက်ဖမ်းတာပါဘုရား။

အိမ်း....ငါတော့မတွေ့လိုက်မိဘူး။

မဏ္ဍဗျရသေ့နှင့်ရွာသားတစုတို့ အပြန်အလှန် ပြောနေကြခိုက် ဇရပ်တံခါးဝတွင် သူခိုးပစ်သွားသော ဥစ္စာထုပ်ကို ရွာသားတဦးက တွေ့ရှိသွားလေသည်။

သည်မှာ၊ ဥစ္စာထုပ်တွေ့ပြီ။

တွေ့ရှိသွားသူရွာသားတဦးက အော်ဟစ်လိုက်သည်။

သည်ဇရပ်မှာတွေ့ရင် သည်ရသေ့ပဲ ခိုးမှာပဲ၊ မလိမ်နဲ့ ရသေ့ခိုးတာအမှန်ပဲမဟုတ်လား။

ရွာသားတစုသည် သူတပေါက် ငါတခွန်း ညံညံစီအောင် ရသေ့အပေါ် စွပ်စွဲကြတော့သည်။

တကယ်တော့ ခိုးသူသည် ရွာသားတွေလိုက်၍ မလွတ်မှန်း သိသည်နှင့် ဥစ္စာထုပ်ကို ရသေ့ဇရပ်ပေါ်ပစ်၍ ပြေးခြင်း ဖြစ်သည်။

ပသို့ဆိုစေ ရသေ့သည် ရွာသားတို့၏ လက်တွင်းသို့ ခိုးမှုဖြင့် သက်ဆင်းရရှာသည်။ ရွာသားတို့သည် ရသေ့ခိုးယူကြောင်း မင်းထံစွဲချက်တင်သည်။ မင်းကလည်း မည်သို့မျှ မစူးစမ်းပဲ တံကျင်လျှိုစေဟု အမိန့်ချမှတ်လိုက်သည်။

မင်းချင်းလူသတ်တို့သည် ရသေ့အား ရှားတံကျင်ဖြင့် လျှို၏။ မပေါက်နိုင်ဖြစ်၏။ တဖန် တမာသား တံကျင်ဖြင့်



လျှိုပြန်၏။ မတိုးနိုင်ဖြစ်၏။ ထိုမှသံတံကျင်ဖြင့်လျှို၏။ မစူးနိုင်ဖြစ်၏။ မည်သည့်တံကျင်ဖြင့် လျှိုလျှို၊ ရသေ့၏ခန္ဓာကိုယ်အား တိုးမပေါက်နိုင်အောင် ဖြစ်နေသည်။

ထိုအခါ ရသေ့သည် ဘာကြောင့်တံကျင်များ၊ သူ့ခန္ဓာကိုယ်အား၊ ဖောက်ထွင်းခြင်းငှာ မတတ်နိုင်သည်ကို ဆင်ခြင်၏။ ရသေ့သည် ရှေးဘဝက၊ လက်သမားတယောက်၏ သား ဖြစ်ခဲ့ဖူးသည်။ သူ့အဖေ သစ်ရွေ့ရာအနီး၌၊ ယင်တကောင်ကို ကသစ်မြစ်ဖြင့် ထိုးဖူး၏။ ထိုမကောင်းမှုကံသည် ခုအခါ ဆိုက်လာပြီ ဖြစ်သဖြင့် မလွတ်နိုင်ကြောင်း တွေ့မြင်သည်နှင့်၊ မင်းချင်းလူသတ်တို့အား၊ ပင်လယ်ကသစ်သား တံကျင်ဖြင့် လျှိုလျှင်၊ ပေါက်နိုင်ကြောင်း ဆိုလေသည်။

မင်းချင်းလူသတ်တို့လည်း ရသေ့ဆိုသည့်အတိုင်း၊ ပင်လယ်ကသစ်သား တံကျင်ဖြင့် လျှိုရာ၊ ရသေ့ခန္ဓာကိုယ်တွင် ထုတ်ချင်းခတ် ပေါက်ထွက် သွားတော့သည်။ မင်းချင်းလူသတ်တို့သည် သုသာန်တွင် အစောင့်အရှောက် ထားခဲ့ကာ ပြန်သွားကြလေသည်။

မဏ္ဍဗျရသေ့သည် ဗာရာဏသီသို့ မလာမီ၊ ဟိမဝန္တာတောတွင် တရားကျင့်စဉ်က၊ ဒီပါယနရသေ့နှင့် မိတ်ဆွေဖြစ်ခဲ့ဖူးသည်။ မိတ်ဆွေရသေ့နှစ်ပါး တဦးနှင့်တဦး ကွဲကွာသွားကြသည်မှာ နှစ်အတန်ကြာပြီပင် ဖြစ်သည်။

ပူပြင်းသောနွေဥတုကုန်ဆုံး၍၊ အနောက်တောင်လေတွင် မိုးသက်ရနံ့များ သင်းထုံကာ၊ ပျံ့လွင့်လာလေပြီ။ မိုးတိမ်များ ကောင်းကင်ပြင်တွင်၊ ညို့မှိုင်းနေသော်လည်း ရာသီဥတုမှာ နှစ်သိမ့်စရာရှိနေပေသေးသည်။ နွေနှောင်းရက်များ

တွင် ရွက်ဝါ၊ ရွက်ဟောင်းတို့ လွင့်ပါး ပျောက်ပျက်၍ ရွက်နုတို့သည် မိုးကိုကြိုလင့်နေကြ၏။

မိုးမရွာသေးသော်လည်း မိုးကြိုနံနက်ခင်းသည် ကြည်လင် အေးမြလှသည်။ လေထဲတွင် ဝံပျံ့ကာ ပါလာသော ပန်း ပိတောက်ရနံ့များသည် ကြိုင်လှိုင်၍ နေ၏။

သင်းပျံ့သော ပန်းပိတောက် ရနံ့များနှင့်အတူ ဒီပါယနန္ဒ ရသေ့၏အတွေးသည် အတိတ်ဆီသို့ ပြန်လည်ရောက်သွားသည်။

ငါနဲ့ ငါ့မိတ်ဆွေ မဏ္ဍဗျရသေ့တို့ ကွဲသွားလိုက်ကြတာ သည်ပိတောက်ပန်း သင်းတဲ့အချိန်ဆိုရင် သုံးနှစ်တင်းတင်းပြည့် ပီပဲ။ နေမှ ကောင်းရဲ့လား မသိ။ သူ့ဆီကလဲ ဘာသတင်းမှ မကြားရ။ ဘာပဲဖြစ်ဖြစ်၊ သူ့ကို ဖူးမြင်ရင်းနဲ့ သူ့ဆီကိုတော့ တခေါက်တကျင်းတော့ သွားအုံးမှပဲ....။

ဒီပါယနန္ဒရသေ့သည် သည်သို့တွေးပြီးနောက် မဆိုင်းမတွ ပင် သူ့မိတ်ဆွေထံလာခဲ့သည်။ သူ့မိတ်ဆွေ သီတင်းသုံးသည့် ဇရပ်သို့ ခြေချမိသည်နှင့် သူ့မျက်စိကို သူမယုံကြည်နိုင်လောက် အောင် အံ့အားအသင့်ကြီး သင့်သွားသည်။

အဆွေ ဘယ်လိုဖြစ်တာလဲ

ဒီပါယနန္ဒရသေ့သည် လှိုက်လှဲကြေကွဲစွာဖြင့် သူ့မိတ်ဆွေ မဏ္ဍဗျရသေ့အား မေးသည်။

သည်တွင် မဏ္ဍဗျရသေ့သည် ဖြစ်ပျက်ပုံ အလုံးစုံကို ပြန် ပြောင်း ရှင်းပြပြီးနောက်

အဆွေ၊ ငါ့မှာ အပြစ်မရှိပါ။ မင်းကိုလဲ အမျက်မထွက်ပါ။

အဆွေစကားကို ငါ အကြွင်းမဲ့ ယုံတယ်၊ အဆွေ သီလကိုလဲ ငါ ကြည်ညိုတယ်၊ အဆွေကဲ့သို့သော သူရဲ့ အရိပ်ဟာ အေးမြလှပါတယ်။

ဒီပါယနရသေ့သည် သည်သို့ ဆိုမြည်တမ်းကာ မဏ္ဍဗျရသေ့ကို လျှိုထားသော တံကျင်ကို မှီ၍ ချစ်ကြည်စွာ နေလေ၏။ တံကျင်ကိုမှီ၍နေသော ဒီပါယန ကိုယ်ပေါ်သို့ မဏ္ဍဗျရသေ့ကိုယ်မှ သွေးတို့သည် တောက်တောက်ယိုလျက် စီးကျ၏။ သို့ပေမင့် သူ့မိတ်ဆွေကို ခင်လွန်းသဖြင့် သူ့ကိုယ်ပေါ်သို့ ကျသော သွေးတို့ကို မသုတ်ပဲထားရာ ကြာသော် မည်းနက်သော အကွက်များ ထင်လာ၏။ မဲနက်စွာ ထင်လာသော သွေးကွက်များကြောင့် ဒီပါယနမှ ကဏှဒီပါယနဟု အမည်သစ် တိုးလာသည်။

တနေ့ပြီးတနေ့ ထိုတနေ့မှ နောက်တနေ့သို့ ကူးလာခဲ့ရာ သုံးရက် မြောက်သော နေ့တွင် ရသေ့နှစ်ပါး၏ အချင်းချင်း ပြောဆိုကြသည်ကို ကြားသိရသော အစောင့်များသည် မင်းကြီး ထံဝင်ရောက်၍ သံတော်ဦး တင်ကြသည်။

မင်းကြီးသည် အစောင့်များ လျှောက်တင်ချက်ကို နက်နက်နဲနဲ စဉ်းစား၏။ ပြီးနောက် တံကျင်လျှိုနေရာသို့ ရောက်လာသည်။

အို... ကဏှဒီပါယနရသေ့၊ အဘယ့်ကြောင့် တံကျင်ကို မှီလို့ နေသလဲ။

မင်းကြီး ငါ့ရဲ့အဆွေကို စောင့်ရှောက်နေခြင်းပဲ ဖြစ်တယ်။

သင့်ရဲ့အဆွေဟာ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာသိလို့ စောင့်နေသလော။

မင်းကြီး၊ ငါ့ရဲ့အဆွေ မဏ္ဍဗျမှာ လုံးဝ အပြစ်မရှိကြောင်း ငါသိတယ်။

ပြီးနောက် ကဏှဒီပါယန ရသေ့သည် ဖြစ်ပျက်သော အကြောင်းအရာ အမှန်အားလုံးကို ဆင်ခြင်၍ ရှင်းလင်း ပြော ပြ၏။

အို...မဏ္ဍဗျရသေ့၊ အကျွန်ုပ် မှားပါ၊ မှားခြင်းကြီးမက အမှားကြီးမှားပါ။အကျွန်ုပ်အပေါ် ခွင့်လွှတ်ပါ၊ သည်းခံပါလို့၊ ဦးခိုက် တောင်းပန်ပါတယ်။

မင်းကြီးသည် မဏ္ဍဗျရသေ့အား ရှိခိုးတောင်းပန်ပြီးနောက် တံကျင်ကို နှုတ်စေ၏။ နှုတ်၍မရ။ ခိုင်မာလှ၏။ အကြိမ်ကြိမ် နှုတ်၏။ နှုတ်သူသာလျှင် အမောအဖတ်တင်၏။ ချွေးဒီးဒီး ကျ၏။ တံကျင်ကား မရွေ့၊ နေမြဲပင် ရှိ၏။

မင်းကြီး ငါ့ရဲ့မကောင်းမှုကံဟာ မကုန်သေးဘူး၊ ရှိနေသေး တယ်။ သည်မကောင်းမှုကံ မကုန်သရွေ့ နှုတ်လို့ရနိုင်မယ် မဟုတ်ဘူး။ သည်တော့ ငါ့ကိုယ်မှယိုထွက်နေတဲ့ တံကျင်စွန်း တို့ကိုသာ ဖြတ် တိပေးပါ။

မဏ္ဍဗျရသေ့ ဆိုသည့်အတိုင်း ဖြတ်တိ ပေးသော်လည်း ကိုယ်တွင်း၌မူကား တံကျင်မှာ ကျန်လျက်ပင် ရှိ၏။

မဏ္ဍဗျရသေ့၏ ကိုယ်တွင်း၌ တံကျင် ကျန်ရခြင်းသည် အတိတ်ဘဝ ယင်ကောင်ကို ကသစ်မြစ်ဖြင့် ထိုးစဉ်က ယင် ကောင်၏ ကိုယ်တွင်း၌ အပိုင်းအစ ကျန်ခဲ့ခြင်းကြောင့် ဖြစ်၏။ ထိုစဉ်က ယင်ကောင် မသေခဲ့သဖြင့် ခုလည်း မဏ္ဍဗျရသေ့မှာ အသက်ရှင်ရခြင်း ဖြစ်၏။

တံကျင်လျှိုထားသော ရောဂါမှ အတော်အတန် သက်သာလာပြီဖြစ်သော မဏ္ဍဗျရသေ့ထံခွင့်ပန်၍ ကဏှဒီပါယနရသေ့သည် သိကျွမ်းဟောင်း မဏ္ဍဗျသင်္ဘေးထံတွင် တလှည့် မှီခိုလျက်ရှိ၏။

လေတိုး၍ တလှုပ်လှုပ် ယိမ်းနွဲ့လှုပ်ရှားနေကြသော သစ်ရွက်များ၏ တီးတိုးပြောသံမှအပ မဏ္ဍဗျသင်္ဘေး၏ အိမ်ဝိုင်းမှာ တိတ်ဆိတ် ငြိမ်သက်နေပေသည်။ သည် တိတ်ဆိတ်အေးချမ်းမှုကို နှစ်ခြိုက်သော ကဏှဒီပါယန၏ နှလုံးသားမှာ မိုးထိသော သစ်ရွက်များလို ပေါ့ပါးလန်းဆန်း၍ နေ၏။

ကဏှဒီပါယန ရသေ့သည် ဝန်းကျင်၏ အေးချမ်းမှုကြောင့် ကမ္ဘဋ္ဌာန်း စီးဖြန်းအံ့ဟု ခက်လက်ဝေဖြာ အရိပ်သာသော ပညောင်ပင်၏ ခြေရင်းသို့ ချဉ်းကပ်လိုက်သည်။ သို့ပေမင့် သူ၏ ချဉ်းကပ်မှုမှာ သိပ်မကြာပါချေ။ တစုတဦး၏ ခြေနင်းသံလိုလို ယွဲ့ယွဲ့ကြားလိုက်သဖြင့် အသံလာရာဖက်သို့ မျှော်ကြည့်လိုက်ရာ အမောတကောဖြင့် သင်္ဘေးကြီး သူ့ထံသို့ လာနေသည်ကို တွေ့ရသည်။

အကြောင်းထူးများ ရှိလို့လား၊ သင်္ဘေးကြီး။

အရှင်ရသေ့၊ အကျွန်ုပ်သားဟာ သူ့အပေါင်းအဖေါ်များနဲ့ ဂျင်ပေါက်တန်း ကစားနေပါတယ်။ သည်လို ကစားနေတုံးမှာ သူပေါက်လိုက်တဲ့ ဂျင်ဟာ တွင်းထဲ ဝင်သွားပါတယ်။ တွင်းထဲရောက်နေတဲ့ ဂျင်ကို နှိုက်အယူလိုက်မှာ တွင်းထဲက မြွေကိုက်လိုက်လို့ ခုတော့ သားဟာ သတိမရတချက် ရတချက်ဖြစ်နေပါတယ်။ သည်ကိစ္စအတွက် ကုပေးဖို့ အားကိုးတကြီးနဲ့ အရှင်ရသေ့ဆီ လာခဲ့ရခြင်းပါ။

ကောင်းပီ ဒကာ.... အကျွန်ုပ်မှာတော့ မြွေဆိပ်ကျစေနိုင်တဲ့ ဓာတ်ဆေးတော့ မရှိဘူး၊ သို့ပေမင့် သစ္စာဆေးတော့ ရှိတယ်။ ကုစမ်းကြည့်ကြတာပေါ့။

ပြောပြောဆိုဆိုပင် ကဏှဒီပါယနရသေ့သည် သဌေးကြီး၏ သားငယ်ကို သူ့ထံ ပွေ့ယူလာရန် ညွှန်လိုက်၏။ မိန်းမောလျက် သားငယ်သည် ရောက်လာ၏။

ပြီးနောက် ရှေးဦးစွာ သားငယ်၏ဦးခေါင်းကို ရသေ့က ကိုင်လျက်....။

ငါသည် ရဟန်းပြုသည်မှာ (၇) ရက်သာလျှင် ကြည်ညို၍ မြတ်သောအကျင့်ကို ကျင့်၏။ (၇) ရက်နောက်မှ စ၍ ယနေ့သို့ တိုင် အနှစ်ငါးဆယ်ကျော် ကာလပတ်လုံး စေတနာ မရှိပဲ ရသေ့အဖြစ်ဖြင့် နေခြင်းဖြစ်၏။

ဤ ငါဆိုသော စကားကြောင့် မြွေဆိပ်လျော့ကျ၍ အသက် ရှင်ပါစေသတည်း....ဟု သစ္စာပြု၏။

ရသေ့ဆိုပြီးသည့် တခနမှာပင် သားငယ်၏ သားမြတ် အထက်ရှိ အဆိပ်တို့မှာ လျော့ကျသွား၏။

ကဏှဒီပါယနရသေ့ သစ္စာပြုပြီးနောက် သားငယ်၏အဖ ကလည်း သစ္စာပြုပြန်၏။

ငါသည် အလှူဒါနကို မနှစ်သက်။ ငါ့ထံသို့လာသော အလှူ ခံတို့ကိုလည်း မလိုလား။ ထိုအကြောင်းတို့ကိုလည်း လူတို့ မသိ ကုန်၊ ဤသို့လျှင် ငါသည် စေတနာမရှိပါပဲလျက် အလှူဒါန တို့ကို ပြုလျက် နေ၏။ ဤ ဟုတ်မှန်သော စကားကြောင့် မြွေဆိပ် လျော့ကျ၍ ငါ့သား အသက်ရှင်စေသတည်း....ဟု

အဖက ဆိုသောခနဲ့ ခါးအထက်ရှိ အဆိပ်တို့ လျော့ကျလေ၏။

တဖန် အမိကလည်း သစ္စာ ပြုပြန်၏။

ငါသည် ငါ၏ လင်ယောကျ်ားနှင့် ပေါင်းသင်း နေရသော်လည်း ယခု ငါ့သားကို ကိုက်သော မြွေဟောက်နှင့်အတူ မေတ္တာမဲ့၏။ ဤမှန်သော စကားကြောင့် အဆိပ်ပျောက်၍ ငါ့သား ရှင်စေသတည်း..ဟု ဆိုသောခနဲ့ အဆိပ်အားလုံး လျော့ကျ၍ သားသည် ပြကတေ့အတိုင်း ဖြစ်လာလေ၏။

(သစ္စာဆိုသည်မှာ မှန်သောစကား သက်သက်ကိုသာ ဆိုသည်။ ခွဲ၍ ဆိုအပ်သောအကြောင်းသည် ကောင်းသည်လည်း ရှိ၏။ မကောင်းသည်လည်း ရှိ၏။ သို့ကြောင့် သစ္စာသည် အကြောင်းကို ပမာနမပြု၊ အမှန်ဆိုသည်ကိုသာ သက်သက် ဆိုလေသည်။ ယုံကြည်ခြင်း စေတနာဖြင့် ဆိုသော် သစ္စာစကားသည် စင်စစ် ထက်မြက်သော တန်ခိုးရှိ၏)။

သားငယ် မြွေဆိပ် လျော့ကြပြီး နောက်တနေ့ ဖြစ်သည်။

ဖြူလဲ့ ရွှန်းအိသော တိမ်လိပ်တို့သည် ပြာသော ကောင်းကင်တွင် တအိအိဖြင့် ရွေ့ရှားနေကြသည်။ စိမ်းသော၊ သစ်ရိပ်ပြောက်ကျားထဲက လေသည် ရသေ့၊ သဌေးနှင့် သဌေးကတော်တို့၏ ရင်ကို အေးမြနေပေသည်။

အရှင် ရသေ့ အဘယ့်ကြောင့် စေတနာမရှိ မပျော်ပိုက်ပဲနဲ့ ရဟန်းဘဝမှာ နေနိုင်ရသလဲ။

သဌေးသည် ရသေ့အား သည်သို့ အမေးပုစ္ဆာ ပြုလာလေသည်။

သဒ္ဓေး ငါဟာ ရဟန်းပြုပါတော့မယ်လို့ ဆုံးဖြတ်ပီးတဲ့နောက် ရဟန်းပြုလိုက်တယ်။ သည်လို ရဟန်းပြုပြီးမှ လူထွက်မယ်ဆိုရင် သည်ရဟန်းဟာ စိတ်မတည်ဘူး။ လော်လည်တယ်လို့ လူတွေက ကဲ့ရဲ့ကြမယ်။ မေးငေါ့ကြမယ်။ သည်လို ကဲ့ရဲ့မျိုးကို ငါမခံလိုဘူး။

ပီးတော့လဲ နောက်တချက်က မြတ်တဲ့အကျင့်ကို သူတော်ကောင်းတို့ ချီးမွမ်းကြတယ်။ ထောမနာ ပြုကြတယ် မဟုတ်လား။ ဒါကြောင့် ငါဟာ ရဟန်းဘဝမှာ နှစ်လို့ပင် နေလိုက်ခြင်းပဲ။

ရသေ့သည် သဒ္ဓေး၏ အမေးကို သည်သို့ ဖြေကြားပြီးနောက်။

သဒ္ဓေးကရော ဘာ့ကြောင့် စေတနာမရှိပဲ၊ လျှူတန်းနေရတာလဲ။

ရသေ့က ပြန်လည်၍ မေးလာသည်ကို သဒ္ဓေးက....။

အရှင်ရသေ့ အကျွန်ုပ်တို့ရဲ့ အမိအဖ ဘိုးဘွားစတဲ့ အဆွေ (၇)ဆက်တို့ဟာ ဒါနကို အစဉ်ပြုကြတယ်။ အလှူအတန်း ရက်ရောတယ်။ နောက်မတွန့်ကြဘူး။ အဆွေ(၇)ဆက်ဟာ အလှူအတန်းမှာ စေတနာပြည့်သလောက် အကျွန်ုပ်က မပြည့်ဘူးဆိုရင် လူကဲ့ရဲ့ ရှုတ်ချခံရမှာ စိုးလို့ စေတနာမရှိပဲ၊ ပေးလှူနေရခြင်းပါ။

သဒ္ဓေးသည် ရသေ့၏ အမေးကို သည်သို့ဖြေကြားပြီးနောက် သူ၏ မယားအား။

ဘာ့ကြောင့် ငါ့အပေါ်မှာ မေတ္တာမဲ့ရသလဲ ရှင်မ။

သဒ္ဓေးကြီး၏ အမေးကို သဒ္ဓေးကတော်က....။

အရှင် ငါတို့ရဲ့ အမျိုးအစဉ်အဆက်မှာ တဦးတယောက်သော မိန်းမက မိမိရဲ့လင်ကို စွန့်ပြီး အခြား ယောကျ်ားကို ယူဖူးတယ်လို့ မရှိဘူး၊ မိဖနှစ်ပါး သဘောတူလို့ ပေးစားတဲ့ လင်နဲ့ပဲ တသက်လုံး မေတ္တာရှိရှိ၊ မရှိရှိ၊ ချစ်ချစ်၊ မချစ်ချစ် ပေါင်းသင်းသွားကြတယ်။

ဒါမှ မဟုတ်လို့ မိဖ ပေးစားတဲ့ လင့်လက်ထဲက ဖောက်ပြန်ပြီး အခြား ယောကျ်ားကို ယူမယ်ဆိုရင် အမျိုးဂုဏ်ကို ဖျက်တယ်ဆိုပြီး ဝိုင်းပယ်ခံရတယ်။ ဒါ့ကြောင့် အမျိုးဂုဏ်ကို မပျက်စေလိုတာက တကြောင်း၊ ပြီးတော့ အလေ်ာမာဆုံး မိန်းမ မဖြစ်လိုတာက တကြောင်း၊ သည်အကြောင်းတွေကြောင့် အရှင်နဲ့ ပေါင်းနေရခြင်းပဲ။

သဌေးကတော်သည် သဌေးကြီး၏ အမေးကို သည်သို့ အဆုံးသတ် ဖြေဆို လိုက်လေသည်။

ရသေ့၊ သဌေးနှင့် သဌေးကတော်တို့ သုံးဦးသည် မကွယ်မဝှက်၊ မထိန်မချန်၊ မှန်သောစကားကို ဆိုကြပြီးသည်နှင့်။

ရသေ့က....။

သည်လိုဆိုရင် သည်ကနေ့က စပြီးတော့ ငါတို့ရဲ့ မတည်ကြည် မသန့်ရှင်းသေးတဲ့ စိတ်ထားတွေ ပြုပြင်ကြရင် ကောင်းမယ်။ ငါလဲ စေတနာအပြည့်နဲ့ အကျင့်မြတ်ကို ကျင့်မယ်။ သဌေးကြီးကလဲ ဖြူစင်တဲ့ စေတနာနဲ့ ဒါနပြုပါ။ သဌေးကတော်ကလဲ တကယ့်ကို ချစ်ခင်တဲ့၊ မြတ်နိုးတဲ့၊ ရိုသေတဲ့ စိတ်နဲ့ မိမိ လင်သားကို ပေါင်းပါ....ဟု ဆိုဆုံးမ စတား မိန့်ကြားကာ ဟိမဝန္တာတောသို့ ထွက်ခွါသွားလေသည်။

အေးမြသော မိုးစက်များ ကျလာသည်။ နှင်းရည်ကဲ့သို့ပင် အေးမြနေသည်။ တခါမျှ မိုးရေသည် သည်လောက် မအေး စဖူး၊ လေကလည်း အေးမြနေသည်။

ရသေ့၊ သင်္ဘေးနှင့် သဘေးကတော်တို့၏ မှန်သောစကားကို ဆိုပြီးသောအခါ၌ သူတို့၏ ရင်များမှာ မိုးရေကဲ့သို့ အေးမြ သန်းဆန်း နေလေသည်။

**နိုင်ပြည်သူ**

# အကျင့်ပျက်တို့ သွားရာလမ်း

ကောင်းမြတ်သောနေ့ပါ ဆရာကြီး

အိမ်း....မင်္ဂလာအပေါင်း ခညောင်းတဲ့ ကောင်းမြတ်တဲ့ နေ့ပါ ချစ်တပည့်တို့။

ဟိမဝန္တာအရပ်၊ ဒိသာပါမောက္ခဆရာကြီး၏ ကျောင်းတော်တွင်းမှ ဆရာနှင့် တပည့်တို့ ချစ်ကြည်မြတ်လေး အပြန်အလှန် နှုတ်ဆက်ပေးသံတို့မှာ နေ့စဉ်မပြတ် ဖြစ်သည်။ နံနက်မိုးသောက်၍ နေ့ထွက်တပြူတွင် အမြဲကြားနေကျ အသံများဖြစ်သည်။ ဆရာကလည်း တပည့်တို့အပေါ် သားအရင်းပမာ မေတ္တာ စေတနာထားသကဲ့သို့၊ တပည့်တို့ကလည်း ဆရာ့အပေါ် ရိုသေကြသည်။ ကိုင်းညွတ်ကြသည်။ ဆရာ့စကား မြေဝယ်မကျ နားထောင်ကြသည်။ မိဖရင်းပမာ ခြေဆုပ် လက်နယ် ပြုကြသည်။ ယုယကြသည်။ မြတ်နိုးကြသည်။

အမျိုးဇောင်း စုံလင်လှသော သစ်ပင် ပန်းမာလ် ပျိုအိုတို့၏ အလယ်၌ တည်ရှိသော ကျောင်းတော်ကြီးကား သာယာရှုမောဖွယ်ရာရှိသကဲ့သို့ ဆရာနှင့် တပည့်တို့၏ ချစ်ကြည်မှုတို့မှာလည်း နှစ်လိုဖွယ်ရာ ရှိလှသည်။

သစ်ပင် ပန်းမာလ်တို့မှာ နီစွေးစွေးလည်း ရှိသည်။ အပြာလည်း ရှိသည်။ အနီနှင့်အပြာ ရောစပ်ထားသော ခရမ်းရောင်ရင့်ရင့်လည်း ရှိသည်။ မရမ်းစေ့ရောင်နုနုလည်း ရှိသည်။ လိမ္မော်ရောယှက်ထားသော အရောင်လည်း ရှိသည်။ ချောကလက်သွေးပြေးနေသော အရောင်လည်း ရှိသည်။ အရောင်များမှာ စုံလင်လှသည်။

ကျောင်းဝင်း တခုလုံးမှာ ကျောက်မျက်ရတနာမျိုးစုံကို ဆုပ်၍ ပက်ကြဲထားသလို အရောင်အသွေးများ တဖျတ်ဖျတ်လက်နေကြသည်။

သည်အလှအပများအပေါ် ဆရာကြီးနှင့်တပည့်တို့ မိန်းမောနေခိုက်....

ဆရာကြီး မွေးကျွေးသုတ်သင် ပြုစုထားသော ခါ နှင့် နွားသားအမိတို့မှာ ကျောင်းအနီး၌ နေသော သားငယ်နှစ်ဦးနှင့် ဖွတ်မ၊ ခြသေ့၊ ကျားတို့နှင့် တယို၊ ပယ၊ တခုံ၊ တမင် အချင်းချင်း မိတ်ဆွေပြုလျက် တဦးအပေါ် တဦး သည်းခံလျက် နေကြသည်ကို တွေ့ရသည်။

ဆရာကြီးသည် မျိုးမတူ၊ ကြီးနိုင် ငယ်ညှဉ်း နိုင်ရာစား ဖြစ်ကြသည့်၊ ထိုတိရစ္ဆာန်တို့၏ စည်းလုံးမှု၊ ညီညွတ်မှုကို လက်ညှိုးညွှန်ကာ ဆုံးမဩဝါဒပေးရင်း ချောင်းမှာ မပြတ်တန်း ဆိုး



လာသည်။ တဟွတ်ဟွတ်ဖြင့် မရပ်မနား ချောင်းဆိုးနေသော ဆရာကြီးအား နှိပ်ပေးသူက နှိပ်ပေးလျက် ခြေဆုပ်လက်နယ် ပြုသူက ပြုလျက်၊ ဆေးတိုက်သူက တိုက်လျက် ပြုစုကြသည်။ သို့ရာတွင် ဆရာကြီး၏ ချောင်းဆိုးရောဂါမှာ မသက်သာ၊ မျက်လုံး ကျွတ်ထွက်လုမတတ် ဖြစ်လာပြီး အမောဖောက် လာသည်။

သိပ်မကြာပါချေ။ ဆရာကြီးသည် အိပ်ရာထက်၌ လဲလျောင်းရင်း သေဆုံးသွားလေသည်။

ငိုသူက ငို၊ ကြွေးသူက ကြွေး၊ ဟစ်သူက ဟစ်၊ အော်သူက အော်ဖြင့် တပည့်ငါးရာတို့မှာ ရင်ထုမနာ ဖြစ်ကြသည်။ အပူလုံး ကြွကြသည်။

မှန်၏။ ဆရာကြီး ဆုံးစဉ်က တပည့်တို့မှာ ပညာဆုံးခန်း မတိုင်သေး။ ပညာဆုံးခန်းတိုင်အောင် သင်ပေးမည့် ဆရာကို ရှာရဦးမည်။ ဖွေရဦးမည်။ သို့ ဖွေရှာရန်မှာ မလွယ်။ ဆရာကြီး ဆုံးမှုကြောင့် တပည့်တို့မှာ အခက်တွေ့ကြရသည်။

အခက်တွေ့နေကြရသော တပည့်တို့၏အခက်မှာ သိပ်မခက် လိုက်ကြ။ ဆရာကြီး အသက်ရှိစဉ်က ဆရာကြီး သင်ကြားပို့ချ နေသည်ကို ထပ်မနား ကြားနာမှတ်သားထားသော ဆရာကြီး လက်သပ်မွေးထားသော "ခါ" ရှိသည်။ "ခါ"ကား သာမည "ခါ"မဟုတ်၊ ဆရာကြီးထံ၌ ပညာရည်နို့ သောက်သုံးလိုသူ တပည့်တို့ လိုအပ်သမျှပညာများကို တတ်ပွန်အောင် သင်ကြား ပေးနိုင်စွမ်းရှိသော "ခါ"ဖြစ်သည်။

နွေလဖြစ်သော ရာသီစက်ဝန်း၏ အဦးအစဖြစ်သော တန် ခူးလတွင် ကျောင်းသားလုလင်တို့မှာ မိမိတို့၏ မိဖရပ်ထံပြန်ခိုက်

ရသေ့တဦးကျောင်းသို့ ရောက်လာသည်။ ရသေ့ကား ရသေ့ကောင်း မဟုတ်၊ အကျင့်ပျက်သော၊ ကရုဏာမဲ့သော၊ သစ္စာမရှိသော၊ ကျေးဇူးကန်းသော၊ အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားသော ရသေ့ယုတ်သာဖြစ်သည်။

ရသေ့ယုတ် ကျောင်းတော်သို့ ရောက်လာသည်ဆိုလျှင်ပင် ကျောင်းအနီး၌ နေသော ဖွတ်မက....။

အဆွေရသေ့၊ ကျောင်းသားလုလင်တို့ မိဖရပ်ထံ ပြန်ခိုက်ဆိုတော့ အဆွေရသေ့အား ပြုစုမယ့်သူတော့ မရှိကြဘူး။ ဒါပေမယ့် ဘာမှ အားမနာပါနဲ့။ အဆွေရသေ့ ပျော်သလောက်နေပါ။ အစားအသောက်အတွက်လဲ မပူပါနဲ့။ သည်နေရာမှာ ဆန်ရှိပါတယ်။ ဟောသည်နေရာမှာတော့ ဆီရှိပါတယ်။ တိတ်ဆိတ် ငြိမ်းအေးတဲ့အရပ် ဖြစ်လေတော့ အဆွေရသေ့ ပျော်ပိုက်ပါလိမ့်မယ် ထင်ပါတယ်။

ဖွတ်မသည် ရသေ့အား ပြသမှာကြားထားခဲ့ပြီး အစာရှာထွက်သွားလေသည်။

စားရက်ကြုံတော့ ဤဖေကိုတို့ မုတ်ဆိတ် ပျားစွဲပီပေါ့။ မတောင့်မတ၊ မကြောင့်မကြ၊ မပူမပင် စားရဦးတော့မှာပဲ....။

ရသေ့ပျက်သည် သည်သို့ နှုတ်မှ ရွတ်ဆို မြည်တမ်းကာ မြူးကြွနေသည်။ ဝမ်းအသာကြီး သာနေသည်။ သူ တဝကြီး စားရမည့် အစီအစဉ်ကိုလည်း ရေးဆွဲလိုက်သည်။

သည်မနက်တော့ ဖွတ်ငယ်နှစ်ကောင်ကိုသတ်မယ်၊ စားမယ်။ တရေးတမော အိပ်မယ်။ အိပ်ရာကနိုးလာတော့မှ ခါနွားငယ်ကို သတ်စားမယ်။ ညချမ်းရောက်တော့မှ နွားမကြီးကို သတ်စားမယ်။

ရသေ့ပျက်သည် သူကျောင်းတော်သို့ ရောက်လာစဉ်က ဖော်ရွေသော၊ ညှို့ဝတ် ကျေပွန်သော၊ ပျူငှာ ချိုသာစွာ သူ့အား နေရာထိုင်ခင်း ပေးသော ဖွတ်မ၏ မျက်နှာကိုမှ မထောက်ထား၊ သစ္စာမဲ့စွာ ကျေးဇူးကန်းစွာ ဖွတ်မ၏ရင်သွေး ဖွတ်ငယ်နှစ်ကောင်ကို စောစောစီးစီးပင် သတ်စား ပစ်လိုက် သည်။ အယုတ်တကာ့ အယုတ်ဆုံး အလုပ်ကို ရသေ့ပျက် အစအဦး ကျူးလွန်လိုက်ခြင်း ဖြစ်သည်။

ညချမ်းရောက်၍ အစာတွေ့ တဝ့ တပိုက် ကြီးဖြင့် ပြန်ရောက်လာသော ဖွတ်မသည် ကျောင်းတော်ဝင်းသို့ ဝင် လိုက်သည်ဆိုလျှင် သူချစ်မဝသော သူ့ရင်သွေးငယ် နှစ်ကောင် ကိုလည်း မတွေ့၊ ခါလည်းမရှိ၊ နွားမကြီးနှင့် နွားငယ်မှာ လည်း ပျောက်နေသည်။ ပသို့ဖြစ်သနည်း၊ သူ မစဉ်းစားတတ် တော့ပြီ။ ဦးနှောက်တခုလုံး ပြာဝေမိုက်မှောင်ပြီး ချာချာလည် သွားဘိသို့ ဖွတ်မ ခံစားနေရဟန် တူသည်။

မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်ဖြင့် သနားစဖွယ် ဟိုကြည့်၊ သည်ကြည့်ဖြင့် ဖွတ်မ ကြည့်သည်။ သူ့ရင်သွေးငယ် နှစ်ကောင်နှင့် သူ့မိတ်ဆွေများကို ဖွေရှာသည်၊ မတွေ့။ ရသေ့ပျက်မှာမူ ကျောင်းပေါ်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေ သည်ကိုတော့ တွေ့ရသည်။ ဖွတ်မ၏ နှလုံးသားသည် သံထည် ဖြင့် ဖန်တီးထားခြင်း မဟုတ်။ သို့ကြောင့် ဖွတ်မ၏ နှလုံး သားမှာ တဆတ်ဆတ် တုန်ယင်၍ လှုပ်ခါနေသည်။ သွေးဇော၊ မိတ်ဆွေဇောတို့ဖြင့် ဖွတ်မမှာ ရင်ခုန်၍ မောလျှနေသည်။

ဖွတ်မ၏ အဖြစ်ကား ဆိုးလှ၏။ ဖွတ်မ၏ အဖြစ်ဆိုးကို ကြာကြာ ကြည့်မနေနိုင်သော ရက္ခစိုးက....။

အဆွေ ဖွတ်မ။ သင် သဘောကောင်းသလောက်၊ ကူညီတတ်သလောက်၊ ရသေ့ပျက်ကတော့ ယုတ်ကန်း ချေပြီကော၊ သင် အစာရှာသွားတုန်း ရသေ့ပျက်ဟာ သင့် ရင်သွေးငယ် နှစ်ကောင်ရော ခါနဲ့နွားတို့ကိုပါ သတ်စားပြီး ခု ကျောင်းပေါ်မှာ အငြိမ့်သား အိပ်နေလေရဲ့...

ရုက္ခစိုးသည် သူမြင်တွေ့သမျှ အလုံးစုံကို အိတ်သွန်ဖာမှောက် ဖွတ်မအား ပြန်ပြောင်း၍ ပြောပြလေသည်။ ရုက္ခစိုးထံမှ ကြေကွဲဆို့နင့်ဖွယ်ရာ သတင်းကို ကြားသိသည်နှင့် ဖွတ်မသည် ကျောင်းဝင်းထဲ၌ ကြာရှည်စွာ မနေတော့ ရွံ့ကြောက်စိုးထိတ်စွာဖြင့် ထွက်ပြေးတော့သည်။

မဟူရာညသည် နက်သည်ထက်နက်၊ မှောင်သည်ထက် မှောင်၍လာ၏။ စိမ်းစိုညိုမှိုင်းသော အုံ့အုံ့ဆိုင်းဆိုင်း တောတန်းပျိုသည် **ညအမှောင်ကို မှောင်စေသည်။**

အဆွေကျား ဘယ်ကိုသွားမလို့လဲ။

အစာရှာသွားမလို့ပဲ အဆွေခြင်္သေ့ ကိစ္စ အထူးရှိလို့လား။

ကိစ္စအထူးရှိဆို ခါကို မတွေ့ရတာ (၄) ရက်လောက် ရှိပြီ။ ခါတိုင်းဆို ကျုပ်တို့ဆီ အနည်းဆုံး တနေ့တခေါက် လောက်တော့ ရောက်နေကျပဲ မဟုတ်လား။ ခု မလာတာ ထောက်တော့ ဘာများ ဖြစ်နေလဲ မသိဘူး။ နည်းနည်း ပါးပါးတော့ စုံစမ်းရင် ကောင်းမယ်ထင်တယ်။

ဒါဖြစ်ရင်လဲ သတင်းပလင်းမေးရင်း သွားလိုက်မယ်လေ။ နက်ဖြန်မနက်တော့ တွေ့ကြတာပေါ့။

ကျားသည် ခြင်္သေ့အား သည်သို့ ပြောပြီးနောက် ကျောင်းတော်ဆီသို့ စုံစမ်းရန် လာလေ၏။

ကျောင်းတော်သည် ခါတိုင်းနှင့်မတူ တိတ်ဆိတ်လွန်းလှသည်။ ပုရစ်အော်သံ၊ ပုစဉ်းမြည်သံမှတပါး ဘာသံမှ မကြားရ။ တခါတရံ လေခတ်၍ သစ်ရွက်ချင်း ပွတ်သံတို့သည်သာ တိတ်ဆိတ်လွန်းသော ညတွင် စိုးမိုးလျက် ရှိသည်။

ကျောင်းတော်ဝသို့ ရောက်နေပြီဖြစ်သော ခါ၊ ဖွတ်၊ နွား တို့၏ မိတ်ဆွေကျားသည် ကျောင်းဝင်းသို့မဝင်မီ ကျောင်း တော်ကြီးကို စူးစူးစိုက်စိုက် စိမ်းစိမ်း ကြည့်လိုက်သည်။

တကျောင်းလုံး ငြိမ်လျက်၊ တိတ်လျက်၊ ဆိတ်လျက်။

ခါသံလည်း မကြားရ၊ ဖွတ်သံလည်း မကြားရ၊ နွားသား အမိ နှစ်ကောင်၏ အသံလည်း မကြားရ။ တခေါ်ခေါ်ဖြင့် ကြည်မောစွာ အိပ်ပျော်နေသော ရသေ့ပျက်၏ အသံတခု တည်းကိုသာ ကြားရသည်။ ကျားသည် မကျေနပ်။ ခံပြင်း လာသည်။ စောစောကထက် စူးစမ်းလိုမှုသည် ကျားရင်တွင်း ဝယ် အပြည့်အသိပ် ဖြစ်လာသည်။

ကျားသည် အနံ့ခံ၍ ကျောင်းဝင်းအတွင်း ပဏာမ စူးစမ်းမှု ပြုတော့သည်။

တွေ့ပါပြီ ဖွတ်ရိုး။
မြင်ပါပြီ နွားရိုး။
ခါမွေးတို့က ပြန့်လျက် ကျဲလျက်။

ဖွတ်ရိုးတွေ့လျှင် ဖွတ်သေရမည်အမှန်၊ နွားရိုးတွေ့လျှင် နွားသေရမည် ကေန်၊ ခါမွေးတွေ့လျှင် ခါမရှိသည်မှာ ဒိဋ္ဌ။

ဒို့ မိတ်ဆွေတွေဟာ တဦးနဲ့တဦး စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်နဲ့ သစ္စာမပျက် မေတ္တာမကွက်ပဲ နေလာကြတာပဲ။

ခိုက်ရန်တော့ မဖြစ်ကောင်းတန်ရာ သတ်ပုတ်ကြရအောင်လဲ သူတို့မှာ အကြောင်းချင်းရာမရှိ ကေန္တဒီရသေ့ပျက်ရဲ့ ယုတ်မာမှုပဲ ဖြစ်ရမယ်။

ကျားသည် သည်သို့ တွေးဆပြီးနောက် အိပ်နေသော ရသေ့ပျက်အား ခြေထောက်ဖြင့် လှုပ်ခတ်၍ နှိုးလိုက်သည်။ ကျား၏ ပုတ်ခတ်နှိုးမှုဖြင့် နိုးထလာသော ရသေ့ပျက်သည် ကျားကိုမြင်သည်နှင့် တကိုယ်လုံး တဆတ်ဆတ် တုန်ခါလျက်ရှိသည်။ ဇောချွေးပြန်အောင် အကြောက်ကြီး ကြောက်နေသည်။ အရှုံ့ကြီး ရှုံ့နေသည်။

ကျားသည် ရသေ့ပျက် ကတုန်ကယင်ဖြင့် ထထိုင်သည်နှင့် ပရိယာယ်မဆင်၊ မာယာမထင်ပဲ။

ဟယ် ရသေ့ယုတ်.... ဖွတ်၊ ခါ၊ နွားတို့ကို သင်သတ်စားသည် မဟုတ်လား။

ကျားသည် တဲ့တိုးပင် မေးလိုက်သည်။

အဆွေကျား ကျွန်ုပ် မစားရပါ။

မလိမ်ပါနဲ့ ရသေ့ယုတ်၊ သင် သတ်မစားသော် အဘယ်သူ စားမလဲ အမှန်ကိုဆိုပါ။ အမှန်မဆိုရင် ခုချက်ခြင်း သင့်ကို ငါသတ်ရလိမ့်မယ်။

ရသေ့ပျက်သည် ကျား၏ ခြိမ်းခြောက်မှု အောက်ဝယ် ပြားပြားဝပ်မျှ ကြောက်လန့် တွန်လှုပ်နေလေသည်။

အမှန်တိုင်းကို ဆိုလေ။ လိမ်မယ်၊ ညာမယ်တော့ မကြံနဲ့ တခါထဲ ဒီနေရာမှာ အသက်ပျောက်သွားမယ်။

ရသေ့ယုတ် မညာဝံ့တော့ပြီ။ မညာဝံ့ ဆိုသော်လည်း မလိမ်သာ၊ လိမ်သာ လက်တလုံးခြား လိမ်လိုက်သေးသည်။

ဖွတ်နဲ့ နွားတို့ကိုတော့ သတ်စားမိရိုး အမှန်ပါ။ ခါကိုတော့ မသတ်ရပါဘူး။

ရသေ့ယုတ် ပြောစကားကို ကျားမယုံကြည်။

ခြံဝင်းထဲမှာ တွေ့တဲ့ခါမွေးတွေက ဘယ်က ရောက်လာတာလဲ။

မသိရရိုး အမှန်ပါ။

ဟယ်....ရသေ့ယုတ် မလိမ်နဲ့၊ သင့်ရဲ့ဆံကျစ်ကြားက အမွေးတွေက ဘာမွေးတွေလဲ။

ကျားသည် ဒေါသအိုး ပေါက်ကွဲလာပြီ ဖြစ်သဖြင့် ရှေ့လက်တဖက်ဖြင့် ရသေ့ယုတ်အား ပုတ်လိုက်သည်။

ကောင်းပြီ ငါမေးသမျှကိုသာ သင် ရသေ့ယုတ် မှန်မှန်ဖြေမလား။

ဖြေပါ့မယ်။

ရသေ့ယုတ်ထံမှ ကျားက သည်သို့ ကတိစကားရပြီးနောက် စက်သေနတ် ပစ်သကဲ့သို့ မေးခွန်းများကို ဒလစပ် မေးလေတော့သည်။

ဟယ် ရသေ့ယုတ်၊ အသင် ဘယ်ကလာသနည်း၊ အဘယ်အရပ်မှာ နေသနည်း။ မည်သို့အသက်မွေးသနည်း။ သည်ကျောင်းတော်သို့ မည်သို့မည်ပုံရောက်လာသနည်း။

ရသေ့ကလည်း၊ ဤမည်သော အရပ်မှလာကြောင်း၊ဤသို့အသက်မွေးကြောင်းတို့ကို ပြော၏။

ရသေ့စကားကို၊ ကျားကြားရသော တခဏ၌၊ ကျားမှာ' တစုံတခု၏ အညို့ခံရသကဲ့သို့၊ မိန်းမောသွား၏။ တွေသွား၏။

တကယ်တော့ ကျားမှာ တွေဝေနေခြင်းမဟုတ်၊ ခါသေရသည်ကို၊ စိတ်ထဲ၌၊ လိပ်ခဲတည်းလည်း၊ ဆို့တို့တို့ ကြပ်တပ်တပ်ဖြစ်နေ၍၊ အလေးအနက်. အဖြေကိုဖွေရှာနေခြင်း ဖြစ်၏။

ငါ့ကိုမဖြီးနဲ့.... ရသေ့ယုတ်၊ အသင်ရဲ့ ပြောစကားအရ၊ အသင်ရဲ့အသက်မွေးပုံကို ထောက်ရင်၊ ခါကို၊ အသင်မသတ်၊ အသူသတ်အံ့လော။ သို့ပေမင့်၊ ငါတယောက်ထဲ အဆုံးအဖြတ်မပေးလို၊ ငါ့မိတ်ဆွေခြင်္သေ့ရှိသေးတယ်။ သူ့ထံလိုက်ခဲ့လော။

တော၏အရိပ်သည် ရှည်လျားလာလေပြီ။ သိပ်သည်းစိမ်းနက်ဖြန့်အုပ်သော၊ သရက်ပင် ပိန္နဲပင်ပျိုအုံများသည်၊ ညင်သာအိလျစွာ၊ ထိုးကျလာသော၊ ညအမှောင်ရိပ်ကို၊ ပန်းနုရောင်ဆည်းဆာအလှဖြင့်၊ ပါးပါးမျှင်မျှင်၊ ခြယ်သနေပေသည်။

လေအဝှေ့တွင်၊ ထုံရနံ့သင်းပျံ့လာသော၊ တောပန်းစုံ၏အရသာကို၊ ရသေ့ယုတ်မခံစားနိုင်တော့ပြီ။ ရင်ထဲတွင်၊ လှိုင်းဘောင်ဘင်ခတ်လျက်၊ ဇောချွေးများပြန်နေသည်။

ခြင်္သေ့ထံမှောက်၊ ကျားနှင့် ရသေ့ပျက်ရောက်ရှိ လာကြသောအခါ....။

အဆွေကျား၊ ဘယ်လိုများ အဖြေပေါ်လာပါသလဲ၊ သေတပန်၊ သက်တဆုံး၊ ချစ်ခင်ကြင်နာစွာနဲ့၊ ပေါင်းသင်းလာခဲ့တဲ့၊ ငါတို့ရဲ့ မိတ်ဆွေခါကိုရော တွေ့ခဲ့ရဲ့လား၊ ဒို့မိတ်ဆွေကြီး ခါက ဘာများ မှာလိုက်ပါသေးလဲ။

အဆွေခြင်္သေ့၊ ငါတို့ရဲ့ ခါစကား မကြားရတော့ပြီကော။ ခါသေပြီလေ။ ခါသေလို့ ဖွတ်နဲ့နွားကျန်သေးလား ဆိုတော့၊ သူတို့လဲ မရှိတော့ပြီ။ ခုငါခေါ်ဆောင်လာတဲ့ ရသေ့ပျက်ရဲ့လက်ချက်နဲ့ ဇီဝိန်ပြတ်ကျကုန်ပြီကော။

အဆွေကျား· ဘယ့်ကြောင့် သည်ရသေ့ရဲ့ လက်ချက်နဲ့ ငါတို့ရဲ့ မိတ်ဆွေတွေ၊ သေဆုံးကြရတယ်လို့၊ သင်စွပ်စွဲနိုင်သလဲ၊ သင့်ရဲ့ထင်မြင်ချက်ကို၊ ဖွင့်စမ်းပါဦး။

ဒီလိုရှိပါတယ်အဆွေခြင်္သေ့၊သည်ရသေ့ဟာ၊ ကုန်သည်တို့ရဲ့ အစေအပါးလဲ ဖြစ်ဘူးတယ်။ ကုန်လဲသွယ်ဘူးတယ်။ သစ်ငုတ်ငြောင့်တွေနဲ့ ပြွမ်းတဲ့ခရီးကြမ်းကိုလဲ သွားဘူးတယ်။ သဘင်သည်တို့နဲ့လဲ ပေါင်းသင်းလေ့ကျင့်ဘူးတယ်။ အထူးထူးသော၊ ပွဲသဘင်အလယ်၌၊ ဆောက်ပုတ်တို့နဲ့လဲထိုးဘူးတယ်။ ငှက်တို့ကိုလဲ ဖမ်းဆီးရောင်းချဘူးတယ်။စပါးလဲချင်ဘူးတယ်။ကြွေအန်လဲ ကစားဘူးတယ်။ သူသတ်ယောကျ်ားလဲ လုပ်ဘူးတယ်၊ ရသေ့ပြောင်လဲလုပ်ဘူးတယ်။

သည်တော့၊ သည်ရသေ့ပျက်ဟာ၊ အလုပ်မျိုးလဲစုံတယ်။ ယုတ်မာတဲ့ အသက်မွေးကြောင်း အမျိုးမျိုးလဲ ရှိခဲ့ဘူးတယ်။ ပီးတော့သူ့ရဲ့ဆံကျစ်ကြားမှာ၊ခါမွေးကိုလဲတွေ့ရတယ်။ဒီအချက်တွေကို ထောက်ရင်၊ ရသေ့ပျက်ဟာ ခါကို မုချကေန်သတ်ရမယ်လို့ ကောက်ချက်ချနိုင်တယ်။

ဖွတ်နဲ့နွားတို့ကို၊ သတ်စားမိပါတယ်လို့ဝန်ခံထားတဲ့သူဟာ၊ ခါကိုရော၊ မသတ်ဟုဆိုနိုင်ပါ့မလား၊ ခါကိုမသတ်ရပါဘူး ဆိုတာ၊ ယုံတမ်းစကားသာ ဖြစ်မယ့်။ သူ့အသက်ဘေးကို ကြောက်လို့ လိမ့်တာ၊ ဖြီးတာသာဖြစ်ရမယ်။

ကျားသည်၊ သည်သို့၊ ပိုင်ပိုင်နိုင်နိုင်၊ ဝံ့ဝံ့စားစား ပြောဆိုပြီးနောက်၊ သူ၏တောက်ပဝင်းလက်သော မျက်စိနှစ်လုံးဖြင့်၊ ရသေ့ပျက်ကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။

အို....ရသေ့၊ ငါတို့ရဲ့ ချစ်လှစွာသော ခါကို သင်သတ်သည် မဟုတ်လော၊ ငါ့အား တခွန်းတည်းသော အဖြေမှန်ကိုသာ ပေးပါ။

ရသေ့ပျက်ကား၊ သူသတ်သည်မှာ အမှန် ဖြစ်နေသဖြင့် မကွယ်သာ၊ မငွက်သာ၊ မဖုံးသာ။ သူသတ် မိကြောင်း အဖြောင့်ကိုသာ ဝန်ခံချက်ပေးရတော့သည်။

သည်ရသေ့ကား၊ သူသတ်မိကြောင်း ဖြောင့်ချက်ပေး သဖြင့်၊ ခြင်္သေ့က လွှတ်လိုသည်။ သို့ပေမင့် ကျားက သည် ရသေ့ဟာ မလွဲသာ၊ မရှောင်သာ၊ မတိမ်းသာမှ ဖြောင့်ချက် ပေးသူ၊ ဝန်ခံသူဖြစ်၍ ခွင့်မလွှတ်အပ်၊ သတ်အပ်သည်ဟု ဆိုသည်။

အဆွေကျား၊ သင်၏ဆုံးဖြတ်မှုသည် မှန်ကန်၏၊ငါထောက် ခံသည်။ သို့ကြောင့်၊ သင်ကြိုက်သလို၊ စီရင်ပေတော့ဟု ဆိုကာ၊ ခြင်္သေ့သည် ဂူတွင်းသို့ ဝင်ရောက်သွားသည်။

ကျားသည်၊ ထိုနေရာမှာပင်၊ ရသေ့ပျက်အား၊ ကိုက်ခဲ သတ်ဖြတ်လိုက်လေသည်။

နိုင်ပြည်သူ

# အိုတောမီး

လပြည့်နေ့ညဖြစ်သဖြင့် ထိန်ထိန်သာနေသော လဝန်းသည် မှုန်သားလိုကြည်လင်နေသည့်ကောင်းကင်ပြင်တွင် ထွန်းပလျက်ရှိသည်။ စိန်ပွင့်လို ပြိုးပြိုးပြက်ပြက် လက်နေသော ကြယ်ကလေးများက ဝန်းရံလျက်။

မာဂဓတိုင်းသည် သစ်ပင်ရိပ်များအကြားမှ ယိုစိမ့်ကျလာသော ငွေရည်များဖြင့် တလက်လက်တောက်ပ၍ လှနေသည်။ လေခတ်၍ တလှုန့်လှုန့် ယိမ်းနွဲ့ လှုပ်ရှားနေကြသော သစ်ရွက်များ၏ တီးတိုးပြောသံမှအပ တကိုင်းလုံးငြိမ်သက်နေပေသည်။

ကျလိ၊ ကျလိ၊ ကျွိ၊ ကျွိ၊

ဥမှပေါက်စ ငုံးငယ်ကလေး၏ တိုးညှင်းလှသော အသံမှာ ဘောင်ရောင်ရှန်းသောည၏ တိတ်ဆိတ်ငြိမ်သက်မှုကို ထိုးဖောက်ဖြိုခွင်းလိုက်၏။

အေးလှတယ် အမေ။

ငုံးငယ်ကလေးသည် ပြောပြောဆိုဆို ဖွဖွကလေးနင်းသျက် သူ့အမေရင်ခွင်တွင်းသို့ ပြေးဝင်ခိုလှုံလိုက်၏။ ငုံးမကြီးသည် ငုံးငယ်ကလေးကို အသာအယာဆွဲယူလိုက်ပြီး တွေးပိုက်လိုက်၏။ ဘာမျှမပြောကြ။ သားအမိနှစ်ဦးမှာ တဦးကိုတဦး တွေကြည့်နေကြ၏။ သားအမိနှစ်ဦး၏ တဦးကိုတဦးအကြည့်မှာ ရွှန်းလဲ့တောက်ပလှ၏။

သစ်ကိုင်းပေါ်တွင် သားအမိ သားအဖ သုံးဦး မွေးစက် ရှိဝေနေကြစဉ်....။

ရှင်မ၊ ရှင်မ... မြန်မြန်ထစမ်း။

ငုံးဖိုသည် သူချစ်သော၊ သူမြတ်နိုးသော သူ့ချစ်သူအား နှုတ်သီးဖြင့် ထိုးဆွ၍ လှုပ်နှိုးလိုက်၏။

အို....မောင်ရယ်၊ အိပ်မောကျခါစ အိပ်လို့ကောင်းတုန်း ဘာဖြစ်ရတာလဲလို့။

မျက်လုံးကလေးလှစ်ပြီး၊ ဟိုအဝေးကို ကြည့်လိုက်၏။

အလိုလေး တောမီးပါလား၊ ဒီတောမီးရဲ့စက်ကွင်းက ကျမတို့ လွတ်ပါ့မလား၊ သားသားကလေးကို ဘယ်လိုလုပ်ရပါ့။

ငုံးမကြီး၏ရင်မှာ လှုပ်ခါဟိုက်မောလျက်ရှိ၏။

တောမီးမှာ တတောလုံး ထိန်ထိန်လင်းလျက် တဖြောင်းဖြောင်းဖြင့် ဝါးမျိုစပြုနေ၏။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ သားကောင်၊ တကောင်ကောင်ကို လက်တွင် ဖမ်းယူ၍ တဖွဲ့စီ၊ တစစီ၊ တပိုင်းစီ မြုံးတူးစွာ စားမျိုနေသောခြင်္သေ့ကဲ့သို့ တပင်မှတပင် တတောမှတတောသို့ တောမီးမှာ ညီးညီး တောက်လောင်လျက်ရှိ၏။



ဒီမယ်မောင်....ယုယုပိုက်ထွေး၊ နှမအာစာရှာကျွေးခဲ့တဲ့ ဒီ သားသားကလေးကို ဒီလိုပဲပစ်ထားခဲ့ရတော့မှာလား၊ အကြံ ဉာဏ်ပေးပါအုံး၊ သားသားကလေးမှာ ပျံဖို့လဲအတောင်အလက် က မစုံ၊ ပြေးဖို့လဲ ခြေထောက်ကလေးတွေက နုံသေး၊ ဘယ်လို လုပ်ရမလဲ မောင်ရယ်၊ တောမီးဟာ နီးသထက် နီးလာပြီ မောင်ရဲ့။

ငုံးဖိုကြီးမှာ အဝေးသို့မျှော်ကာ မိန်းမောလျက် ရှိ၏။ တကယ်တော့ သူ၏ရင်နှစ်သည်းချာအတွက် တွေးတောနေဟန် ရှိ၏။ အပြေကိုဖွေရှာနေခြင်းဖြစ်၏။

ထိုအခိုက် သူတို့အမျိုးသားချင်းများ ဖြစ်ကြသော ငှက် မျိုးစုံတို့မှာ အစုလိုက် အအုပ်လိုက် ဝေါကနဲ ဝေါကနဲ မီး ဘေးမှ ဝေးရာသို့ ပျံပြေးလျက်ရှိ၏။

မကြံနိုင်တော့ဘူးလား မောင်ရယ်၊ နှမရင်တွေ တုန်လှချီရဲ့၊ သားသားလေးကို နှမနဲ့ကင်းကွာပြီး မထားခဲ့နိုင်ဘူး မောင်။

ငုံးမမှာ ပြည့်လျှံသော မိခင်မေတ္တာဖြင့် သူမပြတ်ချစ်ခင် အစဉ်သနား ကရုဏာပွား၍ စောင့်ရှောက်ခဲ့သော ငုံးငယ်လေး အတွက် သဲဆူလှိုက်ဖိုလျက်ရှိ၏။

မောင်လဲ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေတာပါ။

မောင်စဉ်းစားနေတာနဲ့ နှမတို့သားအမိတော့ မီးလောင်ပီး သေတော့မှာပဲ၊ ဟော... မောင်၊ နှမတို့သစ်ကိုင်းကို မီးစွဲ တော့မယ်။

မဖြစ်ဘူး နှမ၊ လာ- ပြေးကြစို့။

မပြေးဘူးမောင်၊ သားသားလေးနဲ့ပဲ အသေခံတော့မယ်။ သားသားလေးကို ချိပိုးကြည့်စမ်းပါအုံး၊ နှမလဲ ဝိုင်းကူပြီး သယ်ပိုးကြည့်မယ်လေ။

အမလေးသားရယ် အမေတို့အဖေတို့ သယ်ပိုးလို့မရပါလား၊ အမေရင်ကွဲရပါပေါ့လား။

ရင်ကွဲမနေနဲ့ နှမ၊ မောင်တို့ကိုင်းကို မီးကူးလာပြီ၊ လာပြေးကြစို့ရဲ့၊ သားသားရဲ့ကံ၊ ဒို့ရဲ့ ကံပဲလို့သာ ဖြေပေတော့။

ထိုအခိုက်မှာပင် တောမီးမှာ ငုံးမိသားစု နေထိုင်သော ကိုင်းသို့တရှိန်ရှိန်တက်ကာ ကူးလာတော့သည်။

လေအပင့်တွင် မီးစွယ် မီးညွန့်တို့မှာ ယိမ်း၍ ယိုင်၍ ဝေ့၍ ဖြာ၍ သွား၏။ အတောက်မြန်၏။ အလောင်သန်၏။ မဟူရာညတွင် ထိန်ထိန်ညီးညီးတောက်လောင်နေသည်မှာ အနက်တွင် ရွှေဝါရောင် ဖောက်ထားသည်သို့ ရှိလှသည်။ တဖျစ်ဖျစ် တဖြောင်းဖြောင်းဖြင့် လောင်နေသော မီးရှိန်မှာ ပူသည်ထက် ပူလာ၏။ မြန်သည်ထက် မြန်လာ၏။

တော၏အလှကို ကြမ်းတမ်းစွာဖျက်ဆီးပစ်နေသော မီးလျှံမီးလုံးတို့ကို ငုံးငယ်ကလေးမှာ မျက်လုံးလေး ကလယ် ကလယ်ဖြင့် ဟိုသည်ကြည့်ရင်း ရှိုထိတ် ချောက်ချားလျက်ရှိ၏။ ဆတ်ဆတ်တုန်ကာ ကိုယ်လုံးခါလျက်ရှိ၏။

ငါ့မိဖ နှစ်ပါးကတော့ ငါ့ကို ဖယ်ခွါပြီး ပစ်ပြေးပြီ။ အတောင်ရှိလျက် နုဖတ်နေသေး၍ မပျံနိုင်သော ငါဘဝ။ ခြေများရှိလျက် နူးညံ့နေသေး၍ မသွားနိုင်သော ငါဘဝ။ သည်လို ဘဝမျိုးမှာ ငါ ဘာများလုပ်ရမလဲ။ ငါ ဘယ်သူ့ကို အားကိုးရမလဲ။ ဘယ်သူကရော ငါ့ကို လာပြီး အကူအညီ

ပေးနိုင်မှာလဲ။ မီးကလဲ ငါနဲ့ဆိုရင် ဝါးတရိုက်ခွဲစာလောက်ပဲ ရှိတော့တယ်....။

ငုံးငယ်ကလေးမှာ တွေးဆကြည့်၏၊ အတွေးဝက်ဘာထဲတွင် ခေါင်းသာ ချာချာလည်နေ၏။ အဖြေကပေါ်မလာ။ ငုံးငယ် ကလေးမှာ စိတ်အိုက်သည်ထက် အိုက်လာသည်။ တင်းကြပ်ကြပ် ဆို့တို့တို့သော နှလုံးသားဖြင့်သာ အဟုန်ထန်သော မီးလျှံ ကိုသာ ငေးစိုက်နေသည်။

ထိုအခိုက် ငုံးငယ်ကလေး၏ ဦးနှောက်တွင်းသို့ အလင်းတန်း တခု ဖျပ်ကနဲ ထိုးဖေါက် ဝင်ရောက်လာသည်။

လောက၌ သီလ၏ ကျေးဇူးသည် ရှိ၏။ သီလ၊ မေတ္တာ၊ ကရုဏာဖြင့် ပြည့်စုံသော မြတ်စွာဘုရားတို့သည်လည်း ရှိကုန်၏။ ထိုမြတ်စွာဘုရားတို့ကိုလည်းကောင်း၊ သီလ ဂုဏ်ကျေးဇူးတို့ကို လည်းကောင်း ဆင်ခြင်၍ ငါသည် သစ္စာပြုအံ့၊ ထိုသစ္စာတန်ခိုး ကိုမှီ၍ ငါနှင့်တကွ အခြားငှက်တို့ကိုလည်း ချမ်းသာစေအံ့။

ငုံးငယ်ကလေးသည် ကြံတွေးမိ၏။

သည်သို့ ငုံးငယ်ကလေး တွေးဆ ဆင်ခြင်ပြီးသည်နှင့် တကိုယ်လုံးတုန်ခါသွား၏။ ပီတိ၏ လွှမ်းခြုံ သိုင်းဖက်မှုကြောင့် တုန်ခါသွားခြင်းဖြစ်၏။

မီးမှာ ငုံးငယ်ကလေးနှင့် နီးလျက် ကပ်လျက်ရှိ၏။ ငုံးငယ် ကလေးအား ဝါးပစ်အံ့ဟု ခြိမ်းခြောက်လျက်ရှိ၏။ ငုံးငယ် ကလေးကား မကြောက်မရွံ့တော့၊ တုန်လှုပ်မှုမရှိတော့။ စိုးရိမ်မှု ကင်းကာ တကိုယ်လုံး မြူးကြွလျက်ရှိ၏။ လန်းဆန်းလျက် ရှိသည်။ တကိုယ်လုံး ပေါ့ပါးဖျပ်လပ်ကာ သွက်လက်နေ၏။

မှန်၏။

ငုံးငယ်ကလေးတွင် ရှင်ပျနေမည်ဆိုက ရှင်ပျစရာ သူ့တွင် လက်နက်အားကိုးတခု လက်ဝယ်ပိုင်ဆိုင်ထားပြီ မဟုတ်လော။ သည်လက်နက်ကား သစ္စာလက်နက်ပင် ဖြစ်၏။

သစ္စာလက်နက် ရင်ဝယ်ပိုက်ထားပြီးဖြစ်သော ငုံးငယ်ကလေးအဖို့ ဖွာ၍ ကွေ့၍ ဝိုက်၍ တွန့်၍ လိမ်၍ လောင်နေသောမီးကိုပင် **လှသယောင်ထင်လာသည်**။ နက်မှောင် ပိတ်ကားပေါ်တွင် အဝါရောင် လိမ္မော်ရောင် ပန်းနုရောင်တို့ဖြင့် စုတ်ချက်တင်ကာ ပန်းငုံ ပန်းဖူးကြီး ပုံပေါ်နေသလားဟု မြင်လာသည်။

ပြီးနောက် ငုံးငယ်ကလေးသည် အလျှံရဲနေသော မီးလုံးကို ကြည့်၍....သစ္စာပြုလိုက်၏။

အိုတောမီး

ငါ၌ အတောင်ရှိသော်လည်း မပျံနိုင်ပါ

ခြေတို့သည်ရှိ၏၊ မသွားနိုင်ပါ

အမိအဖတို့ ရှိပါ၏။ ငါ့ကို ဖယ်ခွါ၍ ပြေးကြလေကုန်ပြီ။

ဤ ငါဆိုသော စကားတို့ မဖောက်မပြန်မှန်ပါလျှင် ထိုမှန်ခြင်းတည်းဟူသော သစ္စာတန်ခိုးကြောင့် အသင်တောမီးသည် ဖယ်ရှား ရှောင်ကွင်းပါလေလော့။

ငုံးငယ်ကလေးသည် အသိုက်၌ အိပ်လျက်ပင် သစ္စာပြု၏။

ငုံးငယ်ကလေး သစ္စာဆိုပြီးသည်နှင့် မီးစွယ် မီးညွန့်တို့ ကျိုးကျကုန်၏။

တဖျစ်ဖျစ် တဖြောင်းဖြောင်း အသံတို့လည်း စဲကုန်၏။ **သစ္စာတန်ခိုးကြောင့် တောမီးသည်** ရှစ်ပယ်သော ဒေသတွင် ရေတွင်နစ်သကဲ့သို့ အလုံးစုံငြိမ်းလေသည်။

မီးမှုကြွင်းသော စိမ်းသော သစ်ပင်များသည် မြရွက်တို့ဖြင့် မြူးကနေကြ၏။ သစ်ရိုပ်ပြောက်ကြားထဲမှ မီးသင့်ပင့်များမှာ မိုးမိုးမတ်မတ် ထိုးထိုးထောင်ထောင်ရှိ၏။ တဖျစ်ဖျစ်တဖြောင်းဖြောင်း အသံများ သုဉ်း၍ ကျလိကျလိ ကျွိကျွိအသံများ ပေါ်လာ၏။

ငုံးငယ်ကလေး၏ မဖောက်မပြန် မှန်ကန် တည့်မတ်သော သစ္စာတန်ခိုးကြောင့် ရှစ်ပယ်သော ဒေသမှာ မီးကွင်း၍ ငြိမ်းအေးသာယာစွာ ရှိလေသည်။

နိုင်ပြည်သူ

# ပဲဝက်

ပဲဝက်ဆိုလျှင် ဗာရာဏသီ မြောက်တံခါးဖက်ရှိ ပြည်သူအားလုံးက သိကြသည်။ ပဲဝက်သည် ဆင်းရဲ၏။ ချာတူးလံအောင် ဆင်းရဲလှ၏။ တခက်တခဲ တပင်တပန်း ရေထမ်း၍ အသက်မွေးရသည်။ နဖူးကချွေး ခြေမကျအောင် တောက်တောက် ယိုလျက် တဒီးဒီး စီးကျကာမှ တဝမ်းတခါး မလှမပ စားရသူ ဖြစ်၏။ ပဲဝက်၏ ဘဝကား ကြမ်းတမ်းလှ၏။ ခက်ထရော် ရှိလှသည်။

သို့ပေမင့် ပဲဝက်ကား တအိမ်တက်ဆင်း သူလှည့်လည်၍ ရေထမ်းပိုးရောင်းရသော အခငွေများကို အရမ်း သုံးဖြုန်းမပစ်။ စု၏၊ ဆောင်း၏၊ သိမ်း၏၊ ဆည်း၏၊ သတိရှိရှိဖြင့် ပဲဝက်စုဆောင်းလာခဲ့သော ငွေကြေးပမာဏမှာဆိုလျှင် ပဲဝက်မျှပင် ရှိလာပြီ ဖြစ်သည်။

ပဲဝက် ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းလာခဲ့သော ပဲဝက်မျှသော အသပြာကို ပဲဝက်သည် သူ့ထံ၌ မထား၊ လုံခြုံမည် ထင်သော စိတ်ချရမည် ဖြစ်သော မြောက်တံခါး၏ တံတိုင်း အုတ်ကြား၌ သိုမှီးထား၏။

ပဲဝက်သည် မြောက်တံခါး၌ ရေထမ်း ရောင်းစား နေရာမှ ဝင်ငွေ

ပိုကောင်းမည် ထင်သော တောင်တံခါးသို့ ပြောင်းရွှေ့ ရေရောင်းပြန်သည်။

တန်ခူး နေသည် ခြစ်ခြစ်တောက်ပူ၏။ ဆွေ့ဆွေ့ခုန်အောင် ပြင်း၏။ ပူပြင်းသော နေခြည်အောက်ဝယ် အရာအားလုံးမှာ သွေ့ခြောက် ညှိုးကျုံ့လျက် ရှိ၏။ လေအဝှေ့တွင် ရော်ရွက်ဝါ တို့မှာ ရှပ်တိုက် ပြေးလွှားလျက် ရှိသည်။

အများပြည်သူတို့ ပြင်းပြလှသော အပူရှိန်အောက်ဝယ် ငိုက်မျဉ်းရီဝေနေဆဲ ပဲဝက်မှာ မငိုက်အား ပခုံးနှစ်ဖက် အသား လံတက်လာသည့်တိုင် တအိမ်ဝင် တအိမ်ထွက် လှည့် လည်၍ ရေရောင်းချနေ၏။

အလို မောင်ကြီး၊ မောင်ကြီးက ဒီအရပ်က ဟုတ်ဟန် မတူဘူး။

ဟုတ်ပါ့ နှမကြီ။

မောင်ကြီး ဒီအရပ်ကို ရောက်လာတာ တော်တော် ကြာပြီ လား။

မကြာသေးပါဘူး နှမကြီး။

နှမကြီးကသာ မောင်ကြီးကို မိတ်ဆက်နေရတယ်၊ မောင် ကြီးက နှမကြီးကို ခွန်းတုံ့ ပြန်ဖော်တောင်မရဘူး။

နှမကြီးက ဒီအရပ်ကပဲလား။

နှမကြီးသည် ရယ်ကျဲကျဲဖြင့် ခေါင်းညိတ်ပြ၏။

ရိုင်းတယ်လို့တော့ မထင်ပါနဲ့၊ နှမကြီးရဲ့ အသက်မွေးမှု ကရော။

နှမကြီး၏ နှင်းဆီဖူးငုံ နှုတ်ခမ်းအစုံမှ....။



မောင်ကြီးလိုပဲပေါ့။

နှမကြီးသည် ရယ်သွမ်းသွေးလျက် အဖြေပေးလှသည်။

ပြီးနောက် မောင်ကြီးနှင့် နှမကြီးမှာ တဦးကိုတဦး တွေကြည့်နေကြသည်။ မောင်ကြီးက ပုံးသော် နှမကြီးမှာ ရှက်ပြုံးကလေး ယဲ့ယဲ့ပြုံးကာ ခေါင်းငုံ့ပစ်လိုက်သည်။

သည့်နောက် မောင်ကြီးနှင့် နှမကြီးမှာ စကားစ ပြတ်သွားသည်။

မောင်ကြီးသည် သူပြောချင်သည်များကို စဉ်းစားနေပုံရသည်။ တခုခု ပြောချင်နေမှန်းတော့ နှမကြီးက သိသည်။ သို့ပေမင့် သူ့မောင်ကြီးထံမှ စကားက ထွက်မလာ။ သူတို့နှစ်ဦး၏ နှလုံးသားများမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်ရသည်ကတော့ အမှန်။

ရက်မှ လစား၍ နှစ်ဝက်သို့ မတိုင်မီမှာပင် မောင်ကြီးနှင့် နှမကြီးတို့၏ ရင်ထဲက တအိအိ တက်လာသော အချစ်လှိုင်းကြောင့် မောင်ကြီးနှင့် နှမကြီးမှာ နှစ်ကိုယ့်တစိတ် ဖြစ်ရုံသာမက မောင်ကြီး၏ အသဲထဲတွင် နှမကြီး ဝင်ရောက်ခိုနားနေသလို၊ နှမကြီး၏ နှလုံးသားထဲတွင်လည်း မောင်ကြီးက ဝင်ရောက် အိပ်စက်နေလေသည်။

ကဆုန် နေသည် တန်ခူး နေထက်ပင် ပူပြင်းလှ၏။ သို့ပေမင့် ပဲဝက်သည် ပူရမှန်း မသိ၊ မောရမှန်း မသိ။

မှန်၏။

ပဲဝက်၏ နှမကြီးသည် လှပ ကြော့ရှင်း၏။ လှုပ်ရှားသွက်လက်ဟန်သည် မြတ်နိုးဖွယ်ကောင်း၏။ အသံမှာ ချိုသာ

အေးမြ၏။ အပြုံးသည် လတ်ဆတ်၏။ မျက်လုံးများကား ရွှန်းလဲ့ တောက်ပလှစွာ၏။ နှမကြီး၏ အလှကြောင့် ပဲ၀က်၏ ဘ၀သည် အေးမြနေခြင်း ဖြစ်၏။

နေမြင်၊ လမြင်၊ ကြယ်မြင် အိပ်ခန်း ထက်ဝယ်။

မောင်ကြီး။

ဘာလဲ....နှမကြီး။

ခု....ကဆုန်လနော်။

ဟုတ်သပေါ့....နှမကြီး။

ဒီလိုဆိုရင် ပွဲလမ်းသဘင် နီးပြီပေါ့။

နီးပြီပေါ့၊ နှမကြီးရယ်။

ဒီလိုဆိုရင်၊ မောင်ကြီးနဲ့ လက်ချင်းယှက်ပြီးပွဲလမ်းသဘင်မှာ ပျော်ချင်တယ်။ မောင်ကြီးကျေနပ်တယ်မဟုတ်လား။

ကျေနပ်တာပေါ့ သိပ်ကိုကျေနပ်တာပေါ့။

ကျေနပ်တာက အရေးမကြီးဘူး။မောင်ကြီးမှာ စုဆောင်း ထားတဲ့ ဥစ္စာတစိုးတစိမျှားရှိသလား။

ရှိသပေါ့။

ဘယ့်လောက်များ ရှိသလဲ မောင်ကြီး။

ပဲ၀က်တော့ ရှိတယ်။

ဒါဖြင့်ရင့်၊ ဘယ်မှာထားသလဲ မောင်ကြီး။

ခု မောင်ကြီးတို့ နေတဲ့ အရပ်က၊ ၁၂- ယူဇနာဝေးတဲ့ မြောက်တံခါးအုတ်ကြာမှာ သိမ်းထားတယ်။

မောင်ကြီးဆီမှာရှိတဲ့ ပဲ၀က်ကတော့ ဟုတ်ပါပြီ။ နှမကြီး မှာရော၊ စုဆောင်းထားတာများ မရှိဘူးလား။

ရှိပါသော်ကော မောင်ကြီးရယ်၊ နှမကြီးမှာလဲ ပဲ၀က် လောက်တော့ရှိပါတယ်။

ဒီလိုဆိုရင် မောင်ကြီးပဲ၀က်နဲ့ နှမကြီးပဲ၀က်ပေါင်းတော့၊ တပဲရမယ်။ ဒီတပဲကို ပန်းက တပြားဖိုး နံ့သာက တပြားဖိုး ၀ယ်ပြီး သေတပြားဖိုးနဲ့ ပွဲတော်မှာ ပျော်ကြစို့ရဲ့ နှမကြီး သဘောတူတယ်မဟုတ်လား။

သိပ်ကောင်းပေါ့ မောင်ကြီးရယ်။

ဒါဖြင့်ရင်၊ မြောက်တံခါးမှာ သိမ်းထားတဲ့ ပဲ၀က်ကို မောင်ကြီးပြေးယူလိုက်အုံးမယ်။

လမ်းကြီးလမ်းငယ်၊ အသွယ်သွယ်တွင် နေအပူရှိန်ကြောင့် အရောင်အလက်လက်ပြေးလျက်ရှိ၏။ တံလျှပ်လေလော၊ ရေ ရောင်လော မသိနိုင်အောင်ပင် အပူပြင်းလှတည်။ ပူသည်ကို ပူရကောင်းမှန်းမသိ၊ မမောနိုင်၊ မပန်းနိုင်၊ မောလျှန့်မ်းနယ် ခြင်းမရှိပဲ၊ ရွှင်လန်း၊ မြူးတူးစွာ၊ သီချင်းဟစ်လျက် ဖိနပ်မပါ ခြစ်ခြစ်တောက် သဲမြေတွင်နင်းကာ နေမွန်းတည့်တည့်တွင် မင်းရင်ပြင်သို့ မောင်ကြီးပဲ၀က် ရောက်လာသည်။

ဥဒယခင်းသည် နန်းတော်လေသာပြတင်းမှ ကြဲကြဲတောက် နေခြည်အောက်တွင် သီချင်းသီလျက်တက်ကြွစွာ မြောက်တံခါး ဆီသို့ ရှေ့ရှုသွားနေသော မောင်ကြီးပဲ၀က်ကိုမြင်တွေ့လိုက်၏။

အတော်ထူးတဲ့လူပဲ သီချင်းတအေးအေးနဲ့ ပူရမှန်း မောရ မှန်း မသိလောက်အောင် သွားနေတာ တခုခုံတော့ အကြောင်း ထူးရှိရမယ်။

ဥဒယမင်းတွင် သိလိုစိတ် ပြင်းပြ လာသည်။ စူးစမ်းချင် လာ၏။

ဗာရာဏသီ ပြည်သူပြည်သားတို့သည် ဆွေ့ဆွေ့ ခုန်လောက်အောင် ပူလှ၊ ပြင်းလှသော တန်ခူး၊ ကဆုန်တွင် နေမွန်းလွှဲချိန်မဆိုထားဘိ၊ နံနက် နေထန်း တဖျားလောက်၌ပင် အပြင်သို့မထွက်ကြ။ အိမ်တွင်း၌သာ မှေးစက် နေကြသည်။ အပူမှသက်သာအောင် ရှာကြံနေထိုင်ကြသည်။ သည်လိုအချိန်တွင် မောင်ကြီးပဲ၀က် တဦးတည်းသာလျှင် သီချင်းတကြော်ကြော်ဖြင့် မြောက်တံခါးသို့ ဦးတည်သွားနေသည်မှာ တကယ်ပင်ဆန်းလှသည်။ ဥဒယမင်းကြီး သိလိုသည်မှာ သိထိုက်လှသည်။

သီချင်စိတ်ကို မြိုသိပ်၍မထားနိုင်သော ဥဒယမင်းသည် သူ၏မင်းချင်းကိုခေါ်၍....

အမောင်....မင်းချင်း။

နေပူကျဲကျဲ ဟော....ထိုမင်းရင်ပြင်ထဲမှာ သွားနေတဲ့ လုလင်ကို သွားခေါ်ချေစမ်း။

မင်းချင်းသည် မင်း၏အမိန့်ကို မဆိုင်းမတွပင် မောင်ကြီးပဲ၀က်အား သွားရောက်ခေါ်ငင်လေသည်။

နေပါအုံး နောင်ကြီးက ဘယ်သူလဲ။

အကျွန်ုပ်က မင်းချင်းတဦးပဲ။

ဘာ့ကြောင့် အကျွန်ုပ်အား ခေါ်ရသလဲ။

အကျွန်ုပ်က ခေါ်ခြင်းမဟုတ်ပါ။ ဘုရင်မင်းမြတ်ရဲ့ အမိန့်အရခေါ်ရခြင်းပါ။

နောင်ကြီးရဲ့ဘုရင်နဲ့ အကျွန်နဲ့ သိလဲမသိ၊ အကြောင်းကိစ္စလဲအထူးမရှိ။ အကျွန့်မှာလဲ တခြားကိစ္စရှိသေးတဲ့အတွက် မလိုက်နိုင်။

ဘုရင့်အမိန့်ဖြစ်လို့မို့ ခနလောက်တော့ လိုက်ခဲ့စေချင်ပါတယ်၊ အဆွေ။

မင်းချင်းက ပသို့ခေါ်စေကာမူ မောင်ကြီးပဲ၀က်က ငြင်းမြဲ ငြင်းဆန်ဆဲပင်ရှိသည်။ နောက်ဆုံးတွင် မင်းချင်းသည် အနိုင်အထက်ပြု၍ မောင်ကြီးပဲ၀က်အား ခေါ်ခဲ့ရလေ၏။

ဥဒယမင်း၏ နန်းတော်သည် အံ့ဘနန်း ခမ်းနားလှ၏။ ကြီးမြတ်လှ၏။ ဖန်ရောင်၊ မှန်ရောင်၊ ရွှေရောင်တို့မှာ တဖိတ်ဖိတ်လက်လျက်ရှိ၏။ နန်းတော်တွင်းသို့ တခါတခေါက်မျှ မရောက်ဘူးသော မောင်ကြီးပဲ၀က်အဖို့ မြင်သမျှ၊ တွေ့သမျှ အရာအားလုံးသည် စိတ်လှုပ်ရှားစရာ ကောင်းလောက်အောင် အဆန်းချည်းဖြစ်နေ၏။

ထိုအခိုက် ဥဒယမင်းသည် မောင်ကြီးပဲ၀က်ရှေ့သို့ ရောက်လာ၏။

အမောင်လုလင်....

ဥဒယမင်းသည် မောင်ကြီးပဲ၀က်အား ဤသို့ ခေါ်လိုက်၏။

အမောင်လုလင်ဟာ အထက်ကလဲ ကျိုက်ကျိုက်ဆူအောင် ပူတဲ့နေ၊ အောက်က သဲမြေကလဲ အလျှံရဲရဲ မီးကျီးလို ပူတဲ့မြေ၊ ခုလို အထက်ပူ၊ အောက်ပူ၊ အပူပြင်းတဲ့ အခါမှာ ဘယ်လို အကြောင်းကြောင့် အားရ ရွှင်လန်းစွာ မြောက်တံခါးသို့ သွားနေရသလဲ။

မောင်ကြီးပဲ၀က်သည် မကြောက်မရွံ့ နောက်မတွန့်ပဲ ရဲရဲဝံ့ဝံ့ဖြင့်....

အရှင်မင်းကြီး

အကျွန်ုပ်မှာ အလွန်နှစ်သက် မြတ်နိုးဖွယ်ကောင်းတဲ့ ကိုစ္စ တခု၊ မြောက်တံခါးမှာ ရှိပါတယ်။ ဒါကြောင့်လဲ နေပူ၊မြေပူ တို့ကို ခံနိုင်ခြင်း ဖြစ်ပါတယ်။

အမောင်လုလင်ရဲ့ ကိစ္စက ဘာလဲ

အရှင်မင်းကြီး

အကျွန်ုပ်ရဲ့ ချစ်မဝတဲ့ မယားနဲ့ ပွဲသဘင်မှာ ပျော်ဖို့၊ မြောက်တံခါးမှာ သိမ်းထားခဲ့တဲ့ အကျွန်ုပ်ရဲ့ဥစ္စာကို သွားရောက် ယူဖို့ပါပဲ။

အမောင်လုလင်

မြောက်တံခါးမှာ အမောင်လုလင် သိမ်းထားခဲ့တဲ့ ဥစ္စာဟာ တသိန်းမျှ ရှိသလော

မရှိပါ....အရှင်မင်းကြီး

ငါးသောင်းလော၊ လေးသောင်းလော

မရှိပါ

ဥဒယမင်းသည် မောင်ကြီးပဲဝက်အား သုံးသောင်းလော၊ နှစ်သောင်းလော စသည်ဖြင့် အစဉ်အတိုင်း တပဲလောအထိ မေးလာတော့သည်။

မောင်ကြီး ပဲဝက်ကလည်း မဟုတ်ပါ ဟူ၍ချည်းသာ ဖြေလေသည်။

ပြီးမှ ဥဒယမင်းက

ပဲဝက်မျှသာလော

မှန်ပါတယ်၊ အရှင်မင်းကြီး။

မောင်ကြီးပဲဝက်သည် သည်တွင်မှ ဥဒယမင်းကြီးအား သည်မျှလောက်သော ပဲဝက်ကို ဆောင်၍ သူ၏ မယားနှင့်

မေ့ပျော်ရပါမည်။ သည်သို့ မေ့ပျော်ရမည်ကို ရှင်မြူး ဝမ်းမြောက်လှသဖြင့် သည်မျှလောက်ပူသော နေပူ၊ မြေပူတို့ သည် သူ့အား မပူစေနိုင်ပါဟု လျှောက်တင်လေသည်။

မောင်ကြီးပဲ၀က်၏ တင်လျှောက်ချက်ကို ကြားနာရသော ဥဒယမင်း၏ရင်မှာ နာကျင်လာသည်။ဆို့နင့်လာသည်။ တုံယင်လာသည်။

နန်းတော်အပြင်ဖက်တွင် နေမှာ ပြောင်ပြောင်ဝင်းဝင်း တောက်ပဆဲ၊ မျက်စိ ကျိန်းစပ်လောက်အောင် ပူဆဲ၊ ဥဒယ မင်း၏ နှလုံးသားတွင် ရှန်းရင်းဆန်ခတ် ဖြစ်နေသည်။ အဓိက မှာ မောင်ကြီးပဲ၀က်အပေါ် အကြင်နာသနား ပိုမိုထူးကဲ လာခြင်းပင် ဖြစ်သည်။

ဥဒယမင်းသည် ကြင်နာသော နှလုံးသားဖြင့်....

အမောင်လုလင်၊ သည်မျှလောက် ပူလောင်လှတဲ့ အရပ်ကို မသွားပါနဲ့လား။ အမောင်လုလင် အလိုရှိနေတဲ့ ပဲ၀က်ဥစ္စာကို ငါပေးဖို့ အသင့်ပဲ။

မှန်လှပါ၊ အရှင်မင်းကြီးပေးမယ့် ပဲ၀က်ကိုလဲ ယူပါမယ်။ အကျွန်ုပ်ရဲ့ ချွေးနဲ့စာဖြစ်တဲ့ ပဲ၀က်ကိုလဲ မစွန့်လွှတ်နိုင်ပါ။" တဟုန်ထိုးပြေးလို့တော့ ယူလိုက်ပါရစေအုံး။

မင်းကြီးသည် မောင်ကြီးပဲ၀က်အား မသွားစေလို။ သို့ မသွားစေလိုသဖြင့် တပဲ၊ နှစ်ပဲ၊ သုံးပဲ၊ လေးပဲမှသည် ကုဋေ တရာတိုင် တက်၍ တက်၍ ပေးသွား၏။ တိုး၍ တိုး၍ ပေးသွား တိုင်းလည်း မြစ်တား၏။

မရ။

မောင်ကြီးပဲ၀က်၏ သံဒိဋ္ဌာန်ကား ခိုင်မာလှ၏။ မာကြောလှ၏။ ပေးသမျှကို ယူ၍ ပဲ၀က်ကိုလည်း မစွန့်လွှတ်နိုင်ကြောင်းသာ အထပ်ထပ် လျှောက်၏။

မင်းကြီးသည် စဉ်းစား၏။ အထပ်ထပ် အခါခါ အလေးအနက် စဉ်းစား၏။ ပြီးနောက်....

သဒ္ဒေးအရာ၊ အိမ်ရှေ့မင်းအရာကျအောင် ပေး၏။

ပေးသမျှကို ယူ၏။ သူ့ပဲ၀က်ကို မစွန့်နိုင်ကြောင်းကိုလည်း ဆို၏။

နောက်ဆုံးတွင် မင်းကြီးက....။

ကောင်းပြီ၊ အမောင်လုလင်

အမောင်လုလင်ကို ငါပိုင်စိုးတဲ့ သည်တိုင်းပြည်ရဲ့ထက်ဝက်ကိုပေးပြီး မင်းအဖြစ်ကို ပေးမယ်ဆိုရင်ကော။

မင်းအဖြစ်ကို ပေးမယ်တဲ့။

မောင်ကြီးပဲ၀က်သည် တိုးညှင်းစွာ ရေရွတ်လိုက်၏။ ပီတိဖြစ်လွန်း၍ အသံမှာတုန်ယင် လှုပ်ခါလျက်ရှိ၏။ ကြယ်သစ်ကလေးများသည် ညသစ်ကိုယုယနေသကဲ့သို့ မောင်ကြီးပဲ၀က်၏ မျက်လုံးများမှာ ဝင်းလက်လျက်ရှိ၏။ သူ၏ရင်ထဲ၀ယ် မင်းဆိုသည့်အသံ၏ ထုံယစ်မှုကြောင့် နွေယ်မြဲထင်ရသည်။ သွေးသစ်လောင်း၍ အားသစ်တိုးကာ မသွားတော့ပါပြီဟု ဝန်ခံလေသည်။

ယုန်ကမတိုး ပိုက်ကတိုးပြီ၊ထက်၀က်မင်းအဖြစ်ကို ရပြီးသော ပဲ၀က်မင်းသည် နောက်ပါ ဗိုလ်ပါတို့ဖြင့် မြောက်တံခါးသို့ သွား၍ ပဲ၀က်မျှသော အသပြာကို ယူဖြစ်အောင် ယူချေးသေး၏။

ဥဒယမင်းတဦးတည်း အုပ်ချုပ်စိုးစံနေသော ပြည်ဗာရာဏသီမှာ ခုအခါ မင်းနှစ်မင်း မင်းပြိုင်ပြုလျက်ရှိ၏။

တဦးကား ဥဒယမင်း၊ အခြားတဦးကား ပဲ၀က်မင်း။

ရွှေရည် လူးထားသော နေခြည်နုနုသည် မင်းနှစ်ပါး၏ ဥယျာဉ်ထဲဝယ် လူးလာခတ်နေသည်။ ဘော်ရောင် ဆမ်းထားသော တိမ်လွှင်းဖြူတို့မှာ ကောင်းကင်ပြာ၌ မျောနေသည်။ သစ်ပင်ရိပ်များဖြင့် အေးငြိမ်းနေသော ဥယျာဉ်တွင်း၌ ဥဒယမင်းသည် ဥယျာဉ်၌ကစားပြီးနောက် ပဲ၀က်မင်း၏ပေါင်ကို ခေါင်းအုံးလျက် နှစ်နှစ်ကာကာပင် အိပ်ပျော်လျက်ရှိ၏။

ထိုစဉ်တွင် ပဲ၀က်မင်း၏ ဦးနှောက်တွင်းသို့ အတွေးဆိုးတခု ဝင်လာသည်။

လသာတုန်း ဗိုင်းငင်မှ၊ ထက်၀က်မင်း အဖြစ်လောက်နဲ့ ဘာလုပ်ရမှာတဲ၊ ဥဒယမင်းကို သတ်ပြီး တတိုင်းပြည်လုံးကို အုပ်ချုပ်ရရင် ကောင်းမှာပဲ။

ပဲ၀က်မင်းသည် ယုတ်မာသောအကြံကိုကြံ၍ သန်လျက်ဖြင့် ဦးခေါင်းကိုပိုင်းဖြတ်ရန် ရွယ်လိုက်၏။

သို့ရွယ်စဉ် ခနမှာပင်။

သည်မင်းဟာ ငါ့ကိုဆင်းရဲတွင်းက ကယ်တင်ခဲ့ပြီး မင်းအဖြစ်ကို ချီးမြှင့်ခဲ့တဲ့ ကျေးဇူးရှင်ပါလား၊ ငါမလုပ်သင့်မလုပ်ထိုက်၊ မကြံထိုက်၊ မစည်ထိုက်တဲ့ အကြံအစည် အလုပ်အကိုင်တွေကိုလုပ်ကိုင်နေပါပီကော။ မသင့်တော်ဆုံးအလုပ်ပဲ၊ ငါ့ကျေးဇူးရှင်ကို ငါဟာမပြစ်မှားထိုက်ဘူး၊ သူက ငါ့ကိုယုံကြည်လွန်းလို့ ငါ့ပေါင်ပေါ် အိပ်နေတာကို ငါက အကောက်ကြံ၊

ကြုံမယ်ဆိုရင် ငါ့လောက်ယုတ်မာတဲ့လူ ရှိပါအုံးမလား၊ ငါမှားပြီ၊ ငါအကြီးအကျယ်မှားပြီ၊ ငါဟာ သူ့ကို ရှိခိုးနေထိုက်တဲ့လူ၊ ငါအိပ်မက်တောင် မမက်ဝံ့တဲ့နေရာကို သူပေးလို့ ငါချမ်းချမ်းသာသာ နေရတာ၊ ငါ့လောက် သဘောတိုတဲ့လူ၊ မနောဆိုးတဲ့လူ ရှိပါ့အုံးမလား၊ တလုပ်စားဘူးရင်တောင် သူ့ကျေးဇူးကို တသက်လုံး စောင့်ရှောက်ရမှာ၊ ခု ငါဟာ တလုပ်မက ထက်ဝက်မင်း အဖြစ်ကိုပင်ရနေမှ သူ့ကျေးဇူးကို ဆယ်ကမ္ဘာ စောင့်ရှောက်လို့ ကုန်နိုင်မှာမဟုတ်ဘူး၊ သူ့လောက် သဘောထားကြီးတဲ့လူ ရက်ရောတဲ့လူ ငါဘယ်မှာ ရှာတွေ့နိုင်မလဲ။

ပဲဝက်မင်းသည် သည်သို့ တွေးဆမိပြီးနောက် သန်လျက်ကို ပြန်၍ရုပ်သိမ်း၏။

လောဘ၏လှုပ်ခတ်မှုကြောင့် လောဘ၏ သားကောင် ဖြစ်လိုက်၊ ဥဒယမင်း၏ကျေးဇူးကို သိလိုက်ဖြင့် ပဲဝက်မင်းသည် ချီတုံချတုံဖြစ်နေ၏။ ခေါင်းထဲ၌လည်း ရီဝေလာ၏။ အုံသလို ကိုက်သလိုပင် ဖြစ်လာသည်။

သုံးကြိမ်မျှ မတင်မကျဖြစ်ပြီးနောက် ပဲဝက်မင်းသည် ဥဒယမင်းအား အသာအယာ လှုပ်နှိုး၏။ ဥဒယမင်းသည် ဖျပ်ကနဲပင် နိုးထလာသည်။

ဘာအကြောင်းထူးများရှိလို့လဲ အဆွေတော်ပဲဝက်မင်း။

ပဲဝက်မင်းသည် သူ၏မကောင်းကြံစည်မှုကို ဥဒယမင်းအား ဖွင့်အံ၍ သူ့အပေါ်တွင် ခွင့်လွှတ်သည်းခံပါရန် ခြေရင်း၌ ဝပ်စင်း တိုးလျှိုးတောင်းပန်လေသည်။

နဂိုမူလကတည်းက သဘောထားပြည့်ဝသော၊ ခွင့်လွှတ်တတ်သော၊ မေတ္တာ ကရုဏာတို့ဖြင့် ပြည့်လျှံနေသော ဥဒယမင်းသည် ပဲဝက်မင်း၏ မကောင်းကြံစည်မှုအပေါ် ခွင့်လွှတ်သည်သာမက အလုံးစုံသောမင်းအဖြစ်ကို ပဲဝက်မင်း ဆန္ဒရှိကသူ့ပေးအပ်ဖို့ အသင့်ဖြစ်သည်။သူသည် အိမ်ရှေ့မင်းအဖြစ်ဖြင့်ပင် နေတော့မည်ဟု ဆိုလှာသည်။

ဥဒယမင်း၏ ရက်ရောမှုကို မြင်တွေ့ရသော ပဲဝက်မင်း၏ ရင်ဝယ် ပူပန်လှိုက်ဆူလျက်ရှိသည်။ နောင်တကြီးစွာရနေသည်။

အရှင်မင်းကြီး တပ်မက်တဲ့တဏှာလောဘရဲ့ မကောင်းကျိုးနဲ့ သူ့ရဲ့အပြစ်ကို အကျွန်ုပ်မြင်တွေ့ပါပြီ၊ သည်မကောင်းကျိုးဟာ အကျွန်ုပ်နောက် တကောက်ကောက် လိုက်ပါနေတော့မယ်၊ ထက်ဝက်မင်းအဖြစ်ကိုလဲ အလိုမရှိတော့ပါ၊ အကျွန်ုပ်အား ပေးအပ်ချီးမြှင့်ထားတဲ့ ထက်ဝက်မင်းအဖြစ်ကိုလဲ အရှင်မင်းကြီး ပြန်လည်သိမ်းပိုက်ပြီး အလုံးစုံသော မင်းအဖြစ်ကို ခံယူတော်မူပါ။

ပဲဝက်မင်းသည် ဥဒယမင်းအား သည်သို့ လျှောက်တင်ပြီးနောက် ပြည်သူအပေါင်းတို့ ငိုယိုတားမြစ်သည့် ကြားမှပင် ရဟန်းပြု၍ တောထွက်သွားလေသည်။

## နိုင်ပြည်သူ

# အသက်ကိုပေး၍

မောင်တော် သုပတ္တမင်းကြီးဖျား။

တင်စေ သုဖဿမိဖုရားကြီး။

တင်ဝံ့ပါတယ် မောင်တော်ဖျား၊ ဗာရာဏသီမင်းရဲ့ စားဖို-ဆောင်က ကြိုင်သင်းပျံ့လွင့်လာတဲ့ စားတော်နံ့ဟာ နှမတော်ရဲ့ စိတ်တော်ကို ကလိနေပါတယ်။ နှမတော်တို့နဲ့မဆိုင်၊ လူသား-မင်းတို့နဲ့သာ ထိုက်တန်တယ်ဆိုတာ သိပေမင့် စားချင်တဲ့ အာ-သာချင်ခြင်းကို ဖျောက်လို့မရ နှိမ်လို့မနိုင်ဖြစ်နေပါတယ်။ မောင်တော် စွမ်းဆောင်နိုင်မယ်ဆိုရင်တော့၊ နှမတော် ဝမ်း-သာရမှာပါပဲ။

ကျီးမိဖုရား သုဖဿသည် သူ့မောင်တော် ကျီးမင်း သုပတ္တ-အား ကန္တကရ တယုတယဖြင့် ပူဆာတော့သည်။

ကျီမင်းသည် သူ့မိဖုရားကြီး ပူဆာလာသည်ကို စွမ်းဆောင်ပေးလို၏။ သို့သော် လွယ်ကူသော အလုပ်ကားမဟုတ်၊ အန္တရာယ် များလှသည်။ နေ့စဉ်နှင့်အမျှ ကျီးမိဖုရားကြီးက နားပူ၏။ ကျီးမင်းလည်းကြံ၏။ ကြံရာမရ၍လည်း ကျီးမင်းမှာ အကြံအိုက်လျက်သာ ရှိ၏။

အနံ့သာရပြီး ဗာရာဏသီမင်း၏ စားတော်ကို မစားရသော ကျီးမိဖုရားမှာ တမှိုင်မှိုင် တတွေတွေဖြင့် မအီမသာရှိလာတော့သည်။ နောက်ဆုံး ကျီးမိဖုရားကြီး တတမ်းတတဖြစ်နေသော စားတော်ရရှိရေးအတွက် ကျီးစစ်သူကြီး သုမုခကို ခေါ်၍ တိုင်ပင်လေ၏။

စိတ်လက်ကြည်သာစွာ စံနေတော်မူပါ ကျီးမင်းကြီး၊တတမ်းတတဖြစ်နေတဲ့ ဗာရာဏသီမင်းရဲ့ စားတော်ကို အရိုးကျေကျေ အရေခန်းခန်း ကျနော်မျိုး ရအောင် ဆောင်ယူပေးပါ့မယ်။

ကျီးစစ်သူကြီး သုမုခသည် ကျီးမင်းကြီးအား ဝံ့ရဲစွာ ကတိပြုပြီးနောက် ဗာရာဏသီမင်း၏ စားတော်ကို မည်သို့ရယူနိုင်မည့် နည်းလမ်းများဖွေရှာလျက်ရှိ၏။ အကြံရသည်နှင့် ရဲရင့်သော ကျီးရှစ်ကောင်ကို ခေါ်ယူလိုက်၏။

အမိန့်ရှိပါ ကျီးစစ်သူကြီး

ဒို့ရဲ့ ကျီးမိဖုရားကြီးဟာ ဗာရာဏသီမင်းရဲ့ စားတော်ကိုမှ စားချင်တယ်လို့ပြောလာတယ်၊ အဲဒီတော့ ဒို့တတွေဟာ မိဖုရားကြီး စားချင်တဲ့ အာသာကို ဖြေဖျောက်ပေးဖို့ အစွမ်းကုန် ကြိုးစားရမယ်။ ဒါမှ ဒို့တတွေဟာ ကျီးမင်းနဲ့ သူ့မိဖုရား အပေါ် တာဝန်ကျေမယ်။ သစ္စာရှိရာရောက်မယ်။



ကျီးစစ်သူကြီးသည် ရဲရင့်သော ကျီးရှစ်ကောင်အား ဤသို့ ပြောကြားပြီးနောက် တာဝန်အသီးသီး ခွဲဝေပေးလိုက်လေသည်။

ငါနဲ့တကွ အသင်တို့ဟာ စားဖိုသည်က ဗာရာဏသီ မင်းကြီးထံ ဆက်သလာမယ့် စားတော်အုပ်ကို စောင့်နေကြရမယ်။ စားတော်အုပ်ကို စားဖိုသည်က ဆက်သလာတာနဲ့ စားတော်အုပ် စားဖိုသည်လက်က အောက်ကို လွတ်ကျသွားအောင် ငါအသက်ပေးပြီး စွမ်းဆောင်မယ်။ ဒီအချိန်အခါမှာ ကျီးလေးကောင်က နှုတ်သီးအပြည့် ထမင်းကိုယူရမယ်။ ကျန်ကျီးလေးကောင်က နှုတ်သီးအပြည့် ဟင်းကိုယူရမယ်။

အဲဒီလို နှုတ်သီးအပြည့် ထမင်းနဲ့ဟင်းကို ယူဆောင်ပြီးနောက် ငါတို့ရဲ့ ကျီးမင်းနဲ့ ကျီးမိဖုရားကို ဆက်ကြရမယ်။ ငါဟာ စားတော်အုပ် အောက်ကို လွတ်ကျအောင် စွမ်းဆောင်တဲ့အခါမယ် စားတော်အုပ် လက်က လွတ်ချင်လဲ လွတ်မယ်၊ အန္တရာယ်နဲ့ တွေ့ချင်လဲတွေ့မယ်။ အန္တရာယ်နဲ့တွေ့နေလို့ အသင်တို့နဲ့ တပါတည်း မလိုက်ပါနိုင်တဲ့အခါ ကျီးမင်းက မေးရင် နောက်မှာ ကျန်ရစ်နေပါတယ်၊ လိုက်ပါလာပါလိမ့်မယ်လို့သာ လျှောက်တင်ကြ....။

ကျီးမင်းသည် သူ၏ ရဲရင့်သော ကျီးရှစ်ကောင်အား မှာကြားပြီးနောက် စားဖိုသည်၏ စားတော်အုပ်အပို့ကို စောင့်ကြည့်၍နေ၏။

မကြာပါချေ

စားဖိုသည်သည် စားတော်အုပ်ကို ထမ်းပိုးဖြင့် ယူဆောင်၍ လာတော့သည်။

စားဖိုသည် စားတော်အုပ် ယူဆောင်လာသည်ကို မြင်လျှင် မြင်ခြင်း သုမုခသည် စားဖိုသည်၏ရင်ကို ခြေဖြင့်ကုတ်၏။ နှာခေါင်းကို နှုတ်သီးဖြင့် ထိုး၏။ ဆိတ်၏။ အတောင်နှစ်ဖက်ဖြင့် မျက်နှာကို တဖြန်းဖြန်းမြည်အောင် ရိုက်၏။

သုမုခ၏ လျှပ်တပျက် တိုက်စစ်ကြောင့် စားဖိုသည်၏ စားတော်အုပ်မှာ မြေသို့လွတ်ကျကာ အဖိတ်ဖိတ် အစင်စင် ဖြစ်၏။ မြေပေါ်တွင် ထမင်းနှင့် ဟင်းတို့မှာ မြင်မကောင်း ရှုမကောင်းအောင် ကြဲပြန့်လျက်ရှိ၏။

အခွင့်ကို နားလည်သော ကျီးရှစ်ကောင်သည် သုမုခ မှာထားသည့်အတိုင်း နှုတ်သီးအပြည့် ထမင်းနှင့် ဟင်းတို့ကို ယူဆောင်ကာ ကျီးမင်းနှင့် ကျီးမိဖုရားတို့ကို ကျွေး၏။ ထိုအခါ ကျမှပင် ကျီးမိဖုရားမှာ အာသာငမ်းငမ်း ဖြစ်နေသော သူ၏ ချင်ခြင်းမှာ ပြေလေတော့သည်။

ကျီးနှင့်လူသား လူသားနှင့်ကျီး ကိုးကောင်တို့ ရန်ရင်း ဆန်ခတ် ဗလုံးဗထွေးဖြစ်နေသည်ကို လေသာပြတင်းမှ ဗာရာဏသီမင်းကြီး မြင်တွေ့လေသည်။

အလို....တယ်လဲအတင့်ရဲတဲ့ ကျီးတွေပါလား၊ တကောင်က ငါ့ရဲ့ စားဖိုသည်မျက်နှာကို ထိုးရိုက်တယ် ကျန်တဲ့ အကောင်တွေက ဟင်းကောက်တဲ့သူက ကောက်တယ်၊ ထမင်းကောက်တဲ့သူက ကောက်တယ်၊ ချက်ကျ လက်ကျပါလား။ အင်း....ဆန်းတော့ဆန်းတယ်။

ဗာရာဏသီမင်းသည် ဤသို့ တွေးပြီးနောက်....သူ၏ စားဖိုသည်အား။

အချင်း စားဖိုသည် အသင့်မျက်နှာကို တိုက်ခိုက်တဲ့ကျီးကို အရဖမ်းလေ....ဟု ဟစ်၍ အမိန့်ပေး၏။

စားဖိုသည်လည်း ဗာရာဏသီမင်း မိန့်မှာသည့်အတိုင်း မရ၊ အရ၊ သူ့ကို သတ်ပုတ်ထိုးနှက်သော ကျီးကို လက်ဝယ် အရ ဖမ်းလေသည်။ ကျီးက ရုန်း၏။ စားဖိုသည်ကလည်း မိမိရရ ဆုပ်ကိုင်ထား၏။ နောက်ဆုံး အားမမျှသဖြင့် ကျီးမှာ စားဖို သည်၏ လက်ဝယ် အဖမ်းခံရတော့သည်။ စားဖိုသည်လည်း သူ့လက်ဝယ် ဖမ်းမိထားသော ကျီးကို ဗာရာဏသီမင်းကြီးအား ဆက်လေ၏။

ဘယ်လိုလဲ ကျီး၊ အသင်ဟာ ငါ့ကိုလဲ မရှက်၊ ငါ့ကိုလဲ မကြောက်၊ စားဖိုသည်ရဲ့ မျက်နှာကိုလဲ ထိုးပုတ် ရိုက်ခတ်ပြီး နှာခေါင်းကိုလဲ ဖြတ်တယ်၊ စားတော်ခွက်တို့ကိုလဲ ခွဲတယ်။ အသင့်အသက်ကိုလဲ အသင်မစောင့်၊ ဘယ်လိုကြောင့် ဒီလို ပြုရ တာလဲ။

ဗာရာဏသီမင်းကြီးက ကျီးကို မေး၏။

မြတ်သောမင်းကြီး။

အကျွန်ုပ်အား သတ်ရင်လဲ သေရပါ့မယ်၊ ထားရင်လဲ ရှင်ရ ပါ့မယ်၊ ဖြစ်ရတဲ့ အကြောင်းကတော့–

အကျွန်ုပ်တို့ ကျီးမင်းရဲ့ မိဖုရားကြီးဟာ မြတ်သောမင်းကြီးရဲ့ ဆိမ့်အီချိုမြိန်သော စားတော်ကို စားချင်တဲ့ အာသာဟာ တားမနိုင်၊ ဆီးမရ ဖြစ်နေပါတယ်။ ကျီးမိဖုရားရဲ့ ချိုးနှိမ်လို့ မရနိုင်လောက်အောင် ဖြစ်နေတဲ့ အာသာကို ဖြေဖျောက်ဖို့ အတွက် အကျွန်ုပ်ဟာ အသက်စွန့်ပြီး ယူပေးရခြင်းဖြစ်ပါတယ်။

အကျွန်ုပ်ဟာ ကျီးမင်းရဲ့စစ်သူကြီး ဖြစ်ပါတယ်။ နာမယ်ကတော့ သုမုခလို့ ခေါ်ပါတယ်။ အကျွန်ုပ်မှ မဆောင်ရွက်ပေးလျှင် ကျီးမိဖုရား ဆုံးရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အတွက် ကျီးမင်းအပေါ်မှာ အကျွန်ုပ်ရဲ့ တာဝန်နဲ့ ဝတ္တရားတို့ဟာ ကျေပွန် ပြည့်စုံပြီ ဖြစ်လို့ မြတ်သောမင်းကြီး သတ်လိုက သတ်နိုင်ပါတယ်။ မြတ်သောမင်းကြီးပေးတဲ့ ဒဏ်ကို ဝံ့ဝံ့ရဲရဲ ခံယူဖို့ အသင့်ပါပဲ။

တိရစ္ဆာန်ဖြစ်သော ကျီး၏ စကားကို ကြားရသည့် ဗာရာဏသီ မင်းကြီးအဖို့ ချောက်ချားဖွယ်ရာ ဖြစ်၏။

လူသားတွေဖြစ်တဲ့ ငါ့ရဲ့မင်းမှုထမ်းတွေကို အရည်အချင်းအလိုက်၊ စွမ်းရည်အလိုက်၊ ရာထူး အကြီး၊ အသေး ပေးပြီး လစာရိက္ခာ အလုံအလောက် ပေးပါရက်နဲ့ ငါ့အပေါ်မှာ အသက်ပေးပြီး သစ္စာရှိတဲ့လူ ချစ်ကြည်ဖြူတဲ့ လူရှိမှ ရှိပါ့မလား၊ ဒီကျီးဟာ တိရစ္ဆာန်ဖြစ်ပေမင့် သူ့ရဲ့မင်းအပေါ်မှာ အသက်ပေးပြီး သစ္စာရှိတာကို တွေ့ရတယ်။ ကြည်ညို လေးစားဖို့ကောင်းတဲ့ ကျီးပဲ။

ဗာရာဏသီမင်းသည် တကိုယ်တည်း တွေးတော ဆင်ခြင်ပြီးနောက် ကျီးအား လူသား မင်းတို့ အရာသာဖြစ်သည့် ထီးဖြူဖြင့်ပူဇော်၏။ သို့ရာတွင် ကျီးကား ဗာရာဏသီမင်းပေးသော ထီးဖြူဖြင့်ပင် ဗာရာဏသီမင်းအား ပြန်လည် ပူဇော်ကာ သူ့နေရင်းဖြစ်သော တောသို့သာ ပြန်လေ၏။

ထိုသို့ ဖြစ်ပွားပြီးနောက် ဗာရာဏသီမင်းကြီးသည် နေ့စဉ်ကျီးမင်းနှင့် ကျီးစစ်သူကြီးတို့အား မင်းကြီး၏ အစာကိုလည်း

ကောင်း၊ အခြား ကျီးတို့အား တစ်ဆယ့်တစ်စိတ်ချက် ထမင်းကိုလည်းကောင်း၊ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေးလျက် ကျီးမင်းနှင့် မိတ်ဆွေအဖြစ် ပေါင်းသင်း နေထိုင်လေသည်။

နိုင်ပြည်သူ

## နှလုံးသားကိုမှ စားချင်သူ

ဆည်းဆာ ရောင် အားပျော့လာသည်နှင့် အမှောင်ရိပ်က တစိမ့်စိမ့် ဝင်ရောက်လာတော့သည်။ ရေပြင်နှင့် ငှက်ဇင်ယော်တို့ကို မြင်ရသောရှုခင်းမှာ မဲနက်၍လာ၏။ သဲသဲကွဲကွဲမရှိ၊ မှုန်ဝါးဝါးဖြစ်၏။ မြစ်လယ်ဖက်မှပတ္တမြားရောင်မှာ အနီသွေး မလက်နိုင်တော့။ ကောင်းကင်အပြာ ဇာလွှာမှာ ထူထပ်သည်ထက် ထူထပ်လာတော့သည်။

ကမ်းစမ်းသို့ ပြေးတက် သွားသော ရေယှိုင်းသံကြားမှ မိကျောင်းမ၏ အက်ကွဲသော အသံက ထွက်ပေါ်လာ၏။

ဒီမယ်....မောင်ရယ်။

မောင်ဘာလုပ် ပေးရမလဲ ရှင်မ။

မိကျောင်းမသည် သူ့မောင်တော် မိကျောင်းဖိုကိုမပြောဝံ့ဝံ့၊ ပြောဝံ့ဝံ့ဖြင့်၊ သက်ပြင်း ရှည်ကြီးတချက် မှုတ်ထုတ်လိုက်၏။ ပြီးနောက် မလှုပ်မယှက် ကျောက်ရုပ်လို အဝေးသို့ စိုက်ငေးနေသည်။

ဘယ်လိုလဲရှင်မ၊ဘာများအလိုမကျဖြစ်ပီး ဒါလောက်တောင် စိတ်ဆင်းရဲနေရတာလဲ။ ငါးကြင်း သား လား၊ ငါးမြင်းလား၊ ဘာစားမလဲ၊ ဘာလုပ်ပေးရလဲ။ ဟောဒီနှမ ဘာလိုချင်သလဲ၊ နှမရဲ့ဆန္ဒမောင်ဖြည့်စွမ်းပေးဖို့အသင့်ပဲ။

မဖြစ်နိုင်ပါဘူး ထင်ပါတယ်မောင်ရယ်။

ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ နှမရယ်။ နှမ ဘာလိုချင်လဲ၊ ဘာလုပ်ချင်လဲ။

မိကျောင်းမသည် ရှန်းလဲ့တောက်ပသော အပြုံးဖြင့်....။

ဒီလိုပါမောင် ခုတလော၊ ဟောဒီက မောင့်နှမကလေးဟာ၊ မျောက်ရဲ့နှလုံးသားကိုမှ စားချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ စားချင်သမှ သိပ်ကိုစားချင်တာပဲ မောင်ရယ်။

အင်း....လွယ်တော့ လွယ်လှမယ်မဟုတ်ဘူး။ ဒါပေမယ့် ဘာမှမပူလေနဲ့၊ နှမစားချင်နေတဲ့ မျောက်နှလုံးသားကိုရနိုင်တဲ့နည်းနဲ့ ယူပေးမယ်။

ဒီမယ်မောင်....ဟောဟိုက မြစ်ကမ်းနဖူးကို ကြည့်လိုက်စမ်း၊ တွေ့ရဲ့မဟုတ်လား၊ အဲဒီမြစ်ကမ်းနဖူးပေါ်မှာ မျောက်တွေကို အုပ်ချုပ်နေတဲ့ ဝါနုရိန္ဒမျောက်ကြီးတကောင်ရှိတယ်။ ဝါနုရိန္ဒမျောက်ကြီးဟာ၊ စိမ်းလန်းစည်ဝေ သီးခိုင်တွေမြွတ်နေတဲ့ နှမတို့နေတဲ့ ကျွန်းပေါ်က သရက်၊ ပိန္နဲ၊ မာလကာသီးများကို နေ့စဉ် မနက်တိုင်း လာလာစားတယ်၊ ညနေချမ်းမှပြန်တယ်။

နှမပြောတာ ကြားရတော့ ယုံတမ်းစကားလို ဖြစ်နေပြီ။ သူ့ရဲ့နှလုံးသားကို ဘယ်လိုလုပ် ယူပေးလို့ရနိုင်မလဲ။ မောင်တို့နေတဲ့ကျွန်းနဲ့ မြစ်ကမ်းနဖူးရဲ့ကြားမှာ ရေပြင်ကျယ်ကြီး ရှိနေသေးတာ။

ဟုတ်ပါတယ်။ ဒါပေမင့် ကျွန်းနဲ့ ကမ်းနဖူးကြား အလယ်မှာ ရှိတဲ့ ခုမြင်နေရတဲ့ ကျောက်ဖျာပေါ်ကတဆင့် ခုန်ကူးပြီး နှမတို့ ကျွန်းပေါ်ကို ရောက်လာတာပေါ့။



အင်း....ဒါဖြင့်ရင် ဒီမျောက်ကြီးဟာ တော်တော် အခုန် သန်တဲ့မျောက်ကြီးပေါ့၊ ဟုတ်လား။

ဟုတ်သပေါ့ မောင်ရယ်။

ဘယ့်လောက်ပဲ အခုန်သန်သန် ဝါနရိန္ဒဟာ မောင့်လက်က မလွတ်နိုင်ပါဘူး။

မိကျောင်းဖိုသည် သူ၏သက်ထားဒါလီအား အခိုင်အမာ ဝန်ခံကတိပေးလိုက်၏။ ပြီးနောက် ညချမ်းအခါ မြစ်ကမ်းနဖူး ကို ပြန်မည့်မျောက်ကြီးအား ကျောက်ဖျာအောက်၌ ဝပ်လျက် စောင့်နေလေ၏။

မှောင်စပျိုးသည်နှင့် ဝါနရိန္ဒမျောက်မင်းသည်မြစ်ကမ်းနဖူး သို့ ပြန်ရန် သူ့လုပ်ငန်းကို စတင်တော့သည်။

မြစ်ကမ်းနဖူးရှိ စိမ်းညို့သောတောတန်းကြီးသည် မှုန်မှိုင်း၍ နေသည်။ အမှောင်ပျိုးစ ညဦးပိုင်း ဖြစ်လင့်ကစား ငြိမ်သက် လွန်းလှသည်။ ရံဖန်ရံခါ နွေနှောင်းလေတွင် ရိဝေကာ သစ် ကိုင်းများမှာ ကိုယ်ဝန် ပျောင်းလျန့်ညွတ်နေကြသည်။

ဝါနရိန္ဒ မျောက်မင်းကား သတိအလွန်ရှိသော မျောက်မင်း ဖြစ်သည်။ ကျွန်းမှ မြစ်ကမ်းနဖူးသို့ ပြန်အံ့ဟု စီစဉ်ကတည်းက အရာရာကို စူးစမ်းသည်။ လေ့လာသည်။ အခြေအနေအားလုံး ကို သုံးသပ်သည်။

မျောက်မင်း တဆင့်ခုန်ကူးရမည့် ကျောက်ဖျာမှာ မြင့်တက် နေသည်။ ဤသည်ကို သတိရှိသော မျောက်မင်း တွေ့မြင် လိုက်သည်။

ရေလည်း အတိုးအလျော့မရှိ၊ ပကတိ ဖြစ်၏။ သို့လျက်နှင့် ကျောက်ဖျာသည် အဘယ့်ကြောင့် ကြီးမြင့်ယောင် ရှိနေရ

သနည်း၊ မျောက်မင်း တွေး၏။ ကြံ၏။ အလေးအနက်ပင် စဉ်းစား၏။

ခါတိုင်းက ဆိုရင် ဒီကျောက်ဖျာပေါ်ကတဆင့် ငါ ခုန်ခုန် ကူးသွားနေတာပဲ၊ ခုလို မမြင့်ဘူး၊ ဒီတခါမှာ ဒီကျောက်ဖျာ ကြီးဟာ ဘာ့ကြောင့် မြင့်နေရတာလဲ။ ငါ့ကို ဖမ်းဖို့ မိကျောင်းပဲ ဝပ်နေသလား။

မျောက်မင်း၏ ဦးနှောက်တွင်းသို့ သံသယများ အတုံးလိုက် အခဲလိုက် ဝင်ရောက်လာတော့သည်။

မိကျောင်းပဲ ဝပ်ဝပ် တခုခုကြောင့်ပဲ ဖြစ်ဖြစ် ငါတော့ ပရိယာယ် သုံးမှပဲ။ ငါ စကားပြောကြည့်လို့ ကျောက်ဖျာက အသံပြန်လာရင် အန္တရာယ်တခုခုပဲ။ အသံ ပြန်မလာလို့ ငြိမ်နေ ရင်တော့ ကျောက်ဖျာဟာ ကျောက်ဖျာပဲ ဖြစ်ရမယ်။

မျောက်မင်းသည် ဤသို့ တွေးကြံဆလျက်....

အို....ကျောက်ဖျာ။

အို....ကျောက်ဖျာ။

အို....ကျောက်ဖျာ။

မျောက်မင်းသည် သုံးကြိမ်တိတိ ခေါ်၏။

စကားတုံ့ပြန်မရ။

အို....ကျောက်ဖျာ၊ ဒီနေ့မှ ဘာ့ကြောင့် ငါ့ကို စကားမပြော ရတာလဲ။ ငါ့အပေါ်မှာ ဘာများ မကျေမနပ် ဖြစ်နေလို့လဲ။

မျောက်မင်း၏စကားကို မိကျောင်းဖို ကြား၏။ တွေး၏။

ခါတိုင်းနေ့တွေတုန်းက မျောက်မင်းနဲ့ကျောက်ဖျာ စကား ပြောနေကြနဲ့ တူတယ်။မျောက်မင်းမေးသမျှ ကျောက်ဖျာကလဲ ပြေဆိုဟန် ရှိခဲ့ဘူးတယ် ထင်တယ်။ ဒီလိုဆိုရင် ငါငြိမ်နေလို့

မဖြစ်ဘူး၊အရင်နေ့တွေတုန်းကလို ကျောက်ဖျာစကားပြောဟန်နဲ့ ပြန်ပြောမှ ဒါမှ ငါ့ကို ကျောက်ဖျာလို့ထင်ပြီး ငါ့လိုဘပြည့်မှာ။

မိကျောင်းဖိုသည် သူ့ချစ်သူအတွက် ချစ်သဲလက်ဆောင် ပေးရတော့မည်ဟု တွေးလျက် မြူးကြွနေသည်။ ပီတိတွေ ဝေဖြာလျက် ရှိသည်။

ထိုအခိုက်....

အို....ကျောက်ဖျာ

မျောက်မင်းသည် ထပ်၍ ခေါ်ပြန်သည်။

အို....မျောက်မင်း

မိကျောင်းဖိုသည် ကျောက်ဖျာ စကားပြောဟန်ဖြင့် သည် တကြိမ်တွင်မူ တုံ့ပြန်လေတော့သည်။

မျောက်မင်း၏ နည်းပရိယာယ် ကျော့ကွင်းသို့ မိကျောင်းဖို သက်ဆင်းမိတော့သည်။

ခု စကားပြောတာ ဘယ်သူပါလဲ

ကျုပ် မိကျောင်းပဲ

ဘာကိစ္စကြောင့် ကျောက်ဖျာပေါ်မှာ ဝပ်နေရသလဲ

ခင်ဗျားရဲ့နှလုံးသားကို လိုချင်လို့ပဲ

မိကျောင်းဖိုသည် မာယာ မသုံးတတ်၊ ပရိယာယ် မဆင် တတ်ပဲ တုံးတိတိပင် ပြောချလိုက်သည်။

ကျောက်ဖျာပေါ်ကမှတဆင့် ငါသွားစရာ အခြားလမ်း မရှိဘူး၊ ဒီလမ်းတခုထဲပဲ သွားစရာရှိတာ၊ ဒီလိုဆိုရင် မိကျောင်း ကိုတော့ လှည့်စားဦးမှ။

မျောက်မင်းသည် ဤသို့ကြံတွေးပြီးနောက်....။

အဆွေမိကျောင်း၊ အဆွေလိုချင်နေတဲ့ နှလုံးသားအတွက်

ငါ့ရဲ့ကိုယ်ကိုပေးမယ်၊ အဆွေရဲ့ခံတွင်းကိုသာ ဖွင့်ဟထားပါ၊ ငါခုန်လာလို့ ကျောက်ဖျာပေါ် ရောက်တဲ့အခါ ငါ့ကိုယ်ကို ဖမ်းယူလိုက်ပါ၊ အဆွေအလိုရှိနေတဲ့နှလုံးသား ဧကန်ရစေမယ်။

အို မျောက်မင်း၊

အဆွေ မိကျောင်း၊

မျောက်မင်း ကတိတည်ပါစေ။

အဆွေမိကျောင်း၊ ဘာမှ စိုးရိမ်သောက ဖြစ်မနေနဲ့။ ဒို့မျောက်မျိုးဟာ ဘယ်တော့မှ ကတိမဖျက်တတ်ဘူး၊ ပျက်လဲ မပျက်တတ်ဘူး၊ အဆွေခံတွင်းကိုသာ ဟ,ထားပါ၊ ခုန်ကူးလာမယ်ဆိုယင် ခုန်ကူးလာမှာပဲ။

ကောင်းပြီ၊ မျောက်မင်းသာ ခုန်ကူးလာပေတော့။

မျောက်မင်းသည် လုံ့လဖြင့် ကျွန်းငယ်မှခုန်၍ မိကျောင်း၏ ထိပ်ဦးနှင်းကာ လျင်မြန်စွာ ကမ်းတဖက်သို့ခုန်တက်သွားလေ၏။

ဘယ်လိုလဲ မျောက်မင်း၊ခင်ဗျားတို့ဟာ ကတိတည်တယ်ဆို၊ ခု ကတိမတည်ပါလား။

အဆွေမိကျောင်း ငါ့ကတိအတိုင်း ငါခုန်ကူးပြီးပြီပဲ၊ ငါ့ကိုယ်ကို အဆွေမဖမ်းနိုင်တာကတော့ အဆွေ အ,လို့၊ ညံ့လို့၊ ဖျင်းလို့ပဲ၊ ငါ့ကိုယ်ကို ကျေကျေနပ်နပ်ကြီး ငါကိုယ်တိုင်ပေးရက်သားနဲ့ မယူတတ်တာတော့ အဆွေအသုံးမကျလို့ပဲ။

မျောက်မင်းသည် မြစ်ကမ်းနဖူးထက်မှ အောင်နိုင်ဝင့်ကြွားစွာ ရယ်ကျဲကျဲပြုလျက်ရှိသည်။

တကယ်တော့ မိကျောင်းတို့မည်သည် ခံတွင်း ဖွင့်ဟထားသည်နှင့် မျက်စိတို့မှာ မှိတ်ကုန်၏။ သည်အချက်ကို မိကျောင်းသည် မေ့လျော့ဟန်ရှိ၏။ သတိလစ်ဟန်တူသည်။

မိကျောင်းဖိုသည် သူ့အမှားကို သူမြင်ကာ ရှေ့နောက်ဝဲယာကို ကြည့်၏။ ဘာကိုမှသဲသဲကွဲကွဲမမြင်ရ၊ ရီဝေ မှုန်မှိုင်းလျက်ရှိ၏။ မျောက်မင်းနှလုံးသားကိုသာ ရခဲ့လျှင် သူ့ချစ်သူကို နှလုံးသားပေး၍ ချော့သိပ်မည်အမှန်။ ခုတော့ မိကျောင်းဖို၏ ရင်မှာ မီးလျှံရဲရဲဖြင့် ကျန်ရစ်ခဲ့ရလေပြီ။

ရန်သူဘေးမှ လွတ်မြောက်သွားပြီး အေးချမ်းစွာရှိနေသော မြစ်ကမ်းနဖူးထက်မှ မျောက်မင်းက။

အဆွေ မိကျောင်း၊ ရန်သူကိုအောင်ကြောင်း တရားလေးပါး ရှိတာကို အဆွေမေ့နေရော့လား၊ **မေ့လို့မသိဘူး** ဆိုရင်လဲ ပြောပြမယ် နားထောင်။

မိကျောင်းသည် နားမစိုက်လိုသော်လည်း နားစိုက်ရမည့် အခြေတွင်ရှိသဖြင့် မျောက်မင်းဆိုသမျှ ခေါင်းညိတ်နေရလေသည်။

ရန်သူအောင်ကြောင်းတရား လေးပါးကတော့ တည်ကြည်ဖြောင့်မတ်ရမယ်၊ ပညာဉာဏ်ရှိရမယ်၊ လုံ့လဝီရိယရှိရမယ်၊ စွန့်ကြဲပေးကမ်းရမယ်။

ခု ငါပြောခဲ့တဲ့ တရားလေးပါးကို လက်ဆုပ်လက်ကိုင်ပြုပြီး ကျင့်သုံးခဲ့လို့ ငါဟာအဆွေ့ရဲ့လက်က လွတ်လာရခြင်းပဲ။

"သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂဟူသည် ရန်သူအောင်မှု ကြောင်းလေးခု"တဲ့။

မျောက်မင်းသည် မိကျောင်းဖိုအား အနိုင်ယူလျက် ပြောကြားရင်း ခက်လက်ဝေဖြာသော ပညောင်ပင်ထက်သို့ တက်သွားလေသည်။

**နိုင်ပြည်သူ**